www.burmeseclassic.com

# ပျိုး

## တောဘွဲ့တောင်ဘွဲ့ အိပ်မက်ရာသီ



ဒုတိယအကြိမ်

Digital Art : Idea Kyaw & Mg Kyaw Oo

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေး(၃)ပါး

[redacted] ဒို့အရေး

[redacted]ညီညွတ်မှုမပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

[illegible]သော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး။

ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့် စာရိတ္တမြင့်မားရေး။

အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပျိုး

တောဘွဲ့တောင်ဘွဲ့အိပ်မက်ရာသီ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၃၀၁၀၄၄၄၄၂၀၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၀၀၀၉၉၀၀၀၉
ထုတ်ဝေသူ
ဦးကျော်ဆန်း (မြ-၀၉၃၂)
(ရဲအောင်စာအုပ်တိုက်)
အမှတ် (၂)၊ ချွန်းလမ်း (၁)၊ မင်္ဂလာတောင်ညွန့်
အတွင်းမျက်နှာဖုံးပုံနှိပ်
ဦးကျင်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း (အထက်)
ပန်းဘဲတန်း ၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
Idea Kyaw & Kyaw Oo
ပုံနှိပ်ခြင်း
ဒုတိယအကြိမ်
၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ
တန်ဖိုး - ၁၀၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
စိုးမိုးစာပေ
ဖုန်း - ၀၁- ၂၉၀၉၉၅

ဇျူး
တောဘွဲ့တောင်ဘွဲ့အိပ်မက်ရာသီ / ဇျူး ။ - ရန်ကုန်၊
ရဲအောင်စာပေ ၊ ၂၀၀၉။
၂၈၈ - စာ ၊ ၁၈ × ၁၂ စင်တီ။
(၁) တောဘွဲ့တောင်ဘွဲ့အိပ်မက်ရာသီ

## အခန်း (၁)

"ပျော်ချင်လို့လျှောက်လည်တာ လည်ရလွန်းလို့ ပျင်းတောင်ပျင်းလာပြီ ဘာလုပ်ကြမလဲ"

"ပြန်မယ်"

"ဟုတ်တယ် ပြန်ဖို့ပဲရှိတော့တယ်၊ အားလုံးငါးယောက် ဝဋ္ဋာဘယ်သူ့ကို အရင်ပြန်ပို့မလဲ"

ဝဋ္ဋာက ပါဝါထူထူနဲ့ သူ့မျက်မှန်ကြီးကို တစ်ချက်ပင့်၍ လေးယောက်လုံးကို တစ်လှည့်စီကြည့်၏။

"မား ကိုအရင်ပို့မှထင်တယ် သူ့မာမီကြီးက အမြဲတမ်းဘက်ဖက်ခြောက်နဲ့နိုးနေတာ"

အားလုံးအကြည့်က မားထံသို့ ရောက်သွားကာ အစုလိုက်

အပြုံးလိုက်ဆောက်ခဲ့ကြ၏။

"ဟုတ်တယ် မားကို အရင်ပို့"

"မပို့နဲ့ ငါလိုင်းကားနဲ့ပြန်မှာ"

မားက ပြောပြောဆိုဆို ခါးကြားမှညှပ်ထားသည့် ပိုက်ဆံအိတ်ပြားလေးကို ထုတ်ယူလိုက်ကာ အထဲက ငါးရာတန်တစ်ရွက်ယူထားပြီး အိတ်ကို ရှပ်အင်္ကျီအိတ်ထဲထည့်၏။

သူလုပ်သမျှကို မိုးယံနဲ့ဝသန်တို့က သေချာလိုက်ကြည့်နေကြ၏။

"အိုခေ ဒီအစီအစဉ်ကောင်းတယ်၊ ဝဏ္ဏ မင်းဟာမင်းပြန် ငါတို့လိုင်းကားနဲ့ဒိုးမယ်"

သုံးယောက်လုံးတညီတညွတ်တည်းဆုံးဖြတ်၍ ဝဏ္ဏ တစ်စုံတစ်ခုပြောရန် ပါးစပ်ပြင်နေဆဲမှာ ကားမှတ်တိုင်သို့ ချီတက်ကြသည်။

လာပြီ သုံးဆယ့်ကိုး အဲကွန်းဘတ်စ်ကားကြီးက လူတွေအပြည့်အသိပ်နှင့်။ အသက်လေးဆယ်ကျော်မှ ကိုယ်ဝန်ဆောင်ထားသော ဝဖိုင့်ဖိုင့်မိန်းမကြီး တစ်ဦးကဲ့သို့ တလှုပ်လှုပ်ထိုးဆိုက်လာ၏။

"မား မတက်နဲ့ဦးကွာ ကျပ်သိပ်နေတာပဲ"

မိုးညုံက မားလက်ကို နောက်ကနေဆွဲ၍ ဝင်တားသည်။ မားက နောက်ပြန်ပုတ်ချပစ်လိုက်ကာ





"ချောင်ချင်ရင် မင်းဝဏ္ဏနဲ့လိုက်သွားပါလား"

မားက အလုပ်တစ်ခုကို သူလုပ်ချင်ပြီဆို ဘယ်သူနဲ့မှညှိနှိုင်းနေတတ်သူမဟုတ်။

စိတ်ကူးနဲ့လူက အမြဲတစ်ထပ်တည်းဖြစ်နေတတ်သည့် မားတစ်ယောက်ကားပေါ်ကို အတင်းထိုးတက်သွားကာ မိုးညုံတို့ပါလိုက်တက်ကြရသည်။

သူတို့အုပ်စုတစ်စုလုံးမှာ ချို့တဲ့သူတစ်ယောက်မှမပါ။ အားလုံးမှာ ကိုယ့်ကားကိုယ်မောင်း၍ ကျောင်းတက်ကြသူတွေချည်းဖြစ်သည်။

တစ်ခါတလေ လိုင်းကားတိုးစီးရတာကို ပျော်စရာဟုထင်သည်။ သို့သော် ခုလောက်ကြီးဖြင့် ဘယ်တုန်းကမှမကျပ်ဘူးခဲ့။

လိုင်းကားပေါ်မှ စုပြုံထက်ညှပ်သွားတော့ ချွေးတွေဖြိုက်ခနဲစိမ့်ကျလာလျက် ကျောနောက်က လူကိုလည်ပင်းလိမ်ကြည့်ရ၊ ရင်ခွင်ထဲကို ငုံ့ကြည့်ရ။

ထို့ပြင် နံ့ကြားထဲတိုးဆောင့်လာတတ်သည့် တံတောင်တွေ ဒူးခေါင်းတွေ ရန်ကတစ်မျိုး။

"ချွေးကောင် ကားချောင်တာကို မစောင့်ဘူး"

မိုးယံက တိုးတိုးကြိတ်ကပ်ဆဲသည်။



www.burmeseclassic.com

www.burmeseclassic.com



''ကဲ ဘယ်လိုလဲဗျာ တိုးကြပါ ဟိုးနောက်ထဲမှာ အကျယ်ကြီးပဲ အပေါက်ဝမှာတစ်ပြီး ဘာလုပ်မှာလဲ စပယ်ယာအပြောကို မခံချင်စမ်းပါနဲ့ တိုးသွားစမ်းပါ''

စပယ်ယာကလည်း တစ်ကားလုံးနားငြီးအောင် ထိုစကားကို ချည်းထပ်တလဲလဲပြောကာ လူတွေကို နောက်ပိုင်းခန်းရောက်အောင် အတင်းတွန်းထိုးပို့နေသည်။

''ကဲ ကားခလေးတွေ လက်လွယ်ရင်ကူညီထားမယ်၊ ဟိုနားဒီနားငါးဆယ် ဝေးရင်တစ်ရာ၊ အကြွေလေးတွေမပေးရင်တော့ ကြာသွားမှာပဲ''

ကားက မောင်းနေတာ လူကကျပ်ကျပ် အပေါ်ကိုကိုင်ထားရ၊ ဘေးကိုဆွဲရ၊ ပိုက်ဆံထုတ်နေတုန်း အပေါ်ရော၊ ဘေးကိုရော ဘယ်အရာမှကိုင်လို့မမိသည့် အမျိုးသမီးတွေ၏ တောင်ဆွဲမြောက်ဆွဲ ဖမ်းမိရာ ဖမ်းဆွဲတတ်ခြင်းကို ဘယ်လိုမှ မရှောင်လိုက်နိုင်သည့် ဝသန်။

''အောင်မလေးဗျာ''

''အာ အယ် ကန်တော့ ကန်တော့ ဟီး''

''ဘာ ကန်တော့လဲဗျ ခင်ဗျား''

''ဒီ ဒီ''

ဆက်လည်းမပြောနိုင် ခံရခက်လှသော မျက်နှာနီနီကြီးက





ရှုံ့မဲ့လျက် စလွယ်သိုင်းလွယ်ထားသည့်အိတ်ကို ကမန်းကတန်းရှေ့ကိုဆွဲချ ကာကွယ်နေသော ဝသန်အဖြစ်ကို အနီးက လူတချို့ကြိတ်ရယ်ကြ၏။

ဝသန်က မားကိုပဲ အပြစ်ဖို့မျက်လုံးကြီးနှင့်စေ့ကြည့်၏။

မားက ပြုံးစိစိနှင့်မမြင်ချင်ယောင်ဆောင်နေလိုက်သည်။

ထိုစဉ် ဘေးတန်းများလှမ်းကိုင်ထားသည့် သူ့လက်ဖျံမှာ စိုကပ်ကပ် အေးစက်စက်ကြီးဖြစ်သွားသောကြောင့်

''ဟာကွာ ပေကုန်ပါပြီ''

သူ့လက်နဲ့ထိကပ်၍ ဘေးတန်းကိုဆွဲလိုက်သော ဖြူဝင်းသည့်လက်ကလေးတစ်ဖက်ဟာ မိန်းကလေးလက်မှန်းသိပေမယ့် ချွေးတွေနဲ့ စိုစိနေတာကို မား ဘယ်လိုမှအားမနာနိုင်။

လက်ကိုဖျတ်ခနဲရုတ်ပစ်ကာ လက်ပိုင်ရှင်ကိုလှန်စွာဂိုက်ပျက်နဲ့ရှာစွာ မျက်ခုံးတွန့်တွန့် နှာခေါင်းရှုံ့ရှုံ့မျက်နှာကြီးနှင့်ငုံ့ကြည့်မိ၏။

သူ့ကိုလည်း ဆတ်ဆတ်ထိမခံတတ်သည့် မျက်ဝန်းစူးစူးလေးများနှင့် သူမက မော့ကြည့်နေ၏။

နီကျင်ကျင် မတိုမရှည် ဆံပင်တချို့က ချွေးတွေစိုနေသည့် နဖူးပြင်မှာ ကပ်ငြိနေကြလျက် ဘေးဆံပင်တချို့က ဖရိုဖရဲပွထနေသည်။

တော်တော်ကြီးကျယ်တဲ့လူဟု ရန်တွေ့ပြောဆိုချင်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေက တလက်လက်တောက်ကာ ပါးစပ်တပြုံးပြုံးဖြစ်နေ သည်ကို မားက နှုတ်ခမ်းမဲ့ပစ်၍ မျက်နှာလွှဲလိုက်သည်။

သူ့ဒီအကြောင်းခဲ့သမျှထဲမှာ ညစ်ပတ်သည့်လူကို ရွံရှာတတ် ခဲ့တာ ခေ့ဆုံးကဖြစ်သည်။ လူတစ်ယောက်၏အဆင့်အတန်းထဲမှာ ဘစ်ကိုယ်ရေသန့်ရှင်းမှုကလည်း အဓိကဟု သူမြင်၏။

''ဒီနားက ချစ်ကို ချစ်မတို့ ကားခလေးတွေ လှမ်းမယ် ခင်ဗျား''

စပယ်ယာက ကားဦးပိုင်းကနေ သူတို့နားရောက်လာသည်။

''မားရေ ပေးလိုက်ကွာ''

ဝံသန်လှမ်းအော်တော့ သူ့ငါးရာတန်ထုတ်၍ လေးယောက် အတွက်ပေးလိုက်သည်။

''ငါးရာတန် လေးယောက် ဘယ်အထိလဲ''

''ဘုရားလမ်းဆုံ''

''ဟုတ်ပြီ ရော့ညီလေး သုံးရာပြန်ယူ''

အမ်းသည့်ပိုက်ဆံကို လှမ်းယူလိုက်တော့ နှစ်ရာတန်တစ်ရွက် က ရေနွေးအိုးထဲကျထားသည့် ငှက်ပျောဖတ်ကဲ့သို့ လက်ထဲမှာလျှပ်သီ လျှပ်လဲ့ မျော့မျော့လေးပါလာ၏။

''ဟာ ဒါကြီးမလိုချင်ဘူး ရှုံ့စရာကြီး''





စုတ်လိုက်တာဟု မပြောဘဲ ရှုံ့စရာကြီးဟု ပြောလိုက်သဖြင့် အနားကလူတွေ မား ထံသို့စုပြုံဝိုင်းအုံကြည့်ကြပြန်သည်။

စပယ်ယာက ပိုက်ဆံကို မဆိုင်းမတွပြန်ယူလိုက်ပြီး

''ရော့ ညီမလေး ဒါလေးလဲပေးလိုက်ပါဦး''

ဟုဆိုကာ ချွေးအိတ်ကွဲနေသော ကောင်မလေးထံပြန်ပေးလေ သည်။

''မရှိတော့ဘူး အဲ့ဒါပဲပါတာ''

''ဟောဗျာ တကယ့်ပြဿနာပဲ''

စပယ်ယာက ပိုက်ဆံကို ထပ်မံကြည့်ရှုပြီး `ဟုတ်တာပဲ' ဆို သည့် မျက်နှာနှင့်ရှုံ့တွတွကြီးဖြစ်သွားလျက် မားကို အသစ်တစ်ရွက် ထပ်ပေး၏။

''ခရီးသည်တွေက လိုင်းကားပေါ်တက်မယ်ဆိုကတည်းက ပိုက်ဆံအစုတ်ကို ရွေးထုတ်ပြီးသားပဲ ပြန်လဲရင် ဘယ်တော့မှအပိုပါ ဘယ်ဆိုတာ မရှိဘူး၊ ကားသမားက ပေးရင်ဖြင့် ဘယ်တော့မှမယူကြ ဘူး အဲဒါထုံးစံ''

ကောင်မလေးမျက်နှာ ဖျတ်ခနဲမော့လာ၏။

စကားထက်အရင် ပြင်းထန်သော မျက်လုံးတို့က မားနဲ့စပယ် ယာထံသို့ နှစ်ခေါက် သုံးခေါက်လောက် ရှပ်တိုက်ပြေးလွှားလိုက်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



''ဘာထုံးစံလဲ၊ အဲဒါအသွားတုန်းက ရှင်တို့လိုင်းကားတွေကပဲ အမ်းလိုက်တာ ပြီးတော့ ပြန်ပေးပေါ့ဗျာ လဲပေးစရာမရှိလို့ပါဆိုပြီး တောင်းပန်ပေးသွားတာ ဦးတဲ့လူက မပြောနဲ့''

ပက်ခနဲ ပြန်ပြောလိုက်သည့် ကောင်မလေးက စွာမှစွာပါလား။

မား နှုတ်ခမ်းမဲ့ ပခုံးတွန့်လိုက်တာကိုလည်း သူမလေးက မော့ကြည့်ကာ

''မှတ်တိုင်ပါတယ်''

''ဟ''

ခြေဖျားထောက် မျက်နှာချင်းနီးအောင် တမင်လုပ်ပြီးမှ အာခေါင်ခြစ်အော်ပစ်လိုက်တာ နားထဲမှာ အူသွားသည်။

ပြလိုက်တဲ့အသံ တမင်ရွဲ့ပြီး အော်ပစ်လိုက်မှန်း သူ့ကိုတမင်တကာ တိုးကိုက်ပစ်လိုက်တော့မှ သိရပါလေသည်။

ကုန်ပါပြီ မင်းကလေးကိုယ်က ရှိသမျှချွေးတွေ ဖြူသော သူ့ရှပ်အင်္ကျီမှာ စွန်းထင်ပေကျံကုန်ပြီပေါ့။

ဒါ တမင်သက်သက်လုပ်သွားတာ တောက်။

မား ဒေါသတွေ လည်ချောင်းမှာ ရှုန်းရင်းဆန်ခတ်ဖြစ်ကုန်သည်။

■ ■ ■



## အခန်း (၂)

''စားဦးမလေား''

''မစားချင်ပါဘူး''

''စားပါဟာ ရော့''

''ဟော့ စု မလုပ်နဲ့နော် ပေကုန်လိမ့်မယ်''

မားလွယ်အိတ်ကို တစ်ဖက်ဆွဲ၍ ဖရိုဖရဲထပြေးသည်။

စုက ဝက်သားဒုတ်ထိုးပါဆယ်ထည့်ဝယ်လာသည့် အိတ်ကို [illegible]က်၍ ဝေ့ဝေ့ဝဲဝဲလုပ်နေရင်း တခစ်ခစ်ရယ်၏။

''သိပ်ပိုတာပဲ မားရယ်၊ စားစရာကိုများ ရွံစရာများ ကျနေ[illegible]

''မရဘူး၊ ပျော့စိစိနဲ့တာ ဇော်တာတွေဆို ငါဘာမှမကြိုက်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဘာမခံနိုင်တော့ စု အဲဒါလုံးဝသည်းညည်းမခံဘူး''

''နွှင်သည်းခံတာရော ဘာရှိလို့လဲ''

စုက အိတ်ကို လွှတ်ချ၍တစ်ချူးထုတ်သုတ်လိုက်၏။

''နင် အဲဒီလောက်စိတ်ကြောင်နေရင် ဘယ်တော့မှ ရည်းစား

နဲ့တည့်မှာမဟုတ်ဘူး''

''မတည့်တော့ မထားဘူးပေါ့''

''အဲသလောက် မလွယ်ဘူးမားရဲ့၊ နင်အသည်းကွဲဖူးမှသိမှာ''

''နင့်ပဲကွဲအောင် ကြိုးစားပါ''

မားက ခုံတန်းလေးမှာ ပြန်ထိုင်၍ စုကို ခပ်စောင်းစောင်း

ငဲ့ကြည့်၏။

''စွမ်းလေးဆိုတဲ့ကောင် အီကိုက ကောင်မလေးနဲ့တွဲနေတယ်

ဆိုတာလဲ ဟန်ဆောင်ရယ်နေဘာပါ''

''ဟင် ဩော် နင်က စွမ်းနဲ့ပတ်သက်ပြီး ငါအသည်းကွဲနေ

တယ်လို့ ထင်နေတာကိုး ဖြစ်ရလေမားရယ် စုမြတ်လတ်ဆိုတဲ့

နင့်သူငယ်ချင်းကို ဒီလောက်ပဲအထင်သေးရသလား။ စုရဲ့ရာဇဝင်မှာ

အသည်းကွဲဖို့မပြောနဲ့ စု အပြုံးပျက်သွားအောင် ညှို့ငင်နိုင်တဲ့

ယောက်ျား ခုချိန်အထိ မရှိသေးဘူး''

စုက ငေးကြည့်နေချင်လောက်အောင် လှသလောက် စိတ်က





မာသည်။ စိတ်ကူးရင့်သလို အပြောက မာသည်။ ပြောသလိုလည်း

နေနိုင်သူဖြစ်၏။

သူမဘဝက ပညာတတ်လူကုံထံမိဘများနှင့် အသိုင်းအဝိုင်း

က တောင့်သည်။

ဝတ်သည့်ဝတ်စုံနဲ့ကားကို အရောင်တူထည့်လဲစီးနိုင်တဲ့

ကလေး။

ထို့ကြောင့် ချောတာရော လှတာရော အသည်းမာလှပါသည့်

သည့် စုနဲ့ပတ်သက်သမျှ သတင်းတို့က ပေါ်ပြူလာဖြစ်နေသည်။

ဂုဏ်ရည်တူ ပေါ်ပြူလာဖြစ်တာချင်းတူပေမယ့် မားက မာန

သည်။

ရည်းစားထားတာကို မားက ဂုဏ်ယူစရာလို့ မမြင်လောက်

ယောက်ျားလေးတော်တော်များများကို သူငယ်ချင်းလိုပေါင်းသည်။

တော့ ရည်းစားလိုလို စေ့စပ်ထားသလိုလိုနှင့်ပဲ တစ်ယောက်

စ်ယောက်တွဲ၏။

အမြင်မတော်လို့ မားကပြောတိုင်း 'ဘာဖြစ်လဲ တွဲသွားတွဲ

နဲ့ပဲ သိက္ခာကျစရာဖြစ်စရာလား၊ အစိပ္ပါယ်မရှိတာ' စုက အဲသလို

ခဲ့တာ။

မားနဲ့စုက ငယ်သူငယ်ချင်းမဟုတ်သော်လည်း အားလုံးထဲမှာ



www.burmeseclassic.com

အရင်းနှီးဆုံးဖြစ်ကာ ခြံချင်းကပ်နေကြတာမို့ မိဘချင်းကလည်းနှစ်အိမ့် တစ်အိမ်လိုနေကြတာဖြစ်သည်။

မားကိုယ်တိုင်က စုရဲ့အလှအပပြောဟန်ဆိုဟန်များကို အထင်ကြီးသည်။ ပျော်ဝင်သည်။ စုအနားမှာနေရတာကို ကျေနပ်၏။ ထို့ပြင် စု၏အချစ်ကိုလည်း မျှော်လင့်ထားခဲ့သည်။ သို့ပေမယ့် ရင်ထဲမှာ မာန ကတော့ ရှိနေသည်သာ ။

စုရည်းစားတွေထားနေတာကို မနှစ်မြို့စိတ်က သူမအချစ်ကို ဖွင့်ဟတောင်းခံလိုသော ဆန္ဒအား အမြဲချုပ်နှောင်တားဆီးနေခဲ့၏။

ဘယ်လိုပဲ မာနနဲ့ဖုံးကွယ်ထားပါစေ စုအတွက် သူအမြဲတမ်း လိုက်လျောနေခဲ့သမျှ သူ့ရင်ထဲက မျှော်လင့်ခြင်းကို စုကလည်းနားလည် ပြီးသား။

နေလိုက်ပေါ့ မ..ရယ် ငါကလည်း နင် ဒူးမထောက်သရွေ့ စိတ်မကူးသေးဘူး။

စု နှုတ်ခမ်းများကို မားကြည့်တိုင်း မှောင်ရိပ်ထင်ခဲ့သည်။

“ဟိတ်ကောင် ဘာတွေငိုင်နေတာလဲ”

“ဘယ်ထိသွားပြီလဲ ဟိုတစ်ယောက်ကော”

မားက စုချပစ်ခဲ့သည့် အချဉ်ရည်တွေ စိုစွတ်နေသော အိတ် ကို ဖိနှပ်ဦးနှင့်ဖိနင်းပစ်လိုက်ပြီး ဘယ်သူ့ကိုမှ မော့မကြည့်ဘဲ





“သွားပြီ”

ဟု မှန်ကုတ်ကုတ်နှင့်ဖြေသည်။

မိုးယံနဲ့ဝသန်က တစ်ဖက်မှာ ဝင်ထိုင်လိုက်ပြီး

“မင်းကလည်း စုကိုချစ်နေတာများ ဖွင့်ဟပြောလိုက်ပြီးတာပဲ”

“အေးလေ လူကြီးချင်းလည်း နီးစပ်ပြီးသား မင်းကိုလည်း ...က အလိုက်လျောဆုံး၊ မင်းပါးစပ်ဟလိုက်တာနဲ့ပြီးပြီ သူတစ်ယောက် ...း တစ်ယောက်တွဲနေတာကို မင်းဘယ်ထိ ကြည့်နေမှာလဲ”

“သူက ဝါသနာ ပါနေတာကိုး”

“ငါတို့က မင်းဖွင့်မပြောဘဲနေတာကို ရွဲ့နေတာလို့ထင်နေ ...ယ်”

“ရည်းစားထားတာ ရွဲ့စရာလားကွ၊ ငါက သူ့ဘေးနားက ...ောင်မျိုးတွေထဲမှာ မပါဘူး”

“မိန်းမဆိုတာ အလိုလိုက်အလျှော့ပေးတာကို သိပ်ကြိုက်တာ ... မင်းက မာန နည်းနည်းလျှော့လိုက်”

“မင်း စုကို မချစ်ဘူးလား”

မားက နေရာမှထရပ်ကာ ဆံပင်ကို တစ်ချက်သပ်လိုက်၏။

“အချစ်က အဲဒီလောက်အရေးမပါပါဘူး”

အရာရာကို မကျေနပ်သည့် လေသံက အေးစက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝသန်က ခပ်ပြုံးပြုံးမျက်နှာနှင့်

''အင်းလေ မင်းက ပိုင်ပြီးသားပဲဥစ္စာ ငါထင်ပါတယ်၊ အချိန်တန်ရင် မင်းတို့နှစ်ယောက်ကို လူကြီးတွေက ပေးစားမှာပဲ''

မား မျက်နှာညို့ခနဲဖြစ်သွားသည်။

''ဘာလဲ ဝသန် ငါက မိဘအားကိုးနဲ့ကျမှ သူ့ကိုရမယ်လို့ မင်းက ပြောတာလား''

''ဟာ မဟုတ်ပါဘူး၊ အဲဒီသဘောနဲ့လုံးဝမဆိုင်ဘူး၊ မင်းက ချစ်ပေမယ့် မာနကြီးနေတယ်လေ၊ စုကလည်း မင်းကိုလိုက်လျောတာ ငါတို့အမြင်ပဲ၊ မိဘချင်းစကားခလိုက်တာနဲ့ပြီးပြီမဟုတ်လား။ မင်းလည်း သူ့ကို အောက်ကျသနားခံပြီး ချစ်ခွင့်ပန်ဖို့မလိုတော့ဘူး၊ သူကလည်း မိန်းကလေးဘက်ကစပြီး ခေါင်းညိတ်လိုက်ရတာမျိုးမဖြစ်တော့ဘူး မဟုတ်လို့လား''

ဝသန်က မား၏စိတ်ကိုသိထားသဖြင့် ပျာပျာသလဲဖြေရှင်းသည်။ မားက ဝသန်စကားကို ရင်ထဲမှာ အောင့်သက်သက်မပြေနိုင် နှင့်မဲ့ပြုံး၏။

ကျောင်းဝင်းထဲမှာ သွားလာနေကြသည့် ကျောင်းသား ကျောင်းသူတွေဆီ လှမ်းကြည့်မိရင်း စုကို ရှာကြည့်သည်။ အရိပ်အ ယောင်သော်မျှမမြင်။





သူက ဘယ်နေရာရောက်ရောက် အဖော်မဲ့တဲ့သူမဟုတ်။

မား ဘယ်လိုမှ လက်ခံလို့မရတာ ဒါပဲဖြစ်သည်။ ဒါပေမဲ့ ဒီအချက်ကို စုနဲ့ဆွေးနွေးဖို့လည်း သူဘယ်တော့မှ ကြိုးစားမှာမဟုတ် ဘူး။

နင့်လိုပွေချင်ရင် ငါလည်းရတယ်စု ငါလိုချင်တာ အများကြီး မဟုတ်ဘူး၊ တစ်ယောက်တည်းပဲ ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

''ဟလို အင်း ပြော ဘာလဲ''

''မား နင်အခု လာခဲ့စမ်းပါ ငါရုပ်ရှင်ကြည့်မလို့''

''ကြည့်ချင်ရင်ကြည့်ပေါ့ ငါက ဘာလာလုပ်ရမှာလဲ''

''နင်လာခေါ်စမ်းပါ ငါ့ကို မာမီတို့ကျပ်နေတယ်ဟ ညနေကျ ရင် အပြင်မထွက်ရဘူးတဲ့ ငါဒီနေ့ ချိန်းထားလို့''

''ဘာ''

''သြော် သူငယ်ချင်းတွေနဲ့ချိန်းတာပါ၊ လာပါ မားရယ်နော်၊ ငါ စောင့်နေမယ်နော်''

သူပြောတာကို မစောင့်ဘဲ စုက ဖုန်းချသွားသည်။

မားက နေရာမှလှည့်ထွက်လာခဲ့သည်။ မာမီက ဆိုဖာမှ လှမ်း





ကြည့်ကာ

''ဖုန်းဆက်ပြီး ဘယ်သူနဲ့ချိန်းပြန်ပြီလဲ သား၊ မာမီတို့အိမ် အရောင်းအဝယ်ကိစ္စတွေ ရှုပ်နေတယ်နော်၊ စိတ်ရှုပ်စရာထပ်မလုပ်နဲ့''

''စု ခေါ်လို့မာမီ ရုပ်ရှင်လိုက်ပြပါတဲ့''

''အေး စု ဆိုရင်တော့ သွား၊ မနေ့ကပဲ မင်းဒက်ဒီက ဆူနေ တာ အိမ်မှာ တစ်ချက်မှမကပ်လို့တဲ့''

သူအဝတ်အစားမလဲတော့ဘဲ ကားမောင်း၍ တစ်ဘက်ခြံထဲ သို့ ဝင်လာခဲ့၏။

စုက ပြင်ဆင်ပြီးသားပုံစံနှင့် ပေါ်တီကိုအောက်က စောင့်နေ သည်။

သူ ကားရပ်လိုက်တော့ တံခါးဖွင့်၍ဇွေ့ခနဲဝင်ထိုင်လိုက်သည်။

''ရပြီ မောင်း''

အိမ်ပေါ်ကနေ အန်တီမြတ်စု လှမ်းကြည့်နေတာကို မြင်တော့ မား သက်ပြင်းချမိ၏။

''မာမီတို့ကလေ ငါ့ကို ဘာသတင်းကြားတယ်၊ ညာသတင်း ကြားတယ်နဲ့ တစ်နေ့လည်လုံး ဆူလို့မပြီးတော့ဘူးသိလား၊ ဘယ်မှ သွားသို့ စိတ်မကူးနဲ့တဲ့ မနက်ပိုင်းဈေးဝယ် ဘာညာ ဒါပဲရမယ်၊ ညနေ အပြင်မထွက်ရဘူးတဲ့၊ အဲဒါ ငါက ရုပ်ရှင်လက်မှတ်နှစ်စောင်ကိုဆိုတ်ပြ



www.burmeseclassic.com

www.burmeseclassic.com



ပြီး မားနဲ့ရုပ်ရှင်ကြည့်မလို့လက်မှတ်တွေ ဝယ်ပြီးသားလို့ ပြောလိုက်မှပဲ စိတ်လျှော့သွားတာ သိလား''

စုက မမေးရပါဘဲနှင့်ဖြစ်ခဲ့သမျှကို ကုန်စင်အောင် ပြောပြ၍ ပခုံးလေးနှစ်ဖက်ကိုတွန့်လိုက်ပြီး

''မာမီတို့ကနော် မားဆိုရင်ပြီးပြီးသားပဲ လုံးဝကို သိသာတာ''

ဘာလိုလိုပြောလိုက်သည့် စု၏စကားကြောင့် ကားမောင်းရင်း မားက ငဲ့ကြည့်သည်။

စုက အနီရဲရဲကိုယ်ကျပ်လေးနှင့် အနီရောင်များသောရောင်စုံနားဆွဲက တဖျတ်ဖျတ်လှုပ်ခါနေ၏။ ကိုရီယာတန်ဆာပလာတွေ တရားလွန်သုံးကာ မျက်နက်ဝန်းလေးတွေ စိုအိရဲတောက်နေသည့် နှုတ်ခမ်းဖူးဖူးကလေးကအစ လက်ရာမြောက်သည့် ပန်းချီကားတစ်ချပ်လို လှနေသည်။

အလှကြိုက်သည့် မိန်းကလေးတွေထဲမှာ စုကပို၍အလှကြိုက်သည်။

ပြင်ကြဆင်ကြသူတွေ အများကြီး ရှိပေမယ့် စုပြင်တာကိုတော့ မမီနိုင်ကြ။

အဲဒီလို တအားပြင်၍ တအားလှနေမှန်းသိသော်လည်း မားစုကို မက်မောနေမိ၏။ သို့သော် သူမသည်



''တူ တူ တူ ''

ဖုန်းသံလေးမြည်လာတော့ စုက လက်ကိုင်အိတ်လေးဖွင့်၍ ဆုတ်ကိုင်လိုက်သည်။

''ဟလို ဩော် ငယ်လား

ကားမှန်ထဲကနေ မားလှမ်းကြည့်တော့ စုက နှုတ်ခမ်းလေးစေ့၍ ပြုံးနေသည့်တိုင် မျက်ဝန်းလေးတွေမှာ နာကျည်းရိပ်တို့စွန်းထင်းလျက် အေးစက်စက်လေးဖြစ်နေသည်။

''ဒါလောက်လေးက စုအတွက် ဘာမှဖြစ်မသွားပါဘူး ငယ်ရယ် ဟင့်''

ပခုံးလေးကိုစုံတွန့်၍ ဖုန်းကိုတစ်ဘက်နားသို့ပြောင်းလိုက်သည်။

''ရပါတယ် တစ်ခုတော့ရှိတယ် ငယ်၊ စုအတွက် ငယ့်ဘက်က ဒီလောက်တောင်အဆင်သင့် ဖြစ်မနေနိုင်ဘူးဆိုရင် စုဘက်က ငယ့်ကို သိပ်တွက်ဖို့ မလိုတော့ဘူးပေါ့''

''....''

''ဒါ ငယ်သိဖို့မလိုပါဘူး။ စုအတွက်ဆိုရင် ဘယ်ယောကျ်ားနှိုးပဲဖြစ်ဖြစ် အမြဲတမ်းအဆင်သင့်ဖြစ်နေမှ စုကြိုက်တယ်၊ အခု စုကားပေါ်မှာလေ ငယ်နဲ့ရုပ်ရှင်မကြည့်ရလို့ အလှတွေပြင်ပြီး စုကအခန်းထဲမှာ ငိုနေမယ်ထင်လို့လား''

www.burmeseclassic.com

www.burmeseclassic.com



''....''

''ဟင်း ဟင်း ရှိတာပေါ့ ငယ်၊ စုအတွက်ဆို အမြဲတမ်း အဆင်သင့်ဖြစ်နေကြတာ ငယ်မသိတာတော့ ဝမ်းနည်းစရာပဲ''

သူငဲ့ကြည့်ပြီးပြောလိုက်သော စုမျက်ဝန်းတွေနှင့်ဆုံမိကာ အရှိန်မှန်နှင့်ပြေးနေသည့်ကားက လမ်းဘေးသို့တိုးကပ်သွား၍ တုန့်ခနဲ ရပ်သွားသည်။

အရှိန်မသတ်ဘဲ ရပ်ပစ်လိုက်သဖြင့် စုကိုယ်လေး မြောက်ကြွ ယိမ်းထိုးသွားကာ

''ဘယ်လိုလုပ်လိုက်တာလဲ မားရယ် အရူးကျနေတာပဲ''

စု ဒေါသသံလေးနှင့် နှုတ်ခမ်းစူသွား၏။

''ဘာဖြစ်လို့ ကားရပ်ပစ်လိုက်တာလဲ''

မားက ဘာမပြောညာမပြောနှင့်ကားပေါ်ကဆင်းကာ တံခါး ကို တအားဆောင့်ပိတ်ပစ်လိုက်သည်။

''မား''

စု အလန့်တကြားဖြစ်လျက် တံခါးနားပြေးကပ်လာသည်။

''ဘာဖြစ်လို့ဆင်းတာလဲ မား ဘာလုပ်တာလဲ''

''ငါ့ကို နင့်လိုပဲ သူများတွေအရူးလို့ထင်မှာ စိုးလို့လေ''

မားက တံခါးမှလက်နှစ်ဖက်နှင့်ထောက်၍ စုကိုငုံ့ကြည့်ကာ





''နင့်အတွက် အမြဲတမ်းအဆင်သင့်ဖြစ်နေမယ့် နောက်တစ် ယောက်ကို ဖုန်းဆက်ခေါ်လိုက်ပါဦး''

''မား နင် နင် သက်သက်''

''မား မျက်နှာကို သေသေချာချာကြည့်လိုက်စု လျှပ်ပြက်ကြား သိုးအသုံးချတာကို ကျေကျေနပ်နပ်ကြီးခံသွားမယ့် ခပ်ပေါပေါကောင် မျိုးလား''

''မသိဘူး၊ နင်ဘာကောင်ဖြစ်ဖြစ် ငါ့ကို ဒီပုံစံမျိုးနဲ့ချိုးမသွား နဲ့သိလား တက် ကားပေါ်ခုပြန်တက်''

မားက ဟက်ခနဲရယ်၍ မျက်နှာကိုမော့လိုက်သည်။

''နင်ပြောသမျှ ငါခေါင်းညိတ်လာအောင် ကြိုးစားလိုက်ဦးစု သောလောဆယ်တော့ နင်နဲ့ငါရုပ်ရှင်ကြည့်ဖို့ဆန္ဒမရှိသေးဘူး''

သူကျောခိုင်းထွက်ခဲ့သည်။

''မား''

စု ဒေါသကြောင့် ရှက်ရမှန်းမသိ မားကိုအော်ပစ်လိုက်တော့ တီယာရင်ကို တအားထုချလိုက်မိသည်။

မားက တစ်ချက်မှလှည့်မကြည့်တော့။

ဘောင်းဘီအိတ်ထဲလက်နှိုက်၍ ခြေထောက်နှင့်ခါးတစ်ဖြောင့် ည်းထားလျက် လျှောက်တတ်သည့် မားဏ်စတိုင်ကို နောက်ကျော



www.burmeseclassic.com

www.burmeseclassic.com



က လှမ်းကြည့်ရင်း စုအံ့ကိုတင်းနေအောင် ကြိတ်ထားလိုက်မိသည်။

နင် သိပ်မိတယ်၊ ချောတယ်ဆိုတိုင်းချော ငါက ဂရုစိုက်ရမှာလား မား။ ကြည့်နေ စုရဲ့ ရာဇဝင်ကတော့ ဘယ်တော့မှ ပျက်သွားမှာ မဟုတ်ဘူး။

မြင့်မြင့်မားမားဆိုတဲ့ ယောက်ျား ငါ့ရှေ့မှာ ပြားပြားဝပ်လာစေရမယ် စောင့်ကြည့်လိုက်။

■ ■ ■

## အခန်း (၄)

"အိမ်ပြောင်းသွားတယ်ဆိုပေမယ့် မြို့ထဲနဲ့မြို့အတွက် ဘာများ ေးလို့လဲ မမြတ်ရယ်၊ ရန်ကုန်မှာကားနဲ့သွားလာရတာ ဝေးတဲ့နေရာ ိတာ မရှိပါဘူး၊ အချိန်မရွေးလာလည်လို့ရတာပဲဟာ"

"ဒါတော့ ဒါပေါ့ မမိုးရယ် အိမ်ချင်းကပ်နေတော့ ဘာဖြစ်ဖြစ် နီးကပ်တိုင်ပင်ဖော်ရှိတာပေါ့၊ ပြီးတော့ သမီးအတွက်လည်း သားက စ်ကိုမောင်တစ်ယောက်လို အားကိုးနေရတာ"

"အမလေး မပူပါနဲ့ အစ်ကိုမောင်ကိုမဟုတ်ဘူး၊ နောက်ဆို ယောက်အားကိုးရဦးမှာ အဟင်း ဟင်း"

ဒေါ်မြတ်စုနဲ့ဒေါ်မိုးမိုးနိုင်တို့ နှစ်ယောက် နည်းလည်သော ားတို့ကိုပြောရင်း သဘောတကျရယ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး ခင်ဘို့က ရယ်နေကြ၊ ပြဿနာတစ်ခုက ဒီမှာတက်

လေပြီ"

ဒေါ်မိုးမိုးနိုင်၏ ခင်ပွန်းဦးထွန်းမြင့်က မျက်မှန်ကိုချွတ်၍ ဆိုဖာမှာသင်ထိုင်လိုက်သည်။ ပြီးမှ မျက်မှန်ကိုခေါက်၍ ရှပ်အင်္ကျီအိတ်ထဲ ထည့်ကာ

"ဆေးရုံက လူနာကတော့ ဆုံးသွားပြီ ခြံနဲ့တိုက်ကိုရောင်းတဲ့ သူတွေကလည်း သူတို့လက်မှတ်ထိုးပြီး လုပ်စရာရှိသမျှ သူတို့ဘက်က အားလုံးပြီးစီးအောင် လုပ်ပေးပြီးပြီ"

"ကို့စကားကလည်း ဘာလဲကိုရယ်၊ ဒါဆို အရောင်းအဝယ်က ပြီးပြီမဟုတ်ဘူးလား"

"အေးလေ အရောင်းအဝယ်ကိစ္စကတော့ ပြီးပြီ ဒါပေမဲ့ မပြီးတာရှိသေးတယ်"

"ဘာလဲ"

"ကောင်မလေးတစ်ယောက်ကျန်နေတာလေ"

"ဟင် ဘယ်က ကောင်မလေးလဲ၊ ဘယ်မှာကျန်တာလဲကိုရဲ့ ရှင်းအောင်ပြောစမ်းပါ"

ဦးထွန်းမြင့်စကားကို ဒေါ်မြတ်စုပင် စိတ်ဝင်တစားဖြစ်လာလျက် ဘာမှဝင်မမေးသော်လည်း နားစွင့်နေမိ၏။





ဦးထွန်းမြင့်မှာလည်း ဘာစပြောရမှန်းမသိသလိုမျိုး အတန် ကြာ မျက်မှောင်ကြီးကုတ်နေပြီးမှ

"ငါထင်တာတော့ အဲဒီ သီရိမြိုင်ခြံကြီးက အမွေကိစ္စတွေ ရှုပ်ထွေးနေသလိုပဲ"

"စာချုပ်က အားလုံးပြီးသွားပြီဆို ဘာတွေရှုပ်နေလို့လဲကို"

"အရောင်းအဝယ်မှာ ရှုပ်နေတာမဟုတ်ဘူးကွ၊ ဆေးရုံပေါ်မှာ ...သည်းအသန်ဖြစ်နေတဲ့ အဘိုးကြီးကို လက်မှတ်ထိုးခိုင်းရတယ်၊ အဲဒီ ...ကြီးကို ဒီပြင်ဘာမှဂရုမစိုက်တာရယ်"

"ကိုရယ် ကိုယ်နဲ့ဘာမှဇယားမရှုပ်ဘူးဆိုပြီးတာပဲ သူတို့ဟာ ...ကို ဘာဖြစ်ဖြစ်ပေါ့ သူများအကြောင်းကို"

"ဟ ဇယားရှုပ်နေလို့ ထည့်ပြောနေရတာပေါ့ကွ၊ လူမမာ ...ည်း ဆုံးသွားပြီး အိမ်ရှင်တွေကလည်း ပြောင်းတော့မှာ အဲဒီက ...င်မလေးက ဘယ်မှသွားစရာမရှိဘူးဖြစ်နေလို့"

"ဘယ်လို"

ဇာတ်ရှိန်က ခုမှမြင့်လာတာမို့ ဒေါ်မိုးမိုးနိုင်လည်ပင်းရှည်လာ ...

"ဘယ်က ကောင်မလေးလဲ ကို သူတို့မိသားစုထဲကလား"

"မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



''ဒါဖြင့် အိမ်ဖော်လား''

''မဟုတ်ဘူးကွ''

''ဒါဆို ဘာလဲ''

ဦးထွန်းမြင့်က မျက်ခုံးကြီးတွန့်ရှုံ့လျက်နှင့်ဆိုဖာမှာမှီချလိုက် သည်။ သူတို့တွေပြောသံကြားဖူးတာတော့ ကောင်မလေးကအိမ်ဖေ မဟုတ်တာ သေချာတယ်ကွ၊ ရုပ်ရည်လေးလည်းခပ်ချောချော ထက်ထက်မြက်မြက်ရှိပုံလည်းရတယ်၊ အဲဒီ မိသားစုတော့ ဖြစ်လိမ့် မယ်ထင်တယ် ဒါပေမဲ့ ပြောရေးဆိုခွင့်ရှိပုံမရှိဘူး''

''ကို ပြောတာကိုက ရှုပ်နေတာ''

ဒေါ်မိုးမိုးနိုင်က စိတ်မရှည်တော့သလို ဦးထွန်းမြင့်ကို ဒီထက် ပိုမရှင်းနိုင်ဘူးလားဟုဆိုသည့် မျက်လုံးများနှင့်ကြည့်သည်။

ဒေါ်စုမြတ်ကလည်း ဟုတ်ပါရဲ့ဟုဆိုကာ ဦးထွန်းမြင့်မျက်နှာ ကိုသာ ကြည့်နေလေသည်။

''ပင်းကလည်း စိတ်မရှည်ဖြစ်နေတယ်၊ အဲဒါ ငါကိုယ်တိုင် တောင်ဘာမှ မသိတာကို ဆက်စပ်စဉ်းစားနေရတာ''

''ဒါဆိုလည်း အဲဒီဘယ်မှသွားစရာမရှိဘူးဆိုတာလေးက မိုးတို့နဲ့ ဘယ်လိုလာပတ်သက်တာလဲ ပြောပါဦး''

''သူကိုယ်တိုင် ငါ့ကိုလာပြောတာကွ ဒီအိမ်ကြီးကိုသူ





ယောဇဉ်ဖြစ်နေလို့ပါ သွားစရာလည်းမရှိလို့ပါ ဒီကို အန်ကယ်တို့ ပြောင်းလာရင် သူဒီမှာပဲနေပါရစေတဲ့ အိမ်ပေါ်မှာမထားချင်ရင် နောက် ဘက်က တိုက်လုံးလေးထဲမှာနေပါရစေ လခအဖြစ်အိမ်မှာ ဗာဟီရ အားလုံးတာဝန်ကျေပွန်အောင် လုပ်ပေးပါ့မယ်တဲ့''

ဒေါ်မိုးမိုးနိုင် ရှည်နေသည့်လည်ပင်း နဂိုအသားကျဖြစ်သွား တာ သက်ပြင်းလည်းချလိုက်သည်။

''ဒါလည်း မဆိုးပါဘူး၊ အထူးတလည်အိမ်ဖော်ငှားဖို့ မလို တော့ဘူးပေါ့''

''မင်းက ယုံကြည်လို့လား''

''ဟင်''

ဒေါ်မိုးမိုးနိုင် ဒုတိယအကြိမ် လည်ပင်းရှည်ခါးပတ်ဖြစ်ရပြန် သည်။

''ကိုပဲ ကောင်မလေးက သန့်သန့်လှလှလေးဆို အိမ်ဖော်နဲ့ လည်း မတူဘူးဆို''

''ဒါပေမဲ့ သူတို့မိသားစုဘယ်လိုရှုပ်ထွေးနေသလဲဆိုတာ ဘာမှ မသိရသေးတာ''

''ကို အဲဒါကို မေးမြန်းမကြည့်ဘူးလား''

''ကြည့်တာပေါ့ကွ၊ သူက ဘာမှရေရေရာရာပြောတာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး''

ဒေါ်စုမြတ်က လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီး

''မဟုတ်ဘူးလေ၊ အစ်ကိုထွန်းက သူ့မိဘတွေကိုအရင်မေးပေါ့''

''မေးတယ် ဆုံးသွားတဲ့ ဦးမျိုးဇော်ဆိုတဲ့ လူကြီးက သူ့အဖေတဲ့''

''ဒါဆို အိမ်ပိုင်ရှင်ပေါ့''

''မဟုတ်ဘူးတဲ့''

''ဟင်''

သုံးယောက်လုံး တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။

''မဟုတ်ရင်လည်း အိမ်အရောင်းအဝယ်ကိစ္စ ဒီလူကြီးလက်မှတ်ထိုးပေးရတာပဲ ဒါသူ့အဖေဆိုရင် မိသားစုဝင်ဖြစ်ရမှာပေါ့''

''သူက မွေးစားသမီးလားမှ မသိတာ''

''ဘယ်ကလာ မင်းက မမြင်ဘူးပဲပြောနေတာ အဲဒီကောင်မလေးနဲ့ဦးမျိုးဇော်က သားအဖလို့တောင်ပြောဖို့မလိုဘူး၊ တစ်ရုပ်တည်းပဲ''

''ဒါဆိုလည်း တစ်ခုပဲရှိတော့တာပေါ့ အစ်ကိုထွန်းရဲ့ ဂရုံ





မှာ နာမည်ပဲရှိတော့ပေမယ့် သူတို့မပိုင်တော့လို့ပေါ့''

''ဟုတ်တယ်ကို ဒါပဲရှိတော့တယ် အိမ်ရောင်းတဲ့ ဒေါ်မြဥ္ဇူတို့ရော ဒီကောင်မလေးကိစ္စကို ဘာပြောသလဲ''

''သူတို့ချင်းတော့ သင့်မြတ်ပုံမပေါ်ဘူး၊ ဒါပေမဲ့ ကောင်မလေးတ်သက်လို့တော့ ဘာမှထည့်မပြောဘူးကွ၊ ကောင်မလေးကလည်းလူတွေက ဘယ်လိုတော်တယ်၊ ဘယ်လိုရှိတယ်၊ ဘာမှမပြောဘူး၊ ည့်ရတာ သူတို့ဘာမှမတော်ကြတာတော့ သေချာတယ်''

''အဲဒီမှာ လူတွေဘယ်နှစ်ယောက်တောင် ရှိလို့လဲ မမိုး''

ဒေါ်မြတ်စုက ဒေါ်မိုးမိုးနိုင်ကိုမေးသည်။

''မိုးပါသွားတိုင်းတော့ အိမ်ရောင်းတဲ့ မိုးတို့လောက် အမျိုးတစ်ယောက်နဲ့သားတို့အရွယ်မောင်နှမနှစ်ယောက်တွေ့တယ်၊ ကိုတာ အဲဒီ နှစ်ယောက်ထဲက ကောင်မလေးမဟုတ်ဘူးလား''

ဒေါ်မြတ်စုကိုရှင်းပြရင်း ဒေါ်မိုးမိုးနိုင်က ဦးထွန်းမြင့်ကိုလှမ်းသည်။

ဦးထွန်းမြင့်က ခေါင်းခါ၍

''သူတို့နဲ့ မဆိုင်ဘူးထင်တယ်၊ ဟုတ်ပါတယ်၊ ငါတောင်ပြောလာတဲ့အခါကျမှမြင်ဖူးတာ အဲဒီအိမ်မှာဝင်ထွက်သွားလာတာကို မမြင်ဖူးဘူး''



www.burmeseclassic.com

www.burmeseclassic.com



''သူက ဘယ်မှာနေလို့လဲ''

''ဘယ်သိမလဲ''

''နာမည်က ဘယ်သူတဲ့လဲ ကို''

''မသိဘူးဆိုမှ''

''ကဲ ထပ်မေးလည်း သိမှာမှမဟုတ်တာ မမေးတော့ဘူး။ အဲဒီကောင်မလေး ပြောတော့ ကို ဘာပြောခဲ့လဲ''

''ဘာမှမပြောခဲ့ဘူး၊ ညည်းအန်တီနဲ့တိုင်ပင်ရဦးမယ်လို့ ပြောခဲ့တယ်''

''ပြီးရော ဒီတစ်ခါ မိုးနဲ့ပြောမယ်''

''ကောင်းတယ် မင်းကြိုက်သလိုသာလုပ်''

စိတ်ရှုပ်သည့်မျက်နှာကြီးနှင့်ဦးထွန်းမြင့် ကထွက်သွားတော့ ဒေါ်မြတ်စုက ရယ်သည်။ ဒေါ်မိုးမိုးနိုင် ခင်ပွန်းဖြစ်သူ၏ကျောပြင်ကို ခပ်ပြုံးပြုံးကြည့်လိုက်တော့

''အဲဒါပဲကြည့်တော့ မမြတ်ရယ်၊ ကို တစ်ယောက်ဟာ သူ့လူနာနဲ့ဆေးအပ်လောက်ပဲ သိတာ တော်ရုံကိစ္စဆို နည်းနည်းလေး ခေါင်းရှုပ်လာတာနဲ့ ညည်းတော့တာပဲ''

''မြတ်ရဲ့ယောကျ်ားလည်း ဘာထူးလို့လဲ''

နှမ်ယောက်သား ရယ်စရာတွေပြောဖြစ်ကြရင်းနှင့် ။

■ ■ ■



# အခန်း (၅)

''ဒါ ဘယ်သွားမလို့လဲ သား''

''ဘယ်မှမသွားဘူး မာမီ ခြံထဲမှာ ဂစ်တာတီးမလို့''

''သူငယ်ချင်းတွေ ဒီကိုလာဖို့ချိန်ထားသေးလား''

''မထားပါဘူး''

''အေး တော်ကြာ မာမိ ဟိုဘက်ကိုသွားရှင်းမလို့ သားလိုက်

တံခါးဝရောက်နေပြီဖြစ်သည့် မား ခြေလှမ်းတွေတုန့်ခနဲ ရပ် ...ကာ ချက်ချင်းပြန်လှည့်လာ၏။

''မာမီက ဘာဆိုင်လို့လဲ မနေ့ကလည်း ဦးစိုးတို့လင်မယား ...ကို သွားရှင်းခိုင်းထားသေးတယ် မဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ်လေ၊ အဲဒါက ရှင်းခိုင်းတာပဲ ခုဟာက ပစ္စည်းဟောင်းတွေဖယ်ရမယ်၊ အသစ်တွေနေရာချရမယ်၊ ခန်းဆီးတွေလိုက်ကာတွေ တပ်ရမယ်၊ အဲဒါ မာ့မီလုပ်မှဖြစ်မှာပေါ့''

''မာမီ''

''ပြော''

''အဲဒီကို အားလုံးပြောင်းရမှာလား''

မားက ဂစ်တာဆွဲလျက် ဒေါ်မိုးမိုးနိုင်နား ပြန်လျှောက်လာသည်။

''အစကတော့ တစ်အိမ်လုံးပြောင်းဖို့ပဲ ဒါပေမဲ့ နေ့တိုင်းအလုပ်ဆိုတော့ သေချာတွေးကြည့်တာ မလွယ်ဘူးဖြစ်လာတယ်၊ သား ဒက်ဒီက ဆေးရုံကိုနေ့စဉ်အလုပ်ဆင်းရမှာ မာမီက ဆိုင်ထိုင်ဖို့ အစောကြီးထွက်ရမှာ''

ဟုတ်တော့လည်း ဟုတ်သည်။ ဒက်ဒီက ဒေါက်တာ မာမီက 'ဇောတိက' စိန်တိုက်ပိုင်ရှင် မိသားစု၊ မနက်စာလက်ဖက်ရည်ပွဲမှာ တစ်ကြိမ်ဆုံကြပြီးတာနှင့် အလုပ်တွေရှိရာ အသီးသီးသွားကြရသည်။

ညစာ ထမင်းဝိုင်းကျမှပြန်ဆုံ။

ခုကျတော့ သူက ကျောင်းပြီးသွားပြီမို့ အိမ်မှာငေါင်နေသည်။ အပြင်ထွက်တော့လည်း စုနဲ့သွားတာမျိုးကလွဲလျှင် မာမီက





မကြိုက်။

''သား ရှိလား''

အိမ်ကို ဆိုင်ကနေ ဖုန်းခဏ ခဏဆက်သည်။

''ကိုလေးရှိတယ် မေမေကြီး''

ဖုန်းကိုင်တဲ့သူက ဖြေလည်း 'ခေါ်ပေးစမ်း'ဟု သေချာတတ်တဲ့ မာမီကြောင့် သူ့မှာ တော်ရုံကိစ္စလောက်နှင့်အပြင်မသွားရဲ။

ဘွားဘွားလည်း နှလုံးသွေးတိုးနှင့်ခုဆို ခြေမလှုပ်လက်မလှုပ် သူမမာကြီးလိုဖြစ်နေခဲ့ရပြီ။ ဒက်ဒီ့မှာလည်း ဘွားဘွားလိုပဲ နှလုံးသွေးတိုးနှစ်ခုလုံးရှိနေသည်။ စိတ်ညစ်ခံလို့မရ ပင်ပန်းမခံနိုင်။

သူအပြစ်လုပ်လို့ဆူပြီဆို မာမီက ဒက်ဒီ့ရောဂါကိုထည့်၍ ခနိုင်ယူတတ်သည်။ နောက်ထပ် 'သီရိမြိုင်'ခြံကြီးကိုဝယ်လိုက်တာလည်း ဘွားဘွားရောဂါကြောင့် ဖြစ်သည်။

ဘွားဘွားအတွက် လေကောင်းလေသန့်နဲ့အေးချမ်းသာယာသည့်နေရာမျိုးမှာ ချမ်းမြေ့စွာနေနိုင်ဖို့။

''နောက်ဆို သားဒက်ဒီအနားယူတဲ့အခါ အဲဒီမှာ မိသားစုသွားနေတော့မှာ'' ဟုဆိုသည်။

''ခုကျတော့ သားစဉ်းစားကြည့်လေ''

မာမီစကားစလာတော့ မား အတွေးတွေတစ်ရေးနိုးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



''လုပ်ငန်းအားလုံးက မြို့ပေါ်မှာနေတာက ဝေးသွားတော့ ဟိုနဲ့ဒီနဲ့သွားပြန်နေရတာ၊ အမြဲတမ်းဆိုတော့ မာမီကအကြောင်းမဟုတ်ဘူး၊ သား ဒက်ဒီကရောဂါသည်''

ပါလာပြန်ပြီ၊ ဒက်ဒီကတော့ ကိုယ်တိုင် ဒေါက်တာဖြစ်နေပေမယ့် သူ့ရောဂါကို သူ ဘယ်တော့မှဂရုတစိုက်မရှိ။

မာမီကပဲ ဘွားဘွားကိုရော ဒက်ဒီ့ကိုပါ ဒိုင်ခံပြုစုနေရသည်။

ဒေါက်တာဆိုပေမယ့် မာမီ့ရှေ့ကျတော့ ဒက်ဒီကလူနာ ။

''အဲ့ဒါကြောင့် ခုတော့ အားလုံးပြောင်းကြဖို့ မဖြစ်သေးဘူး''

''တော်သေးတာပေါ့ မာမီရာ၊ သားလည်း အဲဒီကို မပြောင်းချင်ပါဘူး''

မားကိုကြည့်ပြီး ဒေါ်မိုးမိုးနိုင်က နှုတ်ခမ်းကို ခပ်ဖိဖိလုပ်ပစ်လိုက်ပြီး

''သားက မပြောင်းချင်ဘူးလား မာမီကတော့ ဘွားဘွားကို စောင့်ရှောက်ဖို့ သားကိုထည့်လိုက်မယ် စိတ်ကူးတာ''

''ဟာ''

''အားလုံးစီစဉ်ပြီးနေပြီ''

''ဟာ မာမီကလုပ်ပြီ''

ဂစ်တာကိုပိုက်၍ မား ဆိုဖာပေါ်ထိုင်ချလိုက်သည်။





ရှုံ့မဲ့တွန့်ခါသွားသည့် မားနားကို ဒေါ်မိုးမိုးနိုင်က လျှောက်သွားတာ

''ဒါက ဘာဖြစ်သွားတာလဲ ဒီအိမ်မှာ ငယ်ငယ်နှောင်းနှောင်း နိုင်းစေဖို့ သားတစ်ယောက်ပဲရှိတာ''

''ဘယ်လို မာမီ ဒါကြီးက ငယ်ငယ်နှောင်းနှောင်းလား''

မားက သူ့မျက်နှာကြီး သူလက်ညှိုးပြန်ထိုးပြောတော့ ဒေါ်မိုးမိုးနိုင်က အသံထွက်အော်ရယ်သည်။

''သားက အရွယ်ရောက်နေတာမှန်တယ်လေ၊ ဒါပေမဲ့ မာမီ့အမြင်မှာကျတော့ ကလေးသာသာလေးပဲရှိသေးတာ၊ ပြီးတော့ သား ကျောင်းပြီးနေပြီ ဘာအလုပ်လုပ်ဖို့ရည်ရွယ်ချက်ရှိလဲပြော''

''ဒါကတော့ ခုမှကျောင်းပြီးတာ ချက်ချင်းကြီး ဘာအလုပ်လုပ်လို့ရမှာလဲ''

''မာမီ့အလုပ်လုပ်ပေါ့ သားရဲ့ မာမီ့ဆိုင်မှာ သားထိုင်ရင် ဝင်လောက်အဆင်ပြေမလဲ''

''ဟာ အဲဒါတော့မဖြစ်ပါဘူး မာမီ့ဆိုင်မှာ မိန်းကလေးတွေ ပဲ''

''ဒါ ကိုယ့်အလုပ်သမားတွေပဲသားရဲ့''

''ဟုတ်တယ် အဲဒီမိန်းကလေးတွေ အီစီကလီလုပ်တာကိုပဲ

www.burmeseclassic.com



ပြောတာ စိတ်ချပါ မာမီရာ အခု သားတို့သူငယ်ချင်းတွေ အပန်းဖြေ ခရီးထွက်ပြီးရင် အလုပ်လုပ်ကြဖို့ တိုင်ပင်ထားတယ်''

ဒေါ်မိုးမိုးနိုင်က မားလက်ထဲက ဂစ်တာကိုဆွဲယူ၍ စားပွဲပေါ် လှမ်းတင်လိုက်သည်။ ပြီးမှ မား ပခုံးကိုဆုပ်ကိုင်ကာ

''မာမီ့မှာ ဒီလောက်အလုပ်တွေရှုပ်ပြီး လုပ်ငန်းတွေပိနေတာ သားက ဘယ်မှာမျှားအလုပ်ထွက်ရှာဦးမလို့လဲ၊ မာမီ့စိန်တိုက်မှာ ကျော့ကျော့မော့မော့လေး ကောင်တာထိုင်ပေးရုံနဲ့ သူတို့တွေကို မာမီ လခ ငါးသောင်းခြောက်သောင်းပေးထားတာ မာမီ့အတွင်းရေးမှူးဆို မာမီ ရှစ်သောင်းပေးတယ်၊ ဒီလို လခမျိုးရအောင် သားဘယ်မှာသွား ရှာမှာလဲ၊ သား တတ်ထားတဲ့ ပညာလောက်နဲ့ ဝင်ငွေဘယ်လောက် ထိကောင်းမှာတဲ့လဲ''

မား နှာခေါင်းတစ်ချက်တွန့်၍ မျက်နှာလွှဲပစ်သည်။

''အဲဒါကြောင့် ပြောတာ သားကိုက အလုပ်လုပ်ချင်တဲ့ စိတ် မရှိသေးတာ၊ ဒီတော့ သားကိုမာမီ ဖွတ်မလုပ်နိုင်းပါဘူး၊ မာမီ့ အလုပ် ကလည်း စိတ်ချရတဲ့လူယုံတွေနဲ့ထားလို့ရတယ်၊ သားက ဘွားဘွားကို စောင့်ရှောက်ပြီး သီရိမြိုင်မှာသွားနေရုံပဲလုပ်''

ပိုဆိုးသွားပြီ မား မာမီ့ကိုဆတ်ခနဲပြန်ကြည့်၍

''သားက လူမမာကိုဘယ်လိုပြုစုရမှာလဲ မာမီ ပြီးတော့





ဘွားဘွားက အရမ်းဇီဇာကြောင်တာ သူ့ရှေ့ရောက်ရင် အင်္ကျီကြယ်သီး ‌ဝ့်အောင်တပ်တာ၊ မတပ်ထတာကအစ ထိုင်တာကဘယ်လို ထတာက ဘယ်လိုနဲ့အကုန်လျှောက်ဆူတာ''

''လူကြီးဆိုတာ ဒီလိုပဲ''

''တရားစာအုပ်ကြီးဖတ်ခိုင်းတာက ပိုဆိုးတယ်''

''ဘုရားနဲ့တရားနဲ့နေတဲ့ အရွယ်ကိုးကွယ့်''

''အိပ်ခါနီး နှိပ်ခိုင်းပြီဆို မပြီးတော့ဘူး''

''ကိုယ့်ဘွားအေကိုယ်ပြုစုပေးရတာ ကုသိုလ်တောင်ရသေး ‌ဘယ်''

''အိပ်နေတုန်းနှိုးတာ အဆိုးဆုံးပဲ''

''လူမမာနားမှာနေတဲ့လူက ဒီလိုပဲ နိုးနိုးကြားကြား ‌နေရတယ်''

''မာမီကလည်း ဘာပြောပြော လိုက်ဖျက်နေတာပဲ''

ဒေါ်မိုးမိုးနိုင်က သားဖြစ်သူကို ချစ်စနိုးပြုံးကြည့်ကာ

''ဟုတ်တယ် သားဘာမှမပြောနဲ့တော့ ဘွားဘွားကိုလည်း ‌ပြုစုရမှာမဟုတ်ဘူး၊ မတူးကိုလည်း ထည့်ပေးလိုက်မယ် ဟိုမှာ ‌င်မလေးတစ်ယောက်လည်းရှိတယ်၊ သားကိုထည့်တာ ခုသားက ‌ျောင်းပြီးလို့အားနေတယ်၊ ဟိုမှာ ဘွားဘွားကျန်းမာရေးကို



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်၊ အကြောင်းကြီးငယ်ရှိရင် ဆိုးဆိုးဆစ်ဆစ်သွားနိုင်အောင် လို့''

တကယ်ဆို ဘွားဘွားနဲ့မာမိ သားအမိမဟုတ်။

သမီးယောက္ခမတော်တာဖြစ်သည်။ ဒါပေမဲ့ မာမီက ဘွားဘွားကိုဆို မိဘလိုပဲ ဂရုစိုက်သည်၊ ဘွားဘွားတစ်ခုခုဖြစ်ပြီဆို ဒက်ဒီက အနားမှာရှိမနေသည်ကများ၍ မာမီတစ်ယောက်ပျာယာခတ်နေတတ်သည်။

ခုလည်း မာမိပဲစီစဉ်နေတာ၊ ကျန်းမာရေးအတွက်နေထိုင်ကောင်းမည့်နေရာ၊ သွားလာရေးသိပ်မခက်ခဲဖို့၊ ဘွားဘွားလည်း သဘောကျရမည်။

ငွေကို သိန်ပေါင်းများစွာပစ်ခတ်အကုန်ခံ၍ ချက်ချင်းအကောင်အထည်ဖော်ခဲ့၏။

ဒါကြောင့် ဒီဇာတ်လမ်းမှာ မာမီကဒါရိုက်တာ မားကမင်းသား။

■ ■ ■



အခန်း (၆)

မာမိတို့ 'သီရိမြိုင်'အမည်ရှိသော ခြံကြီးတစ်ခြံကို ဝယ်လိုက်ပြီဆိုတာ သိပေမယ့် တစ်ခါမှလိုက်မကြည့်ဘူးခဲ့ပါ။

ပထမဆုံးရောက်ဖူးခြင်းမှာပဲ အထုပ်အပိုးနဲ့တစ်ခါတည်းပြောင်းခဲ့ရတော့တာမို့ ပိတ်ထားသည့်ခြံတံခါးရှေ့မှာကားရပ်လိုက်တာနဲ့ ခြံကိုရောတိုက်ကြီးကိုပါ မား သေသေချာချာကြည့်မိ၏။

''ဟား တိုက်ကြီးက အကြီးကြီးပါလား၊ မာမိ သားတို့တိုက်ထက်ပိုလှတယ်၊ ဒီမှာ လူတွေဘယ်နှစ်ယောက်တောင်နေလို့လဲ''

ဆင်စွယ်နှစ်ရောင်မကျသော အဝါနုနုဆေးခြယ်လျက် တစ်[illegible]ဆုံးမှာ အလှမီနီယံမှန်ချပ်ခုံးခုံးကြီးတွေ တပ်ဆင်ထားသည့် တိုက်[illegible]ထားပေါ်ကနေ မျှော်ကြည့်ရင်း မား မနေနိုင်မထိုင်နိုင် ချီးမွမ်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



မိသည်။

ဒေါ်မိုးမိုးနိုင်က ခပ်မိန့်မိန့်ကြီးပြုံး၍

"အဲဒါ မာမီ ပဲခူးက သွယ်တို့မင်္ဂလာဆောင်ကိုလာရင်း တွေ့ထားတာလေ၊ ရောင်းမယ်ဆိုတာက သတင်းစာထဲမှာတွေ့တာ၊ ဒါကြောင့် သိသိချင်းပဲ ပိုင်ရှင်နဲ့သားဒက်ဒီကို ချက်ချင်းတွေ့ပေးပြီး မလွတ်အောင် စီစဉ်လိုက်တာ"

ဒရိုင်ဘာက ကားပေါ်ကဆင်း၍ ဒေါ်မိုးမိုးနိုင်ပေးသည့် သော့နှင့်ခြံတံခါးဆင်းဖွင့်သည်။ ပြီးမှ ပြန်လာပြီး ကားကိုခြံထဲမောင်းဝင်၏။

ခြံထဲမှာလည်း တယုတယစိုက်ပျိုးထားပုံရသော ရောင်စုံပန်းခင်းကြီးက စိတ်ကူးနဲ့အကျအနရေးခြယ်ထားသည့် ပန်းချီကားတစ်ချပ်နှယ် ။

ခြံ၏ဘေးနှစ်ဘက်မှာ တစ်ဘက်က ကားဂိုထောင်ရှည်နှင့် အလုပ်သမားတန်းလျား၊ တစ်ဘက်မှာတော့ ရေစင်မြင့်ကြီးတစ်ခုနှင့် အောက်ခြေမှာ ရေစက်မီးစက်တွေသပ်သပ်ထားသည့် မျက်နှာစာဖွင့် ဂိုဒေါင်ငယ်တစ်ခု။

"အထဲမှာက ရေရော မီးရောရှိတယ်သားရဲ့၊ မြို့နဲ့သိပ်မဝေးတာ၊ ဒါတွေက လိုအပ်လာရင် သုံးနိုင်အောင် အဆင်သင့်စီစဉ်ထားတဲ့သဘောပေါ့၊ ဘာမှလိုလေးသေးမရှိအောင်လေ"





မား လိုက်ကြည့်သည့်နေရာတွေကို မာမီက အားလုံးလိုက်ရှင်းပြသည်။

"အစကတည်းက သူတို့စီစဉ်ထားတာပေါ့"

"ဒါပေါ့ မာမီ့ကိုရောင်းတာ အားလုံးပါတယ်လေ အတွင်းက [illegible]ဘောဂတွေ တော်တော်များများပါတယ်၊ ထားပစ်ခဲ့တာ ဝယ်တဲ့[illegible]ထဲမှာ မပါတာတွေပေါ့ ဒါပေမဲ့ အဲဒါတွေမာမီမသုံးဘူး၊ အားလုံး[illegible]သစ်လဲထားတယ်"

"တော်တော်ချမ်းသာတဲ့ပုံပဲနော်၊ ဘာဖြစ်လို့ရောင်းတာလဲ [illegible]သိဘူး"

"မသိဘူး၊ မာမီဝယ်လိုက်တာကို တန်လို့ဆိုပြီး အားလုံးက[illegible]မွမ်းနေကြတာ၊ ကိုမောင်မောင်သိန်းတို့လင်မယားကဆို မာမီ့ကို [illegible]ယ်အမြတ်ထပ်ပေးပြီး ဝယ်သေးတယ် သားရဲ့၊ မာမီက [illegible]ရောင်းမလဲ"

မာမီကြွားနေတာ မဟုတ်မှန်း အထဲရောက်တော့ ပိုသိလာ[illegible]

တိုက်ကြီးကို ဒီမှာပျက်၍ရောင်းချသွားတာမဟုတ်မှန်းက [illegible]သည်။

အထဲမှာ အဝါနုနုအရောင်က ပို၍လွင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မှန်ချပ်ကြီးတွေနဲ့အပြည့် တပ်ဆင်ထားသော ကန့်လန့်ကာကြီးတွေနှင့်တိုက်တစ်လုံးက နရှသည့် ပန်းဝတ်ဆံရုံကြီးထဲရောက်နေသကဲ့သို့ နူးညံ့အိစက်သည့်အထိတွေ့ကို ခံစားနေရသည်။

"ကန့်လန့်ကာနဲ့ခန်းဆီးတွေက မာမီတပ်ထားတာ ကော်ဇောတွေကတော့ သူတို့ထားခဲ့တာလေ၊ တစ်တိုက်လုံး ဝါရွှေနုဖတ်တော့တာ လှရဲ့လားသား၊ ဒီလိုလိုက်ဖက်တဲ့အရောင်တူ ကော်ဇောရွေးဖို့က မလွယ်တော့ဘူး သားရဲ့"

တိုက်နံရံကို အဝါနုရောင်နဲ့ပိခြောက်ရောင်ကွက်တိကွက်ကျားရောနေသည့် သားမွေးကော်ဇောက အရောင်တင်ထားသကဲ့သို့ နင်းရက်စရာမရှိအောင် မွေးပွလေးတွေထလျက်၊ စိုလက်လက်ကလေးဖြစ်နေသည်က နင်းရက်စရာမရှိ။

"မေမေကြီးတို့ပ ေပြီ"

မနက်ပိုင်းကတည်းက ကြိုရောက်နေသည့်မတူးက ပြေးထွက်လာကာ

"ဘွားဘွားယု နောက်ဖေးခြံထဲမှာထိုင်ချင်တယ်ဆိုလို့ ခုံတန်းလေးအဆင်သင့်ရှိတာနဲ့ ပို့ပေးထားလိုက်တယ် မေမေကြီး၊ ပြီးတော့ ခုပဲ နို့တစ်ခွက်နဲ့ကိတ်မုန့်သွားပို့ထားတယ်"

ကားပေါ်ကပစ္စည်းတွေ တစ်ခုခေါက်ပြီးတစ်ခေါက်သယ်ချရင်း





တူးက ပြောသည်။

"အေး အေး မေမေသဘောကျရဲ့လား ဘာပြောသေးလဲ"

"မပြောဘူး မေမေကြီး တော်တော်နေလို့ကောင်းတဲ့ ခြံကြီး
ဲ သာယာလိုက်တာတဲ့ မျက်နှာကိုပြုံးနေတာပဲ"

မတူးက ဟန်နဲ့ပန်နဲ့ပြောပြသဖြင့် ဒေါ်မိုးမိုးနိုင်ကျေနပ်သွားသည်။

"နှစ်နှစ်ရော"

"မမနှစ် စာဖတ်နေတယ် မေမေကြီး မတူး သွားခေါ်လိုက်မယ်"

မတူး ထွက်သွားတော့

"နှစ်နှစ်ဆိုတာ ဘယ်သူလဲ မာမီ"

"ဒီအိမ်က ကောင်မလေးပဲ၊ ထိုင်သား မာမီမိတ်ဆက်ပေးမယ်"

မာမီနဲ့မား ပိတောက်ခြောက်ရောင် ဆိုဖာပွင့်ကြီးပေါ်မှာထိုင်ပြီး မကြာမီမှာပင် ခြေသံများနှင့်အတူ မျက်ဝန်းထောင့်မှာ လူရိပ်ပေါ်လာ၏။

"လာ နှစ်နှစ် သား သူ့နာမည်က နှစ်နှစ်ကာကာတဲ့"

မား အမှတ်တမဲ့ မော့ကြည့်လိုက်မိ၏။ အသိအမှတ်ပြုရင်းလေး



www.burmeseclassic.com

www.burmeseclassic.com



ပဲခေါင်းညိတ်လိုက်မိပြီးမှ ရွှေ့လျားသွားပြီးသည့် မျက်ဝန်းတွေက ထိုမျက်နှာထက်သို့ ဒုတိယမ္ပိ အော်တိုမစ်တစ် ပြန်ရောက်သွားသည်။

''ဟင်''

မား မျက်ခုံးတွေ တွန့်တက်သွား၏။ နှစ်ခါပြန်ကြည့်လိုက်တာနဲ့ အသေအချာမှတ်မိသွားသည်။

ဘယ်မှာကြာသေးလို့လဲ ဒီမျက်နှာကိုတွေ့ခဲ့တာ ။

ဆံပင်နီနီနှင့်ကပိုကရိုပုံစံနဲ့အတိုင်းရှိနေသော သူမလေးရဲ့ မျက်နှာကတော့ မျက်ခုံးနှစ်ဖက်တွန့်ခနဲကုတ်ကျသွားသည်က ခဏလေးသာ ဖြစ်ကာ ဘာမှထူးခြားမှုမရှိတော့ဘဲ မျက်ဝန်းတွေက ရွှေ့သွား၏။

''နှစ်နှစ် သူကအန်တီ့သားလေ မြင့်မြင့်မားမားတဲ့ အားလုံးကတော့ မားလို့ ခေါ်ကြ−−ယ်''

''ဟုတ်ကဲ့ရှင့်''

''သားက ဒီမှာနေမှာ အတူနေကြမယ့်လူတွေဆိုတော့ သမီးကလည်း အိမ်မှာဝိုင်းကူ သမီးလိုအပ်တာရှိရင်လည်း သားကိုပြောပေါ့''

ဒေါ်မိုးမိုးနိုင် မိတ်ဆက်ပေးရုံတစ်ချက်ရယ်လိုက်ကာ

''နာမည်တွေက တစ်မျိုးစီမဆန်းပေမယ့် နှစ်လုံးထပ်စီတူနေတာကတော့ ထူးဆန်းနေပြီ''





''ဟို နှစ်နှစ် တစ်ခုပြောပါရစေ အန်တီ''

''ပြောလေ ပြော''

နှစ်နှစ်ဆိုသည့် ကောင်မလေးကို သူမော့ကြည့်မိ၏။ နှစ်နှစ်က သူ့ကို တစ်ချက်မှမကြည့်။

''နှစ်နှစ်ရှိသမျှ ဒီအိမ်ကအလုပ်တွေအားလုံးကို ထောင့်စေ့အောင် လုပ်ပေးပါ့မယ်၊ ဒါပေမဲ့ နှစ်နှစ်မှာ မဖြစ်မနေအပြင်ကို ထွက်သွားရတဲ့ အလုပ်ကိစ္စတွေလည်းရှိနေတော့ သွားတာပြန်တာမျိုးတွေ ပြီးတဲ့အခါ ခွင့်ပြုပေးဖို့ပါ အဲဒီလို လစ်ဟင်းမှုအတွက် တာဝန်ကျေအောင် ပြန်လုပ်ပေးမှာပါ''

ဒေါ်မိုးမိုးနိုင် တစ်ချက်တွေဝေသွားလျက်

''သမီးက ဘာအလုပ်တွေများလုပ်နေလို့လဲ အန်တီတို့ သိခွင့်မရှိဘူးလား''

''ပြောတာပေါ့ ပြောနိုင်ပါတယ်၊ ဒါပေမဲ့ ဘာမှမဟုတ်တဲ့ ကိစ္စမို့ပါ၊ အန်တီတို့ရဲ့ ဂုဏ်သိက္ခာ ဒီအိမ်ကလုပ်ငန်းအတွက် မှမထိခိုက်စေရဘူးဆိုတာ နှစ်နှစ်အာမခံပါတယ်''

ဒေါ်မိုးမိုးနိုင်က မျက်နှာမှာ အဆီပြန်အကြောင်သားနှင့် နီကျင်ကျင်ဆံပင်အတိုအရှည်ကို နောက်မှာမျှော့ကွင်းနဲ့ဖြစ်သလိုချည်၊

မျက်နှာထက်မှာ ဖရိုဖရဲပြန်ကျနေသည့် ဆံပင်စတွေကလျှပ်



www.burmeseclassic.com

www.burmeseclassic.com



ပခုံးချိန်ကနေ အောက်ကို ဒါရိုက်ပုံကျတော့မတတ်၊ အိတွဲ နေသော စပို့ရှပ်ပခုံးကျယ်ပွပွဖားဖားအရှည်ကြီးနှင့် အောက်က ရှော့ပင်န် ဝတ်ထားသည့် နှစ်နှစ်၏တစ်ကိုယ်လုံးကိုနှစ်ခေါက်မျှ စုန်ချီဆန်ချီ ကြည့်ပြီးမှ ခေါင်းညိတ်၏။

''ကောင်းပြီလေ စောင့်ကြည့်ကြတာပေါ့၊ ဘယ်သူမှမထိခိုက် ဘူးဆိုရင် အန်တီတို့က တားစရာမရှိပါဘူး၊ တစ်ခုတော့ကြိုပြောထား ချင်တယ်၊ အန်တီတို့က ရိုးသားမှုကိုလူတစ်ယောက်ရဲ့ တန်ဖိုးထဲမှာ ခြောက်ဆယ်ရာနှုန်းလောက် ထည့်ထားတာနော်၊ ပြောစရာရှိလာရင် လည်း အားမနာတတ်ဘူး''

နှစ်နှစ်က နှုတ်ခမ်းလေးစေ့၍ ပြုံး၏။

ပါးချိုင့်လေးတစ်ဖက် လက်ခနဲပေါ်သွားသည်။ လမင်းလင်း သွားသလို နုဖတ်သွားသည့်မျက်နှာလေးက ပါးချိုင့်လေးနဲ့အတူ ခဏ လေးနှင့်ပျောက်ကွယ်သွား၏။

မတန်လိုက်တာ ဟု စိတ်ထဲမှာရေရွတ်မိကာ မားမျက်နှာမဲ့ သွား၏။

''နှစ်နှစ်က သွားလာရင် ခလုတ်မတိုက်မိရင်တောင် နာသွား တဲ့နေရာကို ပွန်းပဲ့သွားသလားလို့ ပြန်ငုံ့မကြည့်တတ်တဲ့ သူပါ၊ နှစ်နှစ် ဘက်က မှားယွင်းသွားတာရှိခဲ့ရင် ကြိုက်သလိုအပြစ်ပေးဆုံးမလို့ရပါ





တယ် အန်တီ''

''တစ်ခုရှိသေးတယ်''

ပြောလိုက်သူက မားဖြစ်နေသည်မို့ နှစ်နှစ်ကပါလှည့်ကြည့်၏။

မားက ချဉ်တူးနေသော မျက်လုံးများနှင့်မျက်မှောင်ကုတ်ကြည့် လိုက်ပြီး

''ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်လို့မရဘူး၊ သွားချင်ရင် ပြောသွားရမယ်၊ အချိန်အခါမဲ့ ဝင်တာထွက်တာ မလုပ်ရဘူး၊ နောက်မှ ယားတွေရှုပ်လာမှာစိုးလို့ ကြိုပြောထားတာ''

နှစ်နှစ် ဆတ်ခနဲခေါင်းညိတ်၏။

'ဟုတ်ကဲ့ပါ''

ဒေါ်မိုးမိုးနိုင်ကပါ ခေါင်းညိတ်ကာ

''ဒါဆို ဒီအိမ်နဲ့ပတ်သက်ပြီး သိထားဖို့ လိုတာရှိရင် မတူးကို သမီးကပြောပြလိုက်ဦး၊ ဒီက ဗာဟီရလုပ်ကိုင်ဖို့သမီးမသိတာ ရှိရင် လည်း မတူးကိုမေးပါ သွားတော့ သွားတော့''

နှစ်နှစ်၏ကျောပြင်လေးကိုလိုက်ကြည့်၍ မားက ကျွတ်ခနဲ စုတ်သပ်ကာ

''အဲဒါ ဘာကြီးလဲ မာမီ၊ ဒီလောက် စုတ်ပြတ်ချာတူးလန်နေ တာကို ဘယ်ချောင်ကသွားနှိုက်ထုတ်ခဲ့တာလဲ''



www.burmeseclassic.com

www.burmeseclassic.com



မားကမေးတော့ ဒေါ်မိုးမိုးနိုင်က သဘောကျသလိုရယ်သည်။

''ဘယ်ချောင်ကမှ မဟုတ်ပါဘူး။ သားရယ် ဒီအိမ်ကြီးကပဲ''

''အရင် အိမ်ဖော်ပေါ့''

''လုပ်ပြီ ကောင်မလေးက ချောချောလေးကို အိမ်ဖော်ရုပ်ပေါက်နေလို့လား''

မား ရှုံ့မဲ့သွားပြန်သည်။

''ဘယ်မှာလဲ ချောတာ၊ မာမီကတော့ မြင်လည်းမြင်တတ်တယ်၊ သူက အိမ်ဖော်မဟုတ်ရင် ဘာလဲ''

''အားကိုးရာမဲ့တစ်ယောက်ပေါ့ကွယ်၊ အရင်ဒီအိမ်ပိုင်ရှင် ဦးမျိုးဇော်ဆိုတဲ့လူကြီးရဲ့သမီးတဲ့ လက်ရှိအိမ်ပိုင်ရှင်တွေနဲ့ဘယ်လိုပတ်သက်ပြီး ဘာဖြစ်လို့လက်ခံဖြစ်သွားတယ်ဆိုတာတော့ မာမီတို့လည်းမသိဘူး။ သူကလည်း မပြောဘူးလေ၊ ဘာပဲဖြစ်ဖြစ် သားရယ်၊ ကိုယ့်အကျိုးမယုတ်ဘူးဆိုရင် အားကိုးရာမဲ့သူကို ကူညီကောင်းပါတယ်''

ဒါ အကူအညီလိုချင်နေတဲ့ ရုပ်တဲ့လား။

နားကွဲမတတ် ရွှဲ့အော်သွားသည့်''မှတ်တိုင်ပါတယ်''ဆိုသော အသံပြဲကြီးကို သတိရတိုင်း ဘယ်လိုမှအချိုးပြေမှာမဟုတ်တဲ့ရုပ်က အသိသာကြီး။

သူကတော့ မားကိုပဲ မသိဘူးသလိုလို မမြင်ဘူးသလိုလို





ချီထားလိုက်တဲ့ ရုပ်က သူ့ကိုယ်သူ သူဌေးရှေ့မှာရောက်နေတာမျိုးမဟုတ်ဘဲ ကိုယ်ကပဲသူ့ရှေ့မှာ အင်တာဗျူးဖို့ရောက်လာတဲ့ အလုပ်သမားလိုလို ။

မျက်လုံးက ယမ်းအားကတော့ မသေးတာအမှန် ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

''မစားချင်ပါဘူး နှစ်နှစ်ရယ်၊ နင်ဒီအလုပ်ကိုရဖို့ ဘယ်လို ကြိုးစားရသလဲ၊ ဘယ်လောက်မျှော်လင့်ခဲ့သလဲ၊ ငါတို့သိနေတဲ့ဥစ္စာ ငါတို့ကဝမ်းသာလွန်းလို့ နင့်ကိုဂုဏ်ပြုရမှာ တို့ကျွေးတာကိုပဲ နင်စား ရမှာ''

စားသောက်ပြီးသမျှ သူရှင်းမယ်လုပ်တော့ သက်ကုရွှေ သူ့ဖာသူပဲဖွတ်ဝင်ရှင်းသည်။

''နှစ်နှစ်ရယ် ဒီအလုပ်ကိုနင်ရတာ ငါတို့တကယ်ဝမ်းသာတာ သိလား''

''ဟုတ်တယ်၊ ငါလည်းတကယ်ဝမ်းသာတာ၊ ဒါနဲ့အလုပ် တစ်နေကုန်နေပေးရမှာမဟုတ်ပေမယ့် လိုအပ်တာနဲ့ကောက်ခေါ်



သူများငွေနဲ့နင်ကနေရတာ အဆင်ပြေပါ့မလား''

သက်ကုရွှေနဲ့သက်တို့က သူ့ကိုအလွန်ချစ်ကြသည့် သူငယ် ချင်းတွေဖြစ်သည်။ ခုလည်း သူ့အတွက်ကို ဝိုင်းပူနေကြပြန်သည်။

နိုင်ငံခြားဘာသာစကားကို လေးမျိုးလောက်ထိ ကျွမ်းကျင် အောင်နိုင်ထားခဲ့သော နှစ်နှစ်က နိုင်ငံခြားသံရုံးမှာ အလုပ်လုပ်ခွင့်ရသွား သည်။

အလုပ်ကဝင်ငွေကောင်းသလို တစ်နေကုန်ထိုင်ပေးနေရမှာ လည်းမဟုတ်၊ အချိန်မှန်မှန်ဝင်နိုင်ဖို့ကတော့ နောက်ကျမှကြိုးစားယူရ မှာဖြစ်သည်။

အဓိကက ထိုအလုပ်ကိုသူရဖို့

ထိုအလုပ်အတွက် သူရင်းနှီးခဲ့ရသည့်အချိန်တွေ ငွေတွေ ပင်ပန်းခဲ့ရတာတွေ ။

အားလုံးအရာထင်သွားသည်မို့ မျက်ရည်လည်အောင် ဝမ်းသာ မိသည်။

''နင်ဖြစ်ချင်တာလည်းဖြစ်ပြီပဲဟာ ကိုယ့်ကိုယ်ကို ပြုပြုပြင်ပြင် ထားနေဖို့လည်း သတိရစမ်းပါဦး''

နှစ်နှစ် ဝမ်းသာတာလေးတွေ ပျောက်ကွယ်သွားလျက် နှင်းနှာဖြူနုနုလေးမှာ နွမ်းလျကြေကွဲခြင်းတွေလွှမ်းမိုးလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



''အလုအပဆိုတာ ငါ့ဘဝနဲ့မဆိုင်တော့ပါဘူးဟာ ဒီအလုပ်ကို သာ ငါအစကတည်းက ဝါသနာကြီးပြီး ရည်ရွယ်ချက်ထားခဲ့လို့ ခု ငါ့ဘဝအထီးကျန်ငွေမရှိဖြစ်ရတော့လည်း ဒီအလုပ်နဲ့ကိုယ့်ဘဝ ထူမတ်မယ်လို့ ဆုံးဖြတ်ထားခဲ့လို့ ဖေဖေဆုံးသွားပေမယ့် မဖြစ်ဖြ အောင် ငါဆက်ကြိုးစားခဲ့တာ''

''ဒါပေမဲ့ အလုပ်ထဲမှာတော့ နင်လုနေမှုဖြစ်မှာနော်၊ ဒါကြော ငါမေးတာပေါ့၊ အလုပ်နဲ့ပတ်သက်ပြီး အိမ်ရှင်တွေနဲ့နင် နားလည် ယူပြီးပြီလား''

သက်က စိုးရိမ်ကာ ဒါကိုပဲမေးနေသည်။ နှစ်နှစ်က ခေါင်းညိတ်၍

''နည်းနည်းပါးပါးတော့ ပြောထားတာပဲ၊ ကဲ နင်တို့တယ်သွာ ကြဦးမလဲ၊ ငါပြန်တော့မယ်''

''ဟာ နင်ကလည်း ငါနဲ့တစ်ခုခုလိုက်စားပါဦး၊ သူကျွေးတာ ကျတော့ စားပြီးတော့''

''မစားတော့ဘူး၊ အိမ်မှာက လူစိမ်းတွေနဲ့အပြင်မှာ သိပ်ကြ လို့မဖြစ်ဘူး''

သူငယ်ချင်းတွေကို လမ်းခွဲထားခဲ့ပြီး နှစ်နှစ်လိုင်းကားတိုးစီ ခဲ့သည်။





အိမ်ရောက်တော့ မနက်ဆယ်နာရီခွဲနေပြီ။

''မတူး ထမင်းပွဲပြင်နေတာလား''

မတူးက နှစ်နှစ်ကိုလှည့်ကြည့်၍ ပြုံးပြသည်။

''ဟုတ်တယ် ကိုလေးက ထမင်းစောစောစားတဲ့အခါရှိတတ် လို့ ပြင်ပေးထားတာလေ၊ တစ်ခါတလေကျတော့လည်း မစားဘူး တော်ပါသေးရဲ့ မနှစ်ပြန်လာလို့''

''ဘာဖြစ်လို့ဟင်''

''ဩော် ခါတိုင်းဆို မတူးနဲ့အတူ မီးဖိုချောင်ဝင်တာ တစ် ယောက်ရှိတယ်လေ၊ ချက်ပြုတ်လို့ပြီးပြီဆို မတူးက ထမင်းပွဲပြင် သူက ဘွားဘွားယုကို ထမင်းသွားကျွေးဆိုတော့ မကာသီတော့ဘူး၊ ခုကျတော့ မတူးတစ်ယောက်တည်း ချွေးကိုပြန်နေတာပဲ''

မတူးက စဉ်းတီးတုံးသေးသေးလေးပေါ်မှာ တို့စရာ ဘူသီးချ ဉ်နံ့ကန်ပြားလေးထဲထည့်ပြီး ဘေစင်မှာရေပြေးဆေး။ ထို့နောက် ရေစစ် ပြီးမှပြန်ထည့် စားပွဲပေါ်မှာလာချပြီးမှ မျက်နှာမော့၍ နှစ်နှစ်ကိုရယ်ပြ သည်။

အလုပ်လုပ်သွားတာတော့ တကယ်မြန်ပါသည်။

ပလပ်တန်းလန်းနှင့်မီးဖိုသုံးခုလောက်ကြားမှာ တစ်ယောက် တည်း တစ်အိုးကိုဆီသတ် တစ်အိုးကိုရေထည့်၊ တစ်အိုးက ကျက်ပြီဆို



www.burmeseclassic.com

www.burmeseclassic.com



ပလပ်သွားဖြုတ်။

မတူးကိုကြည့်ကာ နှစ်နှစ်မှာ ကူညီချင်စိတ်တွေက တကယ်ကို ဖြစ်လာခဲ့၏။

''ဘွားဘွားယုကို ဘာတွေသွားပို့ပေးရမလဲ ပေးလေ''

နှစ်နှစ်က ဝင်းလက်နေသော ကြေးလင်ပန်းလေးကို ကောက်ယူလိုက်မှ

''ဪ် မနှစ်''

''ဟင်''

''ဘွားဘွားကို နည်းနည်းဂရုစိုက်ပေးပါနော် ဟိုသူက နည်းနည်းချေးများတတ်တယ်''

နှစ်နှစ်ပြုံး၍ခေါင်းညိတ်လိုက်၏။

ဘွားဘွားယုကို နေရာချထားသည့်အခန်းက ဟိုးအရင်က ဖေဖေနှင့်မေမေနေခဲ့သည့်အိပ်ခန်း။

မေမေဆုံးသွားကတည်းက ထိုအခန်းကို ဖေဖေကပိတ်ခဲ့သည်။ ဒေါ်မိုးစက်လွင်နှင့် လက်ထပ်ပြီးတော့ ထိုအခန်းမှာနေခွင့်မရ ဖေဖေနှင့်ဒေါ်မိုးစက်လွင်တို့ ပြဿနာအကြီးအကျယ်တက်ခဲ့သေးသည်

''အားလုံးကို သပ်သပ်စီ ကကြာတာပဲကောင်းတယ် လွင် ဒီအခန်းနဲ့ဒီဖာတ်ကောင် ကခဲ့တဲ့အခန်းက ပြီးပြီ''





ပြတ်သားခဲ့တဲ့ အချိန်တုန်းကတော့ ဖေဖေဟာ ဒေါ်မိုးစက်လွင်တို့ကို နည်းနည်းမှမျက်နှာသာပေးခဲ့တာမဟုတ်၊ ဒါပေမဲ့လည်း ။

စေ့ထားသည့်အခန်းတံခါးရှေ့မှာ ထမင်းဟင်းတွေ စားချင်စဖွယ်ပြင်ဆင်ထားသည့် လင်ဗန်းလေးကိုကိုင်လျက် နှစ်နှစ်တောင့်တောင့်ညီလေးရပ်နေမိဆဲ။

''အဟွတ် အဟွတ်''

အထဲက အဘွားယု ချောင်းဆိုးသံကြားမှ လွင့်မျောသွားသည့်ဂီတရေးတို့က ကိုယ်မှာပြန်လည်ပူးကပ်လာသည်။

''အဘွားယု နှစ်နှစ်ထမင်းလာပို့တာပါ''

ထွေးခံထဲကို တံတွေးငုံ့ထွေးပြီး နှစ်နှစ်ကိုဘွားဘွားယုက ကြည့်သည်။

''မင်းက နှစ်နှစ်ဆိုတာလား''

''ဟုတ်ကဲ့''

နှစ်နှစ်က လင်ဗန်းကိုစားပွဲပေါ်တင်လိုက်ပြီး ဘွားဘွားယုထိုင်ထားသည့် ထွေးခံကိုခြေရင်းအောက်နားမှာ နေရာတကျပြန်ထားပေးလိုက်သည်။

ဘွားဘွားယုက နှစ်နှစ်ကို အထက်စီးဆန်သော မျက်လုံးမှုန်ပါးနှင့်ခြေဆုံးခေါင်းဆုံးကြည့်နေပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



''မင်းက ဒီအိမ်နဲ့ဘယ်လိုပတ်သက်သလဲ''

''ဘယ်လိုမှ မပတ်သက်ပါဘူး ဘွား''

''ဟင် ကျုပ်က ဦးမျိုးဇော်သိုတဲ့လူနဲ့မေးတာ''

နှစ်နှစ်က 'တစ်ချက်မှပျက်ယွင်းမသွားသည့်မျက်နှာနှင့်ဘွာ ဘွားယုကိုပြန်ကြည့်သည်။ သူမမျက်နှာမှာ ယောင်မှားသွားလို့ တောင်းပန်ပါတယ်ဆိုတာမျိုး ပျာပျာသလဲပြုပြင်လိုဟန် ဘာမှမရှိသော ပုံမှန်အေးစက်သည့် မျက်ပန်းများနှင့်

''ဦးမျိုးဇော်က နှစ်နှစ်ရဲ့ဖေဖေပါ''

''အင်း''

ဘွားဘွားယု (ခေါ်) ဒေါ်ယုယက ဘဝင်ကျသွားပုံနှင့်ထပ်ဆ ထားသည့် ခေါင်းအုံးတွေပေါ်မှာ ခပ်လျှော့လျှော့မှီလိုက်ပြီး

''ဒါဆို မင်းက အိမ်ပိုင်ရှင်ပဲ ဘာဖြစ်လို့ အိမ်ဖော်ဝင်လုပ်နေ တာလဲ၊ ဒီအိမ်ရောင်းလိုက်တဲ့ အကျိုးအမြတ် မင်းမခံစားရဘူးလား''

နှစ်နှစ်မျက်နှာလေး အေးစက်စက်သို့ပြောင်းလဲသွားက ဒေါ်ယုယကို ခပ်စူးစူးလေးကြည့်၍

''နှစ်နှစ် အိမ်ဖော်မလုပ်ပါဘူး၊ ကိုယ့်ထမင်းကိုယ်စားပြီး ဒီအိ မှာ ဆက်လက်နေခွင့်ရဖို့ အိမ်ရဲ့ဗာဟီရကူလုပ်ပါ့မယ်လို့ ခွင့်တောင ထားတာပါ''





ဒေါ်ယုယ မျက်ခုံးနှစ်ဖက် မသိမသာမြင့်တက်သွားသည်။

''အိမ်ဖော်မဟုတ်ဘူး အင်း ထားပါတော့ မင်းဒီပြင်မှာ ဆောင်ငှားနေလို့ရတာပဲ၊ ဘာပဲဖြစ်ဖြစ် ဒီမှာ မိသားစုမဟုတ်ဘဲ ဘယ်လိုပုံစံနဲ့ပဲနေနေ ဗာဟီရဝိုင်းလုပ်ပေးနေရရင် အိမ်ဖော်ပဲ ဒါကို လက်မခံနိုင်လို့တော့ မရဘူး''

''အများသတ်မှတ်တာကို နှစ်နှစ်ဂရုမစိုက်ပါဘူး၊ ကိုယ့်ကိုယ် လိပ်ပြာသန့်ဖို့ပဲလိုတာပါ''

ဒေါ်ယုယ နှုတ်ခမ်းတစ်ဖက်မဲ့သွားလျက် ခေါင်းညိတ်လိုက်၏။

''မင်း အခု ဘာလုပ်နေသလဲ''

''အလုပ်တစ်ခုရဖို့ ကြိုးစားတုန်းပါပဲ''

''ဒါဆို မင်းရဲ့ဝမ်းရေးအတွက် အစဉ်သဖြင့် ပြေလည်နိုင် လား''

''မပိုလျှံပေမယ့် ပြေလည်ရုံတော့ ဖြစ်သွားမှာပါ''

ဒေါ်ယုယက နှစ်နှစ်ကိုစေ့စေ့ကြည့်၍ ငိုင်ကျသွားစေလောက် ည့် မေးခွန်းမျိုးကို ပိုက်စိတ်တိုက်ရွေး၏။

''လူရယ်လို့ဖြစ်လာရင် အထူးသဖြင့် မိန်းကလေးတစ်ယောက် က် တစ်ဦးတစ်ယောက်တည်းရပ်တည်ဖို့ ဘယ်လိုမှမလွယ်ဘူး မိဉစ္စာ သို့မဟုတ် အားကိုးနိုင်တဲ့ဆွေမျိုးသားချင်း ကျောထောက်



www.burmeseclassic.com

www.burmeseclassic.com



နောက်ခံ ဒါတွေဘာဆိုဘာမှမရှိဘဲ မာနတစ်ခုတည်းနဲ့ဘယ်လိုရပ်တည် မလဲ ၊လောလောဆယ် ဟောဒီအိမ်မှာ မင်းကို အိမ်ဖော်အဖြစ်မဟုတ်ဘဲ လေးစားဆက်ဆံကြဖို့ မင်းဟာ ဘယ်သူ့သမီး၊ ဘယ်အဆင့်အတန်း ဆိုတာကို ပြနိုင်ရမယ်''

နှစ်နှစ်က မရယ်ချင်ဘဲ ပြုံးလိုက်သည့်နှုတ်ခမ်းကို ခပ်ဖိဖိ လေးစေ့ထားကာ

''ဒါက လက်ခံတဲ့သူရဲ့ခံယူပုံ မှန်ကန်ဖို့အဓိကကျတာပါ၊ ဘွား ကိုယ့်ကိုတစ်ဖက်က ဘယ်လိုဆက်ဆံတယ်ဆိုတာထောင် နှစ်နှ ကိုယ်တိုင် ငါဘာလဲဆိုတာယုံကြည်ချက်ရှိထားဖို့က အဓိကလို့ နှစ်နှ ခံယူတယ်''

သူမအကြောင်းကို ဘယ်လိုသွယ်ဝိုက်ဖော်ထုတ်လို့မှ မလွယ် ကူမှန်းနားလည်ကာ ဒေါ်ယုယမျက်နှာပုံစံတစ်မျိုးပြောင်းလဲသွား

''မင်းနဲ့သီရိမြိုင် ဘယ်လိုကင်းကွာသွားတယ်ဆိုတာ မင် မပြောချင်ပေမယ့် ကျုပ်ကသိပါတယ်''

''အဲဒါလည်း ကောင်းပါတယ် ဘွား၊ နှစ်နှစ်ကို ဘွား သိပ်စိတ်ဝင်စားတဲ့သူပဲ၊ ဘွားသိနေတာကို နှစ်နှစ်ကျေနပ်တယ်''

ဒေါ်ယုယ ပြုံးလိုက်မိသည်။

တစ်ချက်မှမပြုံးရယ်ဘဲ စကားလုံးတိုင်းကိုလည်း တွန့်ဆု





ခြင်းမရှိဘဲ မျက်နှာငြိမ်ငြိမ်လေးနှင့်ပြောသွားနေသည့် နှစ်နှစ်ဆိုသော ကောင်မလေးကို ပို၍စေ့စေ့ကြည့်လာမိ၏။

''မင်းက မာနတော့ကြီးသားပဲ၊ အင်း မင်းလို မိန်းကလေး တစ်ယောက်ဟာ ကိုယ့်ရဲ့အတိတ်ကိုဆိုးဝါးအောင်တော့ လုပ်ခဲ့လိမ့်မယ် ထင်ပါဘူး၊ ကျုပ်တစ်ခုထပ်မေးပါရစေ မင်းက မင်းအကြောင်းကို ဘာဖြစ်လို့ ဖုံးကွယ်ထားတာလဲ''

''လူတွေသာ တစ်ဘက်သားရဲ့ကိုယ်ရေးကိုယ်တာကိစ္စတွေ အပေါ် စိတ်ဝင်စားဖို့မလွန်ကဲကြဘူးဆိုရင် နှစ်နှစ်ကိုလည်း အတိတ် ကို ဖုံးကွယ်ချင်တဲ့ မိန်းကလေးလို့ထင်လာကြဖို့ မရှိပါဘူး၊ တကယ် တော့ နှစ်နှစ်ဒါတွေ မပြောချင်တာပါ၊ ဖုံးကွယ်တာ မဟုတ်ပါဘူး''

''ဘာဖြစ်လို့ မပြောချင်တာလဲလို့မေးရင် ဖြေနိုင်မလား''

''မဖြေနိုင်ပါဘူး ဘွား''

''ဒါကိုမသိရလို့ ကျုပ်က မင်းကိုစိတ်ချပြီး ဒီအိမ်မှာနေခွင့် ပေးတဲ့အထိဖြစ်လာရင် မင်းမာနကြီးနေနိုင်ဦးမလား''

''ကြီးနိုင်မှာမဟုတ်ပါဘူး ဒါပေမဲ့ နှစ်နှစ်အဲဒီလောက်ထိလည်း သွားနိုင်ပါဘူး''

''ဘာဖြစ်လို့လဲ''

''နှစ်နှစ်တစ်သက်မှာ ဒီနေ့ထိ အဲဒီလောက် စိတ်သဘော



www.burmeseclassic.com

www.burmeseclassic.com



အတက်အကျလွယ်တဲ့ လူကြီးသူမမျိုးမတွေ့ခဲ့ဖူးသေးလို့''

ဒေါ်ယုယ မျက်နှာကြီး ပြုံးအီသွားသည်မှာ တော်တော်နဲ့ကို မပြီးစီးနိုင်ဘဲရှိလေသည်။

''ကဲ ကဲ ကျုပ် ထမင်းမဆာသေးပါဘူး၊ ထားခဲ့ပြီး မင်းသွားလို့ရပါပြီ''

''ဟုတ်ကဲ့ ဘွား၊ နှစ်နှစ်မှာ လုပ်စရာဘာမှအရေးတကြီးမရှိပါဘူး''

ပြော၍ နှစ်နှစ်က စားပွဲပေါ်မှာ ဖတ်လက်စနှင့်မှောက်နေသည့် စာအုပ်ထူကြီးကို ဆွဲလှန်ပြီး ထိုနေရာမှာ စာရွက်ပါးလေးညှပ်ထည့်၍ စာအုပ်ထပ်၍အပေါ်မှာလှမ်းတင်လိုက်သည်။

ထို့နောက် ဒီတိုင်းချထားသည့် ဘောလ်ပင်နှစ်ချောင်းကို ဘူးထဲထိုးစိုက်ကာ မညီမညာရွဲ့စောင်းနေသော စာအုပ်နဲ့စာရွက်ကို သေချာရှင်းပေးလိုက်၏။

ကြမ်းခင်းပေါ်က အတိုအထွာများကိုပါ ရှင်းလင်းလိုက်ပြီး အားလုံးကို သုတ်သင်လှဲကျင်းပစ်လိုက်၏။

ဒီအခန်းကို မေမေ့အငွေ့အသက်လေးတွေရှိနေမှာမို့ ငယ်ငယ်ကတည်းက နှစ်နှစ်ဝင်ကြည့်ချင်ခဲ့သည်။ သန့်ရှင်းသပ်ယပ်အောင် ကိုယ့်ခြေကိုယ့်လက်လေးနှင့် လုပ်ကိုင်သွားချင်သည်။





ဖေဖေက လုံးဝအဝင်မခံခဲ့လို့ မဝင်ခဲ့ရ။

ခုကျတော့ အခန်းဆိုတာသာ ကျန်တော့လျက် အထဲက ပစ္စည်းပစ္စယအားလုံးကို နောက်ထပ်လူသစ်တွေက ဖယ်ရှားပစ်လိုက်ကြပြီ။

အခန်းကျယ်ကြီးကို မြတ်နိုးစိတ်နှင့်ပြောင်လက်နေပြီးဖြစ်သည့် ကြမ်းပြင်ကို ကြမ်းတိုက်အဝတ်လေးဆွဲကာ ထပ်တိုက်နေမိပြန်သည်။

စိတ္တဇဆန်သော သူမ၏လှုပ်ရှားမှုကို မမိုတ်မသုန်လိုက်ကြည့်နေသူက ဒေါ်ယုယ။

နှစ်နှစ်ကတော့ ဘာမှသတိမထားမိပါ။

ပခုံးလောက်ဆံပင်ကိုနောက်မှာ စုချည်ထားသည့်ကြားထဲက မျက်နှာပေါ်ကိုမကြာခဏ အုပ်ကျလာတတ်သည့်ဆံပင်တချို့ကို ကြမ်းတိုက်ရင်း နားရွက်နောက်ကို ထိုးညှပ်လိုက် ကြမ်းတိုက်လိုက် ကျလာပြန်ညှပ် ။

ဝေ့ဝဲနေပြီဖြစ်သည့် မျက်ရည်စကိုသူများမမြင်စေလို၍ မျက်နှာငုံ့ထားသည်ချည်းဖြစ်တာ ပိုဆိုးသည်။

''သမီး သမီးမေမေ ဟောဒီထဲမှာ ပစ္စည်းတွေကိုဂုက်ထားသည်''

''သူဝတ်နေကျ ကျောက်စိမ်းလက်ကောက်ထဲမှာ ရတနာတွေ



www.burmeseclassic.com

www.burmeseclassic.com



ဝှက်ထားတဲ့နေရာ သူရေးထားတာရှိတယ်''

''သူဆုံးတော့ လက်ကောက်သူ့မှာမရှိတော့ဘူး'

''ဖေဖေ တကယ်မသိဘူးသမီး ဖေဖေသူ့ပစ္စည်းတွေက တကယ့်ကိုဘာမှမသုံးစွဲခဲ့ဘူး။ ဖေဖေမညာပါဘူး သမီးရယ်''

သေအံ့မူးမူးဖေဖေ့မျက်နှာကို မြင်ယောင်လာမိစဉ် မျက်ရည် တစ်စက် ဖြုတ်ခနဲကြွေကျသွား၏။

ဖေဖေဟာ ငါးနှစ်နီးပါး ဒုက္ခိတဘဝနှင့်နေခဲ့ရရှာသလို သမီး ဖြစ်သူနှင့်နှစ်ယောက်တည်း စကားပြောဆိုခွင့်ရဖို့အတွက် နောက်ဆုံး အချိန်ထိတောင် အသေမဖြောင့်နိုင်ခဲ့ရှာ။

ဘဝဆက်တိုင်း ဖေဖေ ဒီဒုက္ခိတဘဝ ဝဋ်ဆင်းရဲမျိုးနှင့်ကင်း ဝေးပါစေ။

■ ■ ■



အခန်း (၈)

''တော်တော်လှပါလား''

သေသေချာချာကြည့်မိတော့မှ နှုတ်မှထုတ်ဖော်ချီးကျူးမိသည် ဆိ တိုက်လုံးလေးကို သဘောကျသွားမိတော့သည်။

တိုက်က တကယ့်သေးသေးလေးရယ်

အလွန်ဆုံးရှိလှ ဆယ့်ငါးပေပတ်လည်ပေါ့ စတုရန်းတုံးလေး ၊တုံးချထားသကဲ့သို့ လုံးချောသေးသေးလေးဖြစ်ကာ တိုက်ခေါင် ၊တ်လည်ကို စတီးလုံးများနှင့်ခွေ၍ ဝရန်တာပုံစံမျိုးတင်ထားသေး ည်။

အဝါနုနုနှင့်ကျောက်စမ်းရောင်တံခါးချပ်လေးတွေက ခပ်ရိုင်း လေးလှ၏။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ကြည့်လျှင် သစ်ပင်ကြီးတွေ အုပ်မိုးထားသဖြ
သဲသဲကွဲကွဲ မမြင်ရဘဲ စတိုဆောင်လေးတစ်ခုသာသာပဲထင်ရ၏။

သီရိမြိုင်တိုက်ကြီး၏ အပေါ်နောက်ဘက်ဝရန်တာကနေ
ကြည့်တော့မှ သေသေချာချာမြင်ရတာဖြစ်သည်။

ထိုတိုက်ကလေးမှာ နှစ်နှစ်ကာကာဆိုသော မိန်းကလေး
သည်။

ဒီလောက်လှတဲ့အဆောက်အဦးလေးကို ဒီကောင်မလေ
အတွက် မာမီတို့ဘာဖြစ်လို့ ရက်ရက်ရောရောပေးထားတာလဲ။

အထဲမှာလည်း အိမ်ကြီးကအကြီးကြီး အခန်းတွေမှအမျာ
ကြီးရှိသည်။

ဒီမှာနေတာ လူလေးဘယ်နှစ်ယောက်ရှိလို့လဲ အိမ်ပေါ်မှာ
မတူးနဲ့အတူနေဆိုရော မပြီးဘူးလား။

ကိုယ့်အိမ်ကိုယ့်ခြံဖြစ်ပါလျက်နှင့် ထိုအဆောက်အဦးလေ
ဘာမှန်းမသိလိုက်ရမီ ဆုံးရှုံးပေးလိုက်ရတာကို မား မကျေမနပ်ဖြစ်သွ
၏။

ဒီကောင်မလေးက ဘာမို့လို့ မာမီတို့က ဒီလောက်လိုက်လျေ
နေရတာလဲ၊ ခုလည်း မနက်ပိုင်းခဏလေးရောက်လာသည်။ မနက်
အတွက် ဝိုင်းကူလုပ်ပြီး ဘွားဘွားအခန်းထဲဝင်သွားတဲ့နောက်ပို





ထွက်သွားတာ မသိလိုက်ရဘဲ တစ်ခါတလေ ညနေပိုင်းတွေ့ရတတ်
ာ မတွေ့တော့တာ တစ်နေကုန် ဒီမှာဘာလုပ်အားတွေများပေးနေလို့

"မတူး အဲဒီကောင်မလေး ဘယ်အချိန်ထမင်းလာစားသလဲ"

"ဘယ်အချိန်မှမစားဘူး ကိုလေး၊ သူ့ဟာသူ ချက်စားတာ၊
က ကော်ဖီတိုက်တာတောင် မသောက်ဘူး"

"သူက ဘာအလုပ်တွေ အခန်းအောင်းပြီးလုပ်နေတာလဲ"

"မတူး မသိဘူး"

"အပြင်ထွက်တယ်ဆိုတာက ဘာလုပ်တာတဲ့လဲ"

"သူ ဘာမှမပြောဘူး"

မတူး ဘာမှမသိသလို တွေးမိတိုင်းစိတ်ဝင်စားစရာဖြစ်လာ
တာ နှစ်နှစ်ကာကာဆိုသည့် ကောင်မလေးကို သတိထားစောင့်
ဖြစ်လာ၏။

ဟော ထွက်လာပြီ မား ရပ်ကြည့်နေတုန်းမှာ နှစ်နှစ်ကာကာ
သာတာ မြင်လိုက်ရ၏။ မှတ်မှတ်ရရ နာရီကိုင့်ကြည့်လိုက်တော့
တစ်နာရီခွဲ ခြေသလုံးတစ်ဝက်ခန့်ရှိသည့် စကတ်အကျပ်
နှင့်မီးခိုးရောင်ကုတ်အကျီကို ကြယ်သီးစုံတပ်ထားသဖြင့် အရပ်
သွယ်လျသော ကိုယ်ဟန်က ထင်းရှင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်နီကျင်ကျင်တွေကို နဖူးအပြောင်သိမ်းလှန်ကာ နောက်ဘက် ခပ်မြင့်မြင့်မှာမျှော့ကွင်းအညိုလေးနဲ့စုချည်ထား၏။ ဆံပင်တို့က အဖျားလေးတွေ အနည်းငယ်မညီမညာ တွန့်လိမ်နေသည်က စည်ထားပုံလေးနှင့်ပို၍လိုက်ဖက်၏။

မျက်နှာသည်လည်း ကားပေါ်မှာတုန်းကလို အဆီတဝင်းဝင်း ပြောင်ချောမနေမှာတော့ သေချာပါသည်။

အဝေးကကြည့်တော့ စကတ်ကျပ်ကျပ် အရပ်မြင့်မြင့်နှင့် ဆံပင်တွေနီနေသော သူမပုံစံသည် ရှိုးကေ့စ်တွေထဲမှာထည့်ထားကြ သည့် ဘိုမရုပ်တစ်ရုပ်ကဲ့သို့ ကျော့ရှင်းလှပနေ၏။

အထူးသဖြင့် အရပ်မြင့်ကာလည်တိုင်ရှင်းသော သူမပုံစံ ကုတ်အင်္ကျီနှင့်လွန်စွာလိုက်ဖက်လေသည်။

သူမဌာနတစ်ခုခုမှာ လုပ်နေသည်လား၊ ဝတ်ထားသည့်ယူ ဖောင်းကတော့ ခပ်နီမှိန်မှိန်မဖြစ်နိုင်။

တံခါးကို သေချာသော့ခတ်ပြီးမှ လက်မှာဖြစ်သလိုချိတ်ထား သည့် စလင်းဘက်အနက်ကလေးကို ပခုံးမှာလွယ်လိုက်သည်။

အားပါး စီးထားတဲ့ဒေါက်ဖိနပ်က နက်ပြောင်ဟီးထနေပေ လား။

အရပ်မြင့်ရသည့်အထဲ ဒေါက်မြင့်အချွန်ကြီးစီးထားပေမယ့်





အကြည့်ရဆိုးသွားတာမျိုးမဟုတ်ဘဲ ခါးမတ်မတ် ကိုယ်ဟန်မနွဲ့သော သူမပုံစံက တစ်မျိုးကြည့်ကောင်းနေသေးသည်။

ကားပေါ်မှာ အသံစာသွားသည့် မိန်းကလေးမှ ဟုတ်ပါရဲ့လား ဟု တွေးမိလာရသည်အထိ လုံးဝခြားနားနေတာဖြစ်၏။

ဒါပေမဲ့ သေချာပါသည်။ သူ့ကိုမြင်တော့ ဒီမိန်းကလေး မှတ်မိ သွားတာ အသိသာကြီးဥစ္စာ။

"ကိုလေး"

'ဟင်"

သူ အတွေးလွန်နေတုန်း မတူးနောက်ကရောက်လာသည်။

"ဘွားဘွားယုခေါ်နေတယ်"

"အေး လာမယ်"

ပြော၍ သူ့အောက်တည့်တည့်ကိုရောက်လာပြီဖြစ်သည့် နှစ်ကို တစ်ချက်ငုံ့ကြည့်ဖြစ်လိုက်သေးသည်။

စတိုင်ကတော့ အပျံစားပါပဲ၊ ဘာလဲ၊ လိုင်းကားကို တိုးစီး လား မဆီမဆိုင်တွေးလိုက်မိသေးသည်။

နှစ်နှစ်ကာကာဆိုသော မိန်းကလေးဟာ တကယ်ထူးထူး န်းဆန်းပါလား။

ခေါ်လိုက်လို့ချက်ချင်းရောက်မလာတဲ့သူကို ဘွားဘွားက



www.burmeseclassic.com

သချောကြည့်သည်။

''ဘာလဲ အိပ်ပျော်နေလို့လား''

''ဘယ်ကအိပ်ကမှာလဲ ဘွားဘွားကလည်း နေခင်းကြီးကို''

''ဟုတ်တယ် နေ့လည်ခင်းအိပ်တဲ့သူဟာ လူပျင်းပဲ ဖျတ်လတ်တက်ကြွနေတဲ့သူဟာ အိပ်ပစ်လိုက်ခြင်းအားဖြင့် ကိုယ့်ရဲ့တန်ဖိုးကြီးတဲ့ အချိန်တွေကို ဘယ်တော့ဆုံးရှုံးမခံကြဘူး၊ အိပ်တယ်ဆိုတာ ကျန်းမာရေးအတွက် လိုအပ်တာထက်လုံးဝမပိုသင့်တဲ့အရာပဲ''

ပြောပြီး ဘွားဘွားက လက်ထဲကစာအုပ်ထူကြီးကို အသာချလိုက်ကာ

''မြေးရဲ့ မာမီဆီက ဖုန်းလာတယ်၊ မနက်ဖြန် မနက်စောစောဟိုကိုလာခဲ့ပါတဲ့''

''ဘာလုပ်ဖို့လဲ''

''ဘွားဘွားထင်တာတော့ မြေးကိုစုနဲ့စေ့စပ်ပေးမလား လက်ထပ်ပေးမလားပဲ''

ဒေါ်ယုယက ပြောပြရင်း မြေးဖြစ်သူကို ပိုက်စိတ်တိုက်အကဲခတ်နေ၏။

''ဘယ့်နှယ်လဲ ပျော်သွားသလား''

မားက ဘွားဘေးမှာလှဲချလိုက်ပြီး





''ဒါ ပျော်စရာလား ဘွားဘွားရော၊ ကိုယ်ယူမယ့်မိန်းမကို ဘက စိတ်ကြိုက်ရွေးချယ်ပေးခံရတာလောက် စိတ်ညစ်ဖို့ကောင်းတာ ရှိဘူး''

''မြေးက စုံကိုမလိုချင်လို့လား''

''သား မျက်နှာမှာ အငမ်းမရလိုချင်နေတဲ့ပုံများ ပေါက်နေလို့ လား''

''ခုတော့ မပေါက်ပါဘူး၊ ဒါပေမဲ့ စုကိုမြေးက တော်တော် လိုလိုက်ခဲ့တာပဲ မဟုတ်လား''

''ဒါနဲ့ ဘာဆိုင်လဲ ဘွားဘွား''

''ဆိုင်တာပေ့ါ ယောကျာ်းလေးတွေဟာ သူ့တို့သဘောကျတဲ့ ကလေးဆိုရင် သည်းခံကြ၊ အလိုလိုက်ကြတာ သဘာဝပဲ၊ စုက စရာလေးပါ''

မားက လှဲနေရာမှ ဖျတ်ခနဲထထိုင်လိုက်၏။

''လှနေလို့ခက်တာ စုက သူ့အလှကိုသူသိပ်ဂုဏ်ယူတာ အတ္တ ည်းကြီးတယ်၊ အဲဒီအတ္တကို သားမကြိုက်ဘူး''

ဒေါ်ယုယက သချာနားထောင်ပြီးမှ မြေးဖြစ်သူ၏နဖူးဆံစ အသာအယာပွတ်သပ်ပေးမောလျက်

''သူငယ်ချင်းကိုဆက်ဆံတာ သူငယ်ချင်းပေ့ါမြေးရယ်၊ မြေးတို့



www.burmeseclassic.com

www.burmeseclassic.com



က ဘယ်လောက်ထိ ဆွေးနွေးဖူးလို့လဲ''

''ဆွေးနွေးဖို့ထိ သားမကြိုးစားပါဘူး၊ မဖြစ်နိုင်ဘူးထင်တယ် ဘွားဘွား၊ စုနဲ့သား ညှိလို့ရမှာမဟုတ်ဘူး''

သူ့ အစိုးရိမ်ဆုံးက မိဘအားကိုးနှင့်တစ်ဘက်လှည့်နဲ့ရအောင် ယူသည်ဟု ထင်သွားမှာကိုဖြစ်သည်။

စုက သူ့ကိုယ်သူ ပုရိသတို့အသည်းကို လိုသလိုကစားနိုင်သော အလှဘုရင်မဟု ယုံကြည်ထားသူဖြစ်သည်။

ထိုယုံကြည်ချက်ဖြင့် သူ့တစ်နေ့ခံစားဒူးထောက်လာမည်ဟု လည်း တစ်ထစ်ချတွက်သည့်သူ ။

တကယ်တမ်း သူ့ဖွင့်မပြောဘဲ မိဘတွေက ခုလိုစီစဉ်လိုက် လျှင် ။

■ ■ ■



## အခန်း (၉)

''တကယ်ဆို ငါနင့်နားမှာတစ်ချိန်လုံးရှိနေခဲ့တာပဲ မိဘတွေ ကို အလုပ်ပေးဖို့မလိုပါဘူး မားရာ၊ နင်ငါ့ကိုမေးလိုက်ရင်လည်း တစ်ခွန်း ...ည်းနဲ့ပြီးတယ်''

မား တစ်ကိုယ်လုံး ဖျင်းခနဲဖြစ်သွားသည်။

စု နှုတ်ခမ်းအပြာရောင်ဖူးဖူးလေးက လွန်စွာခံရခက်စေသော ...ပြုံးတချို့ ခိုတွဲလျက်

''ကဲပါလေ အဲဒါတွေထားလိုက်ပါတော့ လူကြီးတွေဘယ်လိုပဲ ...ဉ် ငါတို့က အဓိကပါ''

''ဟုတ်တယ် ငါတို့က အဓိကပဲ ဒီတော့ လူကြီးတွေစီစဉ်မယ် ...တာကို ငါနဲ့တွဲမတွေးနဲ့ ဘယ်ဘက်ကမှခရီးမလွန်ခင် ...င်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဘိုက်ဖျက် ငါလည်းတားဆီးပေးမယ်''

စုက 'ဟင့်ခနဲ' အသံထွက်အောင် တမင်လုပ်၍ မျက်ခုံးလေး နှစ်ဖက်ကိုပင့်တင်၏။

''အဲဒီလောက်ထိ ငါကမရည်ရွယ်ပါဘူး၊ နောက်ဆုံး လက် ထပ်ဖြစ်ကြတော့လည်း သိပ်ထူးဆန်းတာမှမဟုတ်တာ ငါသိနေတာပဲ ဟင်း ဟင်း''

ပေါ်တင်ကြီး ရယ်ချလိုက်တော့ မား ဆတ်ဆတ်ခါသွား၏။

''ဒီမှာစု နင်သိတာဘာလဲ၊ ငါကနင့်ကိုမမေးရဲ မယုံဝံ့လို့ လူကြီးတွေနဲ့လှည့်ပြောတာလို့ ထင်လိုက်တာလား''

စု လက်မောင်းလေးတစ်ဖက်ကို သူဆွဲခါပစ်လိုက်သည်။

သူက အပြုံးမပျက်ဘဲ ကိုင်ထားသည့် သူ့လက်ကိုလျော့ ရိပ်နှင့်ငုံ့ကြည့်၍

''နာလိုက်တာ မားရယ် လွှတ်ပေးစမ်းပါ၊ နင် အဲဒီလို တင်း တင်းမာမာဖြစ်တတ်တာတွေကို ပြုပြင်လိုက်ရင် တော်တော်ကောင်း သွားမှာ သိလား''

''ဒီမှာ စု နင်နဲ့ငါက မျဉ်းပြိုင်နှစ်ကြောင်းဆိုရင် ငါပြောတာ ကို နင်သဘောပေါက်လား''

စု မျက်နှာ ဖျတ်ခနဲအေးခဲသွားသည်။





ရင်ထဲက တစ်စုံတစ်ရာကိုသိမ်းဆည်းနိုင်လွန်းသည့် မားကို ပြလွန်းသော ဒေါသရိပ်နဲ့ကြည့်၏။

ထို့နောက် အေးစက်သောလေသံနှင့်

''အဲသလောက်ထိ လိုသလား မား''

''လိုတယ် ဒီနေ့ နင့်နှုတ်ခမ်းက မဲ့ပြုံးကိုနောက်ထပ် ငါမမြင် င်သို့ တစ်ထိုင်တည်းဆုံးဖြတ်လိုက်တာ နင်ထင်သလို တစ်နေ့နေ့ ခြေရှမှာ မြင့်မြင့်မားမားဟာ ဘယ်တော့မှ ဒူးထောက်လာမှာမဟုတ် ဆိုတာ မှတ်သွားလိုက်''

စု မျက်နှာ တင်းမာအေးခဲသွား၏။

အားလုံးထဲမှာ မားကိုသူနေရာပေးခဲ့ဆုံး။

အုံဆုံးအစမဲ့သော ဇယားကွက်တစ်ခုထဲမှာ မားရဲ့ဖွင့်ဟခြင်း အကန့်အသတ်မဲ့ သူထားခဲ့ပြီးသား။

ထို့အတွက်ကြောင့် သူမဘက်က စတင်မလိုက်လျောဘူးလို့ ဖြတ်ထားခဲ့သည်။ သူဖွင့်ပြောတဲ့ တစ်နေ့ ။

ထိုတစ်နေ့ဟာ မာနကြီးသော မားသည် ယောကျ်ားဟာ ကျ်ားပဲဆိုသော ဆောင်ပုဒ်အတိုင်း အများနည်းတူသူမရှေ့မှာ နေရမည်။

တောင်းခံသူဟာ တောင်းခံဖို့အတွက် အောက်ကျို့ရာ



www.burmeseclassic.com

www.burmeseclassic.com



သဘာဝမကျဘူးလား။ ခုတော့ ဖြစ်လာတာက တစ်မျိုး။

သူမသိနေ့သည့် မား မာနတွေနဲ့ဟန်ဆောင်ဖုံးကွယ်နေတာ ပါ။

''ငါ့ မျက်လုံးထဲကို နင်ရှာဖွေမနေနဲ့ နင့်ကိုအရှုံးပေးနိုင်တဲ့ မာနတွေထဲမှာ အားလုံးကိုငါဖျော်ပစ်လိုက်ပြီ''

''ဒါဆို စေ့စပ်မယ့်ကိစ္စကို နင်ကဖျက်မယ်ပေါ့''

''ငါက ဖျက်မယ်ဆိုတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ နင့်ဘက် က ဟိုအတွက်ငဲ့လို့ ဒီအတွက်အားနာလို့ဆိုတာတွေ မဖြစ်ရအောင် ကြိုပြောထားတာ၊ နင်ဖြစ်ချင်တဲ့ဆန္ဒအတိုင်း လက်တွဲညီဖို့ ငါ့ဘက်က အဆင်သင့်ပဲ''

စု ရင်ထဲမှာ နွေခေါင်ခေါင် မိုးကြိုးပစ်ချသံကြားလိုက်ရသည် အစီအစဉ်မရှိသော ချောက်ခြားခြင်းတွေက မာနနှင့်ရောထွေးလွင့်စဉ် ကုန်သည်။

နောက်ဆုတ်လိုက်ဖို့ထိ သူမတွေးခဲ့သော်လည်း ရှေ့ဆက်ဖို့ လည်း ဒါ ကိုယ့်ဆန္ဒ။

နောက်ပြန်ဆုတ်မယ်ဆိုလည်း နှစ်ဘက်မိဘများနှင့်အရင်ဆုံး အတိုက်အခံဖြစ်မှာက ကိုယ်

နင် သိပ်တော်တယ် မား ။





''ဘွား ဒီနေ့ထမင်းစားနည်းနေသလိုပဲ စားမကောင်းဘူး ...ဟင်''

''ဟုတ်တယ်၊ ထမင်းစားရတာ အချဉ်လေးလိုနေသလိုပဲ၊ ...တွေ ဘယ်သူစီစဉ်ပေးလိုက်တာလဲ''

''မတူးပါ မနက်ပိုင်းကို နှစ်နှစ်က အပြင်ထွက်ရတာများတော့ ...ညီစာအတွက် ဝင်မကူနိုင်ဘူးဖြစ်နေတာ''

ဒေါ်ယုယက ခေါင်းညိတ်၍ထမင်းစားခြင်းကို လက်စသတ် ...သည်။

''မတူးက အစီအစဉ်မတတ်ပါဘူး၊ မယ်သိန်းက တစ်နေ့ ...ချိုးမရိုးအောင်ချက်ကျွေးတတ်တယ်၊ ဟိုမှာလည်း အလုပ်သမား ...တော့ ကိုယ့်ကြောင့် အလုပ်မရှုပ်စေချင်လို့''

နှစ်နှစ်စိတ်မကောင်းဖြစ်သွားမိသည်။

ဘွားက မျက်နှာပေါက်ဆိုးဆိုး အပြောမညက်တာကလွဲလျှင် ...ခင်းကောင်းသူပါ။

အစကတော့ ငါသူတို့အလုပ်သမားမဟုတ်ဘူးဆိုသည့် မာန ...ကိုယ့်ထမင်းကိုယ်စား၍ အတတ်နိုင်ဆုံးကင်းအောင်နေခဲ့မိသည်။

ထမင်းစားတာမြင်ရတော့မှ ဒီလိုမနေသင့်ပါလားဟု တွေးမိ ...သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာသွားတလှမ်မှာ၊ ဒီလူမမာကြောင့် သိန်းထောင်ချီသော ...ကြီးကြီးကျယ်၍ တကူးတက နေထိုင်စေခဲ့တာဖြစ်သည်။

သေသေချာချာတွေးကြည့်တော့ ဖေဖေ့ကိုဆုံးရှုံးခဲ့ရသည် ... လွဲလှူင် လူသစ်တွေပြောင်းသွားမှ သူမဘဝချမ်းမြေ့ခဲ့ရသည်။

အတိုက်အခံတွေ၊ အရှုံ့အစောင်းတွေ နေ့စဉ်မကြားချင် ... လည်း ကြားနေခဲ့ရသည့် အတင်းအဖျင်းစကားတွေ အားလုံးကြော ... နှစ်နှစ်နဲ့ဖေဖေ့ကြားမှာ မျက်ရည်မြစ်ကြီးခြားနေခဲ့ရ၏။

ထိုမျက်ရည်တို့ကို ခမ်းခြောက်သွားအောင် ဖေဖေလည် ... မတတ်နိုင်။

နှစ်နှစ်လည်းမရှောင်နိုင် ခုချိန်မှာ ကိုယ့်အခန်းကိုယ့်နေရာ ... မှာ ဘယ်လိုနေနေ၊ ဘယ်လိုစားစား လက်ညှိုးထိုးမည့်သူလည်း ... ဘယ်သူမှလည်းမငြူစူ။

ဒါကို သူမဘက်က ကျေးဇူးမတုံ့ပြန်သင့်ဘူးလား။ အလို ... သိပေးဆပ်မသွားသင့်ဘူးလား။

''ဘွား စိတ်မညစ်ပါနဲ့ နောက်နေ့တွေဆို ဘွားစားသော ... ဖို့အတွက် နှစ်နှစ်တတ်နိုင်သလောက် ဝိုင်းကူပေးသွားပါ့မယ်''

ဒေါ်ယုယက နှစ်နှစ်ကိုပြုံးပြ၍

''မင်းက ထမင်းဟင်းချက်တတ်လို့လား''





''ဟုတ်ကဲ့''

နှစ်နှစ်စကားကို လိုရင်းပဲပြော၍ ဒေါ်ယုယအတွက် စပျစ်သီး ...းတွေကို တစ်လုံးစီဖြုတ်၍ အပေါ်လွှာပါးလေးတွေကို စိတ်ရှည် ...တ်ရှည်ခွာပေးသည်။

''နေပါစေကွယ်၊ ဒီလောက်မလိုပါဘူး၊ ပေး ပေး''

နှစ်နှစ်က စပျစ်သီးကိုဆက်ခွာနေရာမှ

''ဒါလေးတွေက ချုပ်တယ်ဘွားရဲ့ အသက်ကြီးတဲ့လူကျတော့ ...တ်လို့မကောင်းဘူး၊ ဒါတွေဖယ်စားတော့ ကိုယ်လိုချင်တာချည်း ...ပေါ့၊ ဝမ်းသိပ်ပျော့နေတဲ့အခါကျတော့ စားလို့ရတယ်''

''ကျုပ်ကတော့ စပျစ်သီးကချိုနေရင် ချဉ်နေရင်အဲဒီအဖန် ...နဲ့တွေ့လိုက်တာပဲ''

နှစ်နှစ်က နှစ်ခြိုက်စွာ ပြုံးလိုက်ပြီး ဒေါ်ယုယကိုကလေးဆိုး ...ပို မော့ကြည့်သည်။

''ဘွားကလည်း ဒီအသက်အရွယ်ဆိုတာ စိတ်အလိုကို ...်ရဘူးဘွားရဲ့ မစားချင်လည်း စားပေးရတာရှိတယ်၊ စားချင်ပေ ...ည်း မစားဘဲနေရတာလည်းရှိတယ်၊ ဖြစ်လာရင် ကိုယ်ပဲခံရမှာ''

''ဟုတ်ပ ဟုတ်ပ မင်းပြောမှပဲ ကျုပ်က သိရတော့တယ် ငေါ့သံကြီးမဟုတ်ပေမယ့် ဘွားမျက်နှာကြီးက ပြုံးနေတော့



www.burmeseclassic.com

www.burmeseclassic.com



နှစ်နှစ်က ရယ်သည်။

"ဆရာလုပ်တာ မဟုတ်ပါဘူး၊ ဘွားရဲ့ သတိမမူဂူမမြင်တဲ့

"ဪ ... ကဲ ဟုတ်ပါတယ်လို့ဆို"

နှစ်နှစ် အသံထွက်အောင်ရယ်တော့ ပါးချိုင့်လေးတစ်ဖက် ချစ်စဖွယ်မျက်နှာလေးကို ဘွားကသေချာကြည့်သည်။

"မင်း သနပ်ခါးမကြိုက်ဘူးလား"

"ကြိုက်တယ် မကြိုက်ဘူးလည်း မဟုတ်ပါဘူး လိမ်း မလိမ်းချင်တော့တာ"

မျက်နှာလေးညိုးကျသွားတာကို ကြည့်၍ဒေါ်ယုယ ဆက် မေးတော့ပါ။

ထိုအကြောင်းများမှလွဲလျှင် ကြည်စင်နေသော မျက်နှာ က ချစ်စဖွယ်ပါ။

ထို့ကြောင့် နောက်ပိုင်းမှာ ဒီမိန်းကလေးရဲ့ နောက်ကြော များနှင့်ပတ်သက်၍ ဒေါ်ယုယ ဘာဆိုဘာမှမမေးခဲ့တော့။

စပျစ်သီးဆယ်လုံးခန့်စားပြီးသွားတော့မှ ဒေါ်ယုယခေါ် သည်။

"တော်ပြီ သမီး"

"စားလိုက်ပါဦး ဘွားရဲ့ နည်းနည်းလေးပဲရှိသေးတာ"





"ဘွားဘွားကဘယ်စားတော့မလဲ မင်းကိုယ်က ချွေးနံ့တွေ ထိုင်စော်နေတာကို"

ရုတ်တရက် မားဝင်လာကာ နှစ်နှစ်နဲ့မျက်နှာချင်းဆိုင်မှာဝင် လိုက်ပြီး

"ဒီမှာ မယ်မင်းကြီးမ၊ မင်းမျက်နှာ အဆီတပြောင်ပြောင်နဲ့ ခန်းကိုမဝင်နဲ့နော်၊ မကူညီချင်နေ မနှောင့်ယှက်နဲ့၊ ချွေးသံတရွှဲရွှဲ ခင်းချက်ပြုတ်တာကို တစ်အိမ်လုံးစားရမှာ ဒီမှာဝိုင်းကူချင်တဲ့ ဆန္ဒ ကိုယ့်ကိုယ်ကို အရင်သန့်ရှင်းပေး"

နှစ်နှစ် ဘွားကိုတောင်းပန်သလိုတစ်ချက်ကြည့်ကာ လက်ထဲ စပျစ်သီးခိုင်တွေချ၍ မားနဲ့ရင်ဆိုင်ရပ်လိုက်သည်။

"ခန္ဓာကိုယ်မှာ ချွေးနဲ့သွေးပဲရှိတယ်၊ စိတ်တိုရင် ရေချိုးပြီး လဲ ချွေးထွက်ချင်ထွက်တာပဲ၊ ဒါကိုညစ်ပတ်တာ မပတ်တာနဲ့တိုင်း လို့မရဘူး၊ ချွေးသွေးတစ်စက်မှမမြင်ချင်ရင် ရှင်လူသေကောင်ကို ဆိုင်း"

"မင်း လူကိုရွဲ့မပြောနဲ့"

"မြေး တော်စမ်း"

ဒေါ်ယုယက မြေးဖြစ်သူကိုလှည့်ဆူလိုက်၏။

"ဘွားဘွား မသိပါဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့မသိရမှာလဲကွယ့် သူက ကိုယ့်ကိုစေတနာနဲ့ နေတာ"

"စေတနာနဲ့ကူညီတိုင်း သူလုပ်သမျှခံနေရမှာလား ဘွား မလိုချင်တာကို ပြောရမှာပဲ ဟွန်း ဒီရုပ်လား အကျိုးမဲ့အကြော စေတနာလာထားမှာ"

မားက ခါးထောက်၍နှုတ်ခမ်းမဲ့သည်။

နှစ်နှစ်က အရောင်ထွက်မတတ် မျက်လုံးများနှင့်ကြည့် ယောက်ျားတန်မဲ့ ဗီဇကြောင်လွန်းသည့်သူတွေကို နှစ်နှစ်အထင် လို့မရ။

ထို့ထက်ဆိုးသည်က အသားချင်းထိတာလေးကိုတောင် ဆတ်ခါရှုံ့မဲ့သွားသည့် ဒီလိုလူမျိုးမှာ ဘယ်လိုမြင့်မြတ်သည့် သဘော ထားကြီးမှုတွေရှိမှာလဲ။

နှစ်နှစ်ကလည်း ခပ်ရွဲ့ရွဲ့မျက်နှာနှင့်ပခုံးတွန့်ပစ်လိုက်ပြီး

"ဘာကြောင့်ပဲ စေတနာထားထားပါ။ အဲဒီစေတနာဖြ လည်း ခံယူတဲ့လူက စိတ်ကောင်းလေးရှိမှ စေတနာအတိမ်အနက် ခံစားနိုင်တာ"

ပြောပြီး မေးလေးပင့်ကာ နှုတ်ခမ်းကိုမဲ့ပစ်လိုက်သဖြင့် အသည်းတွေယားကာ နှစ်နှစ်ဆိုသော ကောင်မလေးကို ပြေးဆွဲ





ပစ်ချင်လာ၏။

"မင်း အဲဒီလို တုန့်ပြန်တတ်တာတွေကို ငါဒေါသထွက်တာ"

"သေလိုက်"

"ဟဲ့ ဟဲ့ နေကြဦး မြေးတို့ချင်းက အစကတည်းက ခင်နေကြ တာ"

"မသိပါဘူး"

"သိစရာလား"

သံပြိုင်ထွက်လာတော့ ဒေါ်ယုယ မျက်စိလည်သွားသည်။ ဖြစ်နေကြတဲ့ပုံစံတွေကလည်း တစ်နေရာကငြိုးတေးလာခဲ့ ရန်သူတွေလို။

"ဘွား နှစ်နှစ် သွားမယ်နော်၊ နောက်နေ့ဆို ဘွားကို နှစ်နှစ် တိုင်ချက်ကျွေးမယ်"

ဟုပြော၍ခပ်တည်တည်လေးထွက်သွားလိုက်တာ သူ့ကိုပဲ ကိုက်သွားတော့မည့်အတိုင်း။

မား မျက်နှာကြီး ဖြစ်နေတာကိုကြည့်၍ ဒေါ်ယုယက ဘာမှ သားသော်လည်း ပြုံးပြုံးကြီးဖြစ်သွားသည်။

ကောင်းတယ် အိမ်မှာပျင်းစရာမကောင်းတော့ဘူးပေါ့ ဟု ခြင်ရင်း ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

''ဟယ် ကိုလေး ကိုလေး၊ အယ် ဒုက္ခပဲ''

လှမ်းခေါ်လို့လည်း အချိန်မမီတော့သဖြင့် မတူး ခြေမကိုင်[illegible] လက်မကိုင်မိဖြစ်သွားမိ၏။

မားကတော့ ရေချိုးခန်းတံခါးကိုလှည့်ဖွင့်၍ အထဲဝင်လိုက်[illegible] ဖြစ်၏။

တံခါးဂျက်က သိပ်မကောင်း။ အပြင်ကဖွင့်လျှင် နှစ်ချ[illegible] လောက်ဆွဲလိုက်တာနှင့်ပါလာတတ်၏။

ထို့ကြောင့် တတ်နိုင်သလောက် သေချာအောင် တံခါး[illegible] လက်ကိုင်ဘုထဲကို အသင့်ကိုက်လာသည့်ကော်ပြားလေးကို ထိုးထည့် လိုက်သည်။





''ဒီမှာရှင့်''

''ဟင်''

ခေါင်းနားပန်းကြီးသွားသဖြင့် လှည့်ကြည့်လိုက်မိခြင်းက [illegible]တွေ

သူ ဘယ်ကိုမှမကြည့်ဘဲ တံခါးဖွင့်ဝင် ပြန်ပိတ်လုပ်နေတုန်း [illegible] နောက်မှဘာတွေဖြစ်နေမှန်းလုံးဝမသိခဲ့သမျှ ကိုယ်ကိုစောင်တွေ [illegible]ထပ်ထပ်ပတ်လျက် မျက်လုံးလေးတွေ ကျွတ်ကျမတတ်ပြူးကျယ် [illegible]ယင်နေရှာသည့် နှစ်နှစ်။

''မင်း မင်းက အထဲမှာ''

''ဟုတ်တယ် ရှင်အသံမပေး ဘာမပေးနဲ့ဝင်လာရသလား [illegible] ခုထွက်''

''အံမာ အသံပေးရအောင် ဒီအိမ်မှာ လူလေးသုံးယောက် [illegible] အားလုံးအပြင်မှာရှိနေတာကို အသံပေးနေစရာလား မင်းက [illegible]ဝင်လုပ်နေတာလဲ''

''ရေချိုးနေတာလေ ဟိုမှာ ပန့်ပျက်နေလို့ ရှင့်ကိုမတူးက [illegible]ပြောဘူးလား''

''မပြောဘူး သွား မင်းထွက်''

''ရှင် ဟိုဘက်လှည့်နေ''



www.burmeseclassic.com

www.burmeseclassic.com



''ဟွန့် ကြည့်ချင်လွန်းလို့''

မားက နှုတ်ခေါင်းတွန့်လျက် ကျောပေးရပ်လိုက်၏။ ပြီး

တစ်ခုကို သတိရသွားကာ

''ဟေ့ မင်းကိုယ်ပေါ်က စောင်ကိုထားခဲ့ဦး''

ရေချိုးခန်းထဲမှာ သူခြုံသည့်စောင်ကို သပ်သပ်ထားသည်။

ထိုစောင်ကို နှစ်နှစ်က ပခုံးပေါ်က ထပ်ခြုံထားသောကြောင့်

''မထားခဲ့နိုင်ဘူး ဆောရီးပဲ၊ ရှင် ရှင် လှည့်မကြည့်နဲ့နော်''

''တောက်''

တံခါးပွင့်အောင် ဖွင့်နေရတာက ကြာသေး။

ဒေါသဖြစ်ဖြစ်နှင့်အပေါ်က ကိုယ့်စောင်ကို ဆွဲယူပစ်လိုက်လျှင်တော့ ပွဲကကြည့်ကောင်းဦးမည်။

နှစ်နှစ်က တစ်ကိုယ်မှာ စောင်နှစ်ထည်ပတ်လျက် ပြေးထွက်သွားလေသည်။

သူ့မှာတော့ အခန်းထဲပြန်၍ စောင်ယူရတော့မည်။

သေလိုက်ပေါ့ ဟွန့်။

နှစ်နှစ်ကိုယ့်နေရာလေးကို ပြန်ရောက်တဲ့အထိ ဒေါသထွက်နေတုန်း။

မေးတော့ဖြင့် မတူးက ကိုလေး ဒရင်းဘတ်ပေါ်မှာ အိပ်နေ





တဲ့ တော်သေးတာပေါ့ ကိုယ့်ကိုများတန်းခနဲလှည့်ကြည့်လိုက်

ကြက်သီးတွေဖျန်းခနဲထသွားသည်။

မှန်ထဲမှာပေါ်နေသည့် နှစ်နှစ်မျက်နှာ၏ ပါးနှစ်ဖက်မှာ

ရောင်စို့တက်သွား၏။ သူလည်း တမင်ဝင်လာတာ မဟုတ်မှန်း

ည်။

ဒါပေမဲ့ ဒေါသထွက်တာက ထွက်နေတာပဲဖြစ်၏။

မိန်းကလေးရှိမှန်းသိရင်လည်း ထွက်သွားပါလား အပြာကွက်

စပို့ရှပ်ပွပွကြီးကိုစွပ်ချကာ ဆံပင်တွေကို ဘီးနဲ့တစ်ချက်နှစ်ချက်

ဘီးကုတ်နဲ့သိမ်းထိုးပြီး စာကြည့်စားပွဲမှာထိုင်လိုက်၏။

''မနှစ် မနှစ်ရေ''

အပြင်က မတူးခေါ်သံ။

ကိုယ့်ဟာကိုယ်ပင် ဘာတွေကျန်ခဲ့မှန်းမသိဘဲ က[illegible]ယာ

ဖွင့်လိုက်တော့ ရှေ့မှာရပ်နေသည့် မတူးကိုင်ထားတာတွေက

နှစ်ထည်နဲ့ခေါင်းစည်းကွင်းငါးခု။

သွားပြီ။

တစ်ကိုယ်လုံးရှိန်းဖိန်းကုန်ကာ ထိုပစ္စည်းတွေကို ဆွဲယူလွှင့်ပစ်

တော့သည်။

''ဟီး ဟီး အဲဒါတွေကို ကိုလေးခေါ်ပေးတာ သိလား ဟိုမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေကျန်ခဲ့တယ်မသိဘူး သွားပေးစမ်းတဲ့ ခစ် ခစ် ကိုလေးမျက်နှာ ကြီးကလည်း နီလို့သိလား''

''အို တော်ပါတော့''

ရှက်ရှက်နှင့်နှစ်နှစ် တံခါးဆွဲပိတ်ပစ်လိုက်သည်။

မတူးက တခစ်ခစ်ရယ်လျက် ထွက်သွား၏။

လက်ထဲက ရေစိုအဝတ်တွေကို ငုံ့ကြည့်နေမိရင်း နှစ်နှစ် မျက်နှာလေး ရှက်သွေးဝေနေဆဲ။

■ ■ ■



အခန်း (၁၁)

''ဘယ်နှယ်လဲ စားလို့ကောင်းကြရဲ့လား''

''ကောင်းလွန်းလို့ ဘယ်နှစ်ပန်းကန်စားမိမှန်းတောင် မသိဘူး ... အစားကြီးလို့ ရွဲ့မေးတာလားဟင်''

''မဟုတ်ပါဘူး မမြတ်ရယ်''

ထမင်းပွဲမှာ ရယ်သံတွေနှင့်စိုပြေနေသည့် နှစ်ဖက်မိဘတွေ ... ဦးထွန်းမြင့်မပါ။

ဦးရာခနဲ့ ဒေါ်မြတ်စုတို့က သမီးကိုမကြာခဏငဲ့ကြည့်၍

''သမီးရော စားလို့ကောင်းရဲ့လား''

''ကောင်းတာပေါ့ မတူးလက်ရာတွေ အရမ်းတိုးတက်လာလို့ ... နေတာ တကယ်ဝွတ်ဒ်တယ် မတူး''



www.burmeseclassic.com

ဘဲကင်ကို ခပ်ရင်းနဲ့ဖွဲ့ယူလိုက်ရင်းပြောတော့ နောက်ကော မှာ အလုပ်လုပ်နေသည့် မတူးက ချာခနဲလှည့်ကြည့်၍

"အယ် မတူးကိုအထင်မကြီးနဲ့စုရေ ဒါတွေ တူးချက်တာ မဟုတ်ဘူး"

"ဟင် ဒါဆို ဘယ်သူချက်တာလဲ ဒီမှာ မတူးတစ်ယောက်ထဲ ရှိတာ မဟုတ်ဘူးလား"

ဒေါ်မိုးမိုးနိုင်က ရယ်၍ ဖွန်းနဲ့ခက်ရင်းကိုအသာချလိုက်ကာ

"ဒီအိမ်မှာ မိန်းကလေးတစ်ယောက်ရှိသေးတယ် စုရဲ့ အချော အပြုတ်လက်ရာ သိပ်ကောင်းတာ သမီးတို့အရွယ်ပဲ"

"အိမ်ဖော်အသစ်လား"

"မဟုတ်ဘူး၊ အရင်ဒီအိမ်က မိသားစုတစ်ယောက်ပဲ အိမ်ရောင်းပြီးသွားကြတဲ့လူတွေသွားကြပြီ၊ သူကနေပါရစေဆိုလို့ အန်တီတို့က ဆက်နေခွင့်ပေးထားတာ"

"မမိုးရယ် ဘယ်လိုလူ ဘယ်လိုအကြောင်းနဲ့မှန်းမသိဘဲနဲ့ များ လက်ခံထားရတယ်လို့ ပြီးတော့ မိန်းကလေး"

"မိန်းကလေးမို့ ကူညီထားတာပေါ့ မမြတ်ရဲ့ ကောင်မလေးက သန့်သန့်ချောချောလေးပါ ရုပ်လာတော့မှရုပ်လာသလိုပဲ လုပ်ချင်ပေါ့ ခုတော့ နောက်မှ သူ့အတွက် လုံးချင်းတိုက်လေးပေးထားလိုက်တယ်"





ချောချောသန့်သန့်လေးဆိုသည့်စကားကြောင့် ဒေါ်မြတ်စု မျက်နှာတစ်မျိုးတစ်မည်ပြောင်းသွား၏။

ပြီးတော့ ထမင်းစားနေသည့် မားထံသို့ မသိမသာလှမ်းကြည့်

"ကူညီတာတော့ ကောင်းပါတယ်၊ ဒါပေမဲ့ မိန်းကလေးဆိုတော့ တာဝန်ကြီးလို့ပြောတာ၊ နောက်ပြီး ဒီမှာလူငယ်တွေချည်းပဲ ဒေါ်လေးယုက လူမမာမဟုတ်လား"

ဒေါ်မိုးမိုးနိုင်က အစက ဒါတွေမတွေးမိခဲ့သောပုံစံနှင့်မျက်နှာ ညည်းငယ်တည်သွားသည်။ ပြီးမှ ဟင်းချိုတစ်ခွက်ဖွန်းခပ်သောက်ကာ

"ကောင်မလေးပုံကြည့်ရတာတော့ မနူးမနပ်ဆတ်ကော့ လက်တော့လေးမဟုတ်ဘူး၊ မတတ်နိုင်ဘူး မမြတ်ရယ်၊ ကိုယ့်မှာ အပန်းမကြီးတဲ့အရာကို သူအရမ်းလိုအပ်နေလို့ ကူညီလိုက်တာပါ၊ ကိုယ့်စေတနာပေါ့နော်"

ဦးရာဇက ထမင်းတစ်လုတ် သံပရာရည်တစ်ကျိုက်နှင့်မြိမ်ဆက်နေရာမှ မော့ကြည့်လာကာ

"လူငယ်တွေနဲ့ဒေါ်လေးက အဆင်ပြေပါ့မလား"

"ပြေတယ် ကိုရာဇရဲ့ မေမေဖုန်းဆက်တိုင်း အဲဒီ မိန်းကလေး

www.burmeseclassic.com



အကြောင်းပါတယ်၊ ဟင်းချက်ကောင်းတာရော၊ အလိုက်သိတာ
မေမေနဲ့သိပ်တူညီတာ''

ဒေါ်စုမြတ် မျက်နှာပျက်သွားတာကို ဒေါ်မိုးမိုးနိုင် သတိမ
မိ။

''ခု သူရော''

ဒေါ်မိုးမိုးနိုင် ရုတ်တရက်မဖြေနိုင်ဘဲ မတူးကိုကြည့်လို
သား ကိုကြည့်လိုက်နှင့်ဆွံ့အသွားစဥ်

''မနှစ်ကအိမ်မှာအမြဲရှိတာမဟုတ်ဘူး၊ အန်တီရဲ့သူက အ
မှာ အလုပ်လုပ်တယ်၊ သူ့ထမင်းသူစားပြီး ဒီမှာမတူးနဲ့လာဝိုင်းကူ
အလုပ်ပြီးတာနဲ့ပြန်ရော၊ အလုပ်လုပ်တာဆို မြန်မှမြန်၊ အရမ်းစေ့စ
မတူးဆို ကျန်နေခဲ့ရောပဲ၊ လုပ်သွားသမျှကြည့်လိုက် ဘာမှလိုလေး
မရှိဘူး''

''မတူး''

''ရှင်''

မားခေါ်သံကြောင့် မတူး တွန့်ခနဲဖြစ်သွား၏။

''နင့်ကို ဘယ်သူကရိုက်စစ်နေလို့လဲ''

''ဟို ဟို''

''မလိုအပ်ဘဲ စကားမရှည်နဲ့''





''ဟုတ်''

မတူး ကုတ်ကုတ်လေးဖြစ်သွားရှာတာကို မားက မျက်မှောင်
...ကုတ်ကြည့်ကာ ရေထသောက်၏။

''သားနဲ့သမီး ခြံထဲဆင်းကြည့်ကြပါလား၊ စားသောက်ပြီး
...ကောင်းလေသန့်ရတာပေါ့၊ ဒီနေရာလေးက လူနေအိမ်ခြေတွေနဲ့
...ဝေးတယ်၊ အရမ်းသာယာတာကွယ့်၊ နောက်ဆို သားနဲ့သမီး
... သဘောကျရင် ဒါကို အန်တီကလက်ဖွဲ့မှာ''

မားနဲ့စု မျက်လုံးချင်းဆုံသွားသည်။ ဟန်အဆောင်နိုင်ဆုံးဘွဲ့
...ကျက်လုံးနှစ်စုံက အလုအယက်ဆွတ်ခူးကာ ဘယ်သူနိုင်မှန်းမသိဘဲ
...ဘူ နောက်ဆုတ်ကြ၏။

''မား ငါ့ကိုလိုက်ပြလေ''

မားကရှေ့က စုကနောက်က

ပြာလွင်သော ဝတ်စုံပွပွလေးနှင့် နားဆွဲအမျိုးမျိုးဝတ်တာ
...နာပါသည့် စုနားပေါ်မှနားဆွဲအပြာလေးက ယမ်းခါနေသည်။

''လှတယ်နော် မား''

မားက စကားပြန်မပြောဘဲ စုနဲ့ရင်ဆိုင်ရပ်လိုက်ကာ

''စေ့စပ်ဖို့ကို နင် ခေါင်းညိတ်လိုက်တယ်ဆို''

''ဟုတ်တယ် ခုစေ့စပ်မှာမှမဟုတ်ဘဲ နားငြီးလို့''



www.burmeseclassic.com

www.burmeseclassic.com



စုမျက်နှာက ပူဆာလွန်းနေသည့်ကလေးကို လောလော[illegible]
အငိုတိတ်အောင် ပြီးစလွယ်လိုက်လျောလိုက်ရသည့်ပုံစံမျိုးနှင့် ဘာ[illegible]
ဘာမှ အလေးအနက်မထင်။

''ဆက်ပြီး နားငြီးပေးရင် စေ့စပ်မှာပဲပေါ့''

''ဒါက လိုပါသေးတယ် စေ့စပ်မှာကို ငါလက်ခံလိုက်[illegible]
ခု တော်ကြာဆိုတာ မဆုံးဖြတ်ရသေးပါဘူး၊ ဒီကြားထဲမှာ အမှား[illegible]
ပြောင်းလဲသွားလို့ရတာပဲ''

''ငါ တစ်ခုပြောမယ်''

''ပြော''

''ပြောင်းလဲတာ မပြောင်းလဲတာ ခဏထားလိုက်ပါ စေ့[illegible]
တာကို စိတ်ကူးလိုက်တယ်ဆိုရင် ရည်းစားထားတဲ့နှင့်သမိုင်းကို အ[illegible]
ဂတ်ကိုမပါအောင် ခုတည်း... ရပ်ဖို့စဉ်းစားပါ''

''ဘာရယ်''

မျက်ခုံးလေးပင့်မေးပြီး စုက တမင်ရယ်ချပစ်လိုက်၏။

''လောဘကြီးလိုက်တာ မားရယ်၊ စေ့စပ်တာနဲ့လက်ထပ်[illegible]
ရဲ့ကြားမှာ ခြားနားခြင်းတွေအများကြီးရှိသေးတယ်၊ စေ့စပ်မှာနဲ့ ဆော[illegible]
ပြီးတာနဲ့ကြားမှာဆို ပိုဝေးတာပေါ့၊ နှင့်ဆန္ဒတွေကို ဆက်လက်မျို[illegible]
ထားလိုက်ပါဦး၊ အုန်းပင်မတက်ချင်ဘဲ ပင်အောက်ကနေ အုန်းသီး[illegible]





[illegible]နေတာ ရယ်စရာကြီး''

''အုန်းပင်စိုက်ကြသူတိုင်း အုန်းသီးစားလို့မှမဟုတ်ဘဲ ဒါပေမဲ့
[illegible]ဆိုင်သူက သက်ဆိုင်တဲ့စကားပြောလို့ရတယ်''

''ပြောလို့မရဘူး၊ မားဘက်ကလည်း ကိုယ့်မှန်ကန်မှုနဲ့ကိုယ်
[illegible]ည်း ဒီလိုပဲ စေ့စပ်လိုက်ရုံနဲ့ ဘဝနှစ်ခုကိုပေါင်းစည်းလို့မရသေးဘူး
[illegible] နင်နားလည်ပါတယ်၊ နောက်တစ်ခုက ငါလက်ထပ်မယ့်သူဟာ
[illegible]ဆုံးစွန်ထိ အလိုလိုက် နားလည်နိုင်ရမယ် ငါလိုချင်တာ အဲ့ဒါပဲ''

''ငါ့ကိုပဲ အဲဒီယောကျ်ားမျိုးလို့ နင်ထင်လား''

စုက နားဆွဲလေးတွေ ပါးနှစ်ဖက်ကို ရိုက်ခတ်သွားသည်အထိ
[illegible]ခါပစ်၏။

''စိတ်မဝင်စားဘူး မား ငါပြောပြပြီးပြီ၊ ငါ့ခေါင်းထဲမှာ နင့်ကို
[illegible] အိမ်ထောင်ရေးကိုရော ဘာတစ်ခုမှ ထည့်မထားဘူး၊ စေ့စပ်ဖို့
[illegible] လက်နက်တစ်ခုဟာ လောလောဆယ် ငါ့ရဲ့လည်ပတ်နေတဲ့
[illegible]ထပ်ပျော်ရွှင်ခြင်း ယန္တရားကိုရပ်တန့်သွားအောင် မစွမ်းဆောင်နိုင်
[illegible] ဒါကြောင့် ငါလက်ခံလိုက်တယ်၊ ရိုးရိုးလေးပါ၊ အတွေးတွေ
[illegible]နက်ပါနဲ့''

ပြောပြီး အနိုင်နှင့်ပိုင်း၍ စုက ဟင်းခနဲ ပခုံးတွန့်ရယ်သည်။

''ကောင်းပြီ၊ ဒါဆို နင်နဲ့ငါ ဘာအတွက်မှ စကားမများဘဲ



www.burmeseclassic.com

www.burmeseclassic.com



အရင်လိုပြန်နေလို့ရပြီ''

''အစကတည်းက ငါကမမျှားချင်ပါဘူး၊ နင်သာ ဘာဖြစ်မှန်း

မသိတာ''

ဘာဖြစ်မှန်းမသိဘူး၊ဆိုသော်လည်း သိနေသည့် နွတ်ခမ်း

လွှာက သရော်ပြုံးနှင့်လှလှပပလေး တွန့်မဲ့ထားသဖြင့် မား ရင်ထဲ

အောင့်သွားသည်။

ဟုတ်သည်လေ၊ ကိုယ်က သူ့ကိုချစ်ခဲ့မိတာကို၊ ဒါပေ

ဘယ်တော့မှ ဖွင့်ပြောဖို့ စိတ်မကူးခဲ့တာက ယောက်ျားလေး

ထည့်လဲတွဲနေသည့် စုရဲ့ လွတ်လပ်မှုကို တားဆီးမရလို့။

စုကလည်း သူလိုရာ ပုံဖော်ဖယားချလို့မရတိုင်း မား၏ရင်

က မျိုသိပ်ထားခြင်းကို ခဏ ခဏတူးဖော်၍ ခနဲ့တတ်သည်။

သူတို့နှစ်ယောက်ကြားမှာ မရိုးသားခြင်းက အောင်မြင်

နေရာယူထားပြီးဖြစ်လျက် ဆက်ဆံရေးက ဘယ်တော့မှ မပြေလည်ခဲ့

''ဟိတ်ကောင် မင်းဖွင့်ပြောလိုက်တော့ မင်းလက်နှေးနေတာ

နဲ့ပဲ ဟိုက တစ်ယောက်ပြီးတစ်ယောက်တွဲနေပြီ''

''အေးလေ၊ ကိုယ်လည်းချစ်နေသားနဲ့ လက်နှေးလို့ကျွန်း

ဦးမယ်''

သူငယ်ချင်းတွေက ကျောင်းတုန်းကတည်းက တိုက်တိုင်





...တွန်း မြှောက်ပေးခဲ့ကြသည် သူတို့ကတော့ နောက်ကျမှာ စိုးကြ

...သည်။

ဒါပေမဲ့ ခုလိုနောက်ကျကျန်ခဲ့မှာကို နမျှောတွန့်တိုစိတ်က

...လာဘဲ နောက်တစ်ယောက်နဲ့တွဲပြန်ပြီဟု ထင်ကြေးပေးသည့်

...တိုင်း သူပို၍ဝေးကွာသွားသကဲ့သို့ စုအပေါ်သူ ချစ်ခွင့်ပန်ခြင်းက

...လဲ အကွဲကွဲ ပျက်စီးခဲ့၏။

စု ရည်းစားထားတိုင်း သူ့ရင်ထဲမှာ ပြောင်းဆန်သွားသော်

... ပိုင်ဆိုင်ဖို့ ကြိုးစားလိုသည့် စိတ်ကမဖြစ်။

''ဟို နောက်ကိုလိုက်ပြလေဟာ''

''မသွားပါနဲ့ အဲဒီမှာ နှစ်နှစ်ဆိုတဲ့ ကောင်မလေးနေတာ''

''ဘာတဲ့ နှစ်နှစ် ဟုတ်လား''

''နှစ်နှစ်ကာကာ တဲ့''

''နှစ်နှစ်ကာကာ နာမည်က တယ်စားပါလား၊ အခု ခရီးထွက်

... တစ်ယောက်လား''

''ဟုတ်တယ်''

''ချောလားဟင် မား''

မားက စုမျက်နှာကိုစိုက်ကြည့်လိုက်၍

''မသိဘူး''



www.burmeseclassic.com

www.burmeseclassic.com



"နင် မမြင်ဘူးလို့လား၊ တစ်အိမ်တည်းနေပြီးတော့"

"ငါမှစိတ်မဝင်စားတာ"

စုက စိတ်မပါသော ရယ်သံလွင့်လွင့်လေးနှင့်

"နင်က စိတ်မဝင်စားဘူးဆိုပေမယ့် တစ်အိမ်လုံးကအော အရမ်းချစ်ခင်နေကြတဲ့ပုံပဲ လာပါ ငါမြင်ဖူးချင်လို့ သွားကြည့်ရအောင်"

"မသွားပါနဲ့ အဲဒီဟာလေးက ခပ်ရှိုင်းရှိုင်းရယ်"

"လာပြန်ပြီ နင်ပဲ အမျိုးမျိုးပြောနေတာ သွားမယ်၊ ချစ် သူတွေနဲ့ခွန်တွဲနေတဲ့ နှစ်နှစ်ကာကာဆိုတာကို ကြည့်ရမှ ဘဝင်ကျမ

စုက သစ်ပင်မြင့်ကြီးတွေရှိသည့် ခြံ၏နောက်ဘက်ကို သူ ဖာသာ လျှောက်သွားသဖြင့် မား နောက်ကလိုက်ရသည်။

"တံခါး ပိတ်ထားတယ်၊ သူက ဘယ်မှာဘာလုပ်တာလဲဟင်"

တံခါးပိတ်ထားတာကိုမြင်မှ စုက နောက်ပြန်လှည့်ကြည့် မေးသည်။

"ဘယ်သိမလဲ"

"ဟင် တူတူနေပြီးတော့"

"စု နင် အဲဒီစကားကို ဘာဖြစ်လို့ ထပ်တလဲလဲ ပြော တာလဲ သူက ဒီမှာနေတာ အလုပ်လုပ်ဖို့ရှိမှ အိမ်ပေါ်ရောက်လာ နေရာတကာ ထင်ရာလျှောက်ပြောနေ"



"ပြောတာ မဟုတ်လို့လား၊ လူတစ်ယောက်လုံးကြီးကို ညာမှန်းမသိဘဲနဲ့လက်ခံထားတော့ အံ့ဩလို့ပေါ့"

"အဲဒါ ငါ့ကိစ္စမဟုတ်ဘူး၊ စိတ်လည်းမဝင်စားဘူး"

"ပြောကြီးတဲ့လူတွေ ထိတတ်တယ်"

"နင် ဘာပြောတယ်"

"ခစ် ခစ်"

စုက ရယ်၍တိုက်ကလေး၏ မျက်နှာရှေ့မှာ ခင်းထားသည့် ရောင်ကျောက်ပြားကွက်လေးတွေ ပေါ်တက်သွားကာ ကစ်စမီ လေးတွေချည်းစီထားတာကို အထင်သေးစွာကြည့်၏။

"ကစ်စမီများ ဘယ်လောက်လှလှ လုံးဝမကြိုက်ဘူး၊ ပန်းက မဲ့တဲ့ရှူးတွေနဲ့"

"တန်ဖိုးမရှိတာမဲ့တာက ကြည့်တဲ့သူရဲ့ သတ်မှတ်ချက်ပါ၊ ကလေးကတော့ သူ့ကိုယ်သူတန်ဖိုးထားပြီး ကာကွယ်ထားတာပဲ"

နောက်က အသံရုတ်တရက်ထွက်ပေါ်လာတော့ စု ချာခနဲ ကြည့်သည်။

မားက ဘေးနားမှာရပ်လျက် မျက်နှာကြီးတင်းမာနေ စကားမစလိုက်ခင်ကတည်းက သူမြင်ပြီးသား၊ မီးခိုးရောင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ကို နောက်မှာခပ်မြင့်မြင့် စည်းထားသည်။

နှစ်နှစ်ကိုယ်မှာ အနက်ရောင်လက်ပတ်နာရီတစ်လုံးမှလွဲ ဘာအဆောင်အယောင်မှမရှိပါ။

ထို့ပြင် ဖြူနှစ်သော မျက်နှာပြင်လေးမှာ မိတ်ကပ်ဆို တစ် မှမရှိဘဲ ပကတိပြောင်ရှင်းနေကာ အဖုအဖိန့်အစက်အပြောက် လုံး မရှိ၊ မည်းနက်သော မျက်ခုံးတန်းလေးနှစ်ဖက်နှင့် ပန်းနုရောင်နှုတ် ပါးလေးတွေက ထင်းနေသည်။

စု ရုတ်တရက် စကားပြောဖို့သတိမရဘဲ နှစ်နှစ်ကိုကြည့် မိ၏။

မပြောပေမယ့် ဒါ နှစ်နှစ်ကာကာပဲဆိုတာကို သိလိုက်သ သူမထင်ထားသည့် နှစ်နှစ်ကာကာ၏ပုံစံက ဒီလိုမဟုတ်။

ခိုကိုးရာမဲ့စွာ သူများအိမ်မှာခိုကပ်နေခဲ့ရသည့် မိန်းက တစ်ယောက်အဖြစ်သာ။

"ရှင်လိုက်ကြည့်ပါလား၊ ဟောဟိုမှာ နှင်းဆီရောင်စုံပဲ၊ နှ က ကိုယ့်ကိုယ်ကို အမြဲတမ်း တန်ဖိုးထားတတ်အောင် ဆူးကလေး နဲ့ ကာရံနေတဲ့ ပန်းတွေကိုပဲ အနားမှာထားတတ်တာ၊ ပန်းချင်းတူ ဆူးရှိတဲ့ပန်းကိုမှချစ်တယ်၊ အဲဒါကို တန်ဖိုးလို့မှတ်တယ်၊ မဟုတ် လား"





အနက်ရောင်ကတ်ထူနှင့်ဖိုင်တစ်အုပ်ကို ချိုင်းကြားမှာညှပ်၍ နှစ်က တံခါးသော့ဖွင့်သည်။

"မင်းက နှစ်နှစ်ကာကာ ဆိုတာလား"

နှစ်နှစ်က တံခါးဖွင့်နေရင်း နောက်လှည့်ကြည့်လိုက်ပြီး

"အားလုံးပြောပြပြီး နေမှာပါ၊ နှစ်နှစ်မှာ ညှော်ခံစကားပြောဖို့ မရှိလို့ ဆောရီး"

နှစ်နှစ်အထဲဝင်ပြီး တံခါးကို ပြန်ပိတ်ပြီးသော့ခတ်သံကြားတော့ နှုတ်ခမ်းကိုဖိကိုက်ကာ တောက်ခေါက်၏။

"ဒါ ဒုက္ခသည်တဲ့လား၊ မား ဟင် နင်တို့ခံရမယ် သိလား၊ သားအကြောမဟုတ်ဘူး"

မားက ဆံပင်တစ်ချက်ဖွကာ ရှေ့က လျှောက်ထွက်သွားရင်း

"နင့်ကိုငါပြောသားပဲ ရိုင်းပါတယ်လို့"

"ရိုင်းတာ သူ့လိုအဆင်အတန်းက ရိုင်းတော့ ငါမခံနိုင်ဘူး၊ တုန့်ပြန်ပြမယ် ကြည့်နေ"

မားက စု ဒေါသထွက်နေတာကို ကြည့်၍ပြုံးလိုက်၏။

"ဘယ့်နှယ်ဒေါသတွေကြီးနေတာလဲ ဟိုက အိပ်နေလောက်

"သူက ပြောချင်ရာပြောပြီး တံခါးပိတ်သွားတာ သူ ယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်နေတာလဲ၊ သူက ဘာမို့လို့ ဒီလောက်တောင် တင်းပြေ
နေနိုင်ရတာလဲ''

''ခက်တာပဲကွာ၊ အဲဒါ နင်သူများပိုင်နက်ထဲမှာ ဟိုပြောဒီပြော
ဝင်ပြောလို့ ခံရတာ ရှိုင်းပါတယ်လို့ ငါပြောထားသားနဲ့''

''ဟုတ်တယ်၊ ငါမှားသွားတာ တကယ်ဆို ငါဒီလိုမပေါက်
သင့်ဘူး''

စုက မားနောက်ကိုလည်း မလိုက်တော့ဘဲ နှုတ်ခမ်းလေး
ဖိကိုက်ထားလျက် နေရာမှပဲထွက်၍အိမ်ပေါ်ပြန်တက်သွားလေသည်။

မား စုကို တစ်ချက်သာငဲ့ကြည့်သည်။ ခြေလှမ်းတို့က မြန်
တောင်ဘက်ဆီသို့။

■ ■ ■



အခန်း (၁၂)

''အခြေအနေတွေကတော့ အဲဒီလိုဖြစ်ကုန်ပြီကွယ့် မင်းကို
အန်တီတို့က မလိုလားတာတော့မဟုတ်ပါဘူး၊ ဒါပေမဲ့ သီရိမြိုင်ကို
မနှုန်းသားအတွက် လက်ဖွဲ့လိုက်မယ်ဆိုရင် အားလုံးကို အန်တီတို့က
ဖြတ်ခွင့်မရှိတော့ဘူး''

နှစ်နှစ်က ဒေါ်မိုးမိုးနိုင်ရှေ့မှာ တောင့်တောင့်လေးရပ်ကာ
ထိုင်ထား၏။

ဦးထွန်းမြင့်လည်း ပါလာတာမို့ မျက်နှာက စိတ်မကောင်းခြင်း
တွေနှင့်နေသော်လည်း ဒီကိစ္စတွေထဲမှာ သူမပါချင်။

မားက ဦးထွန်းမြင့်ဘေးမှာ နားကျပ်နင့်ကက်ဆက်နားထောင်
ဆိုဖာမှာ မျက်လုံးတွေကို မှိတ်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ဆို ဒီအိမ်နဲ့ပတ်သက်သမျှ လူတွေကို မင်းပြေပြေ[...] လည်လည် ဆက်ဆံသင့်တယ်၊ ဒီမှာမင်းနေတာကို အန်တီက ချိုသည် ခါးသည် ဘာမှမပြောခဲ့ဘူးနော်၊ မင်းကိုနေခွင့်ပေးထားခဲ့တာပဲရှိတယ် အိမ်မှာ ဘယ်လိုကူပါ၊ ဘယ်အချိန်ထိလုပ်ပါ၊ ဘာမှလည်းမပြောခဲ့ဘူး အဲဒါ အန်တီက ကူညီတာကို သန့်သန့်ရှင်းရှင်းဖြစ်စေတာပဲဆိုပြီ[...] ကြည့်နေခဲ့တာ အန်တီသဘောထဲမှာ မင်းကို ကိုယ့်အလုပ်သမား[...] ဘယ်တုန်းကမှ သဘောမထားခဲ့ဘူး၊ သို့သော် မင်းသိထားဖို့က လူ့[...] ဆိုတာမှာ အကြောင်းအကြောင်းတွေအများကြီးရှိတယ်၊ အများနဲ့မကင်း[...] တဲ့သူဟာ အများပစ်ပယ်ထားလို့မရဘူး"

ဒေါ်မိုးမိုးနိုင် စကားသံရပ်သွားမှ နှစ်နှစ်က မျက်နှာလေး[...] ကာ

"အဲဒါတွေ နှစ်နှစ်နားလည်ပါတယ်၊ အန်တီ စေတနာ[...] ဝေဒနာကို ခွဲခြားနားလည်နေတဲ့ ဉာဉ်ကိုက နိမ့်ပါးနေတဲ့ကိုယ့်ဘဝ[...] ထိပါးလာရင် နည်းနည်းမှခေါင်းငုံ့မခံတတ်တာ နှစ်နှစ်ရဲ့အတ္တတစ်ခု[...] ဒါပေမဲ့ အန်တီစဉ်းစားကြည့်ပါ ခြေထောက်တစ်ဖက်မရှိတဲ့လူကို ခြေကျိုး[...] ကြီးလို့ခေါ်ရက်တဲ့သူကို လူယဉ်ကျေးလို့ခေါ်ထိုက်သလား၊ ရိုင်းလိုက်တာ[...] လူလို့ဘေးကဝေဖန်တဲ့လူကို လူယဉ်ကျေးလို့ခေါ်မလား၊ နှစ်နှစ်က[...] ရိုင်းတာကိုရိုင်းတယ်လို့ ပြောရဲတာ ဂုဏ်ယူတယ်၊ နှစ်နှစ်အဲဒီလို ပြော[...]





[...]ကြိုးစားတယ်"

ပြောနေရင်း နှစ်နှစ်က ပင့်သက်တစ်ချက်ရှိုက်သည်။

"အန်တီ့ကို နှစ်နှစ်လေးစားပါတယ်၊ နှစ်နှစ်မှားတယ်ဆိုရင် [...]သာတော့တဲ့အတိုင်း အန်တီဆုံးဖြတ်ပါ လိုက်နာပါ့မယ်"

"မင်းက ဒီလိုပြောရဲဆိုရဲတာကို ဂုဏ်ယူတယ်ဆိုတော့ အန်တီ [...]ယ်လို ညှိနှိုင်းပေးရတော့မလဲ တကယ်ဆို မင်းကတောင်းပန်လိုက် [...] သူကျေနပ်မှာပါ၊ ဒါဆို အားလုံး ပြေပြေလည်လည်နေသွားကြလို့ [...]ပြီပေါ့"

နှစ်နှစ် မျက်ဝန်းလေးတွေ လက်ခနဲဖြစ်သွားသည်။

ထို့နောက် အတန်ကြာစကားမပြောဘဲငေးနေရင်း မျက်ရည် [...]ည်တွေ ဝေ့တက်လာ၏။

"ဒီအိမ်မှာ နှစ်နှစ်နေခွင့်တောင်းခဲ့တာဟာ နေစရာ ယိုင်စရာ [...]လို့မဟုတ်ပါဘူး၊ အန်တီ ခိုကိုးရာမဲ့ရင်တောင်မှ နောက်ဆုံး [...]ဆောင်မှာဖြစ်ဖြစ်နေလို့ရပါတယ်၊ နှစ်နှစ်ဒီမှာနေချင်တာက မိဘ [...]ခဲ့တဲ့နေရာ နှစ်နှစ်ရဲ့မိဘနှစ်ပါးရဲ့အငွေ့အသက်တွေက ရှိနေတဲ့ [...]ကနေ ရုတ်တရက်ခွဲမသွားချင်လို့ပါ"

"ဟုတ်ပါတယ် ဒါကို အန်တီက ကိုယ်ချင်းစာလို့ မင်းကို [...]တာ၊ တစ်ယောက်နဲ့တစ်ယောက် မာနတွေကိုယ်စီရှိကြတဲ့အခါမှာ



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေအရ မင်းဘက်ကလျှော့ဖို့ဖြစ်လာပြီ အန်တီက ဘယ်သူမှာ တယ်၊ ဘယ်သူမှန်တယ်ဆိုတာ မပြောဘူး၊ ဖြစ်သင့်တာက အန်တီ တို့ မျက်နှာကိုထောက်ပြီး မင်းသူ့ကိုပြေပြေလည်လည် ဆက်ဆံ လိုက်တာနဲ့ အားလုံးပြီးပြီလို့ထင်တယ်''

''ဟုတ်ကဲ့ နှစ်နှစ်ကတော့ ကိုယ်မှန်နေလျက်နဲ့ထပ်ပြီး အ ထောက်တော့ဘူးလို့ ဆုံးဖြတ်ထားပါတယ်၊ အန်တီ နှစ်နှစ်ကို နားလည် တယ်ဆိုရင် နှစ်နှစ်တစ်ခုတော့ တောင်းဆိုပါရစေ၊ သူမကျေနပ် ဆိုရင် နှစ်နှစ်သွားပါ့မယ်၊ ဒါပေမဲ့ စောစောက အန်တီပြောတဲ့ ဒီနေ ကို သူပိုင်ဆိုင်လာရင်ဆိုတဲ့အထိ အဲဒီတစ်နေ့ထိ နှစ်နှစ်ကို နေခွင့် ပါ''

ဒေါ်မိုးမိုးနိုင် ဘာပြောရမှန်းမသိလောက်အောင် စိတ်တွေ ထွေးနေမိသည်။

''နေပါစေ သမီးရယ်၊ အခု နှစ်နှစ်က ဖယ်ပေးရလောက် အောင် ဘာတွေဖြစ်နေလို့လဲ''

သံမဏိချောင်းတွေခွေထားသည့် ကျွန်းလှေခါးကြီးပေါ် ဒေါ်ယုယက မတူးနဲ့တွဲ၍ဆင်းလာသည်။

''ဖြည်းဖြည်းဆင်း မေမေ''

ဦးထွန်းမြင့်ရော ဒေါ်မိုးမိုးနိုင်ပါ ဒေါ်ယုယကို ကပျာကယာ





တွဲကြ၏။

''ရတယ် ရတယ် အဲဒီလောက်ထိ မဟုတ်သေးပါဘူး''

ဒေါ်ယုယက အနားရောက်တော့ နှစ်နှစ်ကို သေချာကြည့် ဆိုင်သည်။

''သားနဲ့သမီး ဟိုတစ်လောကမှပြန်သွားပြီး ချက်ချင်းကြီး လာကြလို့ မေမေ မတူးကိုမေးကြည့်လိုက်တာ ပြောကြပါဦး ဖြစ်လို့ ဆင်းပေးရမှာလဲ''

ဒေါ်မိုးမိုးနိုင်က ဒီကိစ္စတွေ လူကြီးကို မသိစေချင်သည့်မှ နေဆဲ ဦးထွန်းမြင့်က ဝင်ရှင်းပြနေ၏။

''သူတို့ အဲဒီနေ့က မပြေမလည်တွေဖြစ်လာကြတာ တော်တို့ မသိပါဘူး၊ မနေ့ညကမှ မမြတ်ရောက်လာတယ်၊ မစေ့စပ် ဘူး၊ လက်ထပ်ပေးဖို့ပဲ စီစဉ်ရအောင်တဲ့''

''ချက်ချင်းကြီးပါလား၊ ဟိုတုန်းကတော့ ချက်ချင်းကြီး ချင်ဘူးဆို''

ဒေါ်ယုယ မျက်နှာက ပြုံးသနာကို သိပ်စိတ်ရှည်ပုံမပေါ်။ မားကတော့ ခုချိန်ထိ ကက်ဆက်နားထောင်နေရာမှ မျက်လုံး မှမဖွင့် ဦးထွန်းမြင့်ဟာ နှစ်နှစ်နဲ့မားကိုဝေ့ကြည့်လိုက်ပြီး

''တစ်ခါတည်းပဲပြောတယ်၊ လက်မထပ်ခင်ကတည်းက ခြ



www.burmeseclassic.com

www.burmeseclassic.com



ကိုရှင်းပေးပါတဲ့၊ သူ့သမီးက ဒီခြံကိုအရမ်းသဘောကျလို့ ခဏ ခဏ
ဝင်ထွက်နေချင်တာတဲ့၊ နှစ်နှစ်နဲ့သူ မပြေလည်ကြဘူးတဲ့၊ ပြောတာ
တော့ အဲဒါပဲ ကျွန်တော်တို့က ဖြစ်ပုံကို မေမေ့မြေးကိုမေးကြည့်
မှသိတာ''

''ဒါ သက်သက်ညစ်တာပဲကွယ့် ငါရှင်ဘုရင်ဖြစ်မှ သေဒဏ်
မှတ်မယ့်ဆိုတဲ့ မင်းသားရဲ့အမုန်းမျိုးပဲ ဒါကိုမင်းတို့ အားနည်းသူဘက်
ရပ်တည်ဖို့ကောင်းတာပေါ့''

ဦးထွန်းမြင့်က သက်ပြင်းချလိုက်ပြီး

''ကိုယ့်အိမ်လာတဲ့ ဧည့်သည်ကိုပြေလည်အောင် မဆက်ဆံ
တာကတော့ ဒီမိန်းကလေး နည်းနည်းလွန်တယ် မေမေ''

''မဟုတ်ဘူး၊ စုကိုက အနိုင်လိုချင်တဲ့စိတ်ကြီးတဲ့ မိန်းကလေး
ပါ၊ စိတ်ဓာတ်ဆိုတာ အသင့်အတန်းနဲ့ဆိုင်တယ်၊ ခု သူတို့ စိတ်ဓာတ်
တွေ ဘယ်လောက်မြင့်မြတ်တယ်၊ နိမ့်ကျတယ်ဆိုတာတွေ ပေါ်
တာပဲ မဟုတ်လား၊ မဟုတ်မခံချင်စိတ်ရှိတာကို မင်းတို့အားနည်း
သူဘက်က နားလည်ပေးဖို့လိုတာပေါ့''

ဒေါ်ယုယက ဖွတ်ပြောနေသည်။

''ကျွန်တော်တို့နားလည်ပါတယ် မေမေ ခုဟာက စကား
လွန်ခဲ့တာက ကိုယ်ပဲ၊ ကလေးတွေကို လက်ထပ်ပေးဖို့လည်း ခ





နားပူခဲ့တယ်၊ ဒီအိမ်နဲ့ခြံကို ပေးမယ်လို့လည်း ပြောခဲ့တယ်၊ အဲဒါ
မေ့အတွက် အဖော်ရအောင်လို့ပါ''

ဒေါ်ယုယက မသိမသာနှုတ်ခမ်းမဲ့သွား၏။

''ကျွန်တော်တို့ဖြစ်စေချင်တာက နှစ်နှစ်ကို မေ့သွားရအောင်
ခဲ့တာတွေလည်း အားလုံးဖြစ်မြောက်သွားအောင် မိန်းကလေး
ယာက်ကို ပြေလည်စေချင်တာ ကျွန်တော်တို့ဘက်က ကိုယ်ပြော
ကားတွေ အလကားအဖြစ်ခံပြီး မင်္ဂလာပွဲဖျက်သိမ်းဖို့က မဖြစ်နိုင်
ဘူး၊ ဒီခြံဟာ သားတို့ပိုင်ဆိုင်သွားပြီဆိုရင် သူထွက်သွားရမှာပဲ၊
တော့ ကျွန်တော်တို့ဘာမှပြောလို့မရတော့ဘူး၊ ဒါကြောင့် ဘယ်သူ
ား သမီးကိုသည်းခံပါလို့''

ဦးထွန်းမြင့် စကားက နှစ်နှစ်မျက်နှာကိုကြည့်၍ အဆုံးသတ်
ည်။

နှစ်နှစ်က သူ့မှာဘာစကားမှပြောစရာမရှိတော့သလို တင်း
ထားသည့် နှုတ်ခမ်းနှစ်လွှာက နည်းနည်းလေးမှမလှုပ်ရှား။

အတန်ကြာသည်အထိ ဘာမှမပြောတော့ ဦးထွန်းမြင့်က
ဲ့တ်လိုက်ပြီး

''ဒါဆိုရင်တော့ စု ဆုံးဖြတ်တဲ့အတိုင်း မလွဲမသွေ မင်းလုပ်
တော့မှာပဲ''



www.burmeseclassic.com

www.burmeseclassic.com



နှစ်နှစ်မျက်ရည်ဝေ့ဝေ့နှင့် ခေါင်းညိတ်သည်။

ဒေါ်ယုယ ဘယ်လိုမှစိတ်မကောင်းနိုင်။

''သူပြောသလို လက်မထပ်ခင် နောက်ဆုံးနေခွင့်ရတဲ့အခ
တော့ နေပါစေကွယ်''

နှစ်နှစ်ကို နှင့်မချရက်အောင်ဖြစ်နေမိသည်။

''အဲဒီလိုဖြစ်မှာစိုးလို့ သူတို့က ခြီကိုကြိုတင်ရှင်းပေးဖို့ တော
ဆိုထားတာ မေမေ ဒါဟာ သူ့ကိုချက်ချင်းဖယ်နိုင်းပေးပါလို့ ပြော
သဘောပဲ၊ ခုချိန်မှာ ကျွန်တော်တို့ဘက်က လိုက်လျောဖို့အပြင် ဘာ
လုပ်လို့မရတော့ဘူး''

''ဟုတ်ကဲ့ပါ အန်ကယ်၊ နှစ်နှစ်အတတ်နိုင်ဆုံး အမြန်ဆ
ဒီကရွှေ့နိုင်အောင် ကြိုးစားပါ့မယ်၊ ခွင့်ပြုပါဦး''

နောက်ဆုတ်လှည့်အထွက်မှာ လွင့်ခနဲကြွေကျခဲ့သော
မျက်ရည်စက်လေးက အရောင်လက်သွားသဖြင့် ဒေါ်ယုယ မျက်
ကြီး ပျက်ကျသွားသည်။

ကောင်မလေးငိုသွားရှာတာကို ဘယ်လိုမှ ရင်ထဲမကောင်
သားဖြစ်သူကိုကြည့်၍ ခါးတစ်ဘက်ထောက်ပစ်လိုက်က

''မင်းတို့အဲသလောက် ဘက်မလိုက်သင့်ဘူးသားရယ် ဒေ
ကြည့်ရင် ဟိုက အရင်း၊ ဒါကအဖျားပါ၊ ဒါပေမဲ့ ဒီက တစ်ကော





...ခိုကိုးရာမဲ့ မိန်းကလေး''

''ဟုတ်တယ် မေမေ နှစ်နှစ်ကို သနားပါတယ်၊ ဒါပေမဲ့''

''ကဲပါကွယ်၊ ဒါမင်းတို့ကိစ္စတွေပါ၊ မေမေ ဘာမှဝင်မပါတော့
...

ဒေါ်ယုယ စိတ်ရှုပ်ထွေးသလိုပြောပြီး နေရာမှထရပ်လိုက်စဉ်

''အမလေး''

''မေမေ''

''မေမေ''

''ဘွားဘွား''

ဦးထွန်းမြင့်တို့ ယိုင်နဲ့သွားသည့် ဒေါ်ယုယကို ဝိုင်းတွဲကြသလို
...နှင့်ထလာ၏။

''ဖယ် ဖယ် နည်းနည်းမူးသွားတာပါ ဟဲ့ မတူး မတူးလာစမ်း''

''လာပြီ ဘွားဘွားယု''

မတူး ပြေးလွှားရောက်လာမှ ဒေါ်ယုယက မတူးကိုတွဲနိုင်းပြီး
...ပေါ်ထပ်တက်သွား၏။

ဦးထွန်းမြင့်နဲ့ဒေါ်မိုးမိုးနိုင် မျက်လုံးချင်းဆုံကာ မျက်နှာချင်း
...ရပ်လျက် တော်တော်နှင့်ပြန်မထိုင်မိကြ။

မားက မတူးတို့နောက်က လိုက်ပါသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



“မေမေ စိတ်ဆင်းရဲသွားပြီထင်တယ်၊ ဘယ်လိုလုပ်ကြမလဲ”

“ဟုတ်တယ်၊ နှစ်နှစ်ကို တော်တော်သံယောဇဉ် ဖြစ်နေ ပဲ”

ဒေါ်မိုးမိုးနိုင်က ခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက် ဆိုဖာပေါ်မှာ ပြန်ထိုင်ချလိုက်သည်။

“မေမေနဲ့ယှဉ်လာရင်တော့ ဘာကိုဖြစ်ဖြစ် စဉ်းစားရ မှာပဲ ကို မေမေ့ကို မိုးရဲ့မိဘလိုပဲမိုးချစ်တယ်၊ မေမေ ဘာမှမထိ အောင်တော့ တစ်မျိုးစီစဉ်ရမှာပဲ”

ဦးထွန်းမြင့်လည်း သက်ပြင်းကြီးချ၍ နေရာမှာပြန်ထိုင်သည်။

“အေးကွာ၊ မင်းပဲကြည့်လုပ်တော့”

ပြော၍ နာရီကို ငုံ့ကြည့်လိုက်သည်။

“အချိန်မီပြန်ကြဖို့က ရှိသေးတယ်”

“သူတို့ကျေနပ်အောင် မေမေ့ကျန်းမာရေးကိုအကြောင်း ပြီး လောလောဆယ် စေ့စပ်ထားဖို့ပဲ ပြောရတော့မှာပဲ”

“သူတို့က နှစ်နှစ်ကိုဖယ်နိုင်းနေတာကျတော့ရော”

“စေ့စပ်တဲ့အဆင့်မှာ မလိုသေးပါဘူး၊ မကျေနပ်ကြရင်လည်း မတတ်နိုင်ဘူး ကို မေမေ့ကိုတော့ ဂရုမစိုက်လို့မရဘူး”

“နေပါဦး၊ မင့်သားကို မေးမြန်းကြည့်ပါဦး သူတို့ချင်း ဘယ်





ညှိနှိုင်းဆွေးနွေးထားကြသလဲလို့”

“မေးတယ်လေ ကိုယ့်သားက အင်းမလုပ် အဲမလုပ်နဲ့ စုနဲ့ ပ်ပေးဖို့ စပြောနေကတည်းက အားပါတာမှမဟုတ်တာ”

“စုကို မနှစ်သက်လို့များလား”

“သူငြင်းမှမငြင်းခဲ့ဘဲ ပြီးတော့ သူတို့ချင်းက သံယောဇဉ် ပြီးသား သူငယ်ချင်းချင်းလက်ထပ်ဖို့ စေ့စပ်ဖို့ မျက်နှာပူတာဖြစ် ပဲ”

ဦးထွန်းမြင့် စိတ်လေးသွားသည်။

သားကတစ်မျိုး။ ချွေးမကတစ်မျိုး။ ခမည်းခမက်က တစ်ဂြိုလ်။ မားဆိုသည့် ပုဂ္ဂိုလ်ထူးလေးကို လျှော့တွက်ထားလို့မရတာ မိုးကို သတိပေးထားဦးမှ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"ဟလို"

"မား"

ဖုန်းထဲမှာ စု၏ခေါ်သံက လက်ပစ်ဗုံးကြီး ဆောင့်ထွက်သလို နားစည်ကိုပင် တုန်ခါသွားခဲ့သည်။

မား မထူးဆန်းစွာ ပြုံးမိလျက်

"ပြော"

"ငါပြောမှာကို နင်သိတယ်မဟုတ်လား၊ နင်ငါ့ကို အနိုင်ပစ်လိုက်တာ၊ တကယ့်ကို ပိုးစိုးပက်စက်ပါလား မား ဟင်၊ နင် ငါထင်တာထက်တောင် အများကြီး အကြံကြီးတယ်၊ ကောက်ကျစ်ရက်စက်တယ်၊ နင့်ကိုငါသိပ်မုန်းတယ် သိလား"



"မုန်းတာ အရေးမကြီးပါဘူး၊ စွဲချက်တွေက ပြင်းလှချည်လား ငါ အဲသလောက် မလုပ်မိသေးဘူး ထင်တယ်"

"ဘာပြောတယ်၊ နင်နဲ့ငါနဲ့လက်ထပ်ခါနီးမှ သဘောမတူနိုင်ဘူးဆိုပြီး တစ်ဖက်သက်ဖျက်ပစ်လိုက်တာ၊ အငြိုးကြီးကြီးနဲ့ ကောက်ကျစ်တာ မဟုတ်ဘူးလား၊ ဘယ်သူမှမထင်မှတ်တဲ့ ရှုထောင့်ကနေ ချလိုက်တာ ယုတ်မာတာမဟုတ်လို့ဘာလဲ"

"ဟုတ်လား၊ ဒါပေမဲ့ ငါက နင့်ကိုမမီသေးဘူးလို့ ထင်တာ"

"ငါက နင့်ကိုဘာလုပ်ခဲ့လို့လဲ ကိုယ့်ကိုမတုန်မလှုပ် မတူတန်နေခဲ့တဲ့ ယောက်ျားတစ်ယောက်ကို လက်ထပ်ဖို့ဆုံးဖြတ်ခဲ့တဲ့ မိန်းမယောက်က အပြစ်ရှိသေးသတဲ့လား"

"သိပ်ရှိတာပေါ့ နင့်ရင်ထဲမှာ အချစ်မှာမရှိတာ၊ တစ်စုံတစ်ယောက်အတွက် မဆီမဆိုင်ခံစားလာရတဲ့ အငြိုးနဲ့နင်က ဘဝကိုပုံပြီး တဲ့ပြန်ရဲပေမယ့် ငါကတော့ ဘဝကိုမပေးနိုင်ဘူး၊ ငါ့ကိုမချစ်တဲ့ တစ်ယောက်ကို ငါဘယ်တော့မှ လက်မထပ်ဘူး"

"မား နင်"

စု ဘယ်လောက်ထိ ဒေါသထွက်နေမှန်း ဖုန်းထဲမှာ တုန်ခါ အနေသည့် သူမအသံလေးက သက်သေပြုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



''နှင် နှင်အစကတည်းက အဲဒီစိတ်ကူးမျိုးတွေရှိရင် စော
စီးစီးပြောလိုက်ပါလား။ သဘောမတူးဘူးလို့ ငြင်းလိုက်ပါလား။
ငါ့ကိုအငြိုးနဲ့ ဟင့်''

စု ဟင်းခနဲငိုချလိုက်တော့ မား ဖုန်းကိုတင်းနေအောင်
ကိုင်လိုက်မိသည်။ စုရဲ့ငိုသံကို သူမခံစားနိုင်ပါလား။ သို့သော်

''ငါ နှင့်ကို အဲဒီလိုမျိုး မရည်ရွယ်ခဲ့ပါဘူး ဒါပေမဲ့ အတ္တ
လွန်းတဲ့ နှင့်ရဲ့အဆိပ်တွေထဲမှာ အဓိပ္ပါယ်မဲ့ ငါမမျောချင်ဘူး။
ဖွင့်မပြောတာက နှင့်ကိုအတိုက်အခံလုပ်ပြီး တစ်ဘက်ကို ကာ
သလိုဖြစ်သွားမှာစိုးလို့''

စုရဲ့ရှိုက်သံလေးကို ဖုန်းထဲကကြားနေရသည်။

သူ သက်ပြင်းရှည်တစ်ချက်ချကာ

''ငါ့ကို ခွင့်လွှတ်ပါ၊ ခွင့်မလွှတ်ချင်လည်း နေပါ''

''ခွင့်မလွှတ်ဘူးကွ၊ ဒါခွင့်လွှတ်စရာမဟုတ်ဘူး''

''ခွပ်''

''အို မလုပ်ပါနဲ့ကိုရယ်၊ အိမ်ပေါ်မှာ လူမမာနဲ့''

ဦးထွန်းမြင့်နဲ့ဒေါ်မိုးမိုးနိုင်တို့ ဗြုန်းစားကြီးရောက်ချလာ
ဖုန်းချပြီး လှည့်လာသည့်မျက်နှာကို ဦးထွန်းမြင့်က လက်သီးနဲ့
လိုက်သည်။





ဝုန်းခနဲ ဒုန်းခနဲ လဲပြိုကျသံများကြောင့် မတူး မီးဖိုထဲက
ထွက်လာ၏။ ဒေါ်မိုးမိုးနိုင်က မတူးကို အပေါ်တက်ဖို့ မျက်နှာရိပ်ပြ
ဦးထွန်းမြင့်ကို အတင်းဆွဲထားနေသည်။

''အားလုံးသဘောတူ စီစဉ်ပြီးလက်ထပ်ဖို့ ရက်သတ်မှတ်
ကာမှ မင်းကဘာအရှုံးထတာလဲ၊ ဒါကလေးတွေ ထွေခင်းကစား
မဟုတ်ဘူးကွ''

''ဟုတ်သားပဲ သားရယ်၊ သားမပြတ်တို့ဆီ ဖုန်းဆက်ပြီး
ကိစ္စကိုဖျက်တယ်လို့ ဖုန်းဆက်တယ်ဆိုတာ မေမေတို့ဖြင့်
လိုမှကိုမယုံနိုင်ဘူး သားဖုန်းဆက်တုန်းက သမီးစုမရှိဘူး။ သူငယ်
တွေနဲ့ပဲခူးမှာမင်္ဂလာဆောင်သွားနေတာတဲ့ ခုနဖုန်းက သမီးဆက်
မဟုတ်လား''

''ဟုတ်''

မား ခုံကြားထဲမှာ ယိုင်လဲသွားရာမှ ပြန်ထရပ်သည်။ နှုတ်ခမ်း
က သွေးစကိုလက်ခုံနဲ့သုတ်၍ ဒက်ဒီရှေ့မှာခေါင်းငုံ့နေလိုက်၏။
နေပစေ ဒါလောက်တော့ သူပြန်မေးရမည်ပဲ။

''ဟိတ်ကောင် ပြောစမ်း၊ လူကြီးတွေ ပြောဆိုနေကြတာ
သားနဲ့ ဘာတစ်ခွန်းမှဝင်မပြောခဲ့ဘဲနဲ့ ခုမှ ဘာစတန့်ထွင်တာလဲ
နဲ့ ဆက်လုပ်မယ့်လူက လုပ်တော့မယ်၊ ထွက်သွားတဲ့သူလည်း

www.burmeseclassic.com

www.burmeseclassic.com



သွားပြီ ဓာတ်ပုံတွေတဖျတ်ဖျတ်ရိုက်ယူနေပြီးမှ ဖလင်မပါဘူးလုပ်… မျိုး ခံရတဲ့လူဘယ်လောက် ခံရခက်သလဲ၊ မင်းတွေးကြည့်စမ်း''

''စု ခမျာ သနားပါတယ်ကွယ်''

မား မျက်နှာချက်ချင်းမှော့သည်။

''သား ကိုကြိုက်သလောက်ထပ်ထိုးပါ၊ ဒက်ဒီ ပေါက်ပြ… တဲ့ဒဏ်ရာကို သားမကြောက်ပါဘူး၊ သူများဘာမဟုတ်တဲ့ အပြ… တာနဲ့လက်တုန့်ပြန်တဲ့ပွဲမှာ ကိုယ့်ကိုယ်ကို ဘာကောင်မှန်းမသိ… တဲ့ ဘဝဆုံးမှာမျိုးတော့ သားလက်မခံနိုင်ဘူး''

''ဘယ်လိုကွ''

''သားကို ဘယ်တုန်းကမှ မေတ္တာရှိတဲ့အရိပ်အယောင်… ဘဲ နှစ်နှစ်ကိုဖယ်ထုတ်ချင်တဲ့ အတ္တငြိုးတစ်ခုတည်းနဲ့ ဒီမင်္ဂလာ… ကို သူဖွတ်လုပ်တာ၊ အမြဲတမ်း အနိုင်ကျင့်ရချင်တာနဲ့ သူ့အ… သားက ရှုးကြောင်မှုးကြောင်လိုက်ပြီး ခေါင်းမညိတ်နိုင်ဘူး''

ဦးထွန်းမြင့် တွေခနဲတစ်ချက်ဖြစ်သွားပြီးမှ

''ဒါဆို မင်းစောစောကတည်းက ငြင်းခွင့်ရှိတယ်၊ မင်းဘာ… မငြင်းတာလဲ''

''နှစ်နှစ်ထွက်သွားတဲ့အထိ စောင့်နေတာ''

''ကြည့်စမ်း''





''သားရယ် ကောင်မလေး သနားပါတယ်''

ဦးထွန်းမြင့် ဒေါသတွေအလိပ်လိုက်ဖြစ်လာပြန်ကာ ထိုးမယ် …တ်မယ်ပြင်ရင်း ရှေ့တိုးပြန်သည်။

ဒေါ်မိုးမိုးနိုင် အတင်းဆွဲထားရပြန်၏။

''နှစ်နှစ် မင်းကိုဘယ်လို အကျိုးယုတ်အောင်လုပ်နေလို့လဲ''

''အဲဒါ သားမှာပြစ်ရာမရှိဘူး၊ ဒက်ဒီ ဒါပေမဲ့ နောက်ဆုံး …စ်ခုကတော့ တစ်ဖက်သားအပေါ်အမြဲတမ်း အထင်သေးလှောင်ပြောင် …တဲ့ စုအတွက် နိုင်ကွက်တစ်ခုဖြစ်မကျန်ခဲ့စေချင်တာ 'ဒီကောင် …လေးကို ကာကွယ်ချင်လို့'ဆိုတာမျိုး အဖြစ်မခံနိုင်တာ''

''တော်တော်လာတဲ့ကောင် မင်း မင်း ငါလုပ်ရရင် သေတော့ …ယ်''

''အို တော်ပါတော့ကိုရယ် ဟို ဟိုမှာ မေမေဆင်းလာပြီ …င်တယ်''

စိတ်မကောင်းစွာဘဲ ဒေါ်မိုးမိုးနိုင် မုသားသုံးလိုက်ရသည်။

ထိုအခါကျမှ ဦးထွန်းမြင့်၏ဒေါသများလည်း တစ်ခန်းရပ်သွား …ခဲ့သည်။

အိပ်ပျော်နေသည့် ဒေါ်ယုယကိုပင် တက်မတွေ့တော့ဘဲ …ချုပ်တော့မှာမို့ လင်မယားနှစ်ယောက်လုံး ချက်ချင်းပြန်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မားကတော့ ဒက်ဒီလက်သီးတစ်ချက်နဲ့ ဘဝကိုလဲယူလို
သည်ဟုပဲ မှတ်ပါသည်။

ရှိပါစေတော့ စု ကိုသူမပတ်သက် မခံစားမိအောင် ကြိုးစ
ရတော့မည်။

■ ■ ■



အခန်း (၁၄)

"ဘွားဘွား ထမင်းမစားသေးဘူးလား"

"မစားသေးပါဘူး မြေးရယ်၊ ဒါနဲ့ မြေးဒီနေ့ထွက်မလည်တော့
လား"

"မလည်တော့ပါဘူး ဘယ်များသွားလည်စရာရှိလို့လဲ လမ်း
က်တော့လည်း တစ်နေ့ တစ်နေ့ ဒီလမ်းဒီခရီးပဲ"

ရှုံ့တွတ္တမြေးမျက်နှာကိုကြည့်၍ ဒေါ်ယုယက နှမ်းနယ်စွာ
ည်။

"ဘွားဘွားကတော့ ဟောဒီအခန်းကနေမြင်နေရတဲ့ ရှုခင်း
င်းတွေရယ်၊ တိုးဝှေ့လာတဲ့ လေနုအေးလေးတွေရယ် အားလုံးကို
ာကျေတွာယ်၊ တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကို လူမမာဆိုတာတောင်



www.burmeseclassic.com

မေ့နေမိတယ်၊ တစ်ခုပဲလိုတယ်''

ဘာပြောတော့မယ်ဆိုတာသိ၍ မာနာခေါင်းတစ်ချက်ပွတ်

တစ်ဘက်လှည့်ပစ်လိုက်မိ၏။

''နှစ်နှစ်လေးကို ခဏခဏသတိရတယ်၊ ထမင်းစားတဲ့အ

မစားချင်ရင်စားချင်အောင် ပြောတတ်ဆိုတတ်တယ်၊ ပြုံးစုတဲ့အခါ တ

တယနွေးနွေးထွေးထွေး ရှိတယ်''

လွမ်းလွမ်းဆွေးဆွေးပြောနေသည်က ခတ်ပြားဟောင်း

မို့ မာနစိတ်မရှည်။

''မတူးရှိသားပဲ ဘွားဘွားရာ စိတ်တိုင်းကျခိုင်းလို့ရတာ

ဘွားမျက်နှာချက်ချင်းပြောင်းလဲသွားကာ ဒေါသမကင်

လှည့်ကြည့်၏။

''မတူလို့ပေါ့ကွယ် ခိုင်းရင်ရတာ ဘွားဘွားသိသားပဲ ခိုင်းမှ

တတ်တာကိုမလိုချင်တာ၊ နှစ်နှစ်က အလိုက်သိတယ် ပြောရဲဆိုရဲတ

မကောင်းဘူးထင်ရင် အမုန်းခံပြီးတားဆီးရဲတဲ့ မိတ်ဆွေကော

စိတ်ဓာတ်အပြည့်ရှိတယ်၊ ငါ့သားအထွန်းတို့များ စမြတ်လတ်ကိုကျ

ချေးမရွေးဖို့ ဓတ်စယက်ဖြစ်လိုက်ကြတာ တကယ်အရည်အချင်း

နှံ့ထဲကပတ္တမြားကိုကျတော့ စိတ်မဝင်စားကြဘူး''

မာနကိုယ်ကြီး မတ်ခနဲဖြစ်သွားကာ ဘွားဘွားအတွက်ထ





မှာ ဘာတွေလဲဟု စိတ်ဝင်တစားငုံ့ကြည့်နေရာမှ မျက်နှာကြီးလှည့်

သည်။

''ဘွားဘွား''

''ဘာတုန်း''

''အဓိပ္ပါယ်တွေ လွဲကုန်ပြီ''

''မလွဲပါဘူး ဘွားဘွားပြောတဲ့ အဓိပ္ပါယ်က ဒါပဲ''

မာနက ခြေခါလက်ခါထရပ်လိုက်ပြီး

''ခြေထောက်ကရော လက်ကရော ဆောရီးပါပဲ၊ဆလံပါပဲ

ဆို ဘဲဥအနှစ်တောင်မစားဘူး''

ဘွားဘွားက မြေးဖြစ်သူကိုမကြည့်စဖူး ဒေါသမျက်ဝန်းများ

ကြည့်ကာ အိပ်ရာထဲခွေလှဲသွား၏။

ခေါ်ပုံက သူများကို ဘွားဘွား ဘွားဘွားယုဆိုတာမျိုး

တဲ့ 'ဘွား'တစ်လုံးတည်းခေါ်တဲ့ ကောင်မလေး။

ဘယ်ဘဝက ရေစက်မှန်းမသိပါဘဲ နှစ်နှစ်ကိုဒေါ်ယုယ မေ့

တဲ့ဖြစ်နေခဲ့သည်။

ကောင်မလေး အထီးကျန်အဖော်မဲ့ဘဝနဲ့ ဘေးကင်းရန်ရှင်း

။

www.burmeseclassic.com

အခန်း (၁၅)

အိပ်ရာကထတယ်ဆို ခေါင်းရင်းတံခါးကိုဖွင့်ကာ ခြံထဲငုံ့ကြည့်
လိုက်မိသည်။

ထင်သည့်အတိုင်းပင် တန်းစီရှိနေသည့် ပိတောက်ပင်ကြီးပေ
မှာ အဖူးတွေပွင့်တပ်ခဲ့နေသည်က စိတ်ကြည်နူးစရာ။

သင်္ကြန်တောင် ကျတော့မှာပဲ။

ဘေးအခန်းထဲကထွက်လာခဲ့ပြီး မျက်နှာသစ် ရေမိုးချိုး
လည်ပတ်နေကျခုတင်ပြားဟောင်းကြီးအတိုင်း မနက်စာစားသော
ဖို့ ထမင်းစားခန်းထဲဝင်လာခဲ့ရသည်။

ဒီအိမ်ကြီးမှာရောက်နေကာမှ မဲဇာအပ်ပို့ခံထားရသလို ဘယ်
ကြည့်ကြည့်သစ်ပင် ဝါးပင်များနှင့်ဟိုင်းဝေးလမ်းမကြီးမှ ကားသံတ





ချွဲ ဘာဆိုဘာသံမှမကြားရ။

အနားမှာရွာငယ်လေးတွေရှိပေမယ့် သွားလာလည်ပတ်ရ
လောက်အောင်လည်း ရှိတာမဟုတ်။

ကိုယ်သိတဲ့လူလည်း ရွာခံမှာမရှိ။

ရန်ကုန်ပြန်တတ်ဖို့ မဝေးပေမယ့်လည်း ဘွားဘွားကိုစိတ်မချ
ဘော့ မထားခဲ့နိုင်၊ မတော်တဆသူမရှိမှ ဘွားဘွားတစ်ခုခုဖြစ်လျှင်
လုပ်နိုင်မှာမဟုတ်။

ပျင်းတော့ ပျင်းစရာကြီးပါ၊ ဒါပေမဲ့ အေးချမ်းနေတာလေးနဲ့
သည်။

ထမင်းစားခန်းထဲရောက်တော့ သူ့အကြိုက်ကော်ဖီခါးက
င့်၊

မား စားပွဲမှာဝင်ထိုင်လိုက်ပြီးမှ

"မတူး ဘာမှမရှိတော့ဘူးလား၊ အသုပ်ဖြစ်ဖြစ် ထမင်းကြော်
တစ်ခုခုလုပ်ခဲ့စမ်းပါ ဗိုက်ဆာနေလို့"

နောက်ဘက် မီးဖိုခန်းလေးထဲမှ လှုပ်ရှားနေသံထဲမှာ ကြော်သံ
သံပါ ပါလာသည်။

ခါတိုင်းဆို မတူရဲ့ 'လာပြီကိုလေး ရပြီကိုလေး'ဆိုသည့်အသံ
နေတတ်သဖြင့် ဒီနေ့ကျမှ တိတ်ဆိတ်စွာ လုပ်ကိုင်နေတာကို



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းတော့ အံ့သြချင်သည်။

ဒါပေမဲ့ လုပ်ကိုင်နေသံကြားသောကြောင့် အဆင်သင့်ရှိသည

သတင်းစာကိုယူဖတ်ရင်း သူစောင့်နေလိုက်၏။

တအောင့်ကြာတော့ သူ့ရှေ့မှာ ထမင်းကြော်ပန်းကန်ရော

လာ၏။

ထိပ်ဖျားကလေးတွေ နီမြန်းနေသည့် ဖြူနုပြည့်သွယ်သ

လက်ချောင်းကလေးတွေကို ပန်းကန်ချပေးလိုက်ခြင်းမှာ အမှတ်တ

မြင်မိလိုက်ပြီး မားဖျတ်ခနဲမော့ကြည့်လိုက်မိ၏။

"ဟင် မင်း"

သတင်းစာကိုဘယ်လွှင့်ပစ်မိမှန်းမသိ၊ လူက ဝုန်းခနဲထ

လိုက်ပြီးသားဖြစ်သွားသည်။

"မင်း ဒီကို ဘယ်လိုလုပ်ပြန်ရောက်လာတာလဲ"

"အန်ကယ်လာခေါ်တာ"

နှစ်နှစ်မျက်နှာက ပျော့ပျောင်းသည်လည်းမဟုတ် တင

နေခြင်းလည်းမရှိ၊ ထမင်းကြော်ပန်းကန်နဲ့ သခွားသီးချဉ်ပန်းကန

ချပေးပြီး လှည့်ထွက်သွားတော့ မားကရှေ့ကပိတ်ရပ်လိုက်ကာ

"နေဦး မင်းကို ဒက်ဒီလိုက်ခေါ်တာ မဖြစ်နိုင်ဘူး။ မင်းက

တိုင် ဒက်ဒီတို့ကို သွားအသနားခံပြီး ပြန်တက်လာတာမဟုတ်





နဲ့ဝုက်စွမဖြစ်တော့မှန်းသိလို့"

"ရှင် တော်နော်"

"ဟာ"

နှစ်နှစ်ကမြန်သည်။ သူ့ရင်ဘတ်ကို ဒေါသတကြီးဆောင့်တွန်း

လိုက်၏။ မား ယိုင်ခနဲလန်ကျသွားသည်နှင့် နှစ်နှစ်လက်နှစ်ဖက်ကို

ဖမ်းဆုပ်ထားလိုက်မိကာ သူလည်း နံရံပေါ်ကိုအင့်ခနဲပစ်ကျသည်။

နှစ်နှစ်လည်း သူ့ရင်ခွင်ထဲ နွေးခနဲပါလာ၏။

"ရှင် ရှင် ဘာလုပ်တာလဲ လွှတ်"

"မင်းက ဘာဖြစ်လို့တွန်းသလဲ"

မားက နှစ်နှစ်လက်နှစ်ဘက်ကို လွှတ်မပေးဘဲ နာကျင်အောင်

င်ဖိကိုက်လိုက်၏။

"အား ရှင် ရှင်နော်"

"မင်းကိုတမင်ထွက်သွားအောင်လို့ ငါကြည့်နေလိုက်တာ မင်း

ဖြစ်လို့ပြန်လာတာလဲ မှန်မှန်ပြော"

"ဟုတ်တယ်၊ ဟောဒီအိမ်ထဲမှာ သိုက်တူးစရာရှိလို့ အဲဒီ

ကိုမတူးရမချင်း နှစ်နှစ်ကတွယ်ကပ်နေမှာပဲ ကဲ ရှင်းပြီလား"

နှစ်နှစ်ရွဲ့၍ပြောတော့လည်း သူမယုံ။

"ကောင်းကောင်းမေးရင် ကောင်းကောင်းဖြေနော်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းကောင်းဖြေနေတာလေ တကယ်အဲဒီအတိုင်းပဲ"

မား စဉ်းစားနေတုန်း နှစ်နှစ်က သူ့လက်ထဲက ဆောင့်ရုန်း သွားသည်။ တံခါးဝအကွယ်လေးမှာ သူတို့မြင်ကွင်းကိုကြည့်၍ ရင်ဘတ် လေးဖိနေရှာသည့် မတူးခမျာ အသက်ရှူမှန်အောင် အတော်ကြိုးစား နေရပြီးမှ အထဲဝင်လာရ၏။

မားကလှည့်ကြည့်၍

"မတူး ဟိုတစ်ယောက် ဘယ်လိုရောက်လာတာလဲ ဘယ် တုန်းကရောက်နေလဲ"

"ဘဘကြီး ကိုယ်တိုင်ဒရိုင်ဘာနဲ့လာပို့တာ ကိုလေး ဘွားဘွားယုဆီတန်းခေါ်သွားပြီး မနှစ်ကိုအပ်ခဲ့တာ"

"ငါက ဘယ်သွားနေလို့လဲ"

"နေ့ခင်းက ကိုလေးခြံထဲမှာ စာဖတ်ရင်း အိပ်ပျော်နေတုန်း"

"ဒါဆို မနေ့က တစ်ညနေတစ်ညလုံး ငါဘာဖြစ်လို့မမြင် တာလဲ၊ သူကဘယ်မှာပုန်းနေလို့လဲ"

"မမနှစ် ဒီလိုပဲ ဝင်ပြီးလုပ်ကိုင်နေတာပါ၊ ကိုလေးနဲ့မဆုံတာ"

မေးခွန်းတွေက မပြီးနိုင် မတူးမျက်နှာလေး ညိုနေရှာ

မားမျက်နှာက တစ်ခုခုကိုမကျေနပ်နေသလို ရှေ့မှာစား တွေရှိနေလျက်နှင့် မတို့မထိဘဲ မေးထောက်လိုက်ပြန်ချလိုက်။





ဟုတ်မှာပါ၊ ဘွားဘွားစိတ်ချမ်းသာအောင် မင်္ဂလာကိစ္စလည်း ရှိတော့တာနှင့် ဒက်ဒီတမင်လိုက်ရှာခေါ်လာတာပဲ ဖြစ်မည်။

ရှာတော့ ဘယ်လိုတွေ့လာတာလဲ၊ ရန်ကုန်မှာ လူတစ် ယောက်ကိုရှာဖို့ လွယ်သလား၊ သူကိုယ်က ဒက်ဒီတို့မြင်သာထင်သာ နေရာမှာ ညိုမြလုပ်နေတာဖြစ်မှာ။

"ကလင် ကလင်"

"ကိုလေး"

"ကြားတယ်"

နဂိုကတည်းကကြောက်နေသဖြင့် မတူးတုန်ခနဲဖြစ်သွား၏။

ဒါပေမဲ့ မားထထွက်သွားတော့လည်း စားစရာတွေကိုအုပ် ဆောင်းထဲပြန်ထည့်၍ ခြင်ယင်မနားအောင် စောင့်ရှောက်ပေးနေရပြန် သည်။

"ဟလို"

"သား"

"မာမီ ဒက်ဒီအလုပ်သွားပြီလား၊ နှစ်နှစ်ကိုဒက်ဒီရှာလာတာ"

"ဟုတ်တယ်သား၊ အဲဒါ သားကိုပြောမလို့သား ဘွားဘွားအ နှစ်ကိုသံယောဇဉ်ဖြစ်ပြီး စိတ်စွဲနေတာ သား သာအောင်ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်တော့တာ ဘွားဘွားစိတ်ချမ်းသာပါစေကွယ်၊ နှစ်နှစ်ကို ဘ
သွားမပြောနဲ့နော် သား ဒီတစ်ခါသား ဒက်ဒီကခွင့်လွှတ်မှာမဟုတ်

''မာမီ''

''ဟင် သား''

''သားက ဒီမှာပဲ ဒီတိုင်းနေရတော့မှာလား''

''နေပါဦး သားရယ် သားဒက်ဒီကျန်းမာရေးအတွက် ခွင့်
လတင်ထားတယ်၊ သူလည်းအဲဒီမှာ အပန်းဖြေရင်းအေးအေးဆေး
နေချင်ရှာတာ၊ အဲဒီကျတော့ သားတစ်လဲပြန်လာပေါ့၊ အားလုံးနဲ့
အောင်နေနော် သား''

မာမီ အထပ်ထပ်မှာ၍ ဖုန်းချသွားသည်။

စောစောကတည်းက ဖုန်းဆက်လိုက်ပြီးတာပဲ။

ခုလို ပြဿနာဖြစ်ရဦးမလား။

မား ထမင်းစားပွဲဆီပြန်ရောက်လာတော့ နောက်ထပ် ထ
ကြော်တစ်ပွဲ အငွေ့တထောင်းထောင်းနှင့်ထပ်ရောက်လာကာ အေး
ပြီဖြစ်သည့် ထမင်းပွဲကို ပြန်ယူသွားသည်။

နှစ်နှစ်ကတော့ ထွက်မလာပါ။

■ ■ ■



## အခန်း (၁၆)

''ရပြီ သမီး မင်းအလုပ်သွားလုပ်ရဦးမှာ မဟုတ်လား၊ မတူး
ပဲ အိပ်ရာခင်းလဲပါစေတော့ကွယ်''

''ရပါတယ် ဘွားရဲ့ အိပ်ရာထကတည်းက အားလုံးအနံ့အ
ကင်းစင်ပြီး သန့်စင်နေတော့ ပိုပြီးစိတ်ကြည်တာပေါ့''

နှစ်နှစ်က မနက်စောစောလာရောက် ချက်ပြုတ်ပြီးပြန်သွား
အပြင်ထွက်ခါနီး တစ်ခါပြန်ဝင်လာ၍ ဒေါ်ယုယကိုသန့်ရှင်းရေး
ခဲ့သည်။ ပြီးမှသွား၏။

''သမီးအလုပ်က အချိန်မှန်သွားရတာလား''

''အချိန်မှန်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ခရီးကဝေးတော့
ထသွားဖို့ မလွယ်ဘူးလေ၊ အဲဒါကြောင့် ပုံမှန်ပဲသွားလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



တာ''

''ဒီနေ့ ဘယ်နှစ်နာရီသွားမှာလဲ''

''ဆယ်နာရီခွဲလောက်ဆိုသွားမယ် ဘွား ဘာနိုင်းစရာရှိလို့

ဟင်''

''မရှိပါဘူး ဒီနေ့မြေး ရန်ကုန်ကိုတက်မှာ အိမ်မှာ ရိက္ခာပြ

နေပြီလေ မြေးနဲ့သမီးလိုက်သွား ဘွားဘွားပြောလိုက်မယ် မတူးရေ

နှစ်နှစ် မတားဆီးလိုက်နိုင်မီ မတူးက ချက်ချင်းရောက်လာ

''မြေးကိုလွှတ်လိုက်စမ်း ဘာလုပ်နေလဲ''

''ရေချိုးပြီး အခန်းထဲဝင်သွားတယ် ဘွားဘွားယု ရန်ကု

သွားမှာတဲ့''

''ဒီကိုလွှတ်လိုက်ဦး''

''ဟုတ်''

နှစ်နှစ် မနေသာတော့ဘဲ

''နှစ်နှစ်ဖာသာ အဝေးပြေးကားတွေပဲ တားစီးပါ့မယ် ဘွား

ရယ်၊ အဝေးပြေးကားဆိုပိုအဆင်ပြေတယ်၊ သူ့ကားဆိုရင် သူ

စိတ်မရှည်တာနဲ့လမ်းကကွေ့ရဝင်ရမှာနဲ့ တော်ကြာ အပြောမတည့်

ရန်ဖြစ်ရဦးမှာ''

''သေချာတာပေါ့၊ အဲဒီကိစ္စလုံးဝမဖြစ်နိုင်ဘူး၊ သူ့ဟာ





ားနေကျအတိုင်းသွားပစေ ဘွားဘွား၊ ဘွားဘွား အဲဒါ ပြောမလို့

ုတ်လား''

အခန်းဝမှာပဲ မားကချက်ချင်းပြန်ထွက်သွား၏။

ငယ်လူနှစ်ယောက်ကြားမှာ ဒေါ်ယုယဘာမှမပြောနိုင်။

နေ့စဉ်သွားနေရတဲ့ကိစ္စကြီးမို့ နှစ်နှစ်ကို စိတ်မချနိုင်ပါ။

ဝတ်ဝတ်ထွက်လာသည့် ယူနီဖောင်းလေးကတော့ နှစ်နှစ်ရဲ

ုပ်ကို အထင်သေးလို့မရမှန်း ခန့်မှန်းကြည့်လို့ရပါသည်။

ဒါပေမဲ့ ဘာလုပ်သလဲလို့ဖြင့် ဒေါ်ယုယထပ်မမေးတော့ပါ။

နှစ်နှစ်ဟာ မိဘမဲ့ ဓနမဲ့ဘဝနှင့်လောကဓံကိုရုန်းသားစွာ ကြိုးစား

ိုင်နေသော မိန်းကလေးတစ်ယောက်အဖြစ် ယုံကြည်ထားပြီးသား။

◼ ◼ ◼



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ကားပါကင်ထိုးရင်း မာမီဘုရားမှာ ယတြာသွားချေတာ[…] ထိုင်စောင့်နေဆဲ ဘုရားပေါ်က ဆင်းလာသူတစ်စုထံ မားမျက်လုံးရေ[…] အမှတ်တမဲ့ ရောက်သွား၏။

"နှစ်နှစ်"

ကိုယ်က ကူရှင်ကနေမတ်ခနဲဖြစ်သွား၏။

ဆံပင်နီနီအသားရဲရဲမြင့်မားသော အရပ်ကြီးများနှင့်နိုင်ငံခြား သား လေးယောက်ကြားမှာ နှစ်နှစ် ။

ကင်မရာလွယ်ထားသည့် ဘောင်းဘီရှည်ပွပွ ငှက်သိုက်ဆံ[…] ကဲ့သို့ ဆံပင်ကားကားကြီးရှိသော အင်္ဂလိပ်မကြီးနဲ့ နှစ်နှစ်က စကား တွေပြောလာလိုက်တာ ရေပက်မဝင်။





လိုက်လည်းလိုက်ပါတယ်၊ သူကလည်း ဆံပင်နီကြောင်ကျား […]ဲ့မြန်မာရုပ်ပျောက်နေတာ ရေပက်မဝင်။

လျှောက်လာကြတာက သူ့ကားနားထိ တန်းတန်းမတ်မတ်။

အင်္ဂလိပ်လိုမွှတ်နေအောင် စကားတွေပြောနေသည့်နှစ်နှစ်ကို […]ရှုးစိုက်ကြည့်နေမိ၏။

ကားက သံရုံးကကား။

သူတို့ထွက်ခွာသွားပြီးမှ ဒေါ်မိုးမိုးနိုင်နဲ့ဒေါ်စာဥဆင်းလာကြ သည်။

"သားပျင်းနေပြီလား မာမီတို့လည်း သားအပြန်နောက်ကျ […]မှာစိုးလို့ အမြန်ဆုံးလုပ်ခဲ့ကြတာပဲ"

ပြောရင်း ကားပေါ်ပြန်ရောက်လာကြ၏။

"မာမီ ဘုရားမှာ ဘယ်သူနဲ့တွေ့ခဲ့သေးလဲ"

ဒေါ်မိုးမိုးနိုင်က ထူးဆန်းသလိုတစ်ချက်ပြန်ကြည့်ကာ

"ဟင့်အင်း မတွေ့ခဲ့ပါဘူး၊ သားဘယ်သူ့ကိုတွေ့လိုက်လို့လဲ"

"မဟုတ်ပါဘူး"

မား အသာငြိမ်နေလိုက်သည်။

ထိုကိစ္စဟာ ထိုမှာတင်မပြီးဘဲ အပြန်ကျတော့ လမ်းပေါ်မှာ […]နေသည့် ကားတစ်စီး၏ဘေး ခရီးသည်တွေ မိုးတိုးမတ်တတ်ထွက်



www.burmeseclassic.com

www.burmeseclassic.com



ရပ်နေကြသည့်အထဲမှာ နှစ်နှစ်ကိုတွေ့လိုက်ရ၏။

တင်ခေါ်သွားရကောင်းမလား။ မသိချင်ယောင်ဆောင်သွားရမ လား။ ကားကိုမြင်သည်နှင့်ခရီးသည်တွေမျက်နှာက ကားဆီသို့လှည့်လာ ကြသည်မို့ နှစ်နှစ်သူ့ကိုမမြင်ဘဲနေမှာမဟုတ်။

ထို့ပြင် တစ်အိမ်တည်းပြန်ရမည့်ကိစ္စထားခဲ့လျှင် သူဘာ ကောင်ဖြစ်သွားမလဲ။

ခေါ်လိုက်လို့မှ မလိုက်ချင်ဘူးဆိုလည်း သွားပြီ။

မား ချီတုံချတုံနှင့်ကားကိုတတ်နိုင်သမျှ အရှိန်မှန်မောင်းနေ ရင်းမှာပင်

ပျက်နေသည့်ကားက ကားသမားတစ်ယောက်က လက်ပြ တားနေ၏။

နှမ်နှစ်နဲ့အနီးဆုံးမှာ သူကပ်ရပ်လိုက်ရာ

"ညီလေး ညှပ်ဂွပါရင် ခဏငှားပါကွာ၊ ဆယ်မိနစ်လောက်ဲ စောင့်ပါ"

မား ခေါင်းညိတ်ပြီး ထုတ်ပေးလိုက်သည်။

"ရော့ ယူထားလိုက်ပါ"

"ကျေးဇူးပါပဲကွာ"

ကားသမားလှည့်ထွက်သွားသည်နှင့်နှစ်နှစ်ကို လှမ်းကြည့်က





"လိုက်ချင်တက်"

တိုတိုပဲပြောလိုက်သည်။ နှစ်နှစ်ကလည်း လိုက်ဖို့ဆုံးဖြတ် ထားသည့်ဟန်နှင့်ချက်ချင်းတံခါးဖွင့်၍ ဝင်ထိုင်လိုက်၏။

ခရီးသည်တချို့ ပြုံးတုံးပြုံတဲကြည့်နေကြတုန်း သူမောင်းထွက် လာခဲ့၏။ မားရင်ထဲမှာ ရှိနေတာကိုကြာကြာမအောင့်နိုင်။

နှမ့်ပြင်နဲ့ နားသယ်စပ် ဆံစလေးတွေတွန့်ကာ ဘိုမရုပ်လေး ကို မှန်ညက်နေအောင်လှသည့် မျက်နှာလေးကို မှန်ထဲကတစ်ချက်ကြည့် ၏

"သံရုံးမှာလုပ်နေတာ ဘယ်လိုရာဇဝတ်မှုမြောက်မှာစိုးလို့ ...ကပုံးကွယ်ထားတာလဲ"

"ဟင်"

နှစ်နှစ် တအံ့တသြလေးဖြစ်သွား၍ သူ့ကိုလှည့်ကြည့်၏။ ပြီးမှ နဂိုအတိုင်းပြန်ဖြစ်သွား၍

"ကိုယ့်အခြေအနေက လူတွေအထင်မကြီးတာဘဲ ပိုကောင်း ...ားလို့ပါ"

"အထင်မြင်သေးလို့နှိမ့်ချတော့ မင်းခံနိုင်လို့လား"

"အဲဒီလိုလူက ရှားပါတယ်"

နက်မှောင်ပြောင်လက်နေသည့် လမ်းမကြီးပေါ်မှာ မားက

www.burmeseclassic.com



ကားကိုအရှိန်ထပ်မြှင့်လိုက်၏။

"ဘယ်သူ့ကိုပဲ မင်းဖုံးကွယ်ထားယ ၊၊ ဘွားဘွားကိုပြောပြ သင့်တယ်၊ ဒီအိမ်မှာ ဘွားဘွားကြောင့် မင်းနေခွင့်ရတာ နားလည်လား"

"နားလည်တယ်၊ ဆက်ပြီးဖုံးကွယ်ထားဖို့လည်း မလိုတော့ ပါဘူး၊ ဘွားမမေးတော့လို့ပါ"

"မင်းက ဖြေချင်တဲ့ပုံမှမပေါ်ဘဲ"

"ရှင် ဘယ်လိုလုပ်သိလဲ"

"သိချင်လို့ သိတာ"

ကောင်းကောင်းပြောမရသည့်လူကို နှစ်နှစ်က မျက်စောင်း ထိုးသည်။ ထူနက်သည့်မျက်တောင်တိုစိပ်စိပ်လေးတွေ ဖျတ်ခနဲတောင်း ဖျန့်သွားတာကို မားအမှတ်တမဲ့ ငေးသွားမိသည်။

သေးတိုက်ကြည့်တော့ စင်းကော့နေသော နှာတံလေးက ပွတာထစ်တာ ဘာတစ်ခုမှ အပြစ်ပြောစရာမရှိအောင် လုံးစင်းနေ၏

"ဒီမှာ"

နှစ်နှစ်ခေါ်တော့ မားက မှန်ထဲကလှမ်းကြည့်၍ မေးဆတ်ထူ ၏။

"သကြံန်အကျနေ့ ရှင် ရန်ကုန်တက်မှာလားဟင်၊ တက်ဖြစ် ရင် နှစ်နှစ်လိုက်ချင်လို့"





"ဘာလဲ ရေပက်ခံထွက်မလို့လား"

"မဟုတ်ပါဘူး နှစ်နှစ်တို့ ရှင်တစ်ရာပြုပွဲ အဲဒီနေ့မှာလည်း ာ ကားတွေက သကြံန်တွင်းဆိုရင် အချိန်ကမမှန် ဈေးကကြီးနဲ့"

"မင်းနေ့တိုင်းကျတော့ လိုင်းကားနဲ့သွားတာပဲလား"

"အင်း ရုံးကအကြိုအပို့လုပ်ပေးဖို့တော့ စီစဉ်နေပါပြီ ဒါပေမဲ့ ည်းဖြည်းမှဖြစ်မယ်ထင်တယ်၊ ဒီဘက်မှာက နှစ်နှစ်ကို တစ်ယောက် ည်း သီးသန့်ကြိုပို့ရမှာလေ"

ကားက တိတ်ဆိတ်စွာပြေးလွှားနေ၏။

မသင့်မြတ်သူနှစ်ဦးအဖို့ အဆီအငေါ်တည့်စွာ စကားပြောဖို့ ာ အတော်ကြီးစကားလုံးစီနေရကာ သီရိမြိုင်သို့ရောက်လာသော်

"ဟယ် မနှစ်နဲ့ကိုလေး အတူတူပြန်လာတယ်တော့"

မတူး ဝမ်းသာထယ်လဲလေးထွက်ကြိုရင်း အသံမထွက်အောင် က်ခုပ်လေးခပ်အုပ်အုပ်တီးလိုက်သေး၏။

မားက ဆီပုံးတွေနှစ်ပုံးကို ဆွဲချသွားလျှင် နှစ်နှစ်မတူးနဲ့အတူ းပေါ်မှာဝယ်ခြမ်းပေးလိုက်သည့် ပစ္စည်းအိတ်တွေကို ဝိုင်းသယ်ပေး က်၏။

အားလုံးနေရာကျမှ ကိုယ့်နေရာလေးကို ပြန်လာခဲ့သည်။

ဘာရယ်မဟုတ်ဘဲ မားဆိုသည့်လူ၏မျက်နှာကို သတိတရ



www.burmeseclassic.com

www.burmeseclassic.com



ပြန်တွေးဖြစ်၏။

အို သူဘာဖြစ်ဖြစ် ကိုယ့်အကြောင်းနဲ့ကိုယ်။

■ ■ ■



## အခန်း (၁၈)

"ကိုလေး သကြန်တောင်မကျသေးဘူး ပိတောက်တွေပွင့်...မယ်နော်"

ဝရန်တာမှာ သူလက်ထောက်ရပ်နေတုန်း မတူးက ပက်စီ...သုံးပိုက်တပ်၍ လာပေးရင်းပြောသည်။

ဒီနေရာမှကြည့်လျှင် တန်းစီနေသော ပိတောက်ပွင့်တွေဆီ...ဆါ့ချင့်ရင့်ငုတ်စလေးတွေပေါ်ကာ အစိမ်းရောင်ပွင့်ညှာလေးတွေ...လူးအလဲအုပ်ထွေးနေသည့် ပိတောက်ဖူးတွေက ပြွတ်ခဲနေ၏။

"ဟော ဟော ဟိုမှာ သူ့အိမ်ရှေ့မှာ နှင်းဆီပန်းတွေထွက်နူး...ယ် ကြည့်စမ်း"

မတူးက ထွက်မသွားဘဲ နောက်ကနေခြေဖျားလေးထောက်



www.burmeseclassic.com

www.burmeseclassic.com



ခံ၍ နှစ်နှစ်ပန်းခူးနေသည်ကို ပြနေပြန်သည်။

ကိုယ့်အလုပ်သမားဆိုပေမယ့် မတူးက အိမ်ကမိသားစု

ဖြစ်နေပါပြီ။

"မနှစ်က လှတယ်နော် ကိုလေး"

ပြောကြည့်သည်၊ မားကလှည့်မကြည့်ဘဲ ဘာသံမှလည်း

မထွက်တော့။

"စုများလာရင် မျက်နှာမှာမိတ်ကပ်တွေအမြဲတမ်းပါတယ်

မနှစ်မျက်နှာလေးဆို ဘာမှမရှိဘူး၊ ရေချိုးပြီးကာစလေးများဆို ဝင်း

နေတာပဲ"

"မတူး အဲဒါနှင့်အလုပ်လား"

"မ မဟုတ်ပါဘူး"

"မဟုတ်ရင် မပြောနဲ့သွားတော့"

"ဟုတ်"

ရှပ်အင်္ကျီပွပွအနီကွက်နှင့်ရှော့ပင်အဖြူလေးဝတ်ထားသ

နှစ်နှစ် ပန်းခူးနေပုံလေးကို မားလှမ်းကြည့်နေမိသည်။

အဖျားလေးတွေ တွန့်ဝဲနေသည့် အနီရောင်များသော

တို့က ပခုံးပေါ်မှာပျော့နွဲ့အိကျနေသည်။

သူ သတိထားမိလောက်အောင်လှသော နှာတံချွန်ချွန်





အဝေးကပင်ထင်းနေအောင် မြင်နေရသည်။

ကင်းချင်လိုက်ရတာလည်း ထမင်းစားဖို့မပြောနဲ့ ဘုရားပန်း

တောင် ခြံရှေ့ကပန်းကို နှစ်နှစ်ဘယ်တော့မှလာမခူး။

"ကိုလေး ဘွားဘွားယူခေါ်နေတယ်"

နှစ်နှစ်ကို ငေးနေတုန်းမို့ မားကယောင်ချောက်ချားလှည့်

ကြည့်၍ခေါင်းညိတ်၏။

မတူးကလည်သည်၊ မားကိုကပျာကယာကျောခိုင်းလိုက်ပြီး

ရယ်သည်။

မသိတာမှတ်လို့ ကိုလေးရာ။

မတူး ပိတ်ပြေးသွားတာကိုမြင်လိုက်သော မားကိုယ့်ကိုယ့်ကို

ဖြစ်သွားမိသည်။ ဒီကောင်မလေးကို ဘာဖြစ်လို့ကြည့်နေမိတာလဲ။

"ဘွားဘွား ဘာပြောမလို့လဲ"

"ဟောဒီ ငါးကန်လေးကို နှစ်နှစ်ဆီသွားပို့ပေးစမ်းပါ

ယ်"

"ဟာ ဘွားဘွားကလည်း"

သူပြင်းမှာပဲဆိုတာ သိထားနှင့်သည်မို့ ဒေါ်ယုယက ချော့မော့

၍

"သွားပါမြေးရယ်၊ သူဒီကိုလာတိုင်း အဲဒီ ငါးကန်လေးဟုပဲ



www.burmeseclassic.com

www.burmeseclassic.com



ဘာယုတယနဲ့သ ၊နတာ ဘွားဘွားအခန်းထဲမှာရှိတာ ဘာမှထူး
မဟုတ်တာ''

''မထူးပေမယ့် ကိုယ့်ကိုသူများလက်ဆောင်ပေးထား
သူများကိုပြန်ပေးလို့ မကောင်းပါဘူး''

''သူများမှမဟုတ်တာ နှစ်နှစ်က ကိုယ့်အိမ်ဝန်းထဲမှာပဲ
ဥစ္စာ သွားပေးလိုက်ပါ မြေးရယ်၊ ပဟူးက ပျာပျာပျာပျာနဲ့ နှစ်နှစ်
နိုင်မှာ မဟုတ်ဘူး''

''ဟာ မဟုတ်တာ ဘွားဘွားရာ သူ့ဆီကိုပဲ သားက
ရမယ်လို့''

''အဲဒီလို မာနမထားပါနဲ့မြေးရယ်၊ တစ်ချိန်ကတော့ သူ
သူဌေးသမ်းပါ အကြောင်းမလှလို့သူ့ခမျာ ကိုယ့်ဝန်းကိုယ့်ခြံကို သူ
တွေပိုင်စိုးနေတာ ကြည့်နေရှာတာ ဘယ်လောက်ခံစားရရှာမ
မိန်းကလေးစိတ်ဓာတ်နိုင်မာတဲ့သူမို့ ခုလိုနေနိုင်တာပေါ့''

ဒေါ်ယုယ ကလေးမုန့်ပူသလို မနားတမ်းကိုပြောနေသ
ရောင်စုံဖြာနေသော အကြေးခွံလေးများနှင့်ငါးလေးနှစ်ကောင်ရှိ
ဖန်လုံးကိုဒေါက်ပါရောမပြီး သူဆင်းလာခဲ့သည်။

တိုက်ကလေးရဲ့ရှေ့မှာ သူရပ်လိုက်သည်နှင့်လှမ်းခေါ်
မလိုဘဲ နှစ်နှစ်အထဲကနေ တံခါးဖွင့်လိုက်သည်နှင့် ဆိုက်ဆိုက်





ကြိုက်။

''ဟယ် ငါးချိုင့်လေး နှစ်နှစ်အတွက်လားဟင်''

စူပုတ်ပွနေသည့် သူ့မျက်နှာကြီးကိုမြင်ကတည်းက ဘွား
တင်းပို့ခိုင်းလိုက်တာမှန်းသိကာ နှစ်နှစ် အိမ်ထဲလှည့်ပြေးဝင် စားပွဲ
ပေါ်မှာ နေရာလုပ်ညပြီး ကမန်းကတန်းပြန်ပြေးလာကာ

''ပေး ပေး နှစ်နှစ်ကို''

''ဖယ်ပါ မင်းဘယ်မှာချမှာလဲ ပြော''

''ဒီမှာ ဒီမှာ''

နှစ်နှစ် ပျာယာခတ်နေပုံက မြင်နေကျလိုမာန်မာနတွေ မျက်နှာ
ပြင်မှာ ဘာမှမရှိဘဲ ဝမ်းသာအားရ ပြေးလွှားလျက် တကယ့်ကလေး
ငယ်လေးအတိုင်း။

''ဘွားပေးခိုင်းလိုက်တာလားဟင် ဝမ်းသာလိုက်တာ၊ အဲဒီထဲ
က ရေနတ်သမီးမျိုးဆိုတဲ့ ငါးလေးနှစ်ကောင်ကို နှစ်နှစ်သိပ်ချစ်တာပဲ
သိလား၊ ဘွားကိုအရမ်းကျေးဇူးတင်တာပဲ''

မားက ငါးချိုင့်ကို မ လာရ၍နှာကျင်သွားသည့်လက်ကို ပွတ်
၍ ရှုပ်ပွနေသည့် နှစ်နှစ်၏စာကြည့်စားပွဲကို ကြည့်လိုက်မိ၏။

သံရိုးတံဆိပ်များနှင့် စာအိတ်ရှည်ကြီးတွေ အထပ်လိုက်။
ပြီးတော့ စာရွက်စာတမ်းတွေ ဖိုင်တွဲ စားပွဲတစ်ဖက်ခြမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ကွန်ပျူတာအသေးလေးတစ်လုံးနှင့်ဒီဘက်မှာ ဖွန်းတပ်ထားသည့် စားလက်စထမင်းပန်းကန်တစ်ချပ် ပန်းကန်ထဲမှာ ငါးသေတ္တာ ငါးနှင့် ကောင်မှလွဲ၍ ဘာမှမပါ။

ထို့အပြင် ဇစ်ဖွင့်ထားသည့် ဆလင်းဘတ်အိတ်တုံးလုံး‌ထဲ နေသည့်ထဲမှအပြင်သို့တစ်ပိုင်းထွက်နေသော လက်ကိုင်ဖုန်းတစ်လုံး

"အဟဲ ရှုပ်နေတာပဲနော် ခဏလေး"

မား မျက်လုံးရွှေ့ရှားသွားသည့်အတိုင်း ထမင်းပန်းကန် ဖျတ်ခနဲကောက်ယူ ကွန်ပျူတာကိုပိတ်ပြီး လက်ကိုင်ဖုန်းကို ဆလင်း ဘတ်ထဲထိုးထည့်ပစ်လိုက်သည်။ တကယ့်ကို မြန်လိုက်သည့်လက်

မား မျက်လုံးပြန်အပင့်မှာ အားလုံးသိမ်းပြီးသွားပြီ။

နှစ်နှစ်က ငါးကိုဖွန်းနဲ့ဖိယူပြီး ထမင်းပေါ်တင်ကာ ထမင်းရေ ဟင်းပါခတ်ယူပြီး ပါးစပ်ထဲထည့်ပစ်၍

"ရှင်ထိုင်ဦးလေ- မား နှစ်နှစ်အဲ ဟိုဘာမှတော့ ကျွေးစရာ မရှိဘူး ကော်ဖီခါးဖျော်တိုက်မယ်"

မားက လက်ပိုက်၍ စားပွဲစွန်းမှာ ခပ်နွဲ့နွဲ့မှီရပ်ကာ

"ဒီထမင်းပန်းကန်ပက်လက်ကြီးကိုပစ်ထားပြီး ဟိုကောင်ထဲ ဒီကောင်ဝင် ယင်တွေနားပြီးမှ ပြန်စားတော့ အရသာပိုရှိလား"

နှစ်နှစ်က ငါးကန်လေးကိုပြုံးကြည့်နေရာမှ မားဘာပြောလိုက်





နေပင် ချက်ချင်းမသိသလိုက်သလိုမျိုး သူ့ထမင်းပန်းကန်ကိုငုံ့ကြည့် စားပြီးမှ

"ဒါလား ယင်လား မနားပါဘူး၊ နှစ်နှစ်အခန်းထဲမှာ ခြင်၊ ယင် လုံးဝမရှိဘူး၊ ကြည့်ပါလား၊ ဘေးတံခါးတွေ အားလုံးဖွင့်ထားတာ၊ ခုန့်လေးတွေကိုသင်းနေတာပဲ"

"ညကျတော့ရော"

"ညကျတော့ အဲကွန်းဖွင့်အိပ်တယ်"

ပြောလိုက်ပြီးမှ နှစ်နှစ်မျက်နှာလေးပျက်ကျသွားကာ

"ဒီအဆောက်အဦးလေးကို နှစ်နှစ်ဆယ်တန်းမရောက်ခင်က ည်းက ဖေဖေကဆောက်ပေးခဲ့တာ ဒီထဲမှာ စာကျက်ရင်း အိပ်ရင်း နှစ်နှစ်ဆယ်တန်းကိုသုံးဘာသာဂုဏ်ထူးနဲ့အောင်တယ်၊ ဒါပေမဲ့ ယ်လိုင်းကိုမှ နှစ်နှစ်ဝါသနာမပါဘူး၊ ဘာသာမျိုးစုံ စပီကင်တွေပြော ချင်တာ၊ ဘယ်လူမျိုးနဲ့ပဲတွေ့တွေ့ ကိုယ့်ဘာသာလိုပဲ လည်လည် ယ်ပြောချင်တာလေ၊ ဒါကြောင့် အဲ့ဒါကိုပဲ အဓိက လိုက်စားခဲ့တာ"

ပြောနေရင်း ပါးစပ်ထဲကထမင်းကုန်သွားလိုက် တစ်ဖွန်းထပ် လိုက်။

"မင်းမှာ ထမင်းစားရင်း အလုပ်လုပ်ရလောက်အောင် မအား ဖြစ်နေသလား၊ အဲဒါ စည်းကမ်းမရှိခြင်းတစ်မျိုးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မတတ်နိုင်ဘူး၊ နှစ်နှစ် ကိုယ့်အလုပ်ကိုယ်လည်း လုပ်ချင်တယ်၊ သူများအလုပ်ကိုလည်း ကူညီချင်တယ်၊ စားသောက်တာက အရေးမကြီးပါဘူး အဲဒါကြောင့် အလွယ်တကူ ငါးသေတ္တာတွေဝယ်ထားတယ်၊ ဝက်အူချောင်းတွေရှိတယ်၊ စားချင်တဲ့အချိန်ကြော်စားလိုက်တာပဲ"

ကြားရတော့လည်း စိတ်မကောင်းဖြစ်သွားမိသည်။

မိဘနဲ့ချန်ထားခဲ့ဝေးကွာခဲ့ရတာ ကိုယ့်အားကိုယ်ကိုးနေရရှာသည့် မိန်းကလေးတစ်ယောက်၏ ဖွဲ့လုံ့လကိုတော့ လေးစားသွားမိတာအမှန်ပင် ဖြစ်သည်။

ထို့အပြင် အနီးကပ်မြင်ရတော့မှ နှစ်နှစ်၏လွတ်လပ်ပွင့်လင်းမှုလေးတွေကို မြင်လာရသည်။ သူမကိုယ်မှာ ဘာပကာသနမှမရှိသလို စိတ်ဓာတ်ကလေးကလည်း ဟန်ဆောင်မှုမရှိ။

မာနကြီးပြီဆို မျက်နှာပြင်က ကျောက်သားပြင်ကဲ့သို့ အေးစက်မာကြောနေတတ်သော်လည်း ခုလိုကျတော့ စကားတတ်လွန်းသည့် သုံးလေးနှစ်သမီး မူကြိုကျောင်းသူလေးနှယ်။

မျက်နှာစာနံရံမှာ လွန်စွာခန့်ညားသော အမျိုးသားကြီးနှင့် အမျိုးသမီးနှစ်ယောက်တွဲလျက် ဓာတ်ပုံနှင့်နှစ်နှစ်တွဲ့ရထားသည့် ဓာတ်ပုံ တစ်ပုံ ဒါပဲရှိသည်။





ပိုစတာတွေ ပန်းချီကားတွေ ဘာဆိုဘာမှချိတ်မထား။

"ရှင် ထိုင်ပါလားဟင် နှစ်နှစ် ကော်ဖီဖျော်တိုက်ချင်လို့"

"နေပါစေတော့ မင်းရဲ့ မအားလပ်တဲ့အချိန်တွေ ပုံကုန်ပါ့မယ် ...က်နေ့တွေ မင်းဟိုမှာပဲဝင်စားပါလား၊ ဟိုမှာလည်း မင်းဝင်ချက် ...ပဲ၊ ဒီမှာ တစ်ခါအချိန်ကုန်တာပေါ့၊ မင်းတစ်ယောက်စာနဲ့ဟိုမှာ ...သွားနိုင်ပါဘူး"

နှစ်နှစ်က ကျေးဇူးတင်သော မျက်ဝန်းလေးများနှင့်ကြည့်၍ ...ပါသည်။

"ရှင့်ကို ကျေးဇူးတင်ပါတယ်၊ ခုလို သီးသီးသန့်သန့်ကူညီ ...င်ရွက်ပေးရတာကို နှစ်နှစ်ပိုကျေနပ်လို့ပါ ဒီမှာဖြစ်သလိုစားတာက ...ပ်ထဲမှာသွားရင်းလာရင်း ညှော်သည်နဲ့အကောင်းဆုံးအစားအစာ ...ားနေရတာပဲလေ၊ အိမ်မှာတစ်ခါတလေမှ စားဖြစ်တာ"

ပြောနေရင်း နှစ်နှစ်က မားကိုခပ်စူးစူးလေးကြည့်၍

"နှစ်နှစ်ကြောင့် ရှင်နဲ့ဟိုတစ်ယောက် အဆင်မပြေဖြစ်သွား ...ကို နှစ်နှစ်စိတ်မကောင်းပါဘူး၊ ဒီကိုပြန်လိုက်လာခဲ့ရပေမယ့် ...စ်နှစ်ကိုဟိုတုန်းကထက် မုန်းတီးနေမှာပဲလို့ ထင်ထားခဲ့တာ"

"ဟိုတုန်းက မင်းကိုဘယ်သူက မုန်းနေလို့လဲ"

"ရှင်လေ ရှင် နှစ်နှစ်ကို ဘယ်တုန်းက ကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



"ညစ်ညစ်ပတ်ပတ်နေတာတော့ လုံးဝမကြိုက်ဘူး"

"ဒါထက်ပိုမှာပါ ရှင့်ဒေါသကို နှစ်နှစ်ခံစားမိတယ်"

"ဟုတ်တယ် စွာတာကိုလည်း မကြိုက်ဘူး"

"ဒါဆို အခု နှစ်နှစ်က မစွာတော့ဘူးပေါ့"

"အင်း"

မားက နှစ်နှစ်ကို စူးစိုက်ကြည့်သည်။ နှစ်နှစ်က ပခုံးဆော ကျုံ့ပစ်၍ မျက်နှာလွှဲပစ်၏။ ရင်ထဲမှာ ဗုံးတစ်လုံးကွဲသွားလေသည်

■ ■ ■



## အခန်း (၁၉)

"ဟေး နတ်သျှင်နောင် မင်းသားကြီး"

"မင်းသားကြီးကြွခဲ့ပါဗျို့ ဒီနေ့ သင်္ကြန်အကျနေ့ဖြစ်ပါတယ်၊ ချောက်လည်ဖို့ ပါမစ်ပါ ကျွန်တော်မျိုးတို့ ဝင်တောင်းခဲ့ပါတယ်"

"ဆင်းလာတော်မူပါ နတ်သျှင်နောင်မင်းသားကြီးခင်ဗျား"

ခြံထဲမှာ ကားနှစ်စီးမောင်းဝင်လာသည်နှင့် အော်ဟစ်ဂ^ၵြတွေ ဆူညံပွက်သွားသည်။

သင်္ကြန်ရန့်သင်းနေသည်က ခြံထဲကပိတောက်ပန်းတွေကြောင့် ပြီသည်။

ခေါင်းစွပ်စပို့ရှပ်လက်ရှည်အဖြူနှင့် ဘောင်းဘီရှည်အဖြူဝတ် ထားသည့် မားက တံခါးဝမှာချက်ချင်းရောက်လာကာ

"ငါ့ထင်သားပဲ မင်းတို့ရောက်လာမယ်ဆိုတာ"

"အိုခေ လာကွာ၊ အချိန်ရတုန်း သွားကဲရအောင်"



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်လိုက်တော့ ပိတောက်ပန်းတွေဝေနေအောင် ထိုးထားသည့် ကားအဖြူလေးနှစ်စီး၊ နောက်တစ်စီးပေါ်မှာလည်း လူငယ်တွေအပြည့်။

မိန်းကလေး သုံးယောက်လောက်ပါပေမယ့် သူ့အတွဲလေးတွေနဲ့သူ ကိုယ်စီရပ်နေကြတာမို့ မားသေသေချာချာမကြည့်ဘဲ မျက်နှာလွှဲကာ

"မင်းတို့ကလည်း များလှချေလား"

"အဲဒါ ငါ့ကားကွ၊ သူတို့ငှားထားတာ ဟဲ ဟဲ ဆီဖိုးကာမိတာပေါ့ကွာ၊ မော်ဒန်ခေတ်မှာ အဲဒီလိုမှ"

"ဘာလဲ မိန်းမရမှာလား"

"အေး"

ဝါးခနဲ ဟရယ်ကြသည်။

"ကဲ လာ တက်ကွာ"

"ခဏနေဦး"

သူတို့ကလည်း ကားပေါ်ကမဆင်းကြ၊ မားကလည်း မခေါ်ဘဲ အိမ်ပေါ်ပြေးတက်လာခဲ့၏။

"ဟေ့ မင်းလိုက်မလို့ဆို"

ဘွားဘွားဆောင်မှာ သောက်ဆေးတွေသပ်သပ်စီခွဲပြနေရင်း





င်က သူ့ကိုမော့ကြည့်ကာ

"မလိုက်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"နေပါစေတော့ နှစ်နှစ်အဲဒီလို လူတွေအများကြီးနဲ့ မသွားသလို့ ပြီးတော့ ဘွားလည်းသိပ်နေမကောင်းဘူး"

"အို ဘွားကြောင့်လား၊ ဘွားကဒီလိုပဲဥစ္စာ၊ သွား သွားတို့ပျော်ကြရွှင်ကြတာကြားပြီး ဘွားစိတ်ထဲတောင် ကြည်နူးသွားသေးတယ်၊ သွားသမီး လိုက်သွား"

"ဟို"

"သိပ်မစဉ်းစားမနေနဲ့ကွာ၊ သူများတွေစောင့်နေကြတာ အားနာကောင်းတယ်"

"သွားသမီး လိုက်သွား သင်္ကြန်တွင်းမှာကားတွေက သေချာမဟုတ်ဘူး"

နှစ်နှစ်နေရာမှ ထရပ်လိုက်ပြီးမှ

"ဘွား ဒီဆေးကို မနက်ဆယ်နာရီခွဲသောက်ရမှာနော်၊ ဒါကလည်နှစ်နာရီ"

"ဟောဒါက ညနေခြောက်နာရီ ဘွားသိပါတယ်ကွယ်၊ သွားကြကြ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်နှစ်က ဆေးထုပ်လေးတွေထုပ်ပေးပြီးမှ ဒီဘက်လှည့်သည်။

"သွားမယ်လေ"

"မင်းအဝတ်အစား မလဲတော့ဘူးလား"

"ဟင့်အင်း အပိုထည့်ထားပြီးပြီ ဟိုရောက်မှလဲမှာ"

ပြောပြီး နှစ်နှစ်က အဆင်သင့်ယူလာပြီးသည့် ဆလင်းဘတ်အိတ်အမည်းလေးကို ကောက်လွယ်လိုက်သည်

ထွက်လာကတည်းက မား သွားမည်ဆိုတာနှင့်တစ်ခါတည်းလိုက်ဖို့ ပြင်ဆင်လာခဲ့တာဖြစ်သည်။

ခရမ်းရောင် ဒူးနားချိန်ရိုးရိုးလေးနှင့် စပို့ရှပ်လက်ပြတ်ကော်လံချွန်လေးကိုဝတ်ထားကာ ဆံပင်တွေကို ဒီအတိုင်းဖြန့်ချထား၏။

ဘာဝတ်ဝတ် မဝတ်ဝတ် နှစ်နှစ်က ဖြူဖြူဝင်းဝင်းလေးနှင့် ယဉ်နေသည်သာ။ သူတို့နှစ်ယောက်ထွက်လာတော့ ပွစိပွစိကားဆဲ တွေ ဖုစ်ညစ်ရယ်မောနေကြတာတွေ အားလုံး တိခနဲတိတ်ကျသွားလျက် ပြူးပြူးကြည့်လာကြသည့် မျက်လုံးတွေကြားမှာ နှစ်နှစ်ခြေလှမ်းတော့သည်။

"ဝသန် သူ့ကိုနောက်ခန်းထဲမှာ နေရာလုပ်ပေးလိုက်ကွာ"

မားပြောတော့ ဝသန်တို့လေးယောက် ပျာပျာသလဲ ဖြစ်ကုန်သည်။





"ဟော့ကောင် မင်းကဘယ်မှာထိုင်မလို့လဲ ဒီမှာကိုယ့်လူနဲ့ ကိုယ်ထိုင်လေ"

မားရှေ့ခန်းမှာထိုင်ဖို့ပြင်သည်ကို မိုးယံကဆောင့်ဆွဲ၍ နောက်ကိုတွန်းပို့၏။

"ခွေးကောင် ငါတို့သန့်သန့်လေး အုပ်စုကိုသူပဲ စည်းဖောက်ပြီးတော့"

"ဟော့ကောင်"

မား မျက်နှာရဲခနဲဖြစ်သွားကာ နှစ်နှစ်ကိုလှမ်းကြည့်လိုက်မိ၏။

နှစ်နှစ်က ဘယ်ကိုမှမကြည့်ဘဲ ဆလင်းဘက်အိတ်ထဲကို ဘာတွေ ဖွင့်ရှာနေမှန်းမသိ။

မနေတတ်လို့ အလုပ်မရှိ အလုပ်ရှာနေတာလား၊ တကယ် အလုပ်ရှုပ်နေတာလားတော့ သူကိုယ်တိုင်ပဲသိလိမ့်မည်။

အမိုးဖွင့်ထားသည့်ကားပေါ်မှာ မောင်းသူနောက်မှာ ကပ်လျက်နေရာချထားပေးလျက် မားကဘေးမှာဝင်ထိုင်လိုက်ရ၏။ ဆက်ရပ် ချောင် ဒီကောင်တွေပါးစပ်က ဘာတွေထွက်ကျလာဦးမည်မသိ။

ဝသန် ခါတော်မီနဲ့ မိုးယံ သိုက်အောင်ချွန် တို့လေးယောက် က နောက်တန်းကိုကိုင်၍ မတ်တပ်တွေရပ်လျက်

"ဝေး"



www.burmeseclassic.com

www.burmeseclassic.com



"စား စား"

ခြံထဲက ကားထွက်သည်နှင့် ဝေးခနဲအော်လိုက်ကြသည်။ သင်္ကြန်၏အလှတစ်ခုလား၊ တစ်လမ်းလုံးစကားတွေဖောင်သ… ဝေအောင် ပြောလာကြသမျှ ရန်ကုန်ထဲဝင်ပြီဆိုကတည်းက ကား… ကောင်းကောင်း မောင်းမရတော့။

"အား"

ရေတွေအလုံးလိုက်ဝင်လာသည်။ နှစ်နှစ် မျက်နှာလေးဝှ… ထားရင်း သပ်ချရှောင်ရှားနေရှာသည်။ ထိုးထားသည့်ပိုက်တွေက သူ… ကိုချည်းမဲပက်နေသလား ထင်ရလောက်အောင် ဘယ်ကိုမှရှောင်လို့… မသွားနိုင်။

"အား တော်ပါတော့ မွန်းလှပြီ"

စကားသံကမပီ …လုံးကိုဖွင့်မရ၊ နှစ်နှစ်ကိုယ့်ကိုယ်… အသက်ထွက်တော့မည်ဟုပင် ထင်လိုက်မိသည့်အထိ အသက်ရှူ… အောင် မွန်းကျပ်ပြာဝေလာ၏။

ထိုစဉ် သူမကိုယ်ပေါ်သို့ ခြုံလွှာတစ်ခုကာဆီးကျလာတာ… ခံစားမိလိုက်၏။

ရေအားတွေရပ်တန့်သွားသည်။ လူကနွမ်းခွေသွား၏။ မ… သူမကို စောင်ခြုံပေးလိုက်တာဖြစ်၏။





"ဒီဘက်ကို လှည့်ကာထား"

မားရဲ့အသံကို ဆူညံနေသံတွေထဲမှာကြားရ၏။

"သင်္ကြန်ရက် ထွက်မယ်ဆိုရင် သဘက်စောင်တစ်ထည်တော့ ယူလာမှပေါ့ မသိဘူးလား"

"သင်္ကြန်မှမထွက်ဘူးတာ"

နှစ်နှစ် ရန်မတွေ့နိုင်ဘဲ ငိုသံလေးပါနေသည်။

"သန်းစိုး မောင်းကွာ၊ ရအောင်ထွက်"

"ထွက်လို့မှမရတာကွ"

ကားကရှေ့ဆက်ဖို့ ဘယ်လမ်းကြောင်းမှမရ။

"နီနီလေး နီနီလေး ဒီမှာကိုကိုတို့ရှိတယ် ဒီဘက်ကိုလှည့် …က်ကွာ"

"ဟေး ဒီမှာ ကိုယ်တို့လူပျိုအဖွဲ့ ကားမှာစာရေးထားတာ …တ်ကြည့်နော် လုံးဝရေမရောဘူး"

အများနဲ့ရော၍ ဝသန်တို့လည်းစနောက်နေကြသည်။

ရေပက်နေကြတာတွေက မလျော့။

ကားက တအိအိရှေ့တက်လာသော်လည်း ခေါင်းမဖော်နိုင် …အောင် ပက်နေသည့် ရေကအင်နဲ့အားနဲ့ဖြစ်၏။

"မား မား နှစ်နှစ်သေတော့မယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေး ပြာနှမ်းဖျော့မှိန်နေသည့် နှစ်နှစ်ကို မားသနား သွားကာ လက်မောင်းလေးကို ဒီဘက်ဆွဲယူလျှင် နှစ်နှစ်မျက်နှာလေး သူ့ရင်ခွင်ထဲ တိမ်းကျလာသည်။

ရေကပက်လေ နှစ်နှစ် ပုန်းလေနှင့်တစ်ကိုယ်လုံးကျုံ့ဝင်လာသည့် ကိုယ်လုံးလေးကို သူကိုယ်တိုင်စောင်နဲ့ကာကွယ်ပေးထားရင်း နှစ်ယောက်လုံးစောင်ထဲမှာ ပုဝင်နေသလိုဖြစ်သွားရ၏။

"ဟော့ ဘာဖြစ်နေလဲ"

"ဟင်"

နှစ်နှစ် နဖူးလေးနဲ့သူ့မေးဖျားလေးထိကပ်နေသည်။

စင်းကျနေသည့် မျက်တောင်ထူထူလေးတွေ ပင့်တက်လာကာ သူ့ကိုမော့ကြည့်တော့ နီးကပ်လွန်းသည့်အထိအတွေ့ကြောင့် မနေတတ်မထိုင်တတ်ဖြစ်ကာ နှမ်နှစ်ကိုမကြည့်ရဲတော့ဘဲ မျက်ဝန်းတွေကို ဘယ်ဆီရွှေ့ပစ်ရမှန်းမသိ။

"သတိထားလေ၊ မင်းတော်တော်ပျော့ပါလား၊ သူများတွေ အဲဒါကို ပျော်နေကြတာ"

"ဟင့်အင်း နှစ်နှစ်ကြောက်တယ်"

နှစ်နှစ်က ရင်ခွင်ထဲမှဖယ်ခွာရန် စိတ်ကူးရှိပုံမပေါ်။

မြို့ထဲရောက်ဖို့ အဝေးကြီးလိုသေးတယ်။





သူတစ်ကိုယ်လုံးရေထိမှန်းမသိဘဲ ထူပူနေတာ မား ဘယ်လိုမှ နေတတ်တော့။

"ဟော့ ဟော့ အောက်ကိုငုံ့မကြည့်နဲ့"

"ကြည့်တော့ ဘာဖြစ်လဲကွ"

"သူများ ကြင်နာနေကြတာကို အားမကျနဲ့ မျက်လုံးကို ဆက်ပြန်ရွှေ့"

"ဒါမျိုးဆို ဝါသနာပါတယ်"

"မားစုတ် သေနာ ကြိတ်ပြီး ကောင်းစားနေတာ ဒါလုံးဝ တောရားဘူး"

"အေးလေ သကြိန်ကျမှတွဲခုတ်တာ ဘိန်းစား တွေ့မယ်"

မား ဝသန်တို့အုပ်စုကို စိတ်ထဲကကြိတ်ဆဲနေမိသည်။

ရေမွှန်း၍ မူးမိုက်နေသည့် နှစ်နှစ်လည်း ထိုစကားများကို သတိထားမိသွားပုံပေါ်ကာ မျက်နှာလေးပျက်လျက် ပုံကျနေသည့် သူ့မ ကိုယ်လေးကို ချက်ချင်းခွာပစ်သည်။

မားနှင့်မျက်လုံးချင်းဆုံတော့ နှစ်ယောက်လုံးပြုံးတူ မျက်နှာ သွဲ့လိုက်စဉ် ရေတွေဝေါခနဲသွန်ကျလာသည်။

နှစ်နှစ် မားရင်ခွင်ထဲ ပြန်ရောက်သွား၏။

ရင်တွေခုန်လာသည်က ရေမွှန်း၍မူးမိုက်နေသည်တို့ကို ကျော် လွန်ပြီထင်၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

''မသိဘူးကွာ၊ ဒီထက်ဘာမှပိုပြောစရာမရှိဘူး ဒါပဲ''

''မင်းဟာက နှစ်နှစ်ကာကာ ဆိုတာလေးလောက်နဲ့ပြီး... တဲ့လား၊ ငါတို့မှာ ဂစ်တာတွေကိုသယ်ပိုးပြီး မင်းရှိတဲ့နယ်စွန်နယ်... တောခေါင်ခေါင် စိမ့်စမ်းလျှိုမြောင် ဂနိုင်ရပ်ဝန်းဒေသကြီးကို အရှေ... လာရတာ''

မိုးယံက တစ်ဖွဲ့တစ်နွဲ့ လွန်ကျူးအောင်ပြောတော့ မာ... နှုတ်ခမ်းမဲ့၏။

''ချက်ချင်းလှည့်ပြန်သွားလည်း မလွမ်းဘူး''

ဝသန်က ခြံထဲပတ်ဝန်းကျင်ကို လှည့်ပတ်ရှာဖွေကာ

''တကယ့်ကို မရိုင်းမယဉ်လေးချောတာ ဖူးသန့်နေတာ... မဆိုးဘူးကွ၊ စုနဲ့တော့တခြားစီပဲ၊ မင်းနဲ့စုလမ်းခွဲကြတာ မင်းကခါ...





... စုတော်တော်တင်းနေသတဲ့ ဘာလဲ မင်းက နှစ်နှစ်ကာကာကို ...လိုက်လို့လား''

''ဟော့ကောင်တွေ မဟုတ်ပါဘူးလို့ ပြောနေတာမရဘူးလား၊ ...မဆိုင်ဘူး၊ သူနဲ့ငါဘာမှမဟုတ်ဘူး''

''လုံးဝမယုံဘူး''

''လဲသာသေလိုက်တော့''

''သိပြီးရင်သေမယ် ပြော''

ဝသန်ကဖွတ် မပြောလို့လည်းပြီးမှာမဟုတ်။

တိုတိုရှင်းရှင်း သဘောပေါက်လွယ်အောင် ဘယ်လိုပြောရ မလဲ ...စဉ်းစားရတော့သည်။

''ဟိတ်ကောင် ပြောလေကွာ''

''သူက ငါတို့အိမ်ငှား''

''မဖြစ်နိုင်တာ''

''ပြောတော့လည်း ဘာမှယုံတာမရှိဘူး၊ မမေးနဲ့တော့ ဂစ်တာ ...ယ်''

''အဲဒါက ဂစ်တာထက်စိတ်ဝင်စားဖို့ကောင်းတယ်''

သူတို့တွေ ခြံရှေ့က သစ်ပုတ်ပင်အောက်မှာ ဝိုင်းထိုင်နေတာ ...သည်။ ခုံတန်းတိုလေးရှိပေမယ့် မြက်ခင်းပေါ်မှာပဲ ဝိုင်းထိုင်နေကြ



www.burmeseclassic.com

www.burmeseclassic.com



ရင်း မတူအအေးလာပို့ထားတာတွေကိုလည်း သောက်ရမှန်းမသိ။

သေးကခုံတန်းပေါ်မှာ အအေးပုလင်းတွေက ဒီအတိုင်း။

"မားရာ ရေပက်ခံထွက်တုန်းက နှစ်နှစ်ကာကာကို မင်းနှင့် ကာကာကြီး အကဲပိုနေတာ ငါတို့တွေ့ပါတယ်၊ အဖေချစ် အမေ အားလုံးအဆင်ပြေနေတဲ့ ဖနီးလောင်းလား၊ ချစ်သူလား ပြောစမ်း

"ဘာမှမဟုတ်ဘူး၊ နောက်မှာတိုက်လုံးလေးရှိတယ်၊ အဲဒီ သူတစ်ယောက်တည်း ငှားနေတာ၊ မိန်းကလေးတစ်ယောက်တည်း မို့ မာမီတို့က ကူညီတဲ့သဘောနဲ့ထားတာ၊ အဲဒါကို စုကအမြင်စောင်း ပြဿနာဖြစ်တယ်၊ ခုပြီးသွားပြီ၊ ဒါပဲ မယုံရင် လဲသေလိုက် ဘာ ထပ်ရှင်းပြစရာမရှိတော့ဘူး"

သုံးယောက်သားငြိမ်ကျသွား၏။ ဝဿန်က ဂစ်တာကိုပိုက် လျက် ဒင်ခနဲဒေါက်ခနဲဆွဲခြစ်ရင်း ခေါင်းကိုပါ တဆတ်ဆတ်ညိတ် ၏။ ပြီးမှ

"ဒါဆို အင်း ဒါဆိုဘယ်ပြီးဦးမလဲ၊ ဇာတ်လမ်းက ခုမှစ ပေါ့"

"ဘာလဲ"

ဘာလိုလိုပြန်စလာသည့် စကားကို တိုက်ဖျက်ဖို့ မား မျက်နှာကို အစွမ်းကုန်တည်တင်းထား၍



"ပေါက်ကရတွေ လျှောက်မပြောနဲ့နော်၊ လက်သီးနဲ့မေးဖျား တွေ့သွားမယ်"

"မင်း ချစ်နေပြီ မဟုတ်လား"

"ဝဿန်"

"ဝန်ခံစမ်းပါ မင်းမျက်လုံးကြီးထဲမှာ ဝေနဲ့ရီမီရီ လက်ဆွဲနှုတ် က်တာ ငါတွေ့တယ်၊ ဟောဟော အလယ်မှာ မင်းကရေခဲချောင်း ချောင်းဖို့ ကြိုးစားနေတာ"

မား ဘယ်လိုမှမနေနိုင်တော့ဘဲ ပြုံးလိုက်မိသဖြင့် အခြေအနေ ဘယ်လိုမှ ထိန်းမရတော့သည့်အဖြစ်သို့ ရောက်လေသည်။

"ပြီးတာပဲ ချစ်ရင် ချစ်တယ်ပေါ့"

"ခွေးကောင်"

"တွေ့တယ်မဟုတ်လား၊ လူတစ်ယောက်လုံး ခွေးလို့မြင်သွား ယောက်အောင် စုံလုံးကန်းသွားပြီ အဲဒါ အချစ်"

"အေးလေကွာ၊ နှစ်နှစ်ကာကာနဲ့ဆို မဆိုးဘူး၊ ငါလည်း သဘောတူတယ်"

တစ်ယောက်တစ်ပေါက်ဖြစ်လာကြတော့ မားဘယ်လိုမှတိုး မရတော့ပါ၊ မိုးယံက ခြံနောက်ဘက်ကိုလှည့်ကြည့်လိုက်ပြီး

"အချစ်ဆိုတာ ဆန်းကြယ်တယ်ကွ၊ တစ်စစီတစ်စီ



www.burmeseclassic.com

www.burmeseclassic.com



စုဆောင်းလာပေမယ့် အချစ်ပန်းကလေးဖြစ်ချင်ဖြစ်လာတာ၊ မစုဆော
မသိမ်းဆည်းဘဲနဲ့ ဖြုန်းဒိုင်းဆို ဖွားဖွားစွံ့စွံ့ကြီးဖွင့်လာတာ ကျ
ထိန်းမရ သိမ်းမရတွေဖြစ်ကုန်ရော''

''ဒါမှန်တယ် မင်း စုကိုလက်လွှတ်ဆုံးရှုံးခံနိုင်ခဲ့တယ် မဟု
လား၊ အဲဒါ ချစ်ခြင်း မချစ်ခြင်းရဲ့သဘော''

''ငါသိသားပဲ စုတစ်ယောက်ပြီးတစ်ယောက်တွဲပြနေတာ
ဒီကောင်ပေါက်ကွဲဖူးလို့လား''

ခါတော်မီက ဝင်ပြောတော့ သူမနေနိုင်တော့ဘဲ

''ပေါက်ကွဲရအောင် ငါ့ရည်းစားမှမဟုတ်တာ သူ့လိုမိန်း
လေးကို ငါကြိုးကိုင်လို့ရမှာမှ မဟုတ်တာ''

''ရည်းစားမဟုတ်ပေမယ့် မင်းကိုသူချစ်နေတာလည်း ပါတ
ကွ၊ မင်းကသူ့ကိုဖွင့်ပြောစေချင်တာ၊ ဒီပြင် ယောကျ်ားလေးတွေ
သူ့ကိုအရောပေးချော့မော့စေချင်တာ မင်းကတင်းနေတာကိုးကွ''

မားက ဝသန်ကို စိုက်ခနဲကြည့်၍ မျက်နှာလွှဲပစ်လိုက်သည်

ရင်ထဲမှာတော့ ဝသန်နဲ့စုရဲ့ပုံတွေက ထင်ရှားစွာပါလာခဲ့

''မင်းနဲ့စုက သူငယ်ချင်းအဖြစ်က မကျော်လွန်ကြတော့
လား၊ စုက တစ်ယောက်ပြီးတစ်ယောက်နဲ့ တွဲနေတာ''

''သူက အပေါင်းအသင်းကိုများတာပါကွာ၊ အတွဲမဟုတ်





သူး''

စုနဲ့သူစပြီးရင်းနှီးကာစတုန်းက ကိုးတန်းကျောင်းသားအရွယ်
ယ်တန်းရောက်ပြီဆိုကတည်းက စုက ပေါ်ပြူလာဖြစ်ခဲ့သူ။

တက္ကသိုလ်အတူတူရောက်သွားကြတော့ သူကတစ်ဘက်
သူတို့တွေကတစ်ဘက် သူတို့ဆိုတာက သူငယ်ချင်းမဟုတ် အတွဲမဟုတ်
ဲ ဘာမှန်းမသိတာတွေဖြစ်၏။

ထိုစဉ်ကတော့ မိုးယံတို့ဝသန်တို့ သတိပေးနေတာကို သူ
ိုက်ဖျက်ခဲ့သေးသည်။

စုကိုလည်း တစ်ဘက်ကနေ တားဆီးခဲ့သေးသည်။

''တွဲတာနဲ့ပဲ အတွဲဖြစ်ရရောလား မားရဲ့ ငါဒီလိုပဲ လွတ်လွတ်
်လပ် သွားလာနေတတ်တာ၊ နင်မသိဘူးလား''

စုက ထိုစကားတွေနဲ့ပဲ သူ့ကိုတော်လှန်သည်။

တက္ကသိုလ်ရောက်စက မိုးယံရယ် ခါတော်မီရယ်က မားနဲ့
ရင်းဆုံဆည်းခဲ့ကြပြီး ဝသန်က နောက်မှတွဲဖြစ်ကြတာဖြစ်သည်။

ထို့ကြောင့် မားတို့နဲ့ဝသန်ရဲ့ကြားက ကွင်းဆက်ကို စု
သိမထားမိနိုင်ခဲ့။

''အဲဒါမင်းရဲ့စုလား မား''

သူ့ဆီ စုရောက်လာပြီး တရင်းတနှီးပြောဆိုတွဲသွားကြတာ



www.burmeseclassic.com

www.burmeseclassic.com



မြင်တော့ ဝသန်ကမေးသည်။

"ဘာဖြစ်လို့လဲ"

ဝသန်မျက်လုံးထဲမှာ ထူးဆန်းသောအရိပ်တွေကို မြင်
မားပြန်မေးမိ၏။

"ငါအံ့ဩလို့ပေါ့၊ စုနဲ့ကိုယ်အဆင်ပြေမလိုဖြစ်ဖူးတယ်၊
ယုံလား"

သူ့စိတ်ထဲမှာ ထောင်းခနဲဖြစ်သွားခဲ့သည်။ ဖြစ်နိုင်တာ
သိပေမယ့် ဘယ်လိုမှလက်မခံနိုင်ခဲ့သည်က စုကို သူမျှော်လင့်
ဖြစ်သည်။

ဟိုတုန်းကဆို ဝသန်က အပြောရင့်သလောက် မားနဲ့
အတိုက်အခံအမြဲဖြစ်၏။ ရုပ်ချောတာချင်းလည်းတူသည်၊ စည်
အခြေအရံနဲ့ အရည်အချင်းအားလုံးက မားထက်နိမ့်ကျတာ ဘာမှ
တော့ ဝသန်က ဇာတ်ရှုံမလုပ်ချင်။

မိုးယံနဲ့ခါတော်မီ မားကိုအရေးပေးသလောက် သူက ဂရုမ
စုနဲ့သူငယ်ချင်းကောင်မလေးက မိတ်ဆက်ပေး၍ သိ
ကြောင်း ချစ်သူဖြစ်လုနီးနီးထိတွဲခဲ့ဖူးကြောင်း။

"အဲဒါ သိပ်ကြာတာမဟုတ်ဘူးနော်၊ ငါနဲ့သူတွဲတာ
ငါးရက်လောက်ပဲရှိတာ အားလုံးအဆင်ပြေတယ်၊ ဒါပေမဲ့ ငါက





ရှေ့ဆက်မတိုးဘဲ ဆုတ်ခွာလာခဲ့တယ်"

"ဘာဖြစ်လို့လဲ"

မိုးယံက မားအတွက် စိတ်မကောင်းကြီးစွာနှင့် မမေးဘဲလည်း
နေနိုင်စွာ ဝင်မေးခဲ့ရှာသည်။

"သူက ငါ့ဘစ်ယောက်တည်းဆွဲတာမဟုတ်မှန်း သိလိုက်လို့
ပဲ၊ ရည်းစားတောင် မထားရသေးဘူး၊ နှလုံးသားမှာမိုင်းနပ်စ်ဖြစ်သွား
ရင် ဘယ့်နှယ်လုပ်မလဲ မင်းနဲ့မငြိသေးဘူး ဆိုရင်တားမလို့ အလား
အလာ သိပ်မကောင်းဘူးနော်"

"သိပ်မကြာနဲ့ ဟိတ်ကောင် ကျွန်ုပ်ဆုတ်ခွာလာခဲ့ရတယ်ဆို
ည်း အချင်းချင်းတွေပဲ ဝန်ခံလုက်စမ်းပါ စုက သူ့ရဲ့သူငယ်ချင်း
သူလေးတွေ ဘယ်သူတွေနဲ့ဘယ်လောက်တွဲတွဲ သူ့မှသူ"

ဝသန်နဲ့သာတူညီမျှခံစားလို့မရကြသေးသည့် အချိန်ပုန်းက
အားလုံးက ဝသန်ကို မားအတွက်မခံနိုင်စွာ မကြာခဏ စကားစစ်ခင်း
ကြသည်။

စုနဲ့ပတ်သက်၍ ဝသန်က အထင်မြင်သေးစွာ။

မိုးယံတို့က မားအတွက် သဝန်တို၍ အခြေအတင်တွေဖြစ်
ကြရင်း

"မယုံရင် ကိုယ်လိုက်ပြမယ် ကွယ်ရာမှာ မဟုတ်ဘူးနော်၊



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တင်မှာပဲပြမှာ ကြည့်နေလိုက်''

ဝဿန်က တကယ်ပြန်စသည့် စုကခေါင်းမခါ

မားရင်ထဲမှာ ရှက်တာရော မခံနိုင်တာရော အဆိပ်ရှိသည့်
သတ္တဝါပေါင်းများစွာ အကိုက်ခံနေရသလို သေမသွားတာကလည်း
ဒုက္ခကြီးလှ၏။

နောက်ဆုံးကျမှ ဝဿန်ကိုယ်တိုင်နောက်ဆုတ်လိုက်၏။

''မင်းကို ငါကိုယ်ချင်းစာတယ်မား။ စုက ငါ့ကိုရှေ့ဆက်တဲ့
လိုတုန့်ပြန်လာမယ်ဆိုတာ မသေချာပေမယ့် ငါမကြိုးစားတော့ဘူး
ဘာဖြစ်လို့လဲဆိုတော့ သူငယ်ချင်းရေ ငါစည်းစောင့်မှုဖြစ်မယ်''

ဝဿန်က ထိုအချိန်မှ မားကိုခင်ခင်မင်မင်ဖြစ်လာခဲ့၏။

စုက ဝဿန်နဲ့မားတို့ သူငယ်ချင်းတွေမှန်းသိလာတော့လည်း
အမူအယာ တစ်ချက်မှမပျက်ခဲ့ပါ။

''ဝဿန်နဲ့နင်သိလား စု''

စုက ဘာမှမသိသလို လှည့်ကြည့်၏။

''သိသားပဲ ဘာဖြစ်လို့လဲ''

ဖြေလိုက်ပုံက သူ့ကိုပဲ ပြန်တောင်းပန်ရတော့မလို မျက်နှာ
မှင်မောင်းကားလှသည်။

ဝဿန် ကိုင်ထွက်သွားသည့် ပန်းကို စုလက်ထဲမှာသာ မ...





...ချင်

ပူးသီးကြော်ဆိုင်မှာ အချဉ်ရည်ပေသွားသည့် စုလက်ကို ကိုင်၍
...သန်ကတစ်ရှူးနဲ့တယုတယသုတ်ပြတာ သုတ်ပေးပြီးသည့်တိုင်
...တ်ဘဲထားခဲ့တာ၊

ဒါတွေကိုသာ ကိုယ်တိုင်မမြင်ခဲ့ရလျှင်

မား ဘာမှဆက်မမေးဖြစ်ခဲ့တော့ပါ။ ထို့နောက်ပိုင်းမှာ စု
...ပေါ်သူ့ဆက်ဆံရေးက အများကြီးအေးစက်ပြောင်းလဲသွားခဲ့တာ
...ကိုယ့်ကိုယ်ကို သတိထားမိခဲ့သည်။

စု တစ်ယောက်တွဲလာပြန်ပြီဆို သူတစ်ခါရင်နင့်ခဲ့သည့်
...ည်းမဟုတ်ဘူး ဟုတ်တယ်ဆိုတာကို မမေးဖြစ်တော့ဘဲ သတိပေး
...လိုက် ရန်ဖြစ်လိုက်။

စုကို သူမတွဲဘဲလည်း မနေနိုင်။

''ဖေချကြီး ဖေချကြီး''

တချို့က ကစ်ပြောသွားကြ၏။

ဖေချကြီးဆိုတာ ဒေါ်ကြည်ကြည်မွှေးတို့ခေတ်က မင်းသား
...မှန်းသူသိသည်။ သူ့ကို ဘာဖြစ်လို့ ခေါ်ကြမှန်းမသိ။

သိလာသည့်အချိန်မှာ စုကို ခပ်ခွာခွာနေဖို့ ကိုယ့်ကိုယ်ကို
...ပေးရသည်။ စုနဲ့ပတ်သက်၍ ဝဿန်နဲ့ဖြစ်စဉ်များက ဘယ်တော့



www.burmeseclassic.com

www.burmeseclassic.com



မှ ပျောက်ပျက်သွားလိမ့်မည်မဟုတ်သလို စုကို ချစ်ရေးဆိုဖို့ ကြိုးစာ
ဖြစ်သည့်အတိုင်းလည်း သူဘယ်တုန်းကမှ အားမထုတ်ခဲ့ဘူးပါ။

သူ့ရင်ထဲမှာ ကြိတ်ခံစားနေရတာကိုသိ၍ သူငယ်ချင်းတွေက
တော့ ဖွင့်ပြောလိုက်ဖို့ ဝိုင်းဝန်းတိုက်တွန်းကြသည်။

"ကိုယ့်ချစ်သူဖြစ်သွားရင် ပြီးပြီပေါ့"တဲ့ ။

မား ဒီနေ့ထိ စုအပေါ်စကားလုံးလေးတောင်မှ မငြိစွန်းခဲ့ဘ
အံ့သြစရာတော့မဟုတ်။

"ရင်ပူနေပြီလား ရော့ အအေးသောက်"

အတွေးလွန်နေသည့် သူ့ရှေ့မှာ အအေးပုလင်းကြီးပွတ်တိုက်
မတတ်တိုးဝင်လာမှ ပစ္စုပ္ပန်ကိုသတိရသည်။

ဝသန်က နှုတ်ခမ်းမဲ့၍ သူ့ကိုမျက်လုံးစွေကြည့်၏။

"ရောဂါ ရောဂါ ဘာလဲ စုအကြောင်းပြောလို့ စိတ်က ရော
ရောက်သွားတာလား၊ ငါပြောခဲ့တယ် မား မင်းရဲ့စုနဲ့ နှစ်နှစ်ကာ
တန်ဖိုးချင်းတော့ ကွာလိမ့်မယ်ကွ"

"လာပြန်ပြီ"

"ဟုတ်တယ် နှစ်နှစ်ကာကာရဲ့ မျက်လုံးထဲမှာ ယောကျ်ား
ကို သိပ်မမြင်တတ်တာ ငါအကဲခတ်မိတယ်၊ စုက အိမ်မှာမိန်းမိန်
များများမျိုးဖို့ အလိုက်သိတတ်တဲ့ အိမ်မွေးကြောင်လေးနဲ့တူတယ်"





"စော်ကားပြီ"

"ဟုတ်တယ် နှစ်နှစ်ကာကာက လူတွေကြားမှာ မနေရဲတဲ့
ယုန်လေးလိုဖြူစင်တယ်"

ဝသန်က ဂစ်တာကို ဒရမ်းခနဲဆွဲညှစ်ချလိုက်ပြီး

"ငါတို့သမိုင်းလမ်းဆုံမှာ မုန့်ဝင်စားကြတုန်းရေပက်တဲ့ကောင်
တွေရောက်လာတော့ မင်းရဲ့ နှစ်နှစ်ကာကာ မင်းလက်မောင်းကို ဖမ်း
ဆုပ်ပြီး ကတုန်ကယင်ကြောက်သွားတာ တကယ့်ချစ်စရာလေး"

မား မျက်နှာညှိုတက်လာ၏။ ဝသန်က ဖျတ်ခနဲလှည့်ကြည့်
လိုက်ပြီး

"သဘောပြောတာ သဘော ဟဲ ဟဲ မင်းကလည်း ဘာမှ
မဟုတ်သေးဘူးလည်း ဆိုသေးတယ်၊ မျက်နှာကြီးက နောက်ချေးပုံ
ပေါ်အပ်ကျသွားတာကျနေတာပဲ"

"ဟ ငါသတိရပြီ"

ဖျောက်ခနဲလက်ဖျစ်တီး၍ ခါတော်မီက ဖင်ရွှေ့တိုးထိုင်ကာ

"နှစ်နှစ်ကာကာကို ဘယ်မှာမြင်ဖူးမှန်းမသိလို့ ငါတွေးနေတာ
သတိရပြီ"

"ဘယ်မှာမြင်ဖူးတာလဲ"

မိုးယံက မေး၏။



www.burmeseclassic.com

www.burmeseclassic.com



''ဦးကျော်စိုးမင်းအိမ်မှာ ငါတွေ့ဖူးတယ်ကွ၊ ဟုတ်တယ် အန်ကယ်က ငါ့ကိုမိတ်ဆက်ပေးသေးတယ်၊ အဲဒီတုန်းက သူက ငါ့ကို ဘစ်ချက်ပဲမော့ကြည့်ပြီး ခေါင်းလေးဆတ်ရုံဆတ်ပြပြီး ပြန်ငုံ့သွားတော့ မမှတ်မိလိုက်တာ၊ အန်ကယ့်ဆီမှာ သူက ဘေးကနေဝိုင်းကူလုပ်ပေး နေတာကွ၊ အန်ကယ်ကပြောတော့ သူ့တပည့်တဲ့''

''မင်း အန်ကယ်က ဘာလုပ်တာလဲ၊ မျက်လှည့်ဆရာလား နှစ်နှစ်ကာကာက မြွေဆိုးထိန်းလား''

''ပြောတာ နားမထောင်ဘူး၊ အန်ကယ်တို့က နိုင်ငံခြား ဗီ ရုံးမှာ လင်မယားနှစ်ယောက်လုံးလုပ်တာကွ၊ ပြီးတော့ နိုင်ငံခြားမှာ အလုပ်လုပ်ဖို့သွားချင်တဲ့လူတွေကို စီနီယာနဲ့ထည့်ပေးနေတာ ရာဇ ကြီးတယ်''

''လူရောင်းလူဝယ်ပေါ့ စာလုံးမည်းကြီးနဲ့''

ခါတော်မီက ပါးစပ်နဲ့မပြောတော့ဘဲ လိုက်နောက်နေသည် မိုးယံနဖူးကို ပိတ်ထုချလိုက်ပြီး

''အန်ကယ်က နာမည်ပြောတာမဟုတ်ဘူး၊ 'ငါ့တပည့်'ဆေ လာဝိုင်းကူတာ လို့ပဲ အမှတ်တမဲ့ သူ့ကိုကြည့်ပြီးပြောတော့ ငါလည်း ဆံပင်လေးတွေလှလို့ သတိထားမိသွားတာ''

''ရပြီ ဒီလောက်ဆို လူလေး နတ်ပြည်ကိုသွားတော့''





မိုးယံဝင်ပြောပြန်သည်။ လှုပ်ပြက်ပြက်ထားသည့် စကားလုံး သတိရသွားကြ၍ ဒီတစ်ခါ အားလုံးပြုံးလိုက်မိကြတော့ မား စိတ်တွေ လည်ကြည်လင်လာ၏။

''စိတ်ကူးမလွဲနဲ့ မား တစ်ကောင်ကြွက် အဆောင်အယောင် လေးဆိုပေမယ့် သိက္ခာပြည့်တယ်၊ ကြိုးစားထားနော်၊ တစ်ယောက် တစ်ယောက်နဲ့လွဲနေရင် သမိုင်းညစ်သွားနိုင်တယ်''

တစ်ယောက်တစ်ပေါက် ပြောနေကြတုန်း ဝဿန်က ဂစ်တာ မြက်ခင်းပေါ်ဖျတ်ခနဲပစ်လိုက်ပြီး

''မင်းသူ့ကို တကယ်စိတ်မဝင်စားဘူးလား''

မား မျက်ခုံးတွန့်ခနဲ ကွေးသွား၏။ ဝဿန်က သဘောပေါက် သည်။

''မင်းက ဆံ့အတတ်လွှန်းလို့ လက်နှေးမှာစိုးလို့ သတိပေးတာ ကောင်းတဲ့ကောင်တွေ သူ့ကိုတွေ့သွားရင်တော့ မင်းကျန်ခဲ့မှာပဲ''

အမှတ်တမဲ့နေခဲ့မိသော နှစ်နှစ်ကာကာသည် မိုးယံတို့အုပ်စု ကြောင့် သို့မဟုတ် ဝဿန်၏ စကားလုံးများကြောင့် မားရင်ထဲထိ အောက်ဝင်ရောက်လာခဲ့တော့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ညနေ ငါးနာရီကျော်နေပြီ။ တဖွဲဖွဲကျနေသည့် မိုးက ခပ်သည်း[illegible]သည်းဖြစ်လာ၏။

မား ဆိုဖာပေါ်မှထကာ ပြတင်းနားမှာရပ်၍ ခန်းစီးစကို ဆွဲ[illegible]ကြည့်သည်။

ခြံရှေ့ အဝေးပြေးလမ်းမကြီးကို သစ်ပင်များကြားမှ တ[illegible]တစ်စမြင်နေရ၏။

မိုးစက်တွေကြားထဲမှာ လမ်းမကြီးက စင်ကြယ်ဝင်းပြော[illegible]သော်လည်း တိတ်ဆိတ်ခြင်းက မားရင်ထဲကိုကျက်သရေကင်းမဲ့[illegible]များနှင့် လှမ်းကြည့်နေခြင်းနှယ် ။

ခါတိုင်းဆို နှစ်နှစ် ဒီအချိန်ပြန်ရောက်နေပါပြီ။





ငါးနာရီလောက်ဆို အိမ်ပေါ်ရောက်လာနေကျ အဝတ်အစား[illegible]ဘာ နားတာနဲ့ဆို ခါတိုင်းလေးနာရီသာသာလောက်ပြန်ရောက်တာ[illegible]သည်။

တစ်ခါတလေဆို သုံးနာရီကျော်ကျော်မှာပင် ပြန်ရောက်လာ[illegible]တာ တစ်ခါမှ ယခုကဲ့သို့ နေစောင်းအောင်မကြာခဲ့ဖူး။

"ကိုလေး ထမင်းစားတော့မလား"

"မစားသေးဘူး ဘွားဘွားကိုကျွေးပြီးပြီလား"

"မစားသေးဘူးတဲ့ ဘွားဘွားယုက မနှစ်ကိုစိတ်ပူနေတာ[illegible]င်ဆို ဒီလိုနောက်မကျဖူးဘူးတဲ့"

မတူးထွက်သွားတော့ မား ဘယ်လိုမှထိုင်နေလို့မရတော့။

ငါးနာရီခွဲကျော်သည်နှင့် ကားသော့ယူ၍သူထွက်ခဲ့သည်။

"ဘွားဘွားကိုသွားပြောလိုက်ဦး ငါနှစ်နှစ်နောက်ကို လိုက်သွား[illegible]လို့"

"ကိုလေး မနှစ်က လိုင်းကားနဲ့လာတာ ကိုလေးနဲ့လွဲနေမှာ[illegible]

"နင် မရှုပ်ပါနဲ့"

တစ်နေကုန် နေမထွက်ဘဲ အုံ့မှိုင်းညှိုးမည်းနေသည့် ရာသီဥတု[illegible]အချိန်ထိ စောင့်ထွက်မည့်ကားမရှိနိုင်တော့တာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတောင်မှ ငါးနာရီခွဲပြီးဆယ်မိနစ်ပဲ ရှိသေးသည်။ ပတ်
ကျင်က မှောင်ရိပ်သမ်းနေပြီ။

မား ကားကိုမီးဖွင့်မောင်းရသည်။ လမ်းမှာကားတစ်စီးမှ မ
ရဘဲ စက်ရုံဟောင်းကြီးနားရောက်တော့မှ ရှေ့မှာတက္ကစီမောင်းလာ
ကိုတွေ့လိုက်ရ၏။

ထိုကားပေါ်မှာ နှစ်နှစ်မှလွဲ၍ တခြားမဖြစ်နိုင်။

မား တပ်အပ်တွက်ဆကာ တက္ကစီနားရောက်တော့ ကာ
ခေါင်းထိုး၍ရှေ့ကနေပိတ်ရပ်လိုက်၏။

တက္ကစီရပ်သွားတော့ တံခါးထဲက ခေါင်းတစ်လုံးထွက်လာ

"ဘယ်လိုလုပ်တာလဲဗျ"

ကားသမားအသံက ငေါက်ဆတ်ဆတ်။

မား ကားပေါ်ကဆင်းကာ တက္ကစီနားထိလျှောက်လာ
သူထင်သည့်အတိုင်းပင် မိုးရေထဲဆင်းလျှောက်လာသည့် သူ့ကို
ဘဲ အံ့ဩစွာ နှုတ်ခမ်းလေးပွင့်အောင်ငေးနေသည့် နှစ်နှစ်က မ
မယှက်လေး။

မားက တံခါးကို ဆွဲဖွင့်ပစ်လိုက်ကာ

"ဆင်းလေ ဘာလုပ်နေတာလဲ"

ဒီတော့ နှစ်နှစ်ကမန်းကတန်းလေး ပိုက်ဆံထုတ်၍ ကား





မားကိုပေးပြီးဆင်းလိုက်သည်။

ကားပေါ်ရောက်တော့ နှစ်နှစ်ထက်မိုးရေထဲမှာ နှစ်ခေါက်
လျှောက်သည့်သူ့မှာ မိုးရေတွေပိုရွှဲ၏။

"ရှင့်မှာ မိုးရေတွေရွှဲကုန်ပြီ ရော့"

နှစ်နှစ်ဘာလုပ်ရမှန်းမသိဘဲဖြူဖွေးနေသည့် လက်ကိုင်ပဝါ
လေးကို လှမ်းပေးတော့ မားက ကားမောင်းရင်း ငဲ့ကြည့်ကာ

"ဘာလုပ်ရမှာလဲ အဲဒါ"

"ခေါင်းကရေတွေနဲ့ဆိုတော့ ဒုက္ခရောက်မှာပေါ့"

"ဘာမှဖြစ်မသွားဘူး လုပ်မနေနဲ့"

နှစ်နှစ်က တွေခနဲဖြစ်သွားကာ မားကိုဘာမှမပြောတော့ဘဲ
ခေါင်းစည်းကိုဖြုတ်၍ သူ့မဆံပင်တွေကိုပဲ ထိုက်လက်ကိုင်ပဝါနဲ့စည်း
ရင်း

"ရှင် ဘယ်ကိုသွားမလို့လဲဟင်"

"ဘာ"

ကားဦးက ဝေ့ခနဲခါသွား၏။

"မင်းကိုခရီးသွားဟန်လွဲတင်ခေါ်လာတယ်များ ထင်နေ
သလား"

အလကားနေရင်း ဒေါသတကြီးနေရသလား ဟူသော မျက်



www.burmeseclassic.com

www.burmeseclassic.com



ဝန်းလေးများနှင့် နှစ်နှစ်က ခပ်စူးစူးလေးပြန်ကြည့်၍

"ဟုတ်တယ်လေ၊ ထင်လို့မေးတာပေါ့၊ ဒါမှမဟုတ် ဘွားဘွားက စိုးရိမ်လို့လွှတ်လိုက်တာလား"

ကားက လမ်းမပေါ်မှာပဲ တုန့်ခနဲရပ်သွား၏။

"ငါက စိုးရိမ်လို့လိုက်လာတာလို့ရော မင်းမတွေးမိဘူးလား"

"ဟင်"

နှစ်နှစ် မျက်လုံးလေးဝိုင်းသွား၏။ သန့်စင်ချောမွတ်နေသည့် မျက်နှာကိုငေးကြည့်ရင်း စုဆိုသော မိန်းမချောလေးလေးတစ်ယောက်ကို သတိရလိုက်ကာ ချက်ချင်းမျက်လွှာချပစ်လိုက်၏။

"နှစ်နှစ်"

သူခေါ်တာကိုသိရှိကြောင်း မေးလေးပင့်လိုက်မိသော်လည်း နှစ်နှစ်သူ့ကို မကြည့်မိအောင်နေသည်။

"မင်း ငါ့ကိုကြည့်စမ်းပါ"

မျက်လုံးချင်းဆုံဖို့ နှစ်နှစ်အားထုတ်နေရဆဲမှာပင် ပေါင်ပေါ် တင်ထားသည့် လက်ခုံနုနုလေးကို မားက ထွေးဆုပ်ဆွဲယူလိုက်ကာ

"မင်းကို ကိုယ်ချစ်တယ်"

မရိုးသားတော့ဘူးဆိုတာ သိသော်လည်း ပြောလာမည်မထင် ကြားလိုက်ရတော့လည်း နှစ်နှစ်ကိုယ်လုံးလေးပင် တုန်သွား





လေသည်။

ထိုအချိန်မှာ မိုးတွေဝေါခနဲသွန်ချလာတာ သည်းသည်းမည်းမည်း။

"မင်းခုလို သွားလာနေတာကို ဘယ်လိုမှစိတ်မချတော့ဘူး၊ နောက်နေ့ကစပြီး ကိုယ်အကြိုအပို့လုပ်ပေးမယ်၊ ဒါမှမဟုတ်ရင် ဒီအလုပ်ကိုမလုပ်ပါနဲ့တော့ မင်းကို ကိုယ်လက်ထပ်မယ်"

နှစ်နှစ်က မားကိုင်ထားသည့်လက်တစ်ဖက်ကို ပြန်ရုတ်လိုက်ပြီး မျက်လွှာချပစ်သည်။

"ရှင် နှစ်နှစ်ကို စိတ်ပူတယ်ဆိုတော့ ကျေးဇူးတင်ပါတယ်၊ ချစ် ချစ်တယ်ဆိုတော့လည်း ဂုဏ်ယူပါတယ်၊ ကိုယ့်ကိုမုန်းနေတယ်လို့ထင်ရလောက်အောင် ခက်ထန်ခဲ့တဲ့သူက ချစ်လာတဲ့အထိ နှစ်နှစ်ကိုယ့်ကိုယ်ကို မထင်ခဲ့တာ တကယ်ပါ ဒါပေမဲ့"

"ဘာဖြစ်လဲ"

"ရှင်နောက်ကျသွားပြီ"

"ဘာ ဘယ်လို"

"နှစ်နှစ်အထက်က အရာရှိတစ်ယောက် ကမ်းလှမ်းတာကို နှစ်နှစ်လက်ခံလိုက်ပြီးပြီ"

မား ဘယ်လိုမှမယုံနိုင်ပါ။ သူ ဒီလောက်ထိ ကံဆိုးသလား။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ရေးမှာ သူဟာ ဒီလောက်ထိ အဖြစ်မရှိခဲ့ဘူးလား။

"မင်း တကယ်ပြောနေတာလား နှစ်နှစ်"

"ဒါ နောက်စရာမဟုတ်ဘူး မားရယ်၊ သူချစ်ရေးဆိုနေခဲ့တာ ကြာပြီ နှစ်နှစ်သူ့ကိုမစဉ်းစားခဲ့ဘူး၊ ဒါပေမဲ့ ခုလို အဘက်ဘက်က အထီးကျန်ခြင်းတွေဖြစ်တဲ့အခါ နှစ်နှစ်အတွက် အရိပ်တစ်ခုက လိုအပ် လာပြီလေ၊ အဲဒါ နှစ်နှစ်အားကိုးရာတာမဟုတ်ဘူး၊ အကာအကွယ်ယူ တာပါ"

"မင်း သူ့ကိုမချစ်ဘဲ ရွေးချယ်ခဲ့တာလား"

"ဟုတ်တယ်၊ သူကရွေးသင့်ရွေးထိုက်တဲ့ယောကျ်ားလို့ ယူဆ လို့လေ၊ သူ့မှာလည်း နှစ်နှစ်လိုပဲ မိဘဆွေမျိုးမရှိတော့ဘူး၊ အဲဒါက နှစ်နှစ်လိုချင်တဲ့ ပထမအချက်ပဲ၊ မင်းရဲ့မိန်းမက ဘယ်လို၊ ဘယ်အဆင့် အတန်း စသဖြင့် လက်ညှိုးထိုးဝေဖန်လာမယ့် ပါးစပ်ပေါက်တွေကို နှစ်နှစ်မလိုချင်ဘူး၊ သူဆုံးဖြတ်တဲ့အတိုင်း သူလုပ်နိုင်တဲ့ယောကျ်ားမျိုး ပေါ့၊ သူ့မှာရာထူးရှိတယ်၊ သင့်တင့်တဲ့စည်းစိမ်ဥစ္စာရှိတယ်၊ နှစ်နှစ် ဒါတွေကို မက်လို့မဟုတ်ပေမယ့် နှလုံးသားကိုစွန့်လွှတ်ပြီး ဦးနှောက် နဲ့ရွေးလိုက်ရတဲ့အတွက် အားလုံးကိုထည့်စဉ်းစားတဲ့ သဘောပါ"

နှစ်နှစ်ရဲ့လေသံလေးက တည်တည်ငြိမ်ငြိမ်လေးဖြစ်လာပေ မယ့် မားရင်ထဲမှာတော့ ပူလောင်ကြေကွဲနေခဲ့သည်။





ဘယ်တုန်းကမှ မခံစားဘူးခဲ့သော ရင်နာခြင်းက တစ်ခုခုကို ...ဒိုင်းပေါက်ကွဲပစ်လိုက်ချင်မိ၏။

"တိုက်တိုက်ဆိုင်ဆိုင် သူလည်းဒီနေ့ပဲ နှစ်နှစ်ကိုပို့ပေး၊ ...ပေးဖို့ခွင့်တောင်းတယ်၊ နှစ်နှစ်ဘာမှမပြောခဲ့ဘူး ရှင်နဲ့ဘွားဆီမှာ ...တောင်းသင့်တယ် ထင်လို့ပါ၊ နှစ်နှစ်လို သူများနောက်ဖေးမှာ ခိုကပ် ...တဲ့မိန်းကလေးတစ်ယောက်က ယောကျ်ားတစ်ယောက်နဲ့ တွဲသွား ...ပြန်နေတယ်ဆိုရင် အထင်မြင်သေးစရာတွေဖြစ်လာမှာစိုးတာ သူက ...နှစ်လက်ထပ်မယ့်သူဆိုတာ အသိပေးရင်းနဲ့သူ့အကြိုအပို့လုပ်ပေးမှာ ... ခွင့်တောင်းချင်တာ"

မား စတီယာရင်ကို ဖိဆုပ်၍ နှုတ်ခမ်းတွေကို တင်းတင်းစေ့ ...သည်။

မိုးသည်းသည်းထဲမှာ နှလုံးသားတစ်စုံဟာ အရည်ပျော်ကျ ...သည့် ရွှံ့တုံးတစ်တုံးနှယ်။

ကိုယ့်နှလုံးသားဟာ တကယ်ပဲ ရွှံ့တုံးတစ်တုံးလို တန်ဖိုးမဲ့ပါ ...ား နှစ်နှစ်ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"သြော် ဟုတ်လား၊ ကောင်းပါတယ်၊ ဒီလိုပွင့်လင်း

ခွင့်တောင်းတာကို ဘာမှမကြည်ဖြူစရာမရှိပါဘူး မြေးရယ်၊ မြေးအ

ဘွား ဝမ်းသာပါတယ်"

သူပြောတဲ့အတိုင်းဆို ကောင်လေးက တင့်တင့်တယ်

လေးပဲ။

နှစ်နှစ်အတွက် ဒေါ်ယုယဝမ်းသာမိပါသည်။ သို့သော် အ

ခိုနားဖို့ရာ အရိပ်တစ်ခုရလျှင် ဒီမိန်းကလေး ဒီကထွက်သွား

မှာပါလားဆိုသည့် အသိကချက်ချင်းဝင်ကာ မျက်နှာပျက်ယွင်း

အောင် ကြိုးစားထိန်းချုပ်နေရသည်။

နှစ်နှစ်ကို ဒေါ်ယုယ ကိုယ့်သွေးသားလေးကိုပဲ ချစ်

ဒါပေမဲ့ သွေးသားမတော်စပ်တာက တစ်ကြောင်း၊ ကိုယ့်မှာမြေး





လေးရှိတော့ မသင့်တော်တာကတစ်ကြောင်းမို့ မြေးလို့ခေါ်ချင်ပေမယ့်

မခေါ်ဖြစ်ခဲ့။

ခုကျမှ လိပ်ပြာသန့်သန့်နဲ့မြေးလို့ခေါ်ဖြစ်ရင်း စိတ်မကောင်း

ဖြစ်တာကြောင့် ပြုံးထားရသော်လည်း မပီပြင်နိုင်။

"ဒါဆို မြေးတို့က မကြာခင် လက်ထပ်ကြမှာပေါ့"

"သူကတော့ လက်ထပ်ဖို့ပြောတယ်ဘွား၊ နှစ်နှစ်ဘက်က

အဆင်သင့်မဖြစ်သေးလို့ပါ ရည်ရွယ်ထားတာတွေလည်း ဖြစ်မလာသေး

ဘူးလေ၊ လောလောဆယ်တော့ လက်ထပ်ဖြစ်မှာမဟုတ်ပါဘူး လာ

ဘွား လက်သည်းခြေသည်းတွေရှည်နေပြီ နှစ်နှစ်ညှပ်ပေးမယ်"

နှစ်နှစ်က ဒေါ်ယုယရှေ့မှာ ဝပ်ဝပ်ကလေးထိုင်ကာ ဂရုတစိုက်

ညှပ်ပေးသည်။

"မနှစ်ရေ ဖုန်းလာနေတယ် မိုးသက်ငြိမ်တဲ့"

"ဟင်"

နှစ်နှစ် ဒေါ်ယုယကိုကြည့်၍

"ဘွား နှစ်နှစ် ဒီကဖုန်းနံပါတ်ကိုပေးထားလို့ ဆက်ခွင့်ပြု

ပါနော်"

"သွားဆက်လေ သွား"

နှစ်နှစ်ကတော့ ဘာပဲခွင့်တောင်းရတောင်းရ မျက်နှာပူမိတာ



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပင်။ ဘွားမျက်နှာမှာ သူမကိုချစ်ခင်တွယ်တာမှုများနှင့်ဆုံးရှုံး
မှာ နှမျောနေခြင်းတွေကို မြင်နေရ၏။

ပြီးတော့ မား။

မားရဲ့သဘောကို သိလိုက်ရကတည်းက တက်ကြွနေခဲ့သည့်
နှစ်နှစ်ရဲ့စိတ်တွေ လေးလံထိုင်းမှိုင်းနေခဲ့တာ ဘာကြောင့်မှန်းမသိ။

မားကလည်း အရင်လိုမဟုတ်ဘဲ ခပ်ရှောင်ရှောင်နေသည်။
နှစ်နှစ်ကိုယ်တိုင်လည်း မျက်နှာချင်းမဆိုင်ချင်သလိုဖြစ်နေမိသည်။

မား မာနကြီးတာ နှစ်နှစ်သိသည်။ ပြောပြီးမှ ရှုံးနိမ့်လိုက်
ခြင်းကို သူရှက်နေလိမ့်မည်။ နာကျင်ကြေကွဲနေလိမ့်မည်။

ဒါပေမဲ့ အချစ်ဆိုတာ တစ်ဖဲ့စီတစ်ရွဲ့စီခွဲဝေပေးလို့ရသည့်အ
မဟုတ်သလို အချစ်နဲ့မသက်ဆိုင်ပါသော်လည်း သူမပေးခဲ့ပြီးသ
ကတိတစ်ခုကိုလည်း ဘယ်လိုမှဖျက်လို့မရနိုင်တော့ပါ။

သူမနဲ့ပတ်သက်သော မျှော်လင့်ချက် ရည်မှန်းချက်များန
မိုးသက်ငြိမ်ဘက်ကလည်း ရင်းနှီးစွန့်စားထားခဲ့တာတွေ။

"ဟလို ကိုသက်"

"စောင့်လိုက်ရတာ နှစ်နှစ်ရယ်၊ အလုပ်တွေသိပ်လုပ်နေ
လားဟင် ဖုန်းစောင့်ရင်း ကိုယ်တွေးမိပြီး စိတ်မကောင်းဘူးကွာ"

"မဟုတ်ပါဘူး ကိုသက်ရယ် ဖုန်းက အောက်ထပ်မှာ နှစ်နှ





ပါ်ရောက်နေလို့ ကိုသက် နောက်ဆို ဟန်းဖုန်းကိုပဲခေါ်နော် ဒီမှာ
းအိမ်ဆိုတော့ မကောင်းလို့ပါ"

"အင်း ကိုယ်တမင်ဆက်ကြည့်တာပါ"

နှစ်နှစ်စကားပြောနေတုန်း မားခြံထဲတက်လာတာနှင့်မျက်နှာ
ဆိုင်မိလိုက်၏။

မျက်လုံးချင်းဆုံမိသည်နှင့် နှစ်နှစ်မျက်လုံးလေးဝိုင်းသွားကာ
ကြာတွေအားလုံး ပြတ်တောက်သွားသလို ကြားလည်းမကြား တော့
ပြောဖို့လည်း မေ့သွား၏။

မားသည် ခြေစုံရပ်ပစ်လိုက်ပြီး နှစ်နှစ်မျက်နှာလေးကို စူးစိုက်
သည်။

တည့်တည့်ကြီးကြည့်နေတာမို့ နှစ်နှစ်လက်ထဲကဖုန်းကိုပဲ
ချရတော့မလိုလို ပူထူနေမိဆဲ။

"နှစ်နှစ် နှစ်နှစ်"

"ရှင် ရှင် ကိုသက်"

"ကိုယ်ပြောနေတာ ကြားရဲ့လား"

"ဟုတ် ဟင့်အင်း"

"နှစ်နှစ် ဘာဖြစ်နေတာလဲကွာ၊ မနက်ဖြန်အလုပ်နားတဲ့ရက်
တို့ဘုရားဖူးကြရအောင် ကိုးနာရီလောက်ကိုယ်လာခေါ်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ် အဲ မခေါ်နဲ့ကိုသက်''

''ဘာဖြစ်လို့''

''ဟင့်အင်း နှစ်နှစ်ပဲလာခေါ်ပါ့မယ် ခွင့်တောင်းထား

ဆိုပေမယ့် သူမျှားမျက်စိနောက်ရင်မကောင်းဘူးလေ၊ နှစ်နှစ်ပဲလာ

မယ်နော်''

''နှစ်နှစ်ရယ် ကိုယ်လိုတဲ့အချိန်ထွက်လို့ရတာလည်း မ

ဘဲနဲ့ ပြီးတော့ အဲဒီကားတွေတိုးစီးရတာ ကိုယ်ဘယ်လိုမှစိတ်မချ

ကိုသက်စိတ်ပူနေသမျှ နှစ်နှစ်လည်း ဘာတွေပြောလို

မှန်းမသိတော့ဘဲ ဖုန်းချပစ်လိုက်မိသည်။

အခန်းထဲလှမ်းဝင်သွားသည့် မားပျောက်ကွယ်သွားသော

နှစ်နှစ်မျက်နှာလေး မသာမယာနှင့်ဖုန်းနားက မခွာမိသေးဘဲ နေသည်

■ ■ ■



အခန်း (၂၃)

''ကလင် ကလင် ''

ညကိုးနာရီကျော်မှ ဖုန်းသံမြည်လာ၏။ ဒရင်းဘတ်ဒ်ပေါ်က

လာပြီး ဖုန်းကိုင်၍ အိပ်ရာပေါ်လှဲချလိုက်သည်။

''ဟလို''

''မား ငါပါ''

''ဟင် စုလား''

မား တအံ့တသြဖြစ်သွားသည်။ သူ့မာန သူ့စိတ်ခါတ်အတိုင်း

ဖြစ်ထားသည့်အခြေအနေက စတင်ဆက်သွယ်လာဖို့ အကြောင်း

စု အတော်ကြီး ခံပြင်းနာကျည်းသွားပြီဟု ထင်ထားခဲ့တာ

''မား နင်အိပ်ချင်နေသလား''

''မဟုတ်ပါဘူး အံ့သြသွားလို့''



www.burmeseclassic.com

www.burmeseclassic.com



"ငါက စခေါ်လို့ ဘဝင်မြင့်သွားတာလား"

"စိတ်ကူးထဲမှာ ဘာမှမရှိတော့တာကြာပြီ"

စုထံမှ အတော်ကြာအသံတိတ်သွား၏။ မားပြောလိုက်

နှင့်ပတ်သက်၍ စုမကျေမနပ်ဖြစ်သွားမှာတော့ သေချာပါသည်။

သို့သော် ထူးဆန်းစွာ ဖုန်းမချပစ်ဘဲ စုက ခနိုခနဲ့ရယ်သံ

နှင့်

"ထားပါတော့ နှင့်ကိုငါပြောစရာရှိတယ်၊ မနက်ဖြန်

စားနေကျ 'ဆုံရပ်'ကလေးကို လာခဲ့ပါလား"

"ဘာကိစ္စလဲ"

"ငါဒီမှာ ကျိုင်ဖြစ်နေလို့ နင်နဲ့ဆုံရှင်းမှဖြစ်မှာဟ စကား

တစ်လုံးနှစ်လုံးလာပြောပေးစမ်းပါ၊ နင်နဲ့ငါမပြေလည်ထားတဲ့

ငါကျေအေးလိုက်မယ်လေ"

မား ကျွတ်ခနဲစုတ်သပ်၍ ဖုန်းကို စိတ်ပျက်စွာပြန်ကြည့်

မိသည်။

ပြီးမှ နားမှာပြန်ကပ်၍

"ငါ ဘယ်မှကိုထွက်ချင်တဲ့စိတ်မရှိသေးဘူး စု ဆော

ဒါပဲလား"

"မား နင်ကမာလှချည်လား၊ နင့်ကြောင့် ငါအထင်လွဲ





ဘာကို ဝမ်းသာနေတာလား၊ ဒါမှမဟုတ် အသည်းကွဲနာကျင်နေတာ

သား"

ပြော၍ စုကရယ်သည်။

"နင် ဘာတွေပြောနေတာလဲ၊ ငါ့ခေါင်းထဲမှာ နင်နဲ့ပတ်သက်

ပြီး ဘာမှကြွင်းကျန်ခဲ့တာမရှိဘူး လာမရှုပ်နဲ့"

"ဒါဆို သေချာပြီပေါ့ မားရယ်၊ သကြန်အကျနေ့က နင်တို့

ထဲက အထည်ကြီးပျက်ကောင်မလေးနဲ့ နင်အကဲပိုနေကြတာ ငါတို့

င်ပါတယ်"

မား အံ့သြသွားသည်။ စု ဘယ်နေရာကနေ တိတ်ဆိတ်စွာ

ပ်ကြည့်နေခဲ့ပါသနည်း။

"ကြိတ်ခံစားသွားရလို့ ရပ်ကြည့်ကျန်ခဲ့တယ်တော့ မထင်နဲ့

နော်၊ ငါနင့်ကိုသနားလို့ပါ ကိုယ့်အဆင့်နဲ့ကိုယ် တန်ရာတန်ရာမှန်းပါ

ားရယ် အထည်ကြီးပျက်ဆိုတာ အကြံကြီးကြံတတ်တဲ့အမျိုး နင့်

ကောင်မလေးက ဘယ်လိုဟာကိုမှန်းထားလဲသိလား"

စုက မပြောဘဲ သူများမခံချင်အောင် ရယ်နေလိုက်ပြီးမှ

"ငါမပြောတော့ပါဘူး၊ တစ်ခုတော့ ပြောဦးမယ်၊ နေဦး

နှစ်ကာကာဆိုတဲ့ အဲဒီတစ်ယောက်က ဃူနီဖောင်းလှလှလေး ပြီး

ခြားသားတွေနဲ့တရှုံးရှုံးနဲ့ မှန်းလိုက်တော့ တကယ့်ဟိုက်ဘောဲ



www.burmeseclassic.com

www.burmeseclassic.com



သူအကျနာတဲ့အောက်မှာ နင်ညှပ်ပိခံရမှာစိုးလို့ ယောကျ်ားတွေက သူ့ထက်လည်တယ်ဆိုတာ နည်းနည်းပါးပါး သတိပေးထားလိုက်ဦး သိလား''

''စု''

''ဘာလဲ''

''သူများကို လက်ညှိုးတစ်ချောင်းနဲ့ထိုးရင် ကိုယ့်ဘက်ကို သုံးချောင်းပြန်ထိုးသတဲ့ မယုံရင် ဖုန်းချပြီး လက်ညှိုးထိုးကြည့်လိုက်''

မား ဖုန်းချပစ်လိုက်သည်။ စိတ်ရှုပ်ရသည့်ကြားထဲမှာ ရှိ စကားလုံးတွေက စွဲကျန်ခဲ့သည်။ စုနဲ့ပတ်သက်တိုင်း သူ့ရင်ထဲ ဘယ်သောအခါမှ ငြိမ်းချမ်းခဲ့ရသည်မရှိ။

''ကလင် ကလင်''

ဖုန်းကထမြည်ပြန်၏။ နေပစေ စု မကျေနပ်လို့ဆက်တာမှန်း သိသောကြောင့် မကိုင်ဘဲနေပစ်လိုက်သည်။

ဖုန်းက ဆူညံစွာမြည်နေတာ မနားတော့။

ပလပ်ဖြုတ်လိုက်ဖို့ကြံပြီးမှ စိတ်ပြောင်းသွားကာ ကောက်ကိုင် လိုက်သည်။

''ဟလို''

''ခွေးသူခိုး မား ဆယ်နာရီတောင်မထိုးသေးဘူး သေနေ





သလား လွန်လွန်းတယ် ဟွန်း''

ဖုန်းထဲက မိုးယံဆဲသံကြီးက ဆောင့်ထွက်လာ၏။

မိုးယံအသံကြားတော့ မာ လှဲနေရာမှ ကမန်းကတန်းထထိုင် လိုက်ကာ

''မိုးယံ''

''ဟုတ်တယ် မင့်ဘိုးအေ''

''အကြောင်းထူးလို့လား နောက်မှဆဲကွာ ပြောစမ်းပါ''

''ထူးတယ် ငါသေချာစုံစမ်းပြီးပြီ ခါတော်မီက သူ့အန်ကယ် ဆိုတဲ့ လူကြီးဆီ ဘာလိုလိုနဲ့သွားပြီး နှိုက်ထုတ်လာတာကွ မင်းရဲ့ ချစ်နှစ်ပြောသလို မိုးသက်ငြိမ်ဆိုတဲ့ကောင်က ခပ်ပါးပါးကောင်မဟုတ် ဘူးဟ တကယ့်ဂရိတ်ပဲ မိဘတွေတော့မရှိတော့ဘူး ဦးလေးအရင်းရှိ တယ်၊ အဒေါ်ဝမ်းကွဲတွေရှိတယ် အားလုံးနိုင်ငံခြားမှာချည်းပဲ၊ သူကိုယ် တိုင် အမေရိကားမှာကြီးတာကွ၊ ငါလည်းမြင်ဖူးတယ်၊ ရုပ်ကလည်း ယောကျ်ားရုပ်ပဲ အတော်ဖြောင့်တယ်''

''ဟေ့ကောင် ငါဆဲမိတော့မယ် လိုရင်းကိုပြော''

''ပြောမယ်၊ နှစ်နှစ်ကာကာကို ဒီကောင်က မြတ်မြတ်နိုးနိုး ချစ်နေတာ မောင်ရေ၊ လျှော့တွက်လို့မရဘူး၊ သူတို့တစ်ရုံးလုံးကသိ တယ်တဲ့၊ အဲဒီကောင်က မိတ်ဆွေ မင်္ဂလာဆောင်ကိုလက်ဖွဲ့ရင်တောင်



www.burmeseclassic.com

www.burmeseclassic.com



မှ ကွန်ဒိုတိုက်ခန်းတွေနဲ့လက်ဖွဲ့တာတဲ့ သူကိုယ်တိုင်က နှစ်နှစ် အကောင်းဆုံး အမြင့်ဆုံးထားနိုင်ပါလျက်နဲ့ မင်းတို့ခြံထဲမှာ နှစ်နှစ် နေတာကို သူတို့တောင် အံ့သြနေတာတဲ့၊ မိုးသက်ငြိမ်ချဉ်းကပ်နေ ကြာပြီဆိုပဲ မင်းကံဆိုးသွားတာက နှစ်နှစ်က လက်ထပ်ဖို့ခေါင်းညိတ် လိုက်တာ မကြာသေးဘူးတဲ့''

မား နားထောင်လိုခြင်းမရှိသော်လည်း ဖုန်းကိုကျစ်နေအောင် ဆုပ်ထားမိဆဲ။

''ဒီကောင်က နှစ်နှစ်ကြောင့် နိုင်ငံခြားကိုမပြန်ဖြစ်သေး တဲ့၊ နှစ်နှစ်ကလည်း မိုးသက်ငြိမ်ကိုလက်ထပ်လိုက်ရင် နိုင်ငံခြားနဲ့မ ရမှာမို့ အချိန်ဆွဲနေတာတဲ့ကွ၊ ခုကျမှ ခေါင်းညိတ်လိုက်တာတော့ အ မင်းကံဆိုးတာပေါ့၊ ဒါပေမဲ့ကွာ ယောကျ်ားပဲ သူတို့လက်ထပ်ရသေး မှမဟုတ်တာ၊ မင်းမှာကြိုးစားခွင့်တွေအများကြီးရှိသေးတယ်၊ အား လျှော့နဲ့''

''သူက စလိုမဟုတ်ဘူး မိုးယံ''

''ဒါပေမဲ့ ဒီကိစ္စကိုသူဆုံးဖြတ်တာ နှလုံးသားမပါဘူးဆို''

''အဲဒါကြောင့် မလွယ်တာ သူကသဘောလွယ်တဲ့မိန်းက မျိုးမဟုတ်ဘူး၊ နှစ်နှစ်ကိုစတွေ့ကတည်းက အထင်မြင်သေးခဲ့မိ ငါ့အမှားပါ''





''ဟား လေသံကြီးကလည်း ရင်ဝမှာ အမြှောက်ဆယ်ချက် ဘက်မှန်ပြီး ရထားကြိတ် လဒစားလို့ ထတွန်နေတာကျနေတာပဲ သေလိုက်တော့''

မိုးယံဖုန်းချသွားပြီမှန်းသိသော်လည်း ဖုန်းမချဖြစ်ဘဲ မားငိုင် မိသည်။

သူကျရှုံးသွားပြီဆိုတာကို လက်ခံထားသည့်စိတ်က ဆုံးရှုံး နိုင်သော လောဘများကြားမှာ မြှုပ်ချီပေါ်ချီဖြစ်နေသည်။

နှစ်နှစ်ကို သူ ကြာလာလေ ပိုချစ်လေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

''ဟောဒီ ပန်းခြံထဲမှာရှိသမျှ မိန်းကလေးတွေမှာ ကိုယ် ဖူးသမျှ ဘယ်မိန်းကလေးနဲ့မှမတူဘူး နှစ်နှစ် မင်းသိပ်လှတယ်''

နီးနီးကပ်ကပ် စူးစိုက်ငုံ့ကြည့်နေသဖြင့် နှစ်နှစ်မျက်နှာ လွှဲပစ်လိုက်မိ၏။

''ကိုယ့်ကိုကြည့်ပါလား နှစ်နှစ်ရယ် ခုလိုအေးအေးဆေး တွေ့ကြရတဲ့အချိန်က တန်ဖိုးကြီးလွန်းလို့ ကိုယ်ညကတည်းက ရင် နေတာ အဲဒါယုံလား''

တစ်နေ့ခင်းလုံး ဘုရားတန်ဆောင်းတစ်ခုထဲမှာပဲ လူရှင်း ထောင့်လေးမှာ ကပ်ထိုင်ရင်းစကားပြောခဲ့ကြသည်။

မုန့်ထွက်စားပြီးတော့ ဘုရားပြန်ဖူး နေညိုလာတော့ ကန် မင်္ဂလာပန်းခြံထဲဝင်





''နှစ်နှစ်တို့ပြန်ကြရအောင် ကိုသက် ခုလောက်ဆို ဘွား ချော်နေလောက်ပြီ''

''နေပါဦး နှစ်နှစ်ရယ် နှစ်နှစ် ကိုယ့်ကိုဆို စိမ်းသလိုပဲကွာ၊ ကိုယ်တောင်းဆိုသမျှ ဘာတစ်ခုမှ မလိုက်လျောသေးဘူး''

နှစ်နှစ်က ကိုသက်ကိုမော့ကြည့်သည်။ သူကစီးကရက်ခိုး ဖြူလေးတွေ နှစ်နှစ်မျက်နှာလေးဆီ ညင်သာစွာပြေးနမ်းသွားအောင် ထုတ်လိုက်ပြီးပြုံး၏။

''ပြောလေ နှစ်နှစ် မဟုတ်ဘူးလား''

''ဘာလဲ ကိုသက် ကိုသက်ဘာတောင်းဆိုဖူးလို့လဲ''

''ဩော် ကလေးမုန့်တောင်းသလို လက်ဝါးဖြန့်ရမယ့်အရာ မဟုတ်တာ နှစ်နှစ်ရယ် လက်ကလေးတောင်မှ ကိုယ်ကိုင်ရင် နှစ်နှစ် ဖယ်ပစ်တယ်၊ နှစ်ယောက်တည်းစကားပြောချင်လို့ ဘယ်ကိုပဲသွားမယ် ပြောပြော ခေါင်းညိတ်ခဲ့တာ တစ်ခါမှမရှိဘူး၊ မင်းအတွက်နဲ့ကိုယ့် ဘဝန်တွေ အနာဂတ်တွေ တချို့ဆို ကိုယ်ဆုံးရှုံးသွားတာတွေ အများ ကြီးပဲ ကိုယ်က ဂုဏ်ဖော်တာမဟုတ်ပါဘူး၊ နှစ်နှစ်ကို ကိုယ်တန်ဖိုး ထားတာကိုသိစေချင်တာ ကိုယ်ချစ်တဲ့ မိန်းကလေးတစ်ယောက်ကို ကိုယ်တွေ့ထိချင်တာ နမ်းချင်တာ၊ အဲဒါ အထင်သေးစော်ကားချင်လို့ မဟုတ်ဘူးဆိုတာ နှစ်နှစ်နားလည်သင့်တယ်ကွာ''



www.burmeseclassic.com

www.burmeseclassic.com



"အို"

နှစ်နှစ်မျက်နှာလေး ပန်းဆီရောင်လွှမ်းသွားတာကို သူ
အမိအရလိုက်ငုံကြည့်၍

"အဲဒီလို ရှက်သွားတာလေးကို ကိုယ့်မှာမြတ်နိုးလွန်းလို့ မ
ရက် မကိုင်ရက် ချစ်လိုက်ရတာ ဒီနေ့တော့ ကိုယ်တောင်းဆိုရ
မယ်"

နှစ်နှစ် ထိတ်ခနဲဖြစ်သွားမိကာ သူ့ကိုမော့ကြည့်တော့ လ
ဖဝါးနုနုလေးကို ကိုသက်က ဆွဲယူလိုက်လျက်

"မင်း ပခုံးလေးကို ဖွဖွလေးဖက်ပြီး မင်းနဖူးလေးကို ကိုယ်
ချင်တယ်"

"အို ဟင့်အင်း"

နှစ်နှစ် လက်ကိုလည်းရုန်းသည်။ နောက်ကိုလည်း ဆုတ်
လိုက်ပြီး

"ယောကျ်ားနဲ့မိန်းမ လက်မထပ်ရသေးဘဲ ပွေ့ဖက်ထိ
ကြတာကို နှစ်နှစ်ကတော့ ရှက်စရာလို့မြင်တယ် ကိုသက် နှစ်နှစ်
လေးစားတဲ့စိတ်လေးရှိနေတယ်ဆိုရင် ဒီအခွင့်အရေး နှစ်နှစ်မပေး
တာကို နားလည်ပါ"

"လေးစားတာ အထင်ကြီးတာတွေ ဘာဖြစ်လို့ ခဏ ခ





ည့်ပြောနေရတာလဲ နှစ်နှစ်ရယ် မင်းကိုကိုယ် ဘယ်လောက်ထိ
န်ဖိုးထားမြတ်နိုးတယ်ဆိုတာ အားလုံးသိတယ်၊ ကိုယ်မြတ်နိုးသမျှ
င်းမတုန်မလှုပ်နဲ့ ကိုယ်ဘာပဲပေးပေးမယူတာ၊ ကိုယ်ဘယ်လိုပဲတောင်း
တောင်းမပေးတာ မင်းဆီက ပုံစံအမျိုးမျိုးနဲ့စိမ်းကားပြနေတဲ့အတွက်
ကိုယ့်ပတ်ဝန်းကျင်မှာ ကိုယ်ဘယ်လို မျက်နှာငယ်ရသလဲ မင်းသိပါ တယ်၊
လောက်ထိ တန်ဖိုးထားနေတဲ့ ကိုယ့်ကို ဘာဖြစ်လို့မယုံ ကြည်ရတာလဲ"

မိုးသက်ငြိမ်က တိုက်ပေးပါမည်၊ ကားပေးပါမည်၊ ဘယ်လို
နေပါ ထိုင်ပါ၊ လှည့်ပတ်ပေးသော်လည်း နှစ်နှစ်မယူခဲ့တာတွေရော
အချစ်တွေပုံပေးကာ အချစ်ကိုတောင်းနေတော့လည်း နှစ်နှစ် ပြန်မပေး
ခဲ့တာရော ။

အားလုံးကိုရင်ဖွင့်၍ မိုးသက်ငြိမ် မျက်နှာမကြည်သာတော့ပါ။

နှစ်နှစ်ကလည်း မိုးသက်ငြိမ်အကြိုက်ကိုလိုက်လျောဖို့
ဘယ်တုန်းကမှစိတ်မကူးခဲ့။

"ဟောဒီပန်းခြံထဲမှာ ကိုသက်က ကြည်နူးနေကြတဲ့ စုံတွဲတွေ
ကို အားကျတယ်ဆိုရင်တော့ နှစ်နှစ် စိတ်မကောင်းပါဘူး နှစ်နှစ်ဘဝ
က အများနဲ့မတူတဲ့အညတရပါ၊ ကိုသက် မိန်းကလေးတစ်ယောက်
ရပ်တည်မပျော်ရွှင်သင့်တဲ့ အခြေအနေမျိုးမှာ နှစ်နှစ်အပြုံးမပျက်ဘဲ
တ်ခနဲရပ်တည်နိုင်အောင် ကြိုးစားခဲ့ရတာပါ၊ ဒါကြောင့် နှစ်နှစ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



သိက္ခာ ဘဝ အနာဂတ် အားလုံးကို နည်းနည်းလေးမှအစွန်းထင်းမခံ တဲ့အထဲမှာ ငါလက်မထပ်ချင်း ဘယ်ယောကျ်ားကိုမှ အထင်ကြီးမိအော မနေဘူးလို့ဆုံးဖြတ်လိုက်တာ အဓိကပဲ''

''ကိုယ့်ကိုမင်း နည်းနည်းလေးမှအထင်မကြီးဘူးပေါ့''

နှစ်နှစ်မျက်နှာမှာ ရှက်ရွံ့ဟန်လေးတွေပျောက်ကွယ် ရင့်ကျက်ခြင်းတို့ဝင်လာသည်။

''နှစ်နှစ် ကိုယ့်ကိုယ်ကိုပဲ အထင်ကြီးတယ်၊ သူများကို အထ ကြီးမိတာဟာ ရှုံးနိမ့်ခြင်းလို့သတ်မှတ်တယ် မဟုတ်ဘူးလား ကိုသက်''

''ရှုံးရှုံးနိုင်နိုင် ကိုယ်ကတော့ နှစ်နှစ်ကာကာဆိုတဲ့ မိန်းကလေး တစ်ယောက်ကို အထင်ကြီးဆဲ လေးစားဆဲပဲ မင်းကိုယ့်ကို ဘယ်လို ခပ်စိမ်းစိမ်းနေနေ ကိုယ်စိတ်မပျက်ဘူး''

မိုးသက်ငြိမ်က အုံ့မှိုင်းနေသည့်မျက်နှာကို ဖျက်ချပြင်ဆင် ခန့်ညားစွာပြုံးသည်။ စီးကရက်ကိုမြေပြင်ပေါ် ပစ်ချလျက်နင်းခြေ လိုက်ပြီး

''ကိုယ်စိတ်လောသွားတယ် ဆောရီး လာသွားရအောင် နှစ်နှစ်ကို ကိုယ်ပြန်ပို့ပေးမယ်''

မိုးသက်ငြိမ် မြတ်နိုးမဝစွာ လက်ထပ်နိုင်ရေးကိုသာ မျှော် နေမိ၏။



## အခန်း (၂၅)

''ဘာဖြစ်လို့လဲဆိုတော့ နှစ်နှစ်က တစ်ယောက်တည်းနောက် နေတာ ဒါကြောင့် ကိုသက် အခုဒီကနေပဲလှည့်ပြန်သွားပေးပါလို့ နှစ်တောင်းပန်ပါတယ်''

''ဩော် နှစ်နှစ်ရယ်''

လျှော့လိုက်ရပြန်ပြီ တစ်ထစ်။

''မိုးတွေမဲနေတာပဲ နှစ်နှစ် ကိုယ်ကားပေါ်ကမဆင်းဘဲ အိမ် ဝရောက်လိုက်ပို့ပေးလို့မရဘူးလား။ အိမ်ကိုမရောက်ခင် မိုးရွာမှာ လို့ပါ''

နှစ်နှစ် ကိုသက်ကိုကြည့်၍ ယဲ့ယဲ့လေးပြုံးသည်။

''နှစ်နှစ်ကျေးဇူးတင်ပါတယ်၊ မနက်ဖြန် နေ့တစ်ဝက် ခွင့်ယူ ပြီး သံလျင်ဘက်ကိုလိုက်ပို့ပေးပါလို့ ထပ်ပြောပါရစေ သွားမယ်နော်''



www.burmeseclassic.com

www.burmeseclassic.com



...ကဆင်းလိုက်တော့ မိုးသက်ငြိမ် မျက်နှာအေး...

...သည်။

မိုးတည့်မှာ လေကမြူးလာသည်မို့ မိုးသက်ငြိမ် နှစ်နှစ်ကျော... ...ကလေးကို တစ်ချက်လှည့်ကြည့်ပြီး ကားကိုဘက်မဆုတ်ဘဲ ဒီအ... တိုင်းပြန်ကွေ့လိုက်၏။ ကားနှစ်စီးဘေးချင်းယှဉ်မိတော့ မျက်နှာနှ... နီးသွားသည်။

မိုးသက်ငြိမ် ပို၍သဘောပေါက်သွား၏။

သူ့ထက် နုငယ်သော မိုက်ရူးရဲဆန်ချင်သည့် လူငယ်... သဘာဝစတိုင် အမိစားနှင့်ချောမွေ့နေသည့် မျက်နှာကို ကျောခိုင်း... ခဲ့ပြီးသည်အထိ ဖျောက်လို့မရ။

နှစ်နှစ်ကို ဒီကောင်မျိုးက အံ့ပုန်းချစ်နေမှာတဲ့လား။

ပွင့်ပြောထားပြီးပြီဆိုရင်ရော

နှစ်နှစ် သူ့ကိုမကြင်နာခဲ့တာ ဒါကြောင့်လား မဟုတ်ဘူ...

နှစ်နှစ်မှာ ချစ်သူမရှိပါဘူး၊ ဒါသေချာတာပဲ။

မိုးသက်ငြိမ် မိုးစက်တွေတဖွားဖွားကျလာတာကို သတိမ... မိတော့ ။

"နှစ်နှစ် ကားပေါ်တက်လေ"

သူ ခြေလှမ်းတုန့်လိုက်စဉ်မှာပဲ မားက ကားတံခါးဖွင့်ပေး...





...

"မိုးရွာနေပြီ"

ဟု ထပ်ပြော၍ နှစ်နှစ်ကားပေါ်တက်လိုက်၏။

ထိုင်မိသည်နှင့်မှန်ချပ်ထဲမှာ နှစ်ယောက်မျက်လုံးချင်းဆုံမိကြ...သည်။

မားမျက်ဝန်းတို့သည် အနိုင်ယူလိုသော တင်းမာခြင်းမျိုးများ ...သလို အရှုံးပေးအားလျှော့ထားသည့် မှိုင်ရီခြင်းမျိုးလည်းမရှိ။

နှစ်နှစ်မျက်နှာလွှဲပစ်ကာ မား၏သက်ပြင်းချသံ မိုးသွန်ချလာ...သော မိုးသံတို့ကြားမှာ ပျောက်ကွယ်သွား၏။

ကားက ပေါ်တီကိုအောက်မှာထိုးရပ်သွားကာ

"ဒီမှာ ခဏနားပြီး မိုးတိတ်မှ နောက်ကိုကူးပေါ့"

"အင်း"

နှစ်ယောက် ကားပေါ်ဆင်းလာကြသည်ကို ညွှန်ခန်းဆိုဖာပေါ် ...ထိုင်နေသည့် ဒေါ်ယုယစူးစိုက်ကြည့်နေသလို နှစ်နှစ်မျက်နှာလေး ...သန်းအံ့သြဟန်လေးဖြစ်သွားကာ

"ဟယ် ဘွားအောက်ဆင်းထိုင်နေတယ်"

ဟု ဝမ်းသာအားရ ဒေါ်ယုယနားမှာ ပြေးထိုင်သည်။

"ဘွား နေကောင်းတယ်ပေါ့နော်၊ ဘွားစိတ်ကြည်...ကြည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာပေါ့၊ ခါတိုင်းဆို အောက်ဆင်းဖို့ကို မနည်းပြောရတာ''

နှစ်နှစ်အသံလေးက ဟန်ဆောင်မှုမပါသော်လည်း တုန်ယ
လှိုက်လှဲနေပုံလေးက သိသာနေသည်။

ဒေါ်ယုယက မိန့်မိန့်ကြီးပြုံးကာ နှစ်နှစ်ပခုံးလေးကို ပြန်
လိုက်၏။

''နေလို့လည်းကောင်းတယ်၊ ဒီနေ့ နှစ်ယောက်လုံးပျော်
တာ နေညိုနေတော့ ဘယ်သူ့ကိုစိတ်ပူရမှန်းမသိ ဘယ်ဘက်ကို
ရမှန်းမသိနဲ့ အပေါ်မှာနေလို့ကိုမရတော့တာနဲ့ ဆင်းထိုင်နေရတာ
ဟင်း ဟင်း''

ပြော၍ ရယ်လိုက်သည်။ ဒေါ်ယုယ ခါးကိုနှစ်နှစ်က သ
ကျုံးဖက်လိုက်မိကာ

''ဘွားရယ် နှစ်နှစ်ကိုလေ မေမေမရှိတော့ကတည်းက
မျိုး စိတ်မချမယ့်သူ စိတ်ပူနေမယ့်သူမရှိခဲ့ပါဘူး၊ ဖေဖေတောင်မှ စိ
တာရှိပေမယ့် မျိုသိပ်နေခဲ့ရရှာတာ''

နှစ်နှစ် ဒေါ်ယုယပခုံးမှာ ပါးလေးကပ်၍ မျက်ရည်ဝဲ့နေ
မား ပွေ့ဖက်ချော့ချင်စိတ်တွေကို ဘယ်လိုမှထိန်းလို့မရ။

သနားစရာကောင်းလိုက်တဲ့ နှစ်နှစ်ရယ်။

သူမျက်နှာလွှဲကာ နေရာမှထရပ်လိုက်သည်။ နှစ်နှစ်မျက်





သေးတွေကို သူမကြည့်ရက်တော့။

''မြေးမလေးရဲ့ ဖေဖေက ဘယ်သူ့ကိုကြောက်ရလို့လဲဟင်''

ဘယ်တုန်းကမှမမေးဘဲနေခဲ့ပြီးမှ ဒီနေ့တော့ နှစ်နှစ်ရင်ထဲမှာ
ည့်သိပ်နေတာတွေကိုမြင်ကာ ဒေါ်ယုယ အနည်းငယ်စကားစကြည့်
ိုက်မိ၏။

''မေမေဆုံးသွားပြီး နှစ်နှစ်ပဲကြာတယ်၊ ဖေဖေက ဒီအိမ်ကို
င်ရှင်အဖြစ်နဲ့ရောင်းသွားတဲ့ ဒေါ်မိုးစက်လွင်ကိုလက်ထပ်ခဲ့တယ်၊
ကယ်တော့ ဒေါ်မိုးစက်လွင်က ကလေးနှစ်ယောက်အမေ တစ်ခုလပ်
သူ့ယောကျ်ားနဲ့လည်းပြတ်စဲတာမဟုတ်ဘဲနဲ့ ဖေဖေ့ကို အမိဖမ်း
ကြပ်ကိုင်ပြီး အမျိုးမျိုးတောင်းဆိုနေကြတာ''

''ဖြစ်ရလေ မြေးလေးရယ် ဒါဆို မြေးမရဲ့ဖေဖေနဲ့မေမေက
မ်းလေးတစ်ယောက်တည်းမွေးခဲ့တာပေါ့''

''ဟုတ်ပါတယ် နှစ်နှစ်က တစ်ဦးတည်းသော သမီးပါ၊ ဒါပေမဲ့
တို့အိမ်ပေါ်ရောက်လာကတည်းက နှစ်နှစ်ကအပြင်လူဖြစ်သွားခဲ့တယ်၊
ဖေက သူများမယားနဲ့ငြိစွန်းခဲ့ပြီဆိုတဲ့အသိနဲ့ အရှက်ကြီးပြီး စိတ်
ကိုယ်ရော ဘုန်းဘုန်းလဲသွားတယ်၊ နောက်ဆုံး အကြောတွေဆိုင်း
မလှုပ်ရှားမသွားလာနိုင်တဲ့ထိ ဖြစ်သွားတော့တာပါပဲ''

နှစ်နှစ်က ပခုံးမှာလွယ်ထားသည့် ဆလင်းဘက်ကိုဖြုတ်၍



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှာချလိုက်သည်။

"နှစ်နှစ်လေ ဒီအကြောင်းတွေကို ပြောရမှာ ရှက်ပါတယ် ဖေဖေ့သိက္ခာကိုလည်းငဲ့လို့ ဘယ်အကြောင်းနဲ့ပဲဖြစ်ဖြစ် လူမုန်းခံ မျိုသိပ်ထားခဲ့တာ"

"ဘွားကတော့ နားလည်ခဲ့ပါတယ်ကွယ်၊ မြေးရဲ့ခံစားချ လေးတွေက ဟောဒီမျက်ဝန်းလေးတွေမှာပေါ်နေတာဥစ္စာ"

မေးဖျားလေးကိုပင့်ယူလိုက်တော့ နှစ်နှစ်က ဘွားလက် လက်ဖဝါးလေးနှစ်ဖက်နဲ့ဆုပ်ထားလိုက်ပြီး

"ဖေဖေက အရမ်းရိုးပြီး အေးဆေးသလောက် အရှက်ကြ တဲ့သူပါ၊ ပြီးတော့ နှစ်နှစ်ကိုလည်း သိပ်ချစ်တာ သူတို့သားအမိ အိ ပေါ်ရောက်လာပြီး သူ့ယောကျ်ားကို ဒရိုင်ဘာလိုလုပ်ပြီး အိမ်ပေါ်တ လာတယ်၊ ဖေဖေက မကြည်ဖြူရှင် မယားနိုးမှုနဲ့တရားစွဲ ဘာညာနဲ့ပေါ့၊ အဲ့ဒါနဲ့ ဖေဖေနောက်ဆုံး အသက်ပါပါသွားခဲ့တ ဘွားရယ်"

ဘွား၏လက်ခုံကိုထွေးဆုပ်ထားရင်း နှစ်နှစ်ရှိုက်ငိုသည်။

ထိုသို့သော ခံစားချက်များကို သူမ နှစ်များစွာမျိုသိပ်လော မြိုက်နေခဲ့ရသည်။ ရင်ဖွင့်ငိုကြွေးစရာ နှစ်နှစ်ဘက်မှ ဘယ်သူမှမ

ဖေဖေနဲ့မေမေဆို မေမေက အသက်ကြီးသည်။





ယောကျ်ားခပ်ငယ်ငယ် ချောချောကို ယူထားသလောက် မေက သံသယကြီးခဲ့သူဖြစ်၏။

"သက်တမ်းအရဆိုရင် မမက အရင်သေရမှာပါ၊ မောင်မောင် ငယ်ငယ်လည်းငယ်သေးတယ်၊ ရုပ်ရည်လည်းချောတယ်၊ ရွှေမရှား ရှား လူချောလူလှဆိုတော့ နောက်ထပ်မိန်းမတွေလည်း အများ ဦးမှာပဲ၊ ဒါကြောင့် မမတို့မွေးထားတဲ့သမီးလေးအတွက် သေရေး ရေးကိုပဲ အဓိကထားပြီး စီစဉ်ရအောင်"

မေမေက မသေခင်ကတည်းက ဘယ်သူ့ကိုမှယုံကြည် ကြောင်းမပြော။

သူဘာပြောပြော ဖေဖေက ကန့်ကွက်သည်ဆိုတာလည်း ယ်တုန်းကမှမရှိခဲ့ဘူးပါ။

သို့သော် လိုက်လျောလွန်းတဲ့သူတွေက ဖောက်ပြန်လွယ်သတဲ့၊

"မမ ကိုယ့်ကိုယ်ကိုလောက် မယုံကြည်ဘူးမောင်၊ အထူး ဖြင့် ယောကျ်ားတွေကိုပဲ မမသမီးအတွက် မမစီစဉ်စရာရှိတာ စီစဉ် မှုဖြစ်မယ်"

ဒီစကားတွေကိုတော့ နှစ်နှစ်ရှေ့မှာလည်း ပြောနေတာပါပဲ။

ဒါပေမဲ့ မေမေဆုံးသွားတဲ့အထိ နှစ်နှစ်အတွက် စီစဉ်ခဲ့တယ် ဘာ ဘာမှန်းမသိခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနဲ့ နှစ်နှစ် ဘယ်လိုမှကြာကြာမျက်နှာချင်းဆိုင်ခွင့်
အောင် အလစ်မပေးခဲ့သလို နားမခံသာအောင် စောင်းမြောင်းပြော
သံများကိုမကြားလိုသော မာနနှင့်နှစ်နှစ်လည်း ဖေဖေ့နားကိုက
မကြိုးစားခဲ့ပါ။

ထို့အပြင် နောက်အိမ်ထောင်ပြုလိုက်တာဆိုသော မိထွေး
ရက်စက်ကောက်ကျစ်မှုကို ခါးသီးမှုကြောင့် ဖေဖေ့ကို နှစ်နှစ်အ
လွဲစိတ်ကွက်ခဲ့မိတာလည်း ပါပါသည်။

တကယ်တော့ ခြေတစ်လှမ်းမှားသွားခဲ့ရသဖြင့် တစ်ဘ
ပေးဆပ်သွားရရှာသည့် ဖေဖေ့အပြစ်ကိုနားလည်လာတော့ ဖေ
နောက်ဆုံးအချိန်ရောက်ခဲ့ပြီ၊ ကျောက်စိမ်းလက်ကောက် မေ
ကျောက်စိမ်းလက်ကောက်ဆိုတာကို ခုထိအစရှာလို့မရ။

သတင်းစလေးရလို့ လက်ကောက်ထားခဲ့သည် ဆို
မေမေ့သူငယ်ချင်း ဒေါ်သီရိမေကို သွားရှာတော့ တွေ့သည်။

သို့သော် အသိမ်းလွန်နေသော လက်ကောက်က သား
တွေကို အမွေခွဲပေးလိုက်သည့်အထဲမှာ ပစ္စည်းတူချင်းများပါသွားသ

"စိတ်ချပါ သမီးရယ် အန်တီ အမြန်ဆုံးရှာပေးပါ့မယ်
နဲ့အန်တီက ဒီလိုလက်ကောက်မျိုးတစ်ရံလုပ်ပြီး တစ်ကွင်းစီ
တာကွယ့် ပုံစံတူပေမယ့် အန်တီ့လက်ကောက်က နည်းနည်း





လတီညှိတယ် သူ့လက်ကောက်က အနုစိတ်စိတ် ယူလိုက်ကြတုန်း
ကွာလတီပြည့်တဲ့ကွင်းက အန်တီ့ကွင်း၊ သူကဘာမဆို အသာရမှ
ကျတဲ့သူမို့ အန်တီက အနုစိတ်ကွင်းကို သူ့ကိုလဲပေးလိုက်တာ အဲဒီ
လက်ကောက်ကွင်းချင်း ပြန်လဲဖို့လာတော့ သူက သမီးကိုမွေးပြီး
ရက်မြောက်ပေါ့၊ နှစ်နှစ်ကာကာဆိုတဲ့ နာမည်လေးကို လက်ကောက်
လဲရင်း အန်တီပေးခဲ့တာ"

ဒေါ်သီရိမေက ချောချောခန့်ခန့်လေးပဲရှိသေးကာ ချစ်ခင်ဖွယ်
ည်းရှိ၏။

သီရိမေနဲ့သီရိဆွေက ဘယ်လောက်ချစ်သလဲဆိုရင်

"မေ့ကိုမောင့်ထက်ချစ်တယ်"ဟု မေမေက ဖေဖေ့ကို ပြောဖူး
သည်

"ဆွေကိုပုတ်ခတ်မပြောနဲ့နော် အစ်ကို ဆွေ့ကိုထိရင် မေ
ခံမှာမဟုတ်ဘူး၊ ဆွေ့ကိုအားလုံးထက်မေပိုချစ်တယ်"

ဟု ပြောရကြသည့် သူငယ်ချင်းတွေတဲ့။

ခုတော့ မေမေဆုံးသွားသလို ဒေါ်သီရိမေလည်း ဓမ္မရိပ်သာ
က်နေပြီ။

သူမ၏အဖြစ်က ခင်ပွန်းသည်စောစီးစွာဆုံးပါးသွားကာ သား
တွေ မလိုမှာ၍ရှိသည့် အမွေကိုခွဲခြမ်းပေးပြီး ဓမ္မရိပ်သာမှာ အေးရိပ်



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေနေရသည်။

''နောက်တစ်ခါ သမီးလေး အဆင်ပြေတဲ့အခါ ထပ်လာ
သိလား။ အန်တီရှာထားလိုက်ပါ့မယ် ရရပါ့စေမယ်''

ဟု ကတိတွေအထပ်ထပ်ပေးလိုက်၏။

တရားစခန်းဝင်နေမှန်းသိခဲ့တာမို့ နှစ်နှစ်ချက်ချင်းပြန်မသွား
ဖြစ်တော့ဘဲ ခဆို နှစ်လကျော်လောက်ရှိသွားပြီ။

ဖြတ်သန်းခဲ့ရတဲ့အကြောင်းတွေကို ပြောပြလိုက်သည့်အထဲ
ဒေါ်သီရိမေနဲ့လက်ကောက်ကိစ္စကိုတော့ နှစ်နှစ်ချန်လှပ်ခဲ့ပါသည်။

သူမ သံရုံးမှာလုပ်ခဲ့တာကအစ မိုးသက်ငြိမ်၏ကိုယ်
ရာဇဝင်ကအစ ပြောပြရင်း မိုးစဲသွားသည့်အချိန်မှာ နှစ်နှစ်
လေးမှာလည်း မျက်ရည်တို့သွေ့ခြောက်စပြု၏။

''အားလုံးကိုမေ့ပစ်ပြီး အကောင်းဆုံးဖြစ်ဖို့ပဲ ကြိုးစား

ဒေါ်ယုယသည် နှစ်နှစ် ဦးခေါင်းလေးကို ခပ်ဖွဖွ
လျက် ။

■ ■ ■



## အခန်း (၂၆)

မိုးတွေက သည်းသည်းမည်းမည်း ရွာသွန်းနေသည်။

လျှပ်ရောင်တဝင်းဝင်း လက်သွားတတ်သည်မှလွဲ၍ ပတ်ဝန်း
ကျင်က မည်သည့်အလင်းရောင်မှမရှိဘဲ ပိန်းပိတ်နက်မှောင်နေသည်။

မိုးသံက ကြမ်းသလို မိုးခြိမ်းသံက မြေပြင်မှာပါတုန်ဟီးသွား
သည်။

မား အိပ်ရာမှထကာ ခေါင်းရင်းပြတင်းက ခန်းဆီးစကိုဆွဲဖယ်
သည်။

မှန်တံခါး၏အပြင်သို့ လှမ်းကြည့်လိုက်သည်က တုန်ခါလှုပ်
သော သစ်ပင်ဝါးပင်များကိုမဟုတ်ပါ။ နှစ်နှစ်ရှိနေသည့် တိုက်
သေးဆီသို့ဖြစ်၏။

တစ်ချီတစ်ချီ မိုးကြိုးပစ်ခွင်းလိုက်ခြင်းက ယောက်ျားဖြစ်သည့်
ကောင်မှ ထိတ်ခနဲဖျတ်ခနဲဖြစ်သွားသေးတာ နှစ်နှစ်ခြံကြီးထဲမှာ
ယောက်တည်းကြောက်နေရှာမလား။



www.burmeseclassic.com

www.burmeseclassic.com



ညဆယ်နာရီက သိပ်ညဥ့်နက်သည်မဟုတ်သော်လည်း ရာသီဥတုက ဆိုးဝါးလှသဖြင့် ပတ်ဝန်းကျင်၏မဟူရာက ရင့်သထက် ရင့်နေသည်။

"ကိုလေး"

"ဟင်"

"ကော်ဖီပို့ပေးရဦးမလား ဟင် တံခါးတွေလိုက်စစ်ပြီး မ အိပ်တော့မှာ"

"မပို့နဲ့ အိပ်တော့"

"ဟုတ်"

မတူးထွက်သွားတော့ လျှပ်ရောင်ဝင်းခနဲလက်သွားကာ မိုး သံက ဒိန်းခနဲပေါက်ကွဲသွားလေရာ

"အမလေး ဘွားဘွားယု ကယ်ပါ"

မတူး စူးခနဲအော်သံကြားရ၏။

မားရင်ထဲမှာ ပို၍စိုးရိမ်သွားမိသည်။ နှစ်နှစ်ခမျာ တစ်ယော တည်း ဘယ်သူ့ကိုတမ်းတရှာမလဲ ။

အနားမှာ အဖေ အမေမရှိ အဖော်အလှော်မနီး။

ထိုစဉ် လျှပ်စစ်မီးတွေ ရုပ်ခနဲ ငြိမ်ကျသွားလေသည်။

"ဟောတော့ ဖယောင်းတိုင်လည်း အဆင်သင့်မထားမိ





မား စားပွဲဆီစမ်းသွားကာ အံဆွဲထဲက လက်နှိပ်ဓာတ်မီးကို ထုတ်ယူလိုက်သည်။

ဒီအချိန်မှာ တရားတာ မတရားတာ သူမသိတော့။

မတူးကိုရော ဘွားဘွားကိုရော ဘယ်သူ့အတွက်မှ မဟုတ်ဘဲ နှစ်ကိုစိုးရိမ်ကြီးကာ လယ်သာဂျာကင်ကိုခေါင်းထိခြုံ၍ အနောက် းတံခါးကနေ ခြံထဲဆင်းထွက်လာခဲ့၏။

ကြမ်းတမ်းသော မိုးစက်တို့က သူ့တစ်ကိုယ်လုံးပေါ်ကို ကျောက်ခဲလုံးကြီးတွေနှင့်ပစ်ပေါက်နေသကဲ့သို့ ထိမှန်နေပုံက အင်အား ကြီးလှ၏။

လက်နှိပ်ဓာတ်မီးရောင်က မိုးစက်စေ့ထဲကို ထွင်းဖောက်လမ်း ပြပေမယ့် မှုန်ဝါးပြာနှမ်းနေ၏။

တိုက်ကလေးရှေ့ရောက်လျှင် မားတံခါးကိုတအားထုပစ်လိုက်

"နှစ်နှစ် နှစ်နှစ် မင်းမအိပ်နိုင်ဘူးမဟုတ်လား တံခါးဖွင့်စမ်း"

"မား"

နှစ်နှစ် အသံစူးစူးလေးက တုန်ခါအက်ကွဲလျက် ချက်ချင်း ဖွင့်သွားသည်။ ကိုယ့်လက်ကိုပင် မမြင်ရအောင် မှောင်မည်းနေ ပြင် မားက ဓာတ်မီးကိုပြန်မပိတ်ဘဲ ဖွင့်ထားရာ သူ့ရှေ့မှာ နှစ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ညဝတ်အင်္ကျီအပြာရောင်လေးနှင့်ပေါ်လာကာ

"မား"

မိုးစက်တွေ စိုရွှဲနေသော သူ့ကိုယ်လုံးကြီးကို ကလေး

ယောက်လို ပြေးဖက်လာသည်။

"နှစ်နှစ် မင်းဘာဖြစ်လို့လဲ ဘာဖြစ်သွားလဲ ပြောစမ်း"

"ကြောက်တယ် ဟင့်"

မား ရင်ထဲနင့်သွားသည်။ နှစ်နှစ်ခမျာ မိုးတွေစရွာကတည်း

ကြောက်နေရှာတာဖြစ်မည်။ မီးတွေပျက်သွားတော့ နှလုံးသွေး

မတတ် ဖြစ်သွားရှာမည်။

"နှစ်နှစ်မငိုနဲ့လေ အထဲမှာ ဖယောင်းတိုင်သွားရှာမ

လာပါကွာ၊ ဒီမှာ ကိုယ်နေပေးလို့လည်းမရဘူး။ ဟိုမှာ ဘွားဘွားနဲ့

လာအိပ်လိုက်တော့နော်"

ငိုနေရင်းနဲ့နှစ်နှစ် ခေါင်းညိတ်လိုက်ပုံလေးက သနားစရာ

"ထိုးသွားယူသွား ကိုယ်ဒီက မီးထိုးပြမယ်"

"ဟင့်အင်း မဝင်တော့ဘူး နှစ်နှစ်မဝင်ရဲတော့ပူး၊ သွား

"မိုးတွေစိုကုန်မှာပေါ့ နှစ်နှစ်ရယ် ကိုယ်လိုက်ဝင်ပေးမယ်

"ဟင့်အင်း ကြောက်တယ်"

အသားလေးတွေ တဆတ်ဆတ်တုန်နေသည့် နှစ်နှ





သူဘာမှ စီစဉ်လုပ်ကိုင်ပေးချိန်မရ။

နှစ်နှစ်က သူ့လက်မောင်းကိုဖက်တွယ်ကာ မိုးရေထဲအတင်း

ထွက်သဖြင့် မားပြန်ပါသွားရ၏။

မိုးစက်တွေက နှစ်နှစ်တစ်ကိုယ်လုံးကို ရေထဲဆွဲနှစ်ပစ်လိုက်

သလို ရက်စက်စွာ ဒဏ်ခတ်လိုက်၏။ နှစ်နှစ်လက်ကလေးကို ခပ်တင်း

တင်းဆုပ်ထားကာ တိုက်ကြီးဆီပြန်လာခဲ့ကြရင်း သူဆင်းခဲ့သည့် တံခါး

အရောက်တော့

"ဟာ"

မား ထိတ်ခနဲဖြစ်သွား၏။ ဓာတ်မီးကိုင်ထားသည့်လက်နှင့်

တံခါးကို ခပ်ဆတ်ဆတ်ထုချလိုက်ကာ

"မတူး မတူး"

"ဒုန်း ဒုန်း"

တံခါးကို သူထုနှက်၍ခေါ်နေစဉ် လျှပ်ရောင်ဝင်းခနဲလက်ကာ

မိုးခနဲမိုးကြိုးပစ်ချလိုက်သံက ခေါင်းကိုပိတ်ထုပစ်လိုက်သလို ထူအူ

သွားစေကာ

"အား"

နှစ်နှစ် သူ့ရင်ခွင်ထဲပစ်ကျလာ၏။

မိုးကကြမ်း လေကထန်နှင့် ချမ်းတာရော ကြောက်တာပါ စုပြီး၍



www.burmeseclassic.com

www.burmeseclassic.com



နှစ်နှစ် ကိုယ်လုံးလေးတုန်နေသည်။

ဆူညံနေသည့်မုန်တိုင်းထဲမှာ မတူးကိုခေါ်ဖို့ မကြိုးစားတော့ ဘဲ အပေါ်ယံစိုနေသည့် ဂျာကင်ကိုချွတ်ပစ်လိုက်သည်။

အတွင်းက ခေါင်းစွပ်ဆွယ်တာအဖြူလက်ရှည်က မိုးမစိုသေး မို့ နွေးထွေးစွာ ခြောက်သွေ့နေသည်။

"နှစ်နှစ် ကိုယ့်အင်္ကျီဝတ်ထားလိုက်နော်"

ဆွယ်တာကိုချွတ်ပြီး ခိုက်ခိုက်တုန်နေသည့် နှစ်နှစ်၏ခေါင်း စွပ်ချလိုက်၍ သူပဲဝတ်ပေးသည်။

ဝရန်တာရိပ်အစွန်းလေးအောက်မှာ ရပ်နေကြတာမို့ မိုး တွေ တိုက်ရိုက်မကျပေမယ့် ဖျန်းခနဲပတ်သွားလိုက် လေပြင်းက ခနဲဆောင့် ရိုက်သွားလိုက်

"မင်း အခန်းလေးထဲပြန်အိပ်ပါလား နှစ်နှစ် ကိုယ်ရှေ့ စောင့်ပေးပါ့မယ်၊ မင်းဒီမှာ အအေးပတ်လိမ့်မယ်၊ တံခါးက မိုး မချင်းဖွင့်ခိုင်းလို့ရမှာမဟုတ်တော့ဘူး။ ဒီက ဘယ်လောက်ခေါ်ခေါ် အ က ကြားမှာမှမဟုတ်တာ"

"ဟိုထဲမှာ မားနဲ့နှစ်နှစ် နှစ်ယောက်တည်း တစ်ညလုံးရှိ ဘာတွေဖြစ်ကုန်မလဲ ဟင့်အင်း ဒီမှာပဲနေတော့မယ်"

"မင်း ကိုယ့်ကိုမယုံလို့လား"





"လူတွေပြောမှာကိုပါ မားကို နှစ်နှစ်ယုံပါတယ်"

"ဒါဆို ဘယ်လိုလုပ်မလဲ မိုးရေထဲမှာ"

နှစ်နှစ် အမှောင်ထဲမှာပဲ စွတ်ကျယ်ချိုင်းပြတ်အဖြူလေးနှင့် ရှိနေသည့် သူ့ကို အားနာစွာမော့ကြည့်မိရင်း

"ဒီအတိုင်းပဲ နေရအောင်နော်"

ဟု တောင်းပန်သလိုလေးပြောသည်။

မားက သူ့ရင်ဘတ်မှာခပ်ဖွဖွတင်ထားသည့် နှစ်နှစ်ရဲ့လက်ခုံ နုလေးနှစ်ဖက်ကို အသာဆုပ်ကိုင်ထားမိရင်း ဝါးဝါးလေးမြင်နေရသော ဖြူနုနုမျက်နှာလေးကို ငုံ့မိုးကြည့်နေသည်။

နှစ်နှစ် လက်ကိုရုန်းဖို့ စိတ်မကူးမိပါ။

သူမ သည်းခြေပျက်မတတ် ချောက်ခြားနေစဉ် ပူပန်စွာရောက် ရှိလာသည့် ဒီရင်ခွင်ဟာ မိနစ်စက္ကန့်ပိုင်းလေးအတွင်းမှာပဲ သူမအတွက် တန်ဖိုးကြီးမားသော ရတနာတို့နှင့်မလဲနိုင်။

မထင်မှတ်ခဲ့သော ခဏတာလေး ကယ်တင်စောင့်ရှောက်မှု ဟာ တစ်ဘဝစာအတွက် သူမ ထာဝရမှတ်သားသွားပါမည်။

ကိုယ်ပေါ်မှာနွေးထွေးစေခဲ့သော မွှေးပျံ့သွားသည့် ကိုယ်သင်း နံ့နှင့်သူ့အင်္ကျီကြောင့် ညှို့သက်စေခဲ့သည်လားမသိ။ နှစ်နှစ်နှလုံးသား ထဲ့သည် မိုးစက်များနှင့်အတူ အလိုက်သင့်ပြီး စီးမျောလျက် မား၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို ငေးမောနေမိစဉ်

''ဂျိမ်း''

''အမေ့''

မားကလည်း ပွေ့လိုက်သည်။ နှစ်နှစ်ကလည်း ပြားကပ်

လေးဖြစ်သွားသည်အထိ တိုးဝင်သည်။

''ဒိန်း ဒလိန်း ဂျိမ်း''

မိုးခြိမ်းသံရှည်တို့က နှစ်နှစ်ပခုံးလေးကိုပို၍ တွန်းပို့ထားလို

သကဲ့သို့ ညသည် သူတို့နှစ်ယောက်၏ရင်ခုန်သံနှစ်ခုကို သံစဉ်ညီ

ခဲ့သည်လား။

''နှစ်နှစ်ရယ်''

မား နှစ်နှစ်ကို မလွှတ်တော့ဘဲ ပို၍တင်းကျပ်အောင် ပွေ့

ဖက်ကာကိုရွဲနေသည့် ဆံစတို့ကို မျက်နှာနှင့်ဖိကပ်မွှေနှောက်ရင်း

မိုးစက်တွေကို ခြွေခွင့်ပေးပါ နှစ်နှစ်ရယ် မင်းဆံနွယ်တွေ

နမ်းရှိုက်မိခဲ့ရင်တောင် ပျက်စီးလိုတဲ့ဆန္ဒကင်းတယ်ဆိုတာကို ယုံကြည်

ပေးပါ။

တစိမ့်စိမ့် တဖျန်းဖျန်းတွန်းပို့နေသော ချမ်းစိမ့်ခြင်းကြေ

နှစ်နှစ်သည် မားရင်ခွင်မှာ နွေးထွေးစွာခိုလှုံရင်းဖြင့် ။

■ ■ ■



## အခန်း (၂၇)

တစ်ကိုယ်လုံးပူရှိန်ရှိန်ကြီး ဖြစ်လာရာမှ မီးပုံကြီးတစ်ပုံနား ရောက်လာသည်။

မီးပုံကြီး၏ ပူပြင်းမှုက ကြောက်ဖွယ်လိလိဖြစ်သော်လည်း သူရှောင်ထွက်သွားဖို့စိတ်မကူးမိဘဲ ထိုအထဲကို ခုန်ချဖို့ ဆန္ဒတွေဖြစ် တာ

''အား ပူလိုက်တာ''

''မြေးလေး''

''ကိုလေး ကိုလေး''

''ဘာလို့ဖြစ်နေတာလဲကွယ်''

မား ကယောင်ကတမ်းတွေဖြစ်လျက် တစ်ကိုယ်လုံးပူခြစ်နေ သော့ ဒေါ်ယုယ မျက်ရည်ဝဲလျက်အသံတုန်ကာ ဘာမှလည်းမလုပ် တတ်

မတူးလည်း နှစ်နှစ်နိုင်းတာကိုသာ ဟိုပြေး ဒီလွှားလုပ်ပေး



www.burmeseclassic.com

www.burmeseclassic.com



နေရှာပေမယ့် ခြေမကိုင်မိ လက်မကိုင်မိပါ။

"အဖျားက မကျဘူးလား မြေးရယ်"

"နည်းနည်းကျပါတယ် ဘွား စိတ်အေးလက်အေးထား… ဟပ်ချိူး"

"ဟင်"

"ဟောတော့ မြေးကရော ဘယ်လိုဖြစ်နေတာတုန်း… မကောင်းဘူးလား"

"ကောင်းပါတယ် ဘွားရဲ့"

ဖြေနေရင်း ခေါင်းတွေက တဒိန်းဒိန်းထိုးဆောင့်လာ…

မျက်လုံးထဲမှာ သဲတွေနဲ့ ဆုပ်ပက်ခံထားရသလို မျက်… တဖျတ်ဖျတ်ခံနေရလျက် မျက်ရည်ပူတွေပျံလာသည်။

ယို့သော် နှစ်နှစ် အံကြိတ်၍တောင့်ခံထား၏။

ညက နောက်ဖေးတံခါးဝမှာ သူ မားရင်ခွင်ထဲမှာ အိပ်… သွားခဲ့သည်လား။

သတိလစ်သွားခဲ့တာလား မသိ။

"မနှစ် မနှစ်ရေ ထပါဦး"

ခေါ်သံနှင့်အတူ တံခါးခေါက်သံ ကြားရတော့ မတူး… လောက်ထိ ကြာအောင် ခေါ်နေမှန်းမသိဘဲ ခေါ်သံက နူးနူး…





…တ်တော့တာ သေချာနေ၏။

နှစ်နှစ် ကိုယ့်ကိုယ်ကို အခန်းထဲ ဘယ်လိုပြန်ရောက်နေမှန်း …ည်းမသိ။

ဘာတွေဖြစ်ကုန်မှန်းလည်းမသိဘဲ အိပ်ရာက ကျိုးထလိုက် …တော့ တစ်ကိုယ်လုံးကိုက်ခဲနာကျင်ကာ မျက်စိတွေ နှာခေါင်းတွေ ပူစပ် …တာကို သတိထားလိုက်မိသည်။

ကိုယ်ပေါ်မှာ မားရဲ့ဆွယ်တာလက်ရှည်အဖြူနှင့်

သူမ အပေါ်ကနေ စောင်ပတ်ခြုံလိုက်ပြီး တံခါးထဖွင့်လိုက် …တော့ မတူး၏အံ့ဩသည့်မျက်လုံးက ကျွတ်ထွက်မတတ်ဖြစ်နေပြီ။

"နိုးလိုက်ရတာ မနှစ်ရယ်၊ ရှိတောင်မရှိတော့ဘူးလား …ရတယ်၊ ရှစ်နာရီထိုးနေပြီ"

"ဟင် ဟုတ်လား အင်း ဟို ဟိုလေ ညက"

"မိုးတွေကြီးတော့ကြောက်ပြီး အိပ်မရလို့ မိုးလင်းမှအိပ်ပျော် …တယ် မဟုတ်လား"

မတူးကပဲ ရှေ့ဆက်ပြောသွားကာ

"ကိုလေးကလည်း ဘာဖြစ်မှန်းမသိဘူး၊ ထွက်မလာလို့ သွား …တော့ တစ်ကိုယ်လုံးမီးတောက်နေတဲ့အတိုင်းပဲ ညည်းလိုက်တာလည်း …းပဲ၊ လိုက်ကြည့်ပေးပါဦး မနှစ်ရယ်၊ မြန်မြန်လာပါ၊ ဘွားဘွား



www.burmeseclassic.com

www.burmeseclassic.com



ယုလည်း သနားပါတယ် ငိုနေရှာတယ်''

''အို''

နှစ်နှစ်ကိုယ်မှာ လေးလံနေတာတွေကို မေ့သွားသည်။ ငါ နည်းဖြင့် တိုက်ကြီးပေါ်အပြေးလေးလိုက်လာခဲ့မိသည်။ ညက မိုးသည်း ထဲမှာ သူမကရေစိုနေပေမယ့် အပေါ်အင်္ကျီအခြောက်နှင့် သူ့ရင်ခွင် မှာ နွေးနေသည်။

သူကတော့ စွတ်ကျယ်ချိုင်းပြတ်လေးတစ်လွှာတည်းနှင့် တ ညလုံး

''မား မား သတိရလားဟင်''

တအင်းအင်း ညည်းညူနေသည့် မားကို တတွတ်တွတ်ခေါ် ရင်း ရေခဲအုပ်ပေးရင်း နှစ်နှစ်မျက်ရည်ကျတော့ မတူးက တအံ့တဩ ဖျတ်ခနဲ ငုံ့ကြည့်သေး၏။

''ဘယ်လိုဖြစ်ကြတာလဲကွယ် ညက ခေါင်းရင်းတံခါးမပိတ် ဘဲများ အိပ်လို့လား''

ဟု ဘွားမေးတော့လည်း နှစ်နှစ် ရေငုံနှုတ်ပိတ်နေခဲ့သည်။

မား သတိရလာလျှင် ဘယ်လိုဖြေမလဲ ဖြေချင်သလိုသာ လိုက်ပါတော့ မားရယ်။ ရှင် အခုလိုဖြစ်ရတာ နှစ်နှစ်ကြောင့်ပါ ။

သူ နှစ်နှစ်ကို ပွေ့ချီပြန်ပို့ပြီး စောင်တွေတောင် ထပ်ခြုံ





သွားသေးသည်။ သူ့ကိုယ်သူကျတော့

''အား ဟင်း အင်း ပူလိုက်တာ''

''မြေး မြေးလေး မြေးသတိထားလေ''

နှစ်နှစ် ခေါင်းလေးငုံ့ ရေခဲအုပ်ပေးရင်း တုတ်တုတ်မလှုပ်သော် လည်း မတူးနဲ့ဒေါ်ယုယတော့ ဘာလုပ်ရမှန်းမသိတိုင်း မားကို ပြေးခေါ် လိုက် တံခါးဝဆီပြေး၍ ဦးထွန်းမြင့်ရောက်အလာကို မျှော်နေလိုက် ။

''သူ့အဖေ ခုလောက်ဆို ဆေးရုံသွားဦးမှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့များ ဟင် ဟဲ ဟဲ့''

''ဟော်တော့် မနှစ်''

ပြောဆိုနေကြရင်း ပြန်လှည့်လာတော့ ရေခဲအုပ်ပေးနေသည့် နှစ်နှစ်မျက်နှာလေးရှေ့သို့ တအိအိငိုက်ကျသွားရင်းမှ မားရင်ဘတ်ပေါ် မှောက်လျက်သားလေး မေ့မျောသွားလေရာ

''မြေး နှစ်နှစ်''

''မနှစ် မနှစ် ဟယ် ဘွားဘွားယုရေ မနှစ်လည်း ကိုယ်တွေ ပြင်းလို့တော့''

''ဟော''

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"နှစ်နှစ် မင်းကိုကိုယ်သိပ်ချစ်တယ် နှစ်နှစ်ရယ် ချစ်တယ် ကိုယ့်ကိုပြန်ချစ်ပါနော် ချစ်လို့ပါ အချစ်ရယ်"

ဟင်

သားဖြစ်သူကို ဆေးထိုးပေးနေသည့် ဦးထွန်းမြင့် ကိုယ်ကြီး တွန့်ခနဲဖြစ်သွား၏။

ကပ်လျက်ခုတင်၂မှ နှစ်နှစ်ကိုပြုစုပေးနေသော ဒေါ်မိုးမိုးနိုင် ဖျတ်ခနဲလှည့်ကြည့်သည်။

မတူး ဝိုင်းတက်သွားသည့် ကိုယ့်ပါးစပ်ကို လက်ဝါးလေး ကမန်းကတမ်းပိတ်ပစ်၍ ဇက်ပုသွား၏။

ဘွားဘာမှမပြောနိုင် တစ်ခန်းလုံးတိတ်ကျသွားလေသည်။

"အား ဟင် ဟင် နှစ်နှစ် နှစ်နှစ် သူနဲ့ လိုက်မသွားပါနဲ့ နှစ်နှစ်"





"သား"

ဒေါ်မိုးမိုးနိုင် သားကိုပြေးလှုပ်၍ သတိပေးသည်။

"သားလေး သတိထားလေ သား"

"ဟင်"

မား ထူးသံပြုနိုင်လာသည်။

မျက်လုံးတွေဖွင့်ဖို့ ကြိုးစားသော်လည်း ရပုံမပေါ်။

"သားလေး သတိထားနော် သားဖျားနေတယ်ကွယ့် သားအဖေ ဒက်ဒီ ဆေးထိုးပေးနေတာ"

"အား"

မား ညည်းညူရှုံ့မဲ့နေဆဲ

ဦးထွန်းမြင့်နဲ့ဒေါ်မိုးမိုးနိုင် နှစ်နှစ်နဲ့မားကြားမှာ ပဟေဠိတွေ ရှိနေတာကို စိတ်ဝင်စားသော်လည်း အဖြေမညှိနိုင်ဘဲ ရောဂါကုရင်း ဆွေးပြန်နေကြ၏။

ဘယ်လိုတွေတိုက်ဆိုင်ပြီး နှစ်ယောက်တစ်နေ့တည်းဖြစ်ကြတာလဲ။

အစက မသင့်တင့်ကြသည့်နှစ်ယောက်ဟာ ခုတော့ သားဖြစ်သူက အသည်းစွဲချစ်နေတဲ့ပုံ။

သူတို့ ချစ်သူတွေလား။



www.burmeseclassic.com

www.burmeseclassic.com



လက်တို့က ဖယ်ဆတ်သလို လှုပ်ရှားနေကြသလောက် ထဲမှာလည်း ပဟေဠိပေါင်းများစွာ ပြည့်နှက်နေလေသည်။

''ဘာများမဟုတ်ဘူး မာမီ အလကား ကယောင်ချောက်ချား နဲ့လျှောက်ပြောနေတာ''

''ကယောင်ချောက်ချားအလကားဆိုရင် ဒက်ဒီကိုချစ်တ မာ့မီကိုချစ်တယ် ဘွားကိုချစ်တယ်၊ စုကိုလည်းချစ်ခဲ့တာပဲ အလ လျှောက်ပြောစရာတွေအများကြီးပဲ နှစ်နှစ်ကိုမှ ထပ်ခါတ ကယောင်ချောက်ချား သတိရနေတာလား''

''မာမီကလည်း''

ဖျားထားသည့်အရှိန်နှင့်အကြပ်ရိုက်သွားသည့် မားမျက် ပို၍နီမြန်းကာ တစ်ဘက်ခုတင်ပေါ်မှာ ကပိုကရိုလေးခွေခေါက်အိပ် နေသော နှစ်နှစ်ဆီကိုငေ့ကြည့်လိုက်မိတာ မလုံမလဲ ။

''ပြောစမ်းပါဦးသားရယ် သားအရွယ်ရောက်နေပြီပဲ မာ က ဆူမလို့မေးတာမဟုတ်ဘူး၊ သားကချစ်တယ်ဆိုရင် ရှေ့ဆက် ရင်ဆက်မယ် မသင့်ဘူးဆိုရင်လည်း လုပ်စရာရှိတာလုပ်မယ် သား တစ်အိမ်တည်း အတူနေကြတာ''

''ရှေ့ဆက်ဖို့လည်းမလိုဘူး၊ ဘာမှလည်း မာမီလုပ်စရာ ပါဘူး၊ သူနဲ့သား ဘာမှမဆိုင်ဘူး၊ အဲဒီညက မီးပျက်တော့ မီးစက်မော





ကြည့်မလို့ အပြင်ထွက်သွားရင်း ကျွန်တော် မိုးစိုသွားလို့ဖျားတာ''

''သူကရော''

''သားမသိဘူး''

မား ပြောင်ညာလိုက်သည်။ နှစ်နှစ်မှာသာ ရည်ရွယ်ပြီးသား ရှိပါဘူးဆိုလျှင် ''ဟုတ်တယ် နှစ်နှစ်ကိုသားချစ်တယ် နှစ်နှစ်ကို က်ထပ်ပါရစေ မာမီ''လို့ရင်ဖွင့်လိုက်ရုံသာ။

ခုတော့ ဘာမှမထူးနိုင်တော့တာကို သူရှေ့မဆက်တော့ပါ။

တစ်ညလုံး ရင်ခွင်ထဲမှာ ထွေးပွေ့ထားခဲ့သော်လည်း နှစ်နှစ် နှမှုးလေးကိုတောင်မှ သူမနမ်းမိအောင် ကြိုးစားထိန်းချုပ်နိုင်ခဲ့ပြီးမှ နှနှစ်ယောက်တည်းတညလုံးရှိနေခဲ့သည့်အဖြစ်ကို ပြောလိုက်မိ၍ နှစ်သိက္ခာပွန်းပဲ့သွားမည့်အဖြစ်မျိုး သူပြုရက်ပါ့မလား။

''မိုးရော လေရောပါလို့ တိုက်ဆိုင်ပြီး နှစ်ယောက်လုံးဖျား းတဲ့ဟာ အဓိပ္ပါယ်တွေနဲ့လျှောက်တွေးမနေပါနဲ့ မာမီ ဒီကိစ္စမျိုးက ဟုတ်ဘဲနဲ့ဟုတ်တယ်ပြောလို့ရတာမျိုးလည်း မဟုတ်ဘူး၊ ဟုတ်ရဲ့သား ငြင်းနေတော့ရော ရမှာမို့လား၊ သားပြောတာကိုယုံပါ''

ယုံချင်ပါသည် ဖြစ်လည်းဖြစ်နိုင်ပါ၏။

သို့သော်'ကိုလေး ကယောင်ကတမ်းတွေ ညည်းညူနေတုန်း လေ မနှစ် ကိုလေးမျက်နှာကို ကြည့်ပြီးရှိုက်ရှိုက်ငိုတယ် ဆိုလား



www.burmeseclassic.com

www.burmeseclassic.com



မေမေကြီး'တဲ့။

မတူးက သတင်းပို့ထားပြီးပြီ။

သားကချစ်တယ်တဲ့ နှစ်နှစ်က သားကိုစိုးရိမ်လို့ ငိုသည်

ဒီအဖြစ်တွေကို ဘာမှမဟုတ်တာတွေပါလို့ ဘယ်လို

ရမလဲ။

"ကဲ ကဲ မင့်သားကို ဒါပဲ မေးမနေနဲ့ ရိုက်စစ်လည်း

မှာမဟုတ်ဘူး။ ခုဘယ်လိုလုပ်ကြမလဲ"

ဦးထွန်းမြင့် ကုလားထိုင်မှာ စိတ်ပျက်လက်ပျက်ကြီး

လိုက်ပြီး ပြောသည်။

"သားကို စောင့်နေမှဖြစ်မှာပေါ့၊ နှစ်နှစ်ကလည်း စိ

သေးတာမဟုတ်ဘူး။ သူ့ခမျာလည်း တစ်ကောင်ကြွက်ဆိုတော့

ပါတယ်၊ မိုးကတော့ စိန်တိုက်ကိုဘယ်လိုမှပစ်ထားလို့မရဘူး။ ဒီ

ပြန်ရမှာ ကို့အလုပ်ကိုခွင့်တင်လိုက်ပေါ့"

ဒေါ်မိုးမိုးနိုင်က ထစ်ခနဲရှိ ကို့အလုပ်ကိုနားလိုက်ပါခွင့်ယူ

ပါ။

သူ့ကိုနားဖို့ပြောသည့်ချည်းဖြစ်၏။ တစ်ခါတလေ ပြော

သည်။

"ကို့လခက သားရဲ့မုန့်ဖိုးလောက်ပဲရှိတာပဲ ကိုယ် ဦး





ဆရာဝန်ဆိုတဲ့ ပြယုဂ်တစ်ခုပဲလိုအပ်တယ် ကိုဘာမှ အပင်ပန်း

နေနဲ့''တဲ့။

ကိုယ့်ကိုညှာတာတာလား။ ချိုးနှိမ်သည်လား။

ညှာတာပဲဖြစ်မှာပါဟု ဖြေသိမ့်နေလိုက်ရသော်လည်း အထင်

းတာပဲဖြစ်မှာပါဟု ခိုးလို့ခုလုတွေးနေဖြစ်တာ ကြာတော့ ဒီစကား

အပေါ်မှာ မကျေနပ်စိတ်က ဖြစ်ထွန်းလာ၏။

ဒေါ်မိုးမိုးနိုင်က စိတ်ကုန်သည်ပီပီ စကားပြောမမောက်မာ

လည်း မာနကြီး၏။

ဒါကိုနားလည်ပေးနေရပေမယ့် တစ်ခါတစ်ခါကျတော့သည်း

က်ထွက်ချင်မိသည်။

ဦးထွန်းမြင့် မျက်နှာညိုသွားတာကို ဒေါ်မိုးမိုးနိုင်က ရိပ်မိသည်။

"သားက ဖျားနေတာလေ ကိုကဆရာဝန် သားကို စောင့်မှ

င်ပြေမှာပေါ့၊ သားနားမှာမိုး ရှိနေတော့ မိုးဘာမှမလုပ်တတ်တာ၊

ကို ပြောတာပါကို တလွဲတွေးမနေပါနဲ့"

ဦးထွန်းမြင့် သက်ပြင်းချလိုက်ရပြန်ပြီ တစ်ခါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

''ဟင် ကိုကျော်မင်းထင် ဒီကို''

''ဟောဒီမှာ သမီးတပည့်မလေး နေမကောင်းဘူးဆို ကိုထွန်းမြင့်ရေ လက်စသတ်တော့ သမီးရဲ့အိမ်ရှင်တွေက ကိုထွန်းမြ တို့ပဲ လူတော်လူကောင်းတွေနဲ့တွေ့လို့ တော်သေးတာပေါ့''

လွန်စွာသားနားထည်ဝါသော ယောကျ်ားနှင့်မိန်းကလေး တစ်ယောက် လူနာမေးရောက်လာကြတော့ အားလုံးအစုံရှိနေသည့် ဒေါ်မိုးမိုးနိုင်တို့မိသားစု အံ့အားသင့်နေမိကြသည်။

''မျက်နှာချောင်သွားလိုက်တာ ဟယ် နှစ်နှစ်တော်တော်ပြ လိုက်တာပဲ၊ သုံးရက်လောက်ရှိပြီဆို မလတ်တို့ ကိုသက်ဖုန်းဆက်ပြီး လို့ပြောတော့မှပဲ သိရတော့တယ်''

''ကျွန်တော်လည်း သူကလာပါဆိုမှ လာရတာမလတ်ရဲ့၊ အဲ





ကြောင့် လာလို့ရအောင် မလတ်တို့ကို အကူအညီတောင်းရတာ''

အနက်ရောင် အနောက်တိုင်းဝတ်စုံနှင့်ရှင်းသန့်နေသော လူ့ရုယ်ကို ကိုသက်ဆိုသည်နှင့် ဒေါ်ယုယတို့ပါ စိတ်ဝင်စားမှုပိုသွား ကြ၏။

မားကတော့ ဝင်လာကတည်းက ဦးကျော်မင်းထင်၏နောက် ဒုတိယလူဟာ မိုးသက်ငြိမ်မှန်းချက်ချင်းသိသည်။ ကားထဲမှာ သူမြင် လိုက်သည်ပဲ။

''မိုး မင်းကိုကျော်မင်းထင်ကို သိတယ်မဟုတ်လား''

''ဒီလိုလူမျိုးကို မသိဘဲနေမလား ကိုရဲ့ ကိုသက်ဆိုတဲ့ ဟို ကောင်လေးကို မသိတာ''

ဒေါ်မိုးမိုးနိုင် နွမ်းယဲ့ယဲ့လေးလှဲနေသည့် နှစ်နှစ်ရဲ့ဘေးကို ရင်ဆုံးရောက်သွားကာ အနီးဆုံးမှာထိုင်၍ မျက်ဝန်းတို့သည် နှစ်နှစ် ၏နှာလေးထက်မှာ မခွာရဘဲရှိနေသည့် ကိုသက်ဆိုသော လူရွယ် ချောချောကို စိတ်ဝင်စားစွာရှိနေရာ

''အဲဒါ မိုးသက်ငြိမ်လို့ခေါ်တယ်၊ သူလည်းသံရုံးမှာပဲ နှစ်နှစ် ဘက်အရာရှိတဲ့ မနေ့က မေမေပြောတဲ့ကောင်လေးပေါ့''

''ဪ''

''မိဘတွေမရှိတော့ဘူးလေ၊ ဆွေမျိုးစုအားလုံးနဲ့သူ့အရင်း ပြစ်က အမေရိကန်မှာတဲ့၊ တော်တော်လေးကြွယ်ဝပုံရတယ်၊ နှစ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



က နိုင်ငံခြားလိုက်ရမှာစိုးလို့ အစကခေါင်းမညိတ်ခဲ့တာတဲ့''

''ခု ခေါင်းညိတ်ပြီးပြီဆိုတော့ လိုက်သွားတော့မယ်ပေါ့''

''ဟုတ်မှာပေါ့ကွယ်၊ သူ့ဒီလိုလူမျိုးကိုရွေးတာမှန်ပါတယ် မတွေ့ဘူးလား၊ ဟိုမှာစကားပြောတာ ပါးစပ်ထဲကောက်ငုံထည့်ထား တော့မယ့် အတိုင်းပဲ''

''ဟုတ်တယ်''

ဦးကျော်မင်းထင်နဲ့အမျိုးသမီးနှစ်ယောက်က ခပ်လှမ်းလှမ်း ဆုတ်ထိုင်ရင်း ဦးထွန်းမြင့်ဘက် စကားလှမ်းပြောလိုက် နှစ်နှစ် မေးလိုက် နှစ်သိမ့်လိုက်

ဒေါ်ယုယနဲ့ဒေါ်မိုးမိုးနိုင်တို့က အဝင်တံခါးက ဆက်တီခုံတွေ ထိုင်ရင်း အားလုံးကိုခြုံငုံကြည့်နေမိကြသည်။

မတူးက အားလုံးအတွက် လက်ဖက်ရည်နဲ့မုန့်ပွဲတွေယူလာ ပေးသည်။

ဒေါ်မိုးမိုးနိုင် ကပျာကယာထလိုက်ကာ မတူးယူလာသော ဗန်းကလေးထဲက လက်ဖက်ရည်ပွဲတွေကို သူကိုယ်တိုင် တစ်ဦးစီချ ပေး၍

''သုံးဆောင်ကြပါဦးရှင် သမီးလေးဆီခုလို ဂရုစိုက်ပေး ရောက်ကြတာကို သမီးအတွက် ကျေးဇူးတင်ပါတယ်၊ ဝမ်းလည်းသာ





ပါတယ်၊ နောက်ကိုလည်း သမီးနဲ့ပဲ ပတ်သက်ပတ်သက် ဒီအိမ်ကို ...နိုးလို့ပဲဖြစ်ဖြစ် ဝင်ထွက်သွားလာလို့ရပါတယ်''

ဒေါ်မိုးမိုးနိုင် စကားဆုံးမှာ လက်ခနဲဝင်းလက်သွားသည့် ...သက်ငြိမ်၏မျက်ဝန်းတစ်စုံဝင့်တက်လာသဖြင့် ဒေါ်မိုးမိုးနိုင်နှင့်မျက်လုံး ...ချင်းဆုံကာ ထိုစကားက သူ့ကိုပြောသလိုဖြစ်သွားသောကြောင့်

''ဟုတ်ကဲ့ခင်ဗျ''

နှစ်ယောက်သား အသိအမှတ်ပြုပြီးသားဖြစ်သွားကြသည်။

'ဘယ်နှယ်လဲ' ဆိုသော မျက်ဝန်းနှင့်ပြန်ငုံ့ကြည့်တော့ နှစ်နှစ် ...ပြုံးပြ၍ မျက်လွှာချ၏။ သူတို့နှစ်ယောက်ကို အပြင်ညှိခန်းအတွင်း ...ဆောင့်မှာ ဂိမ်းကစားနေသည့် မားကစူးစိုက်ကြည့်နေ၏။

သူတစ်ယောက်တည်းအပြင်မှာနေပေမယ့် အတွင်းကမြင် ...ကွင်းအားလုံးကို သူ့နေရာကမြင်နေရသည်။ ယက်တို့သည် ရပ်တန့် ...နှင့်ကြလျက် သူ့ရှေ့က တိုက်ပွဲမှာ ဘယ်သူတွေကျလို့ ဘယ်ဘက် ...ကနိုင်မလဲ ဘာဆိုဘာမှ မားစိတ်မဝင်စားတော့။

အရေးထဲ မတူးက သူ့မျက်နှာကိုဟိုနေရာက ခိုးကြည့် ...နေရာက လာရပ်ကြည့်ပြီးလျှင် ကိုလေးမျက်နှာကြီး ဘာဖြစ်နေတာ ...ဘယ်လိုခံစားတာနှင့် သွားသတင်းပို့ပါလိမ့်မည်။

''ဘာလုပ်နေတာလဲ အဲဒါ''



www.burmeseclassic.com

www.burmeseclassic.com



''အမေရေ''

ရှိုးကေ့စ် ဖုန်သုတ်သလိုလို ဘာလိုလို အနားမှာဝေ့ဝဲ
သည့်မတူးကိုယ်တိုင်က နိုးကြောင်နိုးဝှက်မို့ မားအသံကြောင့် တုန့်
ဖြစ်သွား၏။

မား ရင်ထဲမှာမွန်းကျပ်လာသည်။ ခေါင်းတွေတောင် ငိုက်
နောက်ကျလာ၏။

နေရာမှထကာ အားလုံးနှင့်ဝေးသော ခြံထဲဆီသို့ထွက်လာ
၏။

အချစ်စိတ်တို့သည် တစ်စချင်းတစ်ရစ်ချင်း နွယ်ဝင်ခဲ့သည်
မဟုတ်ဘဲ အချိန်တိုတိုတောင်းမှာပဲ အင်အားကောင်းစွာ တောက်လော
ခဲ့သော မမြင်နိုင်သည့် အချစ်မီးလျှံများဖြစ်၏။

ချစ်တယ် နှစ်နှစ်ရယ် မင်းကိုအခုလို အင်အားရှိတဲ့ပြိုင်ဘက်
တစ်ယောက်နဲ့ အနိုင်တိုက်ယူရတော့မယ်မှန်းသိရင် မင်းကိုရယူနိုင်မယ်
လက်နက်တွေကို စုဆောင်းထားခဲ့မိမှာ

ခုတော့ ကိုယ့်မှာအင်အားမဲ့စွာ

လေတွေ တဟူးဟူးတိုးဝှေ့နေတာကို ပူဆွေးနေသည့် ကိုယ်က
နှစ်သက်ခြင်းမရှိပါဘဲ သူပန်းခြံအလယ်မှာ လျှော့လှဲစွာထိုင်နေမိသည်။

မိုးကြီးထားသည့် ဒဏ်ရာများနှင့်နုငယ်သော ပန်းခင်းလေး





...တို့ ယိုင်လဲပျက်စီးနေကြသည့် ပန်းပင်တွေဘက်ကိုလည်း ဘယ်သူ
...ရှုမထားမိကြပါ။

မားအတွက်ကတော့ မိုးကြောင့်ပို၍တင်းကျပ်ပြည့်သိပ်လာ
...သော ဝေဒနာများသည် မိုးကြောင့်လဲပြိုပျက်စီးနေရှာသည့် ပန်းက
... တချို့ကိုမြင်ရတိုင်း စာနာစိတ်တွေ ယူကျုံးမရခြင်းတွေ မချစ်ဘူး
... အချစ်ကြီးခဲ့သော ရင်မှာ ဟင်းလင်းပွင့်သလိုခံစားနေရခြင်းတွေ

အားလုံးဟာ မိုးကြောင့်လား။

ကိုယ် ဘယ်လိုမေ့ရမလဲ နှစ်နှစ်ရယ်။ ကိုယ့်ရဲ့ရင်ခွင်ရိုင်းမှာ
...ကို ပထဆုံးတွေးပွေ့ခဲ့မိတယ်၊ မင်းရဲ့ဆံကေသာတွေမှာ ကိုယ်
...မြတ်နိုးနိုး တိုးဝှေ့နမ်းရှိုက်ခဲ့ဖူးတယ်။

မမေ့နိုင်ဘူး အချစ်ရယ်။

ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားသည်။ ရှေ့မြင်ကွင်းအားလုံးဟာ
...မိုက်သောလွင်ပြင်ကြီးအဖြစ် မှောင်ကျသွား၏။

လွင့်မျောသွားသည့် သူ့ခန္ဓာကိုယ်သည် နှစ်နှစ်ရှိရာ ချက်ချင်း
...က်သွားကာ နှစ်နှစ်၏လက်ဖဝါးလေးကို တွေးဆုပ်ဆွဲခေါ်လာခဲ့ သည်။

နှစ်နှစ်သည် သူ့လက်မောင်းတစ်ဖက်ကို မှီနွဲ့ဖက်တွယ်လျက်
...ခစ်ခစ် ရယ်နေ၏။

ပျော်လိုက်တာ သူ့ရင်ထဲမှာ ခုန်ပေါက်ဟာစ်မြူးနေသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ပါးစပ်က ထုတ်မပြောမိမှန်းမသိ။

နှစ်နှစ်ပျော်နေတာလည်း သူမြင်သည်သာ။

ပန်းခြံထဲမှာ နှစ်နှစ်လျှောက်ပြေးနေသလောက် သူထပ်ချပ် မကွာလိုက်သည်။

လက်ဖဝါးနုနုလေးကို ဖမ်းဆုပ်မိ၏။ နှစ်နှစ်ကိုထွေးပွေ့၍ ကြိုးစားမိစဉ် တစ်စုံတစ်ယောက်က ဆောင့်ဆွဲလိုက်သလို နှစ်နှစ် သူ့ရင်ခွင်ထဲကနေ ပြုတ်ထွက်သွား၏။

''နှစ်နှစ်''

သူ တအားအော်ခေါ်လိုက်စဉ် မျက်နှာပေါ်မှာလက်ဖဝါးတွေ ဟိုဒီစမ်းကိုင်လာကြတာကို သတိရလာမိသည်။

''သားလေး သား ကိုရေ ဒေါက်တာ သားလေး သတိရလာ ပြီ''

''လူနာမျက်နှာရော လည်ပင်းကိုပါ ရေခဲပတ်နဲ့မကြာခဏ တိုက်ပေးပါ''

''ဟုတ်ကဲ့ ဒေါက်တာ''

''ကိုထွန်းမြင့် ကလေးကိုကျုပ်တို့ ဆေးရုံတင်မှဖြစ်တော့မယ် နှစ်နှစ်ဆိုတာ ဘယ်သူလဲ''

''ဗျာ''





''နှစ်နှစ်ဆိုတဲ့ နာမည်တစ်ခွန်းကိုပဲ သူခေါ်နေတာ အဲဒီ လူကို သူ့နားမှာရှိစေချင်တယ်လေ၊ ဒါလည်း ကျုပ်တို့အားကိုးရမယ့် ဆေး ကောင်းတစ်လက်ပဲ''

ဆရာဝန်ကြီးက ဒေါ်မိုးမိုးနိုင်နဲ့ဦးထွန်းမြင့်ကို ငေးကြည့်ကာ

''ခင်ဗျားတို့မှာ သားသမီးနဲ့မိဘ သမားရိုးကျဖြစ်နေတဲ့ ဘတ်လမ်းများရှိလား''

''ဟင်''

ရုတ်တရက် ဦးထွန်းမြင့်ကနားမလည်၊ ဒေါ်မိုးမိုးနိုင်က သဘောပေါက်သွားပြီး

''မရှိပါဘူး ဒေါက်တာ နှစ်နှစ်ဆိုတာ အိမ်မှာနေတဲ့ကောင်မ လေးပါ၊ ပူတို့သူငယ်ချင်းသာသာအဆင့်ပဲရှိပါသေးတယ်၊ ဆေးရုံကို ခေါ်လာဆိုလည်း ခေါ်လာလို့ရပါတယ်''

''ဟာ ဒါဆိုအဆင်ပြေတာပေါ့''

မားဘယ်လိုမှ အဖျားမကျတော့သဖြင့် ဆေးရုံတင်ဖို့ကိုအား ခုင်းစီစဉ်ရသည်။

''လေစိမ်းတွေ တအားတိုက်နေတဲ့ခြံထဲမှာ ဘယ်တုန်းက ဆင်းသွားပြီး သတိလစ်နေမှန်း မသိဘူး''

''အဲဒါကြောင့် နမိုးနီးယားဖြစ်သွားတာ''



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံက ဆရာဝန်ကြီးကိုပါ ပင့်ထားရသော မားဏ်အခြေ အနေကို နားစွင့်နေရင်း ထိုရောဂါကို နှစ်နှစ်လွှဲပြောင်းယူလိုက်ချင်မိ များပင် ဖြစ်မိခဲ့ရသည်။

မားကိုသနားသလို သူမနာမည်ကိုချည်းခေါ်နေတာကိုလည်း မျက်နှာပူနေမိသည်။

ထိုအတွက်ကြောင့် သူနဲ့မားတို့ရှိးသားပါတယ်ဆိုတာ မည်သူယုံပါတော့မည်နည်း။

နှစ်ယောက်စလုံး အဖျားမပြတ်ဘဲ သက်သာသွားလို ပြန်ဖြစ်လိုက်ရှိနေကြဆဲ။ ခုတော့ သူမက နလံထနိုင်လာပြီး မားကပိုး သွားပြန်ပြီ။

မားအတွက် စိတ်မကောင်းဖြစ်ရသော်လည်း သူမသက်သာ သွားတာကိုတော့ ဝမ်းသာမိတာ ... မှန်ပင်။

ဝေဒနာကိုမခံစားချင်တာထက် ကိုယ်နဲ့ဘာမှမသက်ဆိုင်သ တွေလက်ထဲမှာ သူတို့က လိုလေသေးမရှိသားသမီးနဲ့တန်းတူ ပြုစုပေး ကြတာ မှန်သော်လည်း နှစ်နှစ်မခံယူလိုပါ။

ပြီးတော့ ပိုဆိုးသည်က သူမ နေမကောင်းသော်ကြောင့် မိုးသက်ငြိမ် ချောင်းပေါက်မတတ် လာနေသည့်ကိစ္စပဲဖြစ်သည်။

မား ခြံထဲမှာ ဆင်းထိုင်နေတာ ဘာကြောင့်ဆိုတာ ခုထိ





...ရောဂါမပြတ်နိုင်တာ ဘယ်သူ့ကြောင့်လဲ အားလုံးကို နှစ်နှစ်သိသည်။

ထို့ကြောင့် မိုးသက်ငြိမ် ဒီကိုမလာစေချင်သလို သူမလည်း ...ရောဂါသက်သာသွားမှဖြစ်မည်။

"စားလို့ကောင်းရဲ့လား နှစ်နှစ် ငေးလိုက်တာကွာ"

မိုးသက်ငြိမ်က နှစ်နှစ်လက်ဖဝါးလေးကို ဖျစ်ဆုပ်ကြည့်လိုက် ...ပြီ။

"လက်ဖဝါးလေးတွေတောင် ပြန်နွေးလာသလိုပဲ အဖျား ...ပြတ်ဘဲနေတော့မှာပဲ စောင်လေးဇာင်ထားလိုက်နော်"

"ဟင့်အင်း"

သူက စောင်ခြုံပေးလိုက် နှစ်နှစ်က စောင်ကိုဖယ်ချပစ်လိုက် တကယ်က ဆိုးချင်လို့မဟုတ်ပါ။ သူ့အနားမှာရှိနေတာ ယုယ ...ကပ်နေတာကို မခံယူလိုတော့၍ဖြစ်သည်။

မားကို သနားနေမိသလို အိမ်သားတွေကို အားနာသည်။

သူ ကိုယ့်နားမှာကပ်နေသမျှ မား စိတ်ဆင်းရဲကိုယ်ဆင်းရဲ ...ဖြစ်တော့မည်။

ဒါကို မိုးသက်ငြိမ်ကလည်း ကြိဖန်ခွင့်လွှတ်နေသည်။

"နှစ်နှစ်က အတော်ဆိုးတာပဲကွ၊ ထိပ်ထုခံရတော့မယ် ဒီကလေး ...မမာဆိုတာ လူကောင်းလိုနေလို့မရဘူး၊ ခါးလောက်ဖြစ် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



စောင်လေးတင်ထားရမယ်''

''နေကောင်းနေပြီပဲ ကိုသက်ရယ်၊ လူမမာလိုနေရတာ

ညစ်လွန်းလို့ပါ''

သူကလည်း အတင်းချော့ စောင်ခြုံပေး နှစ်နှစ်က ပြန်

''ကိုသက်လည်း နောက်နေ့တွေမလာနဲ့ဦးနော်''

''ဘာဖြစ်လို့လဲ''

''နေ့စဉ် နေ့တိုင်းကြီးလာနေရတာ အားနာလို့ပါ ပြီး

နှစ်နှစ်က နေမကောင်းသေးတော့ ကိုသက်ကိုထွက်မတွေ့နိုင်

အိပ်ခန်းထဲမှာဆိုတော့''

နိုးလိုးခုလုဖြစ်သွားမိသည်။ စိတ်က အိပ်ခန်းထဲမှာ သူ

ယောက်တည်းမို့ စိတ်ကျဉ်းကျပ်နေရှာတာပဲဆိုတာ သိလိုက်ရ

မိုးသက်ငြိမ် နှစ်ခြိုက်စွာပြုံး၍ နှမ်နှစ်လက်ဖဝါးလေးထဲကို နော

န္တာထားသည့် လိမ္မော်သီးမွှာလေးတွေထည့်ပေးလိုက်သည်။

''အခန်းကအကျယ်ကြီး အပြင်နဲ့အထဲကို ဒီအတိုင်းမြင်

တာပဲ နှစ်နှစ်ရယ်၊ ဟိုမှာ မင်းရောက်မလာတဲ့နေ့တွေမှာ ကိုယ်

နေကုန်ကျော်ဖြတ်ဖို့ ဘယ်လိုမှမလွယ်ဘူး၊ ပြီးတော့ မင်းအသံ

ဖြစ်ဖြစ် တစ်နေ့မှမကြားရရင် တကယ်အိပ်လို့မပျော်တာ ကိုယ့်အ

အရွယ်နဲ့ချွဲတီချွဲဖတ်တွေ ပြောနေစရာမလိုပါဘူးကွာ ကိုယ်အဲဒီလို





တဲ့ကောင်လည်း မဟုတ်ဘူး၊ ရင်ထဲမှာရှိတဲ့အတိုင်း ပြောတာ

နှစ်သူများအိမ်မှာ တစ်ယောက်တည်း ဖျားနာနေတုန်း ပြုစုမယ်လို့

နည်းအားငယ်နေမှာကိုအစိုးဆုံးပဲ အဲဒါကြောင့် ဟောဒီအိမ်ရှင် တွေ

ည်ဖြူဖြူ မကြည်ဖြူဖြူ နှစ်နှစ်လာစေချင်သည်ဖြစ်စေ၊ မလာ

ချင်သည်ဖြစ်စေ ကိုယ်ကတော့ ကိုယ်နဲ့လက်ထပ်ဖို့သေချာပြီးတဲ့

ကလေးအဖြစ် ပိုင်စိုးပိုင်နင်းလာရမှာပဲ''

မိုးသက်ငြိမ်က လိမ္မော်ရည်တွေမသောက်နဲ့ဟုဆိုကာ လိမ္မော်

ည်သောက်ချင်သည့် နှစ်နှစ်ကို လိမ္မော်သီးကိုအမြှေးလေးတွေ

ကြောလေးတွေ ဘာမှမပါအောင် အမွှာလေးတွေချည်း တစ်လုံးချင်း

သာအောင် စိတ်ရှည်လက်ရှည်နွှင်ကျွေးသည်။

''ပန်းသီးက လူမမာစာတော့ လူမမာစာပဲကွ၊ ဒါပေမဲ့

ချင်တဲ့စိတ်နဲ့ပါးစပ်ထဲရောက်ကာနဲ့ မျိုချမပစ်ရဘူးကွ၊ လူနာရဲ့အစာ

က လူကောင်းလို အစာချက်မမြန်ဘူး၊ ရော့ ဖြည်းဖြည်းစား

ကြာလေးဝါး အရည်ပျော်မှမျိုချ''

အခွံနွှာပြီး ပါးပါးလေးတွေ ကိုယ်တိုင်စိပ်ပေးသည်။ နှစ်နှစ်

ဘာကို သေချာလိုက်ကြည့်ပြီး ''အင်း ရပြီမျိုချတော့ ဟာ ချက်ချင်း

မမျိုချနဲ့လေ''စသဖြင့် အကဲပိုလွန်းတဲ့သူပါ။

သူနဲ့နှစ်နှစ်ဆို အသက်အရွယ်ချင်း သိပ်ကွာလှတာလည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘဲ နှစ်နှစ်ကို ကလေးငယ်လေးတစ်ယောက်ကဲ့သို့ တယုတ ရှိလွန်း၏။

"အင်း မကြည်ဖြူလို့လားမသိဘူး၊ အဲဒီစုတ္ထုမှုတ္ထု မျက်နှာ ကို လာလာကြည့်နေရတာကလည်း ရင်ခုန်စရာပဲ ကိုယ်လည်း ဝ ပဲထင်တယ်"ဟုလည်း ပါးစပ်ကထုတ်ဖော်ညည်းခဲ့သေးသည်။

မနက်ကတည်းက ရောက်လာသည်၊ နေ့လည်နှစ် လောက်မှပြန်၏။

သူ့အတွက်ရော နှစ်နှစ်အတွက်ရော စားစရာတွေ တစ်ပုံ ပင်ကြီး ပါလာသည်။

"ဒါ မားအတွက်ပါ အန်တီ"ဟုဆိုကာ သူကိုယ်တိုင် မ သွားကြည့်တာလည်းပါသည်။

တော်ပါသေးသည်။ သူသွားကြည့်တဲ့အချိန်မှာ မားက နှ ကို မယောင်လို့ နှစ်ယောက်ပြိုင်တူဖျားကြသည့်အဖြစ်ကိုလည်း လိုက်တာနော်လို့ ထေ့တာငေါ့တာမျိုးမရှိ။ မေးလည်းမမေး ။

သူသည် တစ်လောကလုံးမှာ သူဂရုစိုက်စရာ နှစ်နှစ်မှ တခြားသူမရှိသောမှုနှင့် ဘယ်သူ့ကိုမှ ဂရုမစိုက်စွာနေလေသည်။

"ဒီကို နေ့တိုင်းလာရတော့ ဟိုမှာအလုပ်ပျက်မှာပေါ့နော်" လိုလား၍လား၊ မလိုလား၍လား စေတနာလား၊ ပြော





လုမှသိမှာပါ။

ဒေါ်မိုးမိုးနိုင်မေးတော့ သူကပြုံး၍

"အလုပ်က လူလောက်အရေးမကြီးပါဘူး အန်တီ ကျွန်တော့် လုပ်ငန်းခွင်ကပြီးနေပါပြီ၊ နှစ်နှစ်အတွက်နဲ့လုပ်နေရတာ ဟိုတုန်းကတော့ သင်္ဂါထပ်ခွင့်ရဖို့ပေါ့၊ ခုကျတော့ ဖျားလို့ ဟဲ ဟဲ"

မိုးသက်ငြိမ်က ဘာပဲပြောပြော နှစ်နှစ်ကိုတန်ဖိုးထားခြင်း ကိုသာရှေ့တန်းတင်၏။

အပြင်မှာ ရုတ်ရုတ်သဲသဲဖြစ်နေကြတာကို နှစ်နှစ်သိနေသည်။

အနားမှာ မိုးသက်ငြိမ်ရှိနေသည်က အခက်။

သူက နှစ်နှစ်ကို လူမမာလိုကွေးကွေးလေးနေမှ ကြိုက်တဲ့သူ စောင်ခွာပြီဆိုတာနှင့် ပျာပျာသလဲ

"ဟော့ ဘာကိုကျီးတိကြောင်တိ ဖြစ်နေတာလဲကွ"

"မား ဘယ်လိုဖြစ်နေလဲမသိဘူး ကိုသက်. မနက်ကတည်းက ထိပ်မကျန်းမာဘူးလို့ပြောနေကြတာ"

ပြော၍ နှစ်နှစ် ခုတင်ပေါ်က အတင်းဆင်းသည်။

"နှစ်နှစ် ကိုယ်သွားမေးပါ့မယ်ကွာ၊ လေစိမ်းတွေတိုးရင် ရောဂါ ကြာရည်တယ်"

ဒီနေ့တော့ဖြင့် သူပြောသလို လူမမာကြီးလုပ်မနေတော့ နှစ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ပြီးသား။

"မသွားလို့ မဖြစ်ဘူး ကိုသက်၊ နှစ်နှစ်က နေသာသလို တာမျိုးဖြစ်နေပြီ"

"ဟာကွာ မင်းလည်းနေကောင်းတာမှ မဟုတ်တာ"

"နှစ်နှစ်ရေ"

သူတို့နှစ်ယောက် တစ်ယောက်ကဆွဲ နှစ်နှစ်ကအတင်းထ ဖြစ်နေတုန်း ဒေါ်မိုးမိုးနိုင် အခန်းဝမှာပေါ်လာသည်။

သို့သော် သုတ်ခြေတင်သည့်ခြေလှမ်းတွေ တံခါးဝမှာပဲ တ ခနဲဖြစ်သွားကာ မျက်နှာလည်းပျက်သွား၏။

"အန်တီ ဘာလဲဟင် ခုပဲ နှစ်နှစ်ထွက်လာတော့မလို့ပါ"

"ညော် ကိုသက်ရှိသေးတာကိုး အန်တီကပြန်ပြီမှတ်လို့ ဘာ မဟုတ်ပါဘူးကွယ်၊ .စွတ်ပြုတ်လုပ်မလို့ သမီးဘာနဲ့သောက်ချင်လဲ လာမေးတာ"

ဒါကို နေ့တိုင်းလာမေးနေကျပေမယ့် မေးတာက မတူးအလု ပဲ။

ဒေါ်မိုးမိုးနိုင်က နှစ်နှစ်နေကောင်းပြီဟု ပြုံးရယ်ကာ ပြန်သွား ပေမယ့် မားအတွက် တစ်ခုခုမှိုလာတာမှန်း နှစ်နှစ်သိသည်။

တအောင့်အကြာမှာပဲ ညော်သည်ကားနှင့်ဆရာဝန်ကြီး





ားနှစ်စီး ခြံထဲကထွက်ခွာသွားကြတာကို လှမ်းမြင်လိုက်ရ၏။

မိုးသက်ငြိမ်ပါပြန်သွားမှ နှစ်နှစ် မတူးရှိနေသည့် အခန်းထဲ လာကာ

"မတူး"

"ဟင် အမလေး မနှစ်ရယ် နေနိုင်လိုက်တာ တစ်အိမ်တည်း နေပြီတော့မျှ ဒီမှာမီးလောင်နေတာကို ကျောခိုင်းနေရက်တယ်နော် လေးကို ဆေးရုံတင်လိုက်ရပြီ"

"ဟင်"

ခေါင်းထဲမှာ ပြာခနဲဖြစ်သွားသည်။

မား နေမကောင်းတာကိုသိသော်လည်း ဒီလောက်ထိဖြစ်သွား ာကို တကယ်မသိ။

"မနက်ကတည်းက အဖျားလုံးဝမကျဘူး၊ သမားတော်ကြီး စ်မနက်လုံးကြိုးစားနေတာ ဘယ်လိုမှမကျလို့ ဆေးရုံတင်လိုက်ရတာ နှစ်ရဲ့"

ပြော၍ မတူးက ငိုသည်။ နှစ်နှစ်လည်း မျက်ရည်ကျလျက်

"ဟုတ်ပါတယ် မတူးရယ်၊ နှစ်နှစ်မမေးမိတာ နှစ်နှစ်အမှား ါ။ ဒါပေမဲ့ မနက်ပိုင်းကတော့ နှစ်နှစ်လည်း ဆေးရှိန်နဲ့အိပ်ပျော်နေ ာပါ၊ ဆယ်နာရီမထိုးခင်ကတည်းက ကိုသက်လာမှန်းတာ အိပ်ရာက



www.burmeseclassic.com

www.burmeseclassic.com



နိုးတော့လည်း ဘာမှမသိတော့ ထမလာဘိဘူး''

''ဟုတ်ပါတယ် မနှစ် မနက်က အိပ်ပျော်နေတာ မတွေ့ဘူး တယ်၊ မေမေကြီးဆို မျက်ရည်တွေကျလို့ ဘဘထွန်းလည်း မျက်နှာ မကောင်းဘူး''

နှစ်နှစ် နေမကောင်းထားသည့်အရှိန်နှင့် ရင်တွေတုန်ကာ ဒူးတွေညွှတ်ချင်၏။

''ပြီးတော့လေ ကိုလေးက မနှစ်ကိုပဲခေါ်နေတာ''

''ဟင်''

■ ■ ■



အခန်း (၃၀)

''ဘဘ နှစ်နှစ်ဆေးရုံလိုက်သွားတယ် ဟုတ်လား၊ ဒုက္ခပါပဲ''

''ဘာဖြစ်လို့လဲ သမီး''

ဒေါ်မိုးမိုးနိုင်က လက်ပွေ့အိတ်ကို ပေါင်ပေါ်တင်၍ ဝင်ထိုင်လိုက်သည်။

''သားဘာဖြစ်နေတယ်ဆိုတာ သိရဲ့သားနဲ့မေမေရယ်၊ ဒီမိန်းကလေးမှာ ရည်ရွယ်ထားတဲ့သူရှိပြီးသား မို့ သံသရာမရှည်စေချင်ဘူး''

''သံသရာရှည်ဖို့မဟုတ်ဘဲ လူနာဆန္ဒရှိတာလေးဆောင်ရွက်ပေးပြီး ရောဂါမြန်မြန်ပျောက်အောင် ကုမယ်လို့ ဆရာဝန်ကြီးကရော ဘာရော တိုင်ပင်ပြီးခေါ်သင့်တယ်ထင်လို့ ခေါ်လို့ပဲ မေမေ ကြည့်နေ လိုက်တာပါ၊ ပြီးတော့ သူတို့လက်ထပ်ကြမှာကို မြေးလေးလည်း သိပါ တယ်''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ယုယ မျက်နှာကြီးပြောနေရင်း အိုကျသွားသလို ဒေါ်မိုးမိုး နိုင် မျက်ရည်ဝဲရှာသည်။

''ဒီမိန်းကလေးကို ကူညီခဲ့တုန်းက စေတနာလုံးဝသန့်ပါတယ် ဒါပေမဲ့ ခုတော့ မှားပြီလို့ ကိုယ့်ကိုယ်ကို တွက်မိတယ် မေမေ''

ပြော၍ ဒေါ်မိုးမိုးနိုင် လက်ကိုင်ပဝါထုတ်ကာ မျက်ရည်သုတ် သည်။

''မေမေစဉ်းစားကြည့်လေ၊ စုနဲ့သား ဘယ်လောက်ထိတွေ့ ကြသလဲ၊ သူတို့ချင်းဆိုးတဲ့သူကဆိုးပေမယ့် သည်းခံတာလည်းရှိတယ် ဘယ်တုန်းက ပြဿနာတက်ဖူးလို့လဲ၊ ဒီခြံကိုပြောင်းလာမှ ဒီမိန်းကလေး နဲ့ဆုံမိကာမှ စုနဲ့ပြဿနာဖြစ်ရတယ်၊ အခု သားလေး ဒုက္ခရောက်တယ် ကိုယ့်အတွက်ကျန်တာ ဘာရှိသလဲ''

ဒေါ်ယုယလည်း မျက်နှာမကောင်းနိုင်ရှာ ဒီခြံကြီးကိုဝယ်လိုက် တာ ဒီမိန်းကလေးကို ဒုတိယအကြိမ်ပြန်လည်ခေါ်တင်ထားခဲ့တာ အားလုံး သူမကိုင်၍ဖြစ်သည်။

ခုတော့ အားလုံးစိတ်မကောင်းစရာတွေ ဖြစ်ခဲ့ရပြီ။

''မေမေလည်း သူတို့နှစ်ယောက် တွဲသွားတွဲလာဖြစ်လာတော့ လူငယ်သဘာဝ မေတ္တာရှိသွားကြပြီလားလို့တောင် တွေးမိခဲ့သေးတယ်''

''အဲဒီလို တကယ်ဖြစ်လာလည်း မိုးကမခွဲခြားပါဘူး မေမေ





သားလေးကချစ်တယ်ဆိုရင် သန့်သန့်စင်စင်မိန်းကလေးဖြစ်ဖို့ အဓိက ပါ။ ခုဟာက ကိုယ်မစားရတဲ့ထမင်းပွဲကို အိမ်ဦးခန်းမှာပြင်ပြီး ယမ်းခပ် ပေးနေရတဲ့သဘော ခုအားလုံးရှုပ်ကုန်ပြီ မေမေ၊ အဲဒါ ဘယ်လိုရှင်းကြမလဲ''

ဒေါ်ယုယ ဘာမှမပြောနိုင်တော့။

ဒေါ်မိုးမိုးနိုင်က ထပ်ကျလာသည့်မျက်ရည်ကိုသုတ်ကာ

''ဒီနှစ်ယောက် ဘယ်လိုဖြစ်ကြတာလဲဆိုတာ သူတို့နှစ် ယောက်ရဲ့မျက်နှာအမူအယာပုံစံတွေကို အကဲခတ်တာနဲ့မိုးသိတယ်၊ ပြီးတော့ မတူးလည်းပြောတယ်၊ မိုးတွေသည်းနေကတည်းက သားက ပြတင်းပေါက်ကနေ နှစ်နှစ်ရဲ့တိုက်ကလေးကိုကြည့်ပြီး မနေတတ် ထိုင်တတ်ဖြစ်နေတာတဲ့၊ နှစ်နှစ်ကြောက်မှာပဲဆိုပြီး သူစိုးရိမ်နေတာ ဖြစ်မှာပေါ့''

ဒေါ်ယုယ ခေါင်းညိတ်လိုက်မိသည်။ ဟုတ်မှာပါ၊ နယူးလောမှာ နှစ်နှစ်အပေါ် ဒီကလေး အတော်ကြီး ဂရုတစိုက်ဖြစ်လာတာ သူတောင် သတိထားမိသည်ပဲ။

''ဟုတ်တယ်လေ ဒီလိုမိန်းကလေး မဖြစ်နိုင်ဘူး သမီး မေမေ သိတယ်''

''ဟုတ်တယ်လေ မိုးလည်းသိတာပဲ၊ သားအခန်းထဲမှာ မနေ့က ဘုတော့ ရေစိုနေတဲ့ ဂျာကင်ကိုမတူးတွေ့တယ်၊ သားအပြင်ထွက်



www.burmeseclassic.com

www.burmeseclassic.com



တာက သေချာတယ်၊ ဒီကြားထဲမှာ ဘယ်လိုတွေဖြစ်ပျက်ကုန်ကြတယ် ဆိုတာကို မိုးတို့မသိပေမယ့် သားကစိုးရိမ်မယ်၊ နှစ်နှစ်ကပြတ်သားမယ် ဒီနှစ်ခုထဲမှာ သားဒုက္ခရောက်သွားတာ မိုး တပ်အပ်သိတယ်''

နှစ်ယောက်သား အကြာကြီး ငြိမ်ကျသွားပြီးမှ

''နှစ်နှစ် စည်းကမ်းရှိတဲ့မိန်းကလေးဆိုတာတော့ မှန်ပါတယ် ဒါပေမဲ့ သူလည်းအတော်ဖြစ်လိုက်တာပဲ၊ နှစ်ယောက်လုံး မိုးရေထဲ ရောက်ခဲ့တာရော မဖြစ်နိုင်ဘူးလား''

''မသိဘူး မေမေ၊ ဒီကြားထဲက အဖြစ်တွေကို သူတို့မပြော ဘယ်သူမှသိမှာမဟုတ်ဘူး၊ သားလေး မိုးရေထဲရောက်သွားခဲ့တာတော့ အသေချာဆုံးပဲ ဒါလည်း ခဏလေးမဟုတ်နိုင်ဘူး၊ သားဒီလောက် ဖြစ်သွားလောက်အောင် အို မိုးမသိဘူးမေမေ ဘာပဲဖြစ်ဖြစ် သားကို နှစ်နှစ် ရက်စက်ခဲ့တယ်လို့ မိုးသိနေတယ်၊ သူ့မျက်နှာမှာ သူ့ကြောင့် ဆိုတဲ့ မလုံလဲမှုတွေအများကြီးရှိတယ်၊ သူဒီထက်ပိုပြီး သိတတ်ဖို့ကောင်း တယ်၊ သားအတွက် ဒီထက်ပိုပြီး သူပူပန်သင့်တာ''

ဒေါ်မိုးမိုးနိုင် မျက်ရည်သုတ်မနိုင်ဖြစ်လာတော့ ရှိုက်ငိုတော့ သည်။

''နလံထလာတုန်းက သားနဲ့အတူတူပဲ သူကကောင်းနေခဲ့ပြီး သားလေးက ဆေးရုံတင်လိုက်ရတဲ့အထိ ဖြစ်သွားတယ်၊ အဲဒါလည်း





နဲ့ဆိုင်တယ် မေမေ့ သားလေးခြံထဲဆင်းသွားလို့ဖြစ်တာ၊ သူတို့စုံတွဲ ပြင်ပြီး သားလေးခုလိုဖြစ်ရတာ မိုးဘယ်လောက်ထိ သဘောထား နိုင်မှာလဲ မေမေ သားလေးက ငယ်ငယ်ကတည်းက နမိုးနီးယား ဖူးလို့ သေမင်းလက်ထဲက အသေအလဲလုယူထားရတဲ့ကလေးလေ''

ဒေါ်ယုယ ပါးပြင်ပေါ်သို့ မျက်ရည်တွေစီးကျလာသည်။

မြေးလေးကို သနားလွန်းလို့ပါ၊ ခုလိုဖြစ်ရတာ သူမတရားခံ။

''တကယ်ဆို သားလေးကို ဆေးရုံတင်ပေးလိုက်တာ သူတို့ သွားအောင်လည်းပါတယ်၊ မဟုတ်ရင် သူ့အဖေလည်းရှိတယ်၊ အားတော်ကြီးတွေလည်း ပင့်လို့ရတယ်၊ သားကိုမိုးပို့ပစ်မိမှာမဟုတ်ဘူး ဘာဖြစ်လို့ ဆေးရုံကိုလိုက်သွားရတာလဲ၊ ပြီးတာတွေကို မေ့ပစ် ကိုယ်လက်ထပ်ရမယ့်သူနဲ့ပဲနေပါတော့လား''

''သူလည်း မေမေတို့မိသားစုကို သံယောဇဉ်ရှိရှာပါတယ် ရယ်၊ ဟိုကောင်လေးကို မချစ်ဘဲနဲ့ဦးနောက်နဲ့ရွေးချယ်တာလို့ လည်း ဘူးတယ်၊ မြေးလေးအတွက် မေမေပြောကြည့်မယ်ကွယ်၊ ဟိုဘက်မှာ နက်ကျွံသေးဘူးဆိုရင် မြေးနဲ့လက်ထပ်''

''အို လက်ထပ်မပေးနိုင်ဘူး စဉ်းစားကြည့်ပါဦး မေမေ၊ ဒီ ကလေး ဘယ်လောက်ထိ မာနကြီးသလဲ စတွေ့ကြကာစ နိုကိုးရာခဲ့ တုန်းကတောင် မေမေတို့ မိုးတို့ကို ဘယ်လိုဆက်ဆံခဲ့သလဲ သူ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် မိုးသက်ငြိမ်လို သံရုံးအရာရှိလူကုံထံသူဌေးတစ်ယောက်နဲ့ သေချာနေပြီးကာမှ သားကိုလက်ထပ်ပါလို့ မိုးတို့က ဘယ်လိုမျက်နှာနဲ့ပြောမလဲ သူဘယ်လိုတုံ့ပြန်မလဲ''

ဒေါ်ယုယ ဘာမှထပ်မပြောပြန် မိုးသက်ငြိမ်လိုလူတစ်ယောက်၏ သည်းသည်းလှုပ်အရေးပေးခံထားရသည့် မိန်းကလေးတစ်ယောက် နဂိုကတည်းက မာနကြီးကြီး ဘဝကိုတန်ဖိုးမြင့်တင်ထားခဲ့သော မိန်းကလေးတစ်ယောက်ဟာ ။

''မေမေကြီးရေ''

အတွေးစက မတူးအသံစာစာကြောင့် ပြတ်တောက်သွားသည်။

''ကိုလေး အဖျားကျသွားပြီတဲ့ အဘဖုန်းဆက်တယ်၊ မနှစ်နဲ့စကားပြောဘာတွေပြောလို့တဲ့ ဘဘကမှာတယ်၊ မေမေကြီး ပင်ပန်းနေပြီတဲ့ အိမ်မှာ ခဏနားလိုက်ဦး ဆေးရုံကိုချက်ချင်း ပြန်မလာနဲ့တဲ့ မနှစ်ရှိတယ်တဲ့''

မတူး ဝမ်းသာအားရလာပြောတော့ ဒေါ်မိုးမိုးနိုင် မျက်နှာဝင်းထိန်သွားကာ နေရာမှပင် ထရပ်လိုက်မိလေသည်။

■ ■ ■



## အခန်း (၃၁)

''မျက်နှာချောင်သွားတယ်''

''ဘယ်သူလဲ''

''မင်း''

လဲနေတဲ့သူက ထိုင်နေတဲ့သူကို မျက်နှာချောင်သွားတယ်ဆိုတော့ နှစ်နှစ် ကြက်ပေါင်းရည်ပန်းကန်လေးကို လှမ်းယူလိုက်ရင်း ယ်သည်။

''ရှင့်ကိုယ်ရှင်လည်း ပြန်ကြည့်ပါဦး၊ နှာခေါင်းပဲရှိတော့တာ''

''ဟုတ်လား၊ အဲဒါပဲကိုယ်က မင်းကိုပြောမလို့ မင်းလည်း ခေါင်းလေးပဲကျန်တာ''

မား မျက်နှာပြုံးနေသဖြင့် နှစ်နှစ် စိတ်ချမ်းသာနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မား ခုလိုဖြစ်ရတာ အစအဆုံးတရားခံက သူ့ကြောင့်မို့

''ကြက်ပေါင်းရည်လေး သောက်ရအောင်နော် ခ
ထလိုက်ဦး''

''မထချင်ဘူးကွာ၊ ဘယ်လိုကြီးဖြစ်နေမှန်းကိုမသိတာ အ
ကိုယ့်ရှေ့မှာ မင်းထိုင်နေတာ မဟုတ်ဘူးဆိုရင် တစ်လောက
ဘာဖြစ်နေနေ ကိုယ်မျက်လုံးဖွင့်ကြည့်မိမှာ မဟုတ်ဘူး''

မျက်ခွံတွေမို့၍ နီရဲနေသည့် မားမျက်လုံးတွေကိုကြည့်က
နှစ်နှစ် ရင်နင့်သွားမိ၏။ ဒီရောဂါဟာ အသက်အန္တရာယ်နဲ့လွန်စွာ နီး
သူမသိသည်။

မား၏ ထူထောင်ခြင်း ယိုင်နဲ့ခြင်းအားလုံးဟာ သူမမှာ
တာဝန်ရှိနေတာကို သိ၏။ မားကို ဆုံးရှုံးမသွားစေလိုသော ပူပေ
ခြင်းများနှင့် အိမ်မှာနေရင်း သူမ အိပ်မပျော် စားမဝင်ဖြစ်ရတာလည်း
ကိုယ့်ဟာကိုယ်ပဲသိသည်။

ရင်ထဲမှာ မားရှိနေပါသည်။ မားအတွက် ပေးဆပ်လိုခြင်း
ကသာ ရင်ထဲမှာ ပြည့်ကျပ်လာခဲ့၏။ မားသည် သူမကိုဆုံးရှုံးရ
ဆိုသော ကြောက်ခြင်းတစ်ခုတည်းနှင့် အားလုံးကို အရှုံးပေး၍ ဘုန်း
လဲနေခဲ့သည်မဟုတ်လား။

''လူကိုကြည့်ပြီး ဘာတွေတွေးနေတာလဲ''





''ရှင့်ပါးစပ်ထဲ ကြက်ပေါင်းရည် ဘယ်လိုထည့်ပေးရမလဲ
တွေးနေတာ''

''လောင်းသာထည့်လိုက်တော့''

''ကဲ ထပါ''

နှစ်နှစ် အမူအရာတွေက ရယ်မောခြင်း၊ နွေးညံ့ခြင်းတွေ
ရောထွေးနေသောကြောင့် ဝတ္တရားဆန်နေခြင်းမျိုးလည်း မဟုတ်လေ
ာ မား မျက်ဝန်းတွေ တဖြည်းဖြည်းကြည်လဲ့လာ၏။

နှစ်နှစ်က သူ့ကိုညင်သာစွာတွဲထူ၍ ကျောနောက်မှာ ခေါင်း
အုံးနဲ့ဆင့်ခံပေးလိုက်ပြီး

''အဲဒီလောက်တော့ ရတယ် မဟုတ်လားဟင်''

''ရပါပြီ ဒါပေမဲ့ အဲဒါတွေကို မျိုမချချင်ဘူးကွာ၊ ဒါတွေ
သောက်လည်း မင်းကိုယ့်ရှေ့မှာရှိနေရင် အားက အလိုလိုပြည့်
လာမှာပါ''

''မြန်မြန်ကောင်းလာအောင်လုပ်ပါ မားရယ် နှစ်နှစ် ရှင်ခုလို
ဖြစ်နေတာကို ဘယ်လောက်ခံစားရသလဲသိလား''

''သနားတာလား''

''အများကြီးပဲပေါ့''

''တစ်ခုစီပြောပြပါလား''



www.burmeseclassic.com

www.burmeseclassic.com



နှစ်နှစ် သူ့ကိုရိဝေစွာငေးကြည့်မိ၏။ မျက်ဝန်းနှစ်စုံကြာမြင့်ဆုံဆည်းမိကြစဉ် စကားလုံးပေါင်းများစွာ ပြောဖြစ်ကြရင်း

"ဒီကိုလာတာ သူကခွင့်ပြုသလား"

"သူ့ခွင့်ပြုချက်မလိုပါဘူး၊ နှစ်နှစ်ကိုသူ အဲဒီလောက်ထိ မေး... သေးဘူး"

"မပိုင်သေးပေမယ့် ကိုယ့်ထက်စာရင်တော့ သူကအများကြီး... သက်ဆိုင်တဲ့သူပါ"

မား မျက်နှာက ဆွဲချပစ်သလို ချက်ချင်းကြီးမှိုင်ကျသွားသ... နှစ်နှစ် မျက်နှာလေးပျက်သွားကာ

"ရှင် အဲဒါတွေဘာဖြစ်လို့ပြောနေရတာလဲ၊ ခုရှင့်ရှေ့မှာ နှစ်... ရှိနေတာကို ဘယ်သူ့တိုက်တွန်းချက် ဘာဟန်ဆောင်မှုမှမပါဘူး ... ကိုစိုးရိမ်လွန်းလို့ ရှင်ခံစားနေရဘာကို နှစ်နှစ်ခံစားနေရသလိုပဲ ဘယ်... မှမနေနိုင်လို့"

"ဒါပေမဲ့ မချစ်ခဲ့ဘူးမဟုတ်လား"

"အဲဒါထက် ပိုပါတယ်"

"ဘယ်လို"

မား မျက်နှာ လူပ်လူပ်ရှားရှားကြီး ချက်ချင်းဖြစ်သွား...

"မင်း ဘယ်လိုပြောလိုက်တယ်၊ နှစ်နှစ် ကိုယ့်ကို အရှင်...





...ပြောလိုက်စမ်းပါ ကိုယ့်ခေါင်းက အဲဒီလောက်ထိ တွေးယူဖို့ကို စိတ်...ညည်လို့ပါ၊ မင်းပြောတာ ဘာအဓိပ္ပါယ်လဲ"

"ဒါလေး သောက်လိုက်ဦး"

"ဒီထက်ကောင်းတဲ့အားဆေး မင်းပေးလို့ရပါတယ် နှစ်နှစ်...ယ် ကိုယ်လိုချင်တာကို မင်းသိပါတယ်"

"ဒါကုန်သွားရင် ရှင့်ရင်ထဲရောက်သွားပြီလို့ မှတ်လိုက်လို့ ရပြီ"

မား နူတ်ခမ်း ခပ်သွေ့သွေ့တို့မှာ ပြုံးရိပ်ထင်လာသည်။

နှစ်နှစ်လက်ကောက်ဝတ်လေးကို ခပ်ဖိဖိ ဆုတ်ကိုင်လိုက်တော့

"အို မား ပန်းကန်လွတ်ကျသွားလိမ့်မယ်လေ၊ လူမမာ...လည်း ဒါကတော့ မြဲလိုက်တာ"

မားက အသံမထွက်သော်လည်း သွားတွေပေါ်အောင် ပြုံးကာ

"ချစ်တယ်နော်"

"အင်း"

"နှစ်နှစ်ရယ်"

သူ ကတုန်ကယင်လေး ညည်း၍ နှစ်နှစ်ကို စူးစိုက်ကြည့်၏။

"ကိုယ့်ကို လူမမာမို့လို့ သနားစိတ်လေးနဲ့ပြောတာတော့...ဟုတ်ပါဘူးနော်"

"ပါတာပေါ့ လူမမာမို့လို့ ပိုသနားသွားတာ ရှင်သ...



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ရင်ဆိုတာကို တွေးပြီး ကိုယ်ပဲအရင်သေပစ်လိုက်ချင်တာ ဆုံး မခံနိုင်တာ ဘာဖြစ်လို့လဲ မသိဘူးလား''

နှစ်နှစ်လက်ကိုကိုင်ထားလျက်မှ မားမျက်လုံးတွေ မှိတ် လိုက်ကာ

''အိပ်မက်မဟုတ်ပါစေနဲ့လို့ ကိုယ်ဆုတောင်းမယ်''

ဟု ကိုးတိုးလေး ပြော၏။

ဘာကြောင့်မှန်းမသိဘဲ သူ့အမူအရာ သူ့စကားသံကြော နှစ်နှစ် လှိုက်ခနဲကြေကွဲသွား၏။

''မား မျက်လုံးတွေ အဲလိုကြီးမှိတ်မထားနဲ့လေကွာ၊ ပြန် နှစ်နှစ် ငိုချင်တယ် သိလား''

''မငိုနဲ့လေ၊ ကိုယ်က ဝမ်းသာလွန်းလို့ မျက်လုံးတွေမှိတ်ပြီ တသိမ့်သိမ့်ခံစားနေတာ ကိုယ်သာလူကောင်းဆိုရင် မင်းကိုပွေ့ဖက်ပြီ''

''အို''

နှစ်နှစ် ရှက်သွားပုံလေးကို ကြည့်၍ သူ့ရင်တွေတဖျတ် ခုန်နေတာကို ကိုယ်တိုင်သတိထားမိကာ မကြည့်လင်သည့် အာရုံတွေ လည်း မျက်လုံးတွေမှိတ်ချွေခေါက်နေလိုက်စမ်း ဟု ကြိမ်စကြား ရိုက်၍ အမိန့်ပေးနေတဲ့အတိုင်း။

နှစ်နှစ် တိုက်ကျွေးနေသည့် ကြက်ပေါင်းရည်ကို တစ်ဖွန်း





...ဘိုင်း ဂါလံပုံးကြီးတစ်ပုံးစာလောက် ဗိုက်ထဲရောက်သွားသလို ...ဒ်နှစ်ခွာမျိုချနေရသည်။

စိတ်ပင်ပန်းသည့်အရှိန်ကြောင့် ညစ်ညူးသည့် ကိုယ်လုံးကြီး ... တဖြည်းဖြည်း ပိန်ရှုံ့ပြားကပ်သွားသည့်နှယ် ချွေးစတွေလည်း ...လာ၏။

''မား မား ဘာဖြစ်လို့လဲဟင် ဘာဖြစ်သွားတာလဲ''

လက်ထဲက ပန်းကန်ကိုချထားလိုက်ပြီး နှစ်နှစ် မားခေါးကို ...ဆိုင်ကာ ပွေ့ဖက်ထားလိုက်မိ၏။

ချွေးတွေချက်ချင်း ရွှဲတက်လာသည့် နဖူးပြင်ကိုလက်ဖဝါးနဲ့ ...ကြီးစွာ ပွတ်သုတ်ပေးရင်း ပါးပြင်နဲ့ကပ်ထားလိုက်မိ၏။

''ရှင် ဘာမှမဖြစ်ရဘူးနော် မား နှစ်နှစ် ရှင့်ကိုချစ်တယ် ...မခံနိုင်ဘူးသိလား။ ရှင်နေကောင်းတာနဲ့ နှစ်နှစ်ရှင့်နားမှာပဲခန ...မှာ နှစ်နှစ် ရှင့်ကိုပဲလက်ထပ်မှာ''

တတွတ်တွတ်ပြောနေရင်း နှစ်နှစ်မျက်ရည်တွေကျလာ၏။

မားက နှစ်နှစ်လက်ဖဝါးလေးကို သူ့အားရှိကြောင်း ဖျစ်ညှစ် ...ပြ၍

''ကိုယ်ဘာမှမဖြစ်ဘူး မင်းအချစ်တွေကို ရပြီးမှတော့ ကိုယ် ...နိုင်ဘူးဆိုတာ ယုံထားစမ်းပါ နှစ်နှစ်ရယ်၊ ကိုယ်တို့လက်ထပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သီရိမြိုင်မှာ ပျော်ပျော်ကြီးနေမယ်၊ မင်းက သီရိမြိုင်ရဲ့သခင်မနေရာ ပဲ ပြန်ရမှာပါ မတွေးမိဘူးလား၊ သီရိမြိုင်ကိုဝယ်ကတည်းက ကိုယ် သခင်မကိုပါ အပြီးဝယ်ထားလိုက်တာ လူရော အိမ်ရောပေါ့''

သီးသန့်လူနာဆောင်ထဲမှာမို့ တစ်ယောက်စနှစ်ယော မြင်ကုန်ကြလည်း ဂရုမစိုက်မိတော့ဘဲ နှစ်နှစ် မားကိုတင်းကျပ်စွာ ဖက်ထားမိသည်။

မားက သူမလက်ဖဝါးနှစ်ဖက်ကို သူ့ရင်ဘတ်မှာ ဖိကပ် ကိုင်ထား၍ ပြုံးနေသည်။

''မားရယ် ရှင့်ကို ရှင့်ကို နှစ်နှစ် ဘာဖြစ်လို့ အဲဒီလော ချစ်မိသွားမှန်းမသိဘူး၊ ရှင် နှစ်နှစ်ကိုဘယ်လောက်ထိ ချစ်တယ်ဆို ခုလို အခြေအနေမျိုးထိ ရှင်ရောက်သွားမှသိရတာ နှစ်နှစ်ညံ့တာ နှစ်နှစ်ကို ခွင့်လွှတ်ပါ''

''အင်း မင်းမှမမှားတာ ကိုယ်က နောက်ကျခဲ့တာ မင့်နဲ့ မင်းမျက်ရည်တွေ ကိုယ့်ပါးပေါ်မှာစိုနေတယ်''

မျက်ရည်ကို သုတ်ပေး၍ မားက နှစ်နှစ်ပခုံးလေးကို ဖွေ လိုက်သည်။

ထို့နောက် မြွတ်နိုးမဝစွာပါးပြင်နုနုလေးကို တပ ပွတ်သပ်မိရင်း ကိုယ့်ဝေဒနာကို ကြိတ်ခံစားသည်။





ငါဘာဖြစ်တာလဲ နှစ်နှစ်ကိုထားပြီး ဘာဖြစ်လို့ လွှတ်ထွက် ပ်လပ် အိပ်ပစ်လိုက်ချင်နေတာလဲ။

မဟုတ်ဘူး၊ ဒီလိုမနေရဘူး နှစ်နှစ် ငိုနေမှာပေါ့။

သူသည် ချစ်သူကိုပွေ့ထားရင်း ဝေဒနာကို တွန်းလှန်ဖို့ ားနေပေမယ့် နှစ်နှစ်ကမှန်လိုက်ကြည့်နေသည့် သူ့မျက်နှာကိုသိ သည်။

ဦးထွန်းမြင့်နှင့်ဆရာဝန်ကြီးတွေကို သွားပြေးခေါ်ရင်း ရှိုက်ငို ည်။

ထိုစဉ် သူမကို မိုးသက်ငြိမ် ဝယ်ပေးထားသည့် လုပ်ငန်း ွက် သုံးဖို့ဆိုသော ဆယ်လူလာဖုန်းလေးက တတူတူမြည်လာ၏။

မား၏ဘေးမှာ ဆရာဝန် ဆရာမတွေ အလုပ်ရှုပ်နေကြစဉ် ှစ် နောက်ဆုပ်ရပ်၍ ဖုန်းကိုင်လိုက်၏။

''ကိုသက်လား''

''ဟုတ်တယ် နှစ်နှစ် ဆေးရုံရှေ့မှာ စောင့်နေတယ် ခဏလေး ခဲ့ပါဦး''

''ဟင်''

နှစ်နှစ် ကော်ရစ်ဒါဘက် ခပ်သုတ်သုတ်သွား၍ ရှေ့ကိုငုံ့ကြည့် ်မိ၏။

မိုးသက်ငြိမ် စီးနေကျ ငွေမှင်ရောင်တောက်ပနေသည့်



www.burmeseclassic.com

www.burmeseclassic.com



ကားလေးကို လှမ်းမြင်လိုက်ရ၏။

မားဆီတစ်ချက်သွားကြည့်လိုက်ပြီး နှစ်နှစ် ဆေးရုံဘ... ဆင်းလာခဲ့၏။

သူမ ထွက်လာတာမြင်မှ မိုးသက်ငြိမ်က ကားပေါ်က ဆ... ၍

''ဆေးရုံကိုသွားတာ ကိုယ့်ကိုမပြောရဘူးလို့ အိမ်မှာ... သလား နှစ်နှစ်''

နှစ်နှစ် မျက်နှာမှာ ပထမဆုံး အားနာဟန်လေဖြတ်ပြေး... ပြီးမှ မထူးသည့်စိတ်နှင့်စကားလုံးတို့ကို နှုတ်ခမ်းဖျားနားထိ... လိုက်ကာ

''ဟုတ်တယ် ကိုသက် နှစ်နှစ် မရှိးသားတော့တာ မ... ဘူး၊ လိုအပ်လို့ပြောခဲ့တာပါ မားကို နှစ်နှစ်''

''နေဦး''

မိုးသက်ငြိမ်က ရှေ့ဆက်အပြောမခံဘဲ လက်ကတားဆီး... ပြီး

''အဲဒါ ကိုယ်နားလည်တယ်၊ မားခုလိုဖြစ်ကာမှ မ... မကောင်းဖြစ်နေတာကို ကိုယ်သိတယ်၊ မင်းခုလို ဆေးရုံကိုလာ... ကိုလည်း ကိုယ့်စိတ်ထဲမှာ ဘာမှဖြစ်မသွားပါဘူး။ လူမှုရေးဘ...





ကြည့်ရင်လည်း ဒါမျှတပါတယ်၊ ဒါပေမဲ့ ကိုယ်စိတ်ပူတာက မင်းကိုယ်... ...ဒိုင် နေမကောင်းသေးတော့''

''နှစ်နှစ် နေကောင်းသွားပါပြီ ဒါကြောင့် နှစ်နှစ် ဆုံးဖြတ်...''

''ဒါတွေ နောက်မှပြောရအောင် နှစ်နှစ် ကိုယ့်ကို ဆေးရုံကို ...လာစေချင်တာလည်း ကိုယ်နားလည်ပါတယ်၊ ခု မင်းကို အဲဒါ ...ပြောချင်လို့ လာတာမဟုတ်ဘူး''

မိုးသက်ငြိမ်က နှစ်နှစ်ပြောချလိုက်တော့မည့် မားနဲ့ပတ်သက် ...သမျှကို မကြားလို၍လား၊ ဘာပြောတော့မှာကို သိ၍လား ဒါမှမဟုတ် ...သူ့စကားကိုပဲအရင် တကယ်ပြောချင်၍လား။

နှစ်နှစ်ကို စကားရှေ့ဆက်ခွင့်မပေးဘဲ သူပြောလိုရာကိုသာ ...ဆက်ပြော၏။

''အန်တီ သီရိမေ ရောက်နေတယ်''

''ဟင် ဘယ်လို''

''ဟုတ်တယ် ကိုယ်တို့သွားတုန်းက နှစ်နှစ် ကိုယ့်အိမ်လိပ်စာ ...ပေးခဲ့တာ မှတ်မိလား''

''အင်း''

''သူ ကိုယ့်ဆီရောက်လာတယ် မိတ်ဆွေတစ်ယော... ...ကျောက်ကပ်အစားလဲဖို့ နိုင်ငံခြားကိုသွားမှာ သူလိုက်ရမယ်... အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



မင်းလက်ကောက်လာပေးတာတဲ့''

နှစ်နှစ် လိုက်ခဲ့ ဝမ်းသာသွားသော်လည်း ချက်ချင်းခေါင်း... လိုက်ကာ

''နှစ်နှစ်လိုက်လို့မဖြစ်ဘူး၊ ကိုသက် ဒီမှာ မားအသည်းအသ... ဖြစ်နေတာ နှစ်နှစ်နဲ့ကိုသက် ရင်းနှီးတာ သူသိပါတယ်၊ ကိုသက်ထဲ... ထားလိုက်ပါဦးနော်''

ပြော၍ နှစ်နှစ် ချက်ချင်းပြန်လှည့်၏။ မိုးသက်ငြိမ်က ဖျတ်ခနဲ လှမ်းဆွဲကာ

''နေဦး နှစ်နှစ် အန်တီ သီရိမေက မင်းကိုတွေ့ချင်လို့ တကူး တကလိုက်လာတာ ပစ္စည်းကို သားသမီးတွေလက်ထဲပေးထားခဲ့ရ... စိတ်မချလို့တဲ့ ကိုယ့်လက်ထဲကိုရော ထည့်ချင်ပါ့မလား၊ နှစ်နှစ်ရယ် သူပေးချင်ရင် မင်းကိုခုလိုခေါ်ခိုင်းပါ့မလား၊ ပြောချင်မှာချင်တာလည်း ရှိချင်ရှိမှာပေါ့ လက်ကောက်ယူရုံလေးတော့ ခဏလေးလိုက်ခဲ့ပါ''

''မဟုတ်ဘူး ကိုသက် ဒီမှာ သေရေးရှင်ရေး''

''သေရေးရှင်ရေးလောက်ဖြစ်နေတဲ့ လူနာကို နှစ်နှစ်လည်း ဘာမှလုပ်မပေးနိုင်ပါဘူးကွာ၊ တစ်ဘက်က လူကြီးကိုလေးစားသမှု... ခဏတော့ မင်းလိုက်တွေ့လိုက်ပါ''

နှစ်နှစ် တွေဝေသွားမိလေသည်။





ခုချိန်မှာ လက်ကောက်နဲ့ဆက်နွယ်နေသည်တို့ကို ... အားတော့သော်လည်း ဒေါ်သီရိမေကိုတော့ လျစ်လျူ... နေသည်။

မား အခြေအနေကိုလည်း ဘယ်လိုမှစိတ်မချနိုင် ကျဉ်းထဲ ကျပ်ထဲကျမှ လာရောက်တိုက်ဆိုင်နေခြင်းတို့ကို စိတ်ပျက်နေမိသည်။

''လာကွာ၊ သိပ်မှမဝေးတဲ့ဟာ ပြီးတော့ ကိုယ်ချက်ချင်း ပြန်ပို့ ပေးမှာပေါ့''

နှစ်နှစ် ကားပေါ်ပါသွားသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

ကားကို ဆေးရုံအပြင်မှာပဲ ရပ်စေလိုက်ပြီး

"ဘယ်လိုမှမအောင့်မေ့နဲ့ကိုသက်ရယ် ဆေးရုံပေါ်ကို ကိုယ် မလိုက်နဲ့တော့"

ကားပေါ်ကဆင်းပြီး မိုသက်ငြိမ်က နှုတ်ခမ်းစေ့၍ပြုံးလိုက် သည်။

"မလိုက်ပါဘူး၊ မင်းကို ကိုယ်နားလည်တယ်လို့ ပြောပြီး ဒါပေမဲ့ မားမျက်စိရှေ့ကိုမရောက်ဘဲ လှည့်ပြန်လာရင်ဖြစ်တယ် မဟုတ် လား"

မိုးသက်ငြိမ်က နှစ်နှစ်ဘေးကနေ တူယှဉ်၍ ဆေးရုံဝန်းထဲ လိုက်လာသည်။ နှစ်နှစ်က သူမလက်ကောက်မှာ ကြည့်လဲ့စွာရှိနေသည်





ကျောက်စိမ်းလက်ကောက်လေးကို တစ်ချက်ငုံ့ကြည့်လိုက်ပြီး

ထိုစဉ် သူတို့နံဘေးက အရှိန်မသတ်ဘဲ ဖြတ်မောင်းသွားသည့် ဘားလေးကို သူတို့သတိမထားမိလိုက်ပါ။

"ကိုသက်ကို နှစ်နှစ်အားနာပါတယ် နှစ်နှစ်ကြောင့် ကိုသက် ကြားထဲကနေပြီး"

"ဘယ်ကလာ ကြားထဲကမှာလဲ၊ မင်းကိစ္စက ကိုယ့်ကိစ္စပဲ ပေါ့၊ လူမှုရေးကိစ္စတွေကိုသိပ်စိတ်ဝင်စားတဲ့ ကောင်မလေးကိုချစ်နေမိ တာ တစ်ခုပဲရင်မောတာ၊ လက်ထပ်ပြီးရင် ကိုယ့်အတွက် အချိန်ကျန် မှ ကျန်ပါ့မလားလို့"

နှစ်နှစ် ခြေလှမ်းသုတ်သုတ်လှမ်းနေရာမှ ရပ်တန့်သွားမိ၏။

ပြီးမှ စိတ်ကိုပြန်ထိန်းကာ ဖြည်းဖြည်းပြန်လှမ်းခဲ့သည်။

ကိုသက်က လူနုံလူအ မဟုတ်ပေ။ မားအတွက် သူမ ပူပန် နေတာရော လက်ရှိအခြေအနေတွေကိုရော သူအားလုံးသုံးသပ် နားလည်နေမှာပါ။

သို့သော် သဝန်တိုထေ့ငေါ့ခြင်း လုံးဝမရှိသည့်အပြင် မားကို နှစ်နှစ် ဦးစားပေးနေသည့်ကိစ္စအတွက်လည်း သူ့ရင်ထဲမှာ မည်သို့မှ စနိုးစနောင့်ဖြစ်မသွားသည့် ဟန်နှင့်နေသည်။

ဒါ တကယ်ပဲလား ဟန်ဆောင်နေတာလား နှစ်နှစ်တို့ဝင်



www.burmeseclassic.com

www.burmeseclassic.com



လူမှုရေးကိစ္စကို နားလည်သူအဖြစ် လေးစားဟန်ပြုလိုက်သေး၏။

ဒါမှမဟုတ် နှစ်နှစ် တကယ်တမ်း ဆုံးဖြတ်ခဲ့သည့်အတိုင်း သွေဖယ်မသွားနိုင်အောင် သူ၏အထင်ကြီးလေးစားမှုကို ပြ၍တုပ်နှောင်နေတာလား။

သူ့ပုံစံသည် နှစ်နှစ်ဟာ သူနဲ့လက်ထပ်ဖို့ကတိပေးပြီးသား၊ နောက်ထပ် ဘယ်လိုအကြောင်းနဲ့မှ နှစ်နှစ်ဘက်က ပျက်ကွက်တော့မှာ မဟုတ်ဘူးဟု ခိုင်မာစွာယုံကြည်ထားပြီးသည့်အတိုင်း။

နှစ်နှစ် သူ့မျက်နှာကို မကြာခဏမော့ကြည့်ဖြစ်ကာ မာနဲ့ သူမ နှစ်ဦးသဘောတူပြီးခဲ့သည့်အဖြစ်ကို ဖွင့်ပြောလိုက်တော့မှ အကြီးကြီးမိကြီးစားသော်လည်း ယုံကြည်မှုတွေပြည့်နှက်နေသည့် သူ့မျက်နှာပေါ်က အပြုံးကြောင့် မထွက်နိုင်ဘဲရှိကာ ကြာလာလေ သဘောပေါက်လေ။

နှစ်နှစ် ဤသို့ မပြောနိုင်အောင် မိုသက်ငြိမ် ပညာတွေသုံးပြီး

သူသိမှာပါ မပိုင်နိုင်သေးသည့် အချစ်တစ်ခုဟာ အချိန်မရွေး လေနဲ့ရော၍ လွင့်ပါသွားနိုင်မှန်း ။

ပြီးတော့ ကတိလေးတစ်လုံးကို စွဲမြဲယုံကြည်ထား၍မရမှန်း

မားအတွက် နှစ်နှစ် ခြေမကိုင်မိလက်မကိုင်မ ဖြစ်နေတာဟာ သူ့အတွက်ကောင်းသည့် လက္ခဏာမဟုတ်မှန်းလည်း အားလုံးကို





သူသိလိမ့်မည်။

ထို့ကြောင့်

နှစ်နှစ် မျိုသိပ်ထားရသမျှကို သက်ပြင်းချခြင်းဖြင့် ဖွင့်ထုတ်လိုက်သည်။

ပြုံးနေသည့် ကိုသက်ရင်ထဲမှာ ဘယ်လောက်ထိ ပူလောင်နေပြီမှန်း တွေးကြည့်ရင်း နားလည်လာ၏။

ရှိပါစေတော့ ဒါတွေနောက်မှပဲ ဆွေးနွေးပါတော့မည်။

ပြောမည်ကြံတော့လည်း သူ့အပြုံးတွေကို မဖျက်ဆီးရက်ဘဲ သူကားနားရောက်လာတော့ မိုးသက်ငြိမ်က နှုတ်ဆက်၏။

“သူ ကျန်းမာရေးကောင်းတဲ့အထိ ကိုယ်မနှောင့်ယှက်တော့ဘူး။ သွားမယ်နော်၊ ဂွတ်လခ်”

ခြေနှစ်လှမ်းခန့်လျှောက်သွားပြီးမှ နောက်ကို လှမ်းကြည့်တော့ သူ့လို သံယောဇဉ်ကြီးစွာ ငဲ့ကြည့်ဖော်မရတော့ နှစ်နှစ်၏ ကျောပြင်လေးကို ရိပ်ခနဲသာမြင်လိုက်ရသည်။

မိုးသက်ငြိမ် နှုတ်ခမ်းမှာ အံတင်းတင်းစေ့ကြိတ်ထားလျက် နဲ့ပြုံးတစ်ချက် လက်သွား၏။

မင်းစိတ်တွေ ဘယ်ကိုပဲ ရောက်နေနေ မင်းကိုယ့်ကို ငြင်းခွင့်ပေးနိုင်ဘူး၊ နှစ်နှစ် မင်းကိုကိုယ်ဆုံးရှုံးမခံနိုင်ဘူး၊ အဲဒါ မင်းကြားနိုင်ပါစေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

''မင်း ငါ့သားကိုတွေ့ဖို့မလိုတော့ဘူး၊ နှစ်နှစ်''

''အန်တီ''

ဒေါ်မိုးမိုးနိုင် မျက်လုံးတွေက ငိုထားသဖြင့် နီရဲမို့အစ်နေသည်။ ပါးပေါ်မှာလည်း မျက်ရည်တွေကျနေဆဲ

ဘေးမှာ မတူးကရပ်လျက် တရှုံ့ရှုံ့ငိုနေရာမှ ချာခနဲပြန်လှည့်ဝင်သွား၏။ နှစ်နှစ် ရှေ့တိုးတော့ ဒေါ်မိုးမိုးနိုင်က ကာဆီးရပ်လိုက်ကာ

''မသွားနဲ့ မင်းကြောင့် ငါ့သားလူနာဖြစ်တယ်၊ မင်းကြောင့်ပဲ ဆေးရုံရောက်တယ် အခု မင်းကြောင့် အရေးပေါ်ခန်းထဲရောက်သွားပြီ သိလား''

ဒေါ်မိုးမိုးနိုင် အင့်ခနဲရှိုက်ငိုသည်။





ဘေးဘီမှာရှိနေကြသည့် လူတွေကို နှစ်နှစ်ရော ဒေါ်မိုးမိုးနိုင် ...ဂရုစိုက်ရမှန်း သတိမရကြတော့။

သူမကို စိမ်းသက်နာကျည်းသော မျက်ဝန်းများနှင့် စူးစူးဝါး ...း ကြည့်၍

''မင်းက ဆေးရုံထိလိုက်ပြီး ငါ့သားကိုလာသတ်တာ၊ ...ကြာက်တဲ့လူကိုပြူးပြပြီး ခြောက်တာ ဒီအထိ ချစ်သူနဲ့တွဲပြပြီး နှိပ်စက် ...တော့ မင်းရက်စက်လွန်းတယ်ကွယ်''

''အို မဟုတ်ဘူး အန်တီ''

''တော်ပါတော့ မင်းတို့ပခုံးချင်းယှဉ်ပြီး ပျော်မြူးဝင်လာကြတာ ...စ်လောကလုံးကိုတောင်မေ့နေတယ် မဟုတ်လား''

ဒေါ်မိုးမိုးနိုင် ဘာဖြစ်လို့ ပေါက်ကွဲနေမှန်းမသိသော နှစ်နှစ်မှာ ...သက်နှင့်အတူ လျှောက်လာစဉ် နံဘေးက ကားမောင်းသွားသည့် ...းတစ်စီးကို ဖျတ်ခနဲသတိရလိုက်၏။

အလျင်စလို ကားမောင်းသွားတာကို သတိထားမိလိုက်သော် ...ည်း အသိစိတ်တို့က မားနဲ့ကိုသက်ကြားမှာ လုံးထွေးရင်း သတိတရ ...မကြည့်လိုက်မိ။

လတ်စသတ်တော့ ထိုကားသည် မားရဲ့အခြေအနေကြောင့် ...ရေးတကြီးလိုက်ချလာသော ဒေါ်မိုးမိုးနိုင်တို့ကားဖြစ်နေခဲ့လေရော



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး အန့်တီရယ် နှစ်နှစ် တစ်လောကလုံး မေ့သွားရင်တောင် မားကို မမေ့ပါဘူး မားကို နှစ်နှစ်"

"တော်စမ်းပါကွာ၊ မင်းသနားသဖြင့် ပြုစုယုယပေးတာ ခံရလောက်အောင် ငါ့သားမှာ မေတ္တာမဲ့တော်မွတ်သေးပါဘူး၊ မင်း ကယ်တင်ခဲ့မိတာကိုပဲ ငါနောင်တရလို့မဆုံးဘူး၊ အားလုံးဖူးဖူးမှုတ်အ ပေးခံရတဲ့ငါ့သားဟာ မင်းနဲ့ကျမှ မေတ္တာသူတောင်းစားဖြစ်ရတာ လောက်အောင် အရှုံးအမူးဖြစ်နေတဲ့သူကို မင်းက ရက်ရက်စက်စက် နင်းခြေခုတ်ပြတာ"

"ဟင့်အင်း ဟင့်အင်း"

"ဆေးရုံကို မင်းလိုက်သွားမှ သားထူထောင်လာတယ်ဆို ငါ့မှာတော့ ဝမ်းသာလိုက်ရတာ၊ လက်စသတ်တော့ မင်းက ကိုယ်ရဲ့ နဲ့လာပြီး ငါ့သားကိုနှိပ်စက်နေတာကိုး၊ ငါတို့ရှေ့မှာတော့ သားအတွက် သွားသလိုလိုနဲ့ ကိုသက်ကိုတစ်ဘက်လှည့်နဲ့ချိန်းထားတာ"

"မဟုတ်ဘူး အန့်တီ၊ အဲဒါ ဒို့ပြင်ကိစ္စပါ၊ ကိုသက်လာ အဲဒါနဲ့ လုံးဝမဆိုင်ဘူး"

"ဆိုင်တယ်၊ မင်းတို့ကိုမြင်ပြီး ငါ့သားခုလိုဖြစ်သွားတာ"

"မဟုတ်ဘူး"

နှစ်နှစ် ထိုစကားကိုသာ ထပ်တလဲလဲပြော၍ ရှိုက်ပြီးတင်





ချလိုက်သည်။ ဒေါ်မိုးမိုးနိုင် အထင်မြင်လွဲသွားရသည့်အဖြစ်ကို သူမ ဘယ်လိုရှင်းပြရမလဲ၊

မားကိုသူမချစ်ခဲ့ပြီးကြောင်း မားကိုပဲလက်ထပ်ဖို့ ရည်ရွယ်ပြီးကြောင်း။

"အန့်တီရယ် နှစ်နှစ် နည်းနည်းလေးပြောပါရစေ"

နှစ်နှစ် ဒေါ်မိုးမိုးနိုင်လက်ဖျားကို တောင်းပန်သလိုလေးလှမ်းဆွဲကိုင်ကာ

"နှစ်နှစ်လေ မားကို မားကိုပဲချစ်တာပါ၊ မားကိုလက်ထပ်ဖို့"

"ဟား ဟား ဟား"

ဒေါ်မိုးမိုးနိုင်ရင်ထဲမှာ သားအတွက် ခံပြင်းချက်တွေသာဖြစ်တည်လျက်

နှစ်နှစ် ဘာပြောပြော အထက်စီးဆန်စွာငဲ့ညှာပေးသနားခံနေရသလိုမျိုး သားလေးအတွက် ယူကျုံးမရစိတ်တို့က ဖိစီးကာ

"မလိုပါဘူး၊ ငါ့သားလေးကို သနားရအောင် မင်းကဘယ်လောက်အဆင့်ရှိလို့ နှစ်နှစ် မင်းကိုယ်အရာရှိကမှန်းထားတာနဲ့ပဲ ငါ့သားကို မင်းကသနားရတဲ့အဆင့်ကို ရောက်သွားပြီလို့ထင်နေသလား"

အဆင့်အတန်းစကားတွေကို ဒေါ်မိုးမိုးနိုင် နှုတ်ဖျားမှထွင် မှတ်စွာကြားလိုက်ရသောအခါ နှစ်နှစ် ပြည့်ဝိုင်းနေသော မျက်ရည်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးဆင်းလုလုနှင့်လှုတ်ခတ်စူးတောက်လျက် ငေးကြည့်နေမိသည်။

ဒေါ်မိုးမိုးနိုင်သည်လည်း သားဆိပ်တက်၍ ဘာကိုမှဆင်ခြင်ရမှန်းမသိတော့ ။

"စိတ်ကိုခံနိုင်ရည်ရှိအောင် မွေးထားတော့မိုး သားရဲ့အသက်ကို ကံအားကိုးပြီးဆယ်ရာနှုန်းလောက်ကနေ ဖမ်းဆုပ်ယူရတော့မှာ"

ဆေးရုံပေါ်စရောက်ကတည်းက ခံနိုင်ရည်ရှိပါလို့ ကြိုပြောခံရခြင်းသည် သူမ၏အသိတရား နူးညံ့ခြင်း ပျော့ပျောင်းခြင်းအားလုံးကို သောကမီးလျှံများနှင့်မီးရှို့ဖျက်ဆီးခံလိုက်ရသည့်နှယ်။

"မင်းမှတ်ထား မင်းလို မိန်းကလေးမျိုးကို ငါ့သားနဲ့ဘယ်တော့မှ သဘောမတူဘူး၊ မင်းရဲ့သနားသဖြင့် မေတ္တာကို သူတောင်းစားကိုသွားပေး၊ ငါ့သားကို ပေးစရာမလိုဘူး သွားပါ မင်းခုထွက်သွား ထွက်သွားတော့"

နှစ်နှစ် ခြေတစ်လှမ်းဆုတ်လိုက်မိကာ ပါးပြင်ပေါ်က မျက်ရည်တွေကို သုတ်ပစ်၏။

ဒါဟာ မာနနဲ့သိက္ခာတရားကို စော်ကားလာခြင်းဖြစ်သည်။

မာနသည် သူမ၏အသက် ထိုအဆင့်အတန်းနှင့်ပတ်သက်သော စကားလုံးတို့၏ မောက်မာမှုတို့ကို အံတုနိုင်အောင် မိဘမဲ့ဂုဏ်ခြင်မဲ့ခဲ့သော သူမဘဝကို အံခဲကြိုးစားခဲ့သည်။





အိမ်ထောင်ဘက်ရွေးချယ်ဖို့ စဉ်းစားခဲ့တာတောင် ပြောဆိုခံနိုင်သည့် အသွားအလာတွေကို ထည့်တွက်ထားခဲ့သူ ကိုသက်ကို ရွေးချယ်ခဲ့တာလည်း အဲ့ဒါကြောင့်။

ဒေါ်မိုးမိုးနိုင်၏ရင့်သီးသောစကားလုံးတို့က နှလုံးသား၏ဗဟိုချည့်တည့်ကို မီးလုံ့စွပ်တစ်ခုနှင့်ထိုးဆွနေသကဲ့သို့ နူးညံ့ခဲ့ပြီးသည့်ဝေဒနာတရားများက ဦးဆောင်ရုန်းကြွလာကြ၏။

သေသွားနိုင်တယ်ဆိုတာ သိနေမှတော့ မင်းက နှာခေါင်းယူပြီး စုတ်သပ်ကျန်ခဲ့ရင်'ဇောတိက'စိန်တိုက်ပိုင်ရှင်ရဲ့သားဆိုတာ နာမည်ပါသေသွားမှာပေါ့၊ ဒါလောက်ဆို မင်းနားလည်တော့ နှစ်နှစ်မင်းခုထွက်သွားလိုက်ပါ"

နှစ်နှစ် ခြေလှမ်းသုံးလှမ်းခန့်နောက်ပြန်ဆုတ်၍ အံလေးကြိတ်သည်။ ဒေါ်မိုးမိုးနိုင် ပြောသည့်တို့ကို မခံနိုင်တာကသပ်သပ်။

မားကိုချစ်တာက သပ်သပ်ပါလား။

တင်းထားသည့်ကြားက မျက်ရည်တွေခုန်ဆင်းကျလာသည်။

"မားရယ် နှစ်နှစ် ရှင့်ကိုသိပ်ချစ်တယ် သိလား၊ ရှင် သိရဲ့လား"

ချာခနဲလှည့်၍ပြေးဆင်းလာခဲ့သော လှေကား တောက်လျှောက်လမ်းမှာ မျက်ရည်စက်များစွာ စွန်းထင်ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

မျက်နှာကို ပတ်ဖဲ့လေးနဲ့ရိုက်ပြီး ဆံပင်တွေကိုနောက် အဖြူရောင်ခေါင်းစည်းကွင်းလေးနဲ့ စုစည်းထားလိုက်သည်။

အဖြူရောင်နဲ့အနက်စင်းလေးတွေပါသည့် ပိုးပျော့ဝမ်း ကိုဝတ်၍ ဒေါက်ချွန်အဖြူလေးကိုစီး၏။ ဆလင်းဘက်အဖြူရောင် ပခုံးပေါ်ဆွဲတင်လိုက်သည်နှင့် သူမပြင်ဆင်ခြင်းကိစ္စပြီးသွားသည်။

"ဟော မြန်လှချည်လား နှစ်နှစ်"

မိုးသက်ငြိမ်က ပြတင်းပေါက်နားမှာရပ် စီးကရက်သော နေရင်း လှည့်ကြည့်သည်။

"ဘယ်လိုပဲလုပ်လာလာ နှစ်နှစ်ကလှပြီးသားပဲကွာ ကျက်သရေရှိတာပဲ"

နှစ်နှစ် မိုးသက်ငြိမ်ကိုပြုံးပြကာ မျက်နှာအငုံ့တွင် ခေါင်း မှာ မိုက်ခနဲဖြစ်သွား၏။

"ဟာ နှစ်နှစ်"





မိုးသက်ငြိမ် ရုတ်ခနဲပြေးထွက်လာပြီး နှစ်နှစ်ကိုပွေ့ဖက်ထား က်သည်။

"နှစ်နှစ် မူးလို့လားဟင်"

"အင်း"

တွဲမနေတော့ဘဲ မိုးသက်ငြိမ်က နှစ်နှစ် တစ်ကိုယ်လုံးကိုပွေ့ လိုက်ကာ ဆိုဖာပေါ်ညင်သာစွာချသည်။

မနေ့ကပဲ နှစ်နှစ်နဲ့သူ လက်ထပ်ခဲ့ပြီးသည်၊ ဒါက နှစ်နှစ်၏ ဘောအရ သူ့သဘောအရ ခမ်းနားစွာမင်္ဂလာဆောင်မည်၊ မြန်မာ ငံမှာ နှစ်နှစ်အတွက် ခမ်းနားစွာသူစီစဉ်ပေးမည်၊ ပြီးတော့ မေရိကန်မှာ ထပ်ဆောင်မည်။

ဒါက သူ့ဘက်က အသိုင်းအဝိုင်းကြားမှာ နှစ်နှစ်ကို မျက်နှာ ယ်ရအောင်။

"နှစ်နှစ်လည်း မိန်းကလေးပဲ ကိုသက်ရယ်၊ မင်္ဂလာဆောင် င်ပါတယ်၊ လောလောဆယ် လက်ထပ်ဖို့ဖြစ်လာတာက အကြောင်း စ်ခုပါ၊ နှစ်နှစ်တို့မင်္ဂလာမဆောင်ရသေးဘဲနဲ့ စောင့်ထိန်းကြရအောင် ်"

နှစ်နှစ်ပြောထားခဲ့၍ မိုးသက်ငြိမ်က နှစ်နှစ်ကို တစ်ခန်းသပ် ပ် ခွဲအိပ်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်နှစ်ကို သူဘယ်အခက်အခဲပဲဖြစ်ဖြစ် ဘယ်လော… သည်းခံနေရပစေ၊ မရရအောင်ယူဖို့ ဆုံးဖြတ်ထားခဲ့သည့် သူ့အတွ… ခုလို မမျှော်လင့်ဘဲ ကိုယ့်လက်ထဲအလိုလိုရောက်လာခဲ့ပြီးမှ ဒီ… ကလေးကို မနမ်းရလည်း မေတ္တာပေါင်းချောင်ထဲမှာ ထည့်သိမ်းထာ… လိုက်ရုံသာ ။

အဓိကက ပိုင်ဆိုင်ထားနိုင်ဖို့ ။

နှစ်နှစ် နဖူးဆံစလေးများက ချွေးတို့ကိုယှဉ်ယှဉ်စွာသုတ်ပေး… စားပွဲတင်ပန်ကာလေးကို အနားယူကာ slow ဖွင့်လိုက်၏။

"ခဏနေဦးနော် နှစ်နှစ်"

သံပရာရည်တစ်ခွက် ထဖျော်ပြီးတိုက်လိုက်တော့ နှစ်နှ… တစ်ငုံပဲငုံ၍ မျက်နှာလွှဲပစ်သည်။

"နည်းနည်းသောက်လိုက်ပါဦး နှစ်နှစ်ရယ်၊ ခေါင်းကြည်သွာ… အောင် မင်းကျန်းမာရေးက ကောင်းသေးတာမဟုတ်ဘူး"

"အင်း နည်းနည်းသက်သာသွားပါပြီ နှစ်နှစ်မသောက်ချ… တော့ဘူး"

မိုးသက်ငြိမ်က သံပရာရည်ဖန်ခွက်ကို ချထားလိုက်ပြီး နှစ်နှ… ရဲ့ခေါင်းလေးကို ရင်ခွင်ထဲမှာပွေ့ပိုက်ထားလိုက်၏။

"နှစ်နှစ် စိတ်မဆင်းရဲပါဘူး ကိုသက်ရယ် ဒါပေမဲ့ ခံစာ…





…တယ်"

"တော်ပြီ မငိုနဲ့ကွာ"

ဝဲလာသည့်မျက်ရည်တွေကို နှစ်နှစ် မျက်တောင်တို့ဖြင့် ပုတ်… …တ်ဖယ်ရှားပစ်သည်။

"ကိုသက်ကိုလည်း အားနာတယ်"

"ဘာဖြစ်လို့လဲ"

"နှစ်နှစ် နှစ်နှစ် ကိုသက်ကိုအသုံးချလိုက်သလိုကြီး ဖြစ်သွား… …ားဟင်၊ နှစ်နှစ် အရှုံးမခံနိုင်လို့ပါ၊ တစ်ဘက်သားမောက်မာတာကို …ယ်လိုမှမခံနိုင်လို့ပါ ကိုသက်ရယ်"

"ကိုယ်နားလည်ပါတယ်လို့ ပြောပြီးပြီပဲ နှစ်နှစ်ရယ် မင်းမှာ …ာအပြစ်မှမရှိဘူး၊ အားလုံးဟာ အချိန်တိုတိုလေးအတွင်းမှာ ပြောင်း …ဲကုန်တာ အဲဒီလို ပြောင်းလဲကုန်လို့လည်း နှစ်နှစ်ကို ကိုယ်ပိုင်ဆိုင် …င်ရလိုက်တာ ကိုယ်ဝမ်းတောင်သာသေးတယ် တကယ်"

ဟုတ်ရဲ့လားဆိုသည့် မျက်ဝန်းလေးတွေနဲ့မော့ကြည့်နေရှာ သည့် …က်နှာလေးကို မိုးသက်ငြိမ် တစိမ့်စိမ့်ကြည့်သည်။

"မားနဲ့မင်းအပေါ်ကို ကိုယ်ဘယ်လိုမှ သဝန်တိုစိတ်မထားခဲ့ …ူး ကိုယ်တို့စတွေ့တုန်းက မားဆိုတာရှိခဲ့သေးတာမှ မဟုတ်ဘဲ … …ဖြစ်ဖြစ် ကိုယ်ကပထမလူ မင်းလိုမိန်းကလေးဟာ အမှား…



www.burmeseclassic.com

www.burmeseclassic.com



အလွယ်တကူကျူးလွန်မယ့် မိန်းကလေးမဟုတ်ဘူးဆိုတာ ယုံကြည်လို့ ခုဖြစ်ခဲ့သမျှအားလုံးဟာ အခြေအနေအကြောင်း အကြောင်းတွေ တိုက်ဆိုင်ခဲ့တာပဲလို့ ကိုယ်သတ်မှတ်ထားတယ်''

''နှစ်နှစ်က ချက်ချင်းကြီးလက်ထပ်ခိုင်းလိုက်တော့ နှစ်နှစ်ကို နည်းနည်းတော့ အထင်သေးသွားမှာပါ''

''နှစ်နှစ်ကလည်းကွာ''

နှစ်နှစ် ပခုံးလေးနှစ်ဖက်ကိုကိုင်၍ မျက်နှာချင်းဆိုင်ကြည့်လိုက်ရင်း မိုးသက်ငြိမ်က နဖူးပြေပြေလေးကို မထိရက်မြတ်နိုးစွာငုံ့နမ်းလိုက်၏။

''ဒီလောက်ထိ ခြေရောလက်ရောတုန်နေအောင် ချစ်တာကိုများ အထင်သေးမှာပဲလို့ပြောရက်တယ် အချစ်ရယ်၊ မင်းကို ကိုယ်ဒီထက်တာပိုပြီး အလိုလိုက်ရဦးမှာလဲ''

''ဒါကတော့''

''ကိုယ်သိပ်ချစ်လို့ လက်ထပ်ထားပြီးတဲ့ မိန်းကလေးတစ်ယောက်ကို သပ်သပ်စီခွဲအိပ်ခွင့်ပြုထားတဲ့အထိ အလိုလိုက်တဲ့ယောကျာ်းကိုများ ပြောရက်တယ်၊ မင်းကိုတန်ဖိုးထားလွန်းလို့ မင်္ဂလာမဆောင်ရသေးဘဲ မညှိုးနွမ်းစေရဘူးလို့ ကိုယ်ဆုံးဖြတ်ထားတာ''

''ဆောရီး ကိုသက်ရယ် နှစ်နှစ်ဘက်က အားနည်းချက်တွေအများကြီးနဲ့ပါ''

''ကိုယ့်အတွက် ဘာမှမလိုဘူး၊ မင်းကိုပိုင်ဆိုင်ခွင့်ရဖို့သာအဓိက''

သူ နှစ်နှစ် မေးဖျားလေးကိုပင့်မော့ထား၍ မျက်နှာလေးတစ်ခုလုံးကို စေ့စေ့စပ်စပ်ကြည့်သည်။

ထို့နောက် သူ့မျက်နှာ တဖြည်းဖြည်းငုံ့ကျလာလျက်

''ကိုယ်နမ်းမယ်နော်''

''အို''

နှစ်နှစ် ရှက်ရှက်နှင့်ငြင်းဆန်မည်ပြုဆဲမှာပင် နှစ်နှစ်တစ်ကိုယ်လုံး သိမ်းကျုံးပွေ့ဖက်လိုက်ကာ

''မင်းဟာ ကိုယ့်အတွက် တန်ဖိုးအကြီးဆုံး မေတ္တာပန်းလေးတစ်ပွင့်ပါ နှစ်နှစ်ရယ်''

ကြမ်းတမ်းခြင်းမရှိသော အနမ်းနွေးနွေးတို့က နှစ်နှစ် မျက်နှာပြင်လေးထက်မှာ ကြာမြင့်စွာခိုနားသွားကြသည်။

မွန်းကြပ်ခြင်းကို မခံနိုင်စွာ နှစ်နှစ် လူးလွန့်ရုန်းဖယ်တော့မှ သူလွှတ်ပေးသည်။

ပြီးတော့ နီရဲနေသည့်မျက်နှာလေးကို မြတ်နိုးမဝစွာကြည့်သည်။







www.burmeseclassic.com

www.burmeseclassic.com



"ချစ်လို့နော် အထင်သေးလို့ လို့မမြင်နဲ့ဦး အဲဒါ စကား ဒီတစ်ခါထပ်ပြောရင်"

"ဘာလုပ်မလို့လဲ"

"တစ်ခါတည်း ပေါင်းပစ်လိုက်မှာ"

"အို"

မိုးသက်ငြိမ်က ဟားခနဲရယ်၍ နှစ်နှစ်နဖူးလေးကို လက်မနဲ့ ဖွပွတ်ပစ်လိုက်ကာ

"စတာပါကွာ၊ ကြောက်သွားလိုက်တာ ဒါပေမဲ့ နမ်းတာကိုတော့ခွင့်ပြုမှဖြစ်မယ်"

"သွားပါ သူကခွင့်ပြုချက်တောင်းနေတာ ကျနေတာပဲ"

"နမ်းမယ်လို့ ကိုယ်ပြောတယ်လေ"

"သွား"

နှစ်နှစ် မျက်နှာလေးပြုံးရိလာတာကို တစိမ့်စိမ့်ကြည့်၍ မိုးသက်ငြိမ် ဝမ်းသာကျေနပ်နေမိသည်။

"နေကောင်းသွားပြီလား ကိုယ်တို့ချိန်းထားတာလေး သွားလိုက်ရအောင်လေ နေတောင်စောင်းနေပြီ"

"ကောင်းသွားပါပြီ"

နှစ်ယောက်အတူတူထလိုက်တော့ မိုးသက်ငြိမ်က နှစ်နှစ်ပခုံး





လေးကိုဖက်ထား၍ ကားတံခါးဖွင့်ပြန်ပိတ်ပေးပြီးမှ သူဝင်ထိုင်သည်။

"နှစ်နှစ် နေကောင်းတယ်နော် ဖြစ်ရဲ့လား"

"ကောင်းပါတယ် ကိုသက်ရယ် မောင်းပါ"

"အိုခေ"

ကားလေးက နှင်းဆီရောင်စုံများနှင့်ထုံမွှန်းနေသည့် ပန်းခင်းကြီးကိုဖြတ်သန်းကာ တိုက်ပုလှလှလေးရှေ့မှာ ရပ်တန့်သွား၏။

ရှေ့မှာလည်း ကားနှစ်စီးရပ်ထားကာ ထိုထဲမှ ကားတစ်စီးကို နှစ်နှစ် သတိထားမိလိုက်သည်။ အထဲက ထွက်လာကြသူတွေကို မြင်လိုက်ရသောအခါ နှစ်နှစ် တစ်ကိုယ်လုံး တောင့်တင်းသွားလေသည်။

နှစ်ဦးနှစ်ဖက် မျက်နှာချင်းဆိုင်ရပ်မိကြတော့ ဒေါ်မိုးမိုးနိုင်က နှစ်နှစ်ကိုစူးစူးစိုက်စိုက်ကြည့်၍ ကားတံခါးကို မငြင်သာစွာ ဆွဲဖွင့် အရုပ်ကြိုးပြတ်ထိုင်ချကာ

"မောင်း မောင်းစမ်း"

ထို ငိုရှိုက်သံနှင့်ပြောလေသည်။ သူမနောက်မှ ဒေါ်မြတ်စုနှင့် စုမြတ်လတ်တို့ကလည်း မျက်ရည်ဝေသော မျက်ဝန်းများနှင့် နှစ်နှစ်နဲ့ မိုးသက်ငြိမ်ကို စက်ဆုပ်စွာကြည့်၍ ကားပေါ်တက်သွားကြသည်။

အားလုံး၏ မျက်ဝန်းများမှာ မျက်ရည်တွေရှိနေခြင်းက နှစ်နှစ်အတွက် ထိုရင့်သီးသောအကြည့်များကို တုန့်ပြန်နိုင်စွမ်းတို့ ဖြစ်ထွန်းမလာနိုင်တော့သည်အထိ ဆွံ့အသွားစေခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

ဒီပန်းခြံထဲမှာ သာရေး နာရေး သူမတို့မင်္ဂလာမဆောင်မီ သံရုံးမှ လူကြီးမိတ်ဆွေများကို အကျဉ်းရုံးညေ့ခံပွဲလေး ကျင်းပနိုင်ဖို့ အတွက် ပန်းခြင်းလှလှလေးတွေမှာဖို့ ရောက်လာကြတာဖြစ်သည်။

ပြီးတော့ မင်္ဂလာဆောင်မည်။ အမေရိကန်မှာ ထပ်ဆောင်မည်။

စီစဉ်ထားကြတာကတော့ စေ့နေပြီးသား။

အလျှင်စလို လက်ထပ်လိုက်ရတာက အတူနေတင့်တယ်ဖို့ ဖြစ်သည်။

မိုးသက်ငြိမ်၏ရင်ခွင်ရိပ်မှာ သူမသည်လုံခြုံနွေးထွေးစွာ ရှိနေခဲ့ပြီဖြစ်သော်လည်း

"ကိုသက် သူတို့ဘာလာလုပ်ကြတာလဲဟင်"

"ဘယ်သိမလဲ နှစ်နှစ်ရယ် မင်း စိတ်ဆင်းရဲသွားလို့ ကျန်းမာ





ရေးထိခိုက်လာမယ်၊ ကိုယ်တို့နောက်မှလာမယ်ကွာ၊ ပြန်ရအောင်နော်"

ဘာတွေဖြစ်လာနိုင်သည်ကို ကြိုတွေးလိုက်မိကာ မိုးသက်ငြိမ်က ချက်ချင်းနောက်ပြန်လှည့်ဖို့ပြင်သည်။

"ဟင့်အင်း မား မား ဘာဖြစ်လို့လဲ သူတို့ဒီကို ဘာလာလုပ်ကြတာလဲ"

တုန်တုန်ယင်ယင်လေးပြောကာ နှစ်နှစ်တိုက်ပုလေးထဲ အတင်းပြေးဝင်သွား၏။

"နှစ်နှစ်"

BURMESE CLASSIC .com

အတွင်းမှာ အလုပ်လက်ခံသည့်စားပွဲနှင့် လူနှစ်ယောက်က နာမည်တွေနဲ့နေ့စွဲတွေကို သေချာရေးမှတ်ရင်း သူ့တို့ကိုမော့ကြည့်၏။

"ဪ ညက ဖုန်းဆက်ထားတဲ့ တစ်ယောက်ထင်တယ်"

"ဗျာ ဟုတ်ပါတယ် မိုးသက်ငြိမ်နဲ့နှစ်နှစ်ကာကာ မင်္ဂလာပန်းခြင်းအတွက်လာတာပါ"

"သိတယ် သိတယ် ညက နှစ်ယောက် ဖုန်းဆက်တယ် တစ်ယောက်က လာပြီးသွားပြီ၊ ပြောပါ ဘယ်ပုံစံ ဘယ်အရောင်မျိုးထိုးမှာလဲ၊ ဟိုဘက်မှာထိုးပြီးသား ပန်းခြင်းလေးတွေကိုကြည့်ပါလား၊ အဲဒီထဲက ကြိုက်တဲ့ပုံစံရှိရင်ပြောပေါ့"

စာရေးတဲ့လူက ပြောနေသလောက် နှစ်နှစ်က စားပွဲပေါ်မှာ တင်ထားသည့် စာရွက်ဖြူဖြူလေးပေါ်က တပို့တစ်ပိုင်းပေါ်နေသော



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံလေးဆီမှာ မျက်စိရောက်လျက်

"ဒါ ဒါ မားလား"

ပြောလည်းပြော ဆွဲယူပြီးသားလည်းဖြစ်လျက်

"ဟင် မား"

ဖြူနုသော မျက်နှာသည် မပြုံးသော်လည်း နရီတီတီနှင့်နှုတ်ခမ်းတွေစေ့ထားပေမယ့် ပြုံးယောင်သမ်းနေကာ ချောမွေ့ဖြူနုနေ၏။

စပို့ရှပ် အဖြူကျားလေးနှင့် ရင်ဘတ်လောက်ထိပုံလေး၊

မား မားရယ်။

နှစ်နှစ်လက်တွေ တဆတ်ဆတ်ခါလာလျက် မျက်ရည်တို့က မျက်ဝန်းထဲမှာ အစိုင်အခဲဖြစ်ကုန်ကြပြီလားမသိ။

"သူ သူ လွမ်းသူ့ပန်းခြင်းလာအပ်သွားတာလား ဟင်"

"ဟုတ်တယ် နှစ်ဆယ်ကိုးရက်နေ့လေ၊ သဘက်ခါ နေ့လည်တစ်နာရီ အသုဘချမှာ ငယ်ငယ်ချောချောလေး နှမျောစရာ နာမည်ကလည်း မြင့်မြင့်မားမားတဲ့"

"နှစ်နှစ် နှစ်နှစ် တင်းထားလေကွာ ညီလေး ကိုယ်တို့နောက်နေ့မှလာမယ်ကွာ"

မိုးသက်ငြိမ် ဓာတ်ပုံကို နှစ်နှစ်လက်ထဲကဆွဲယူကာ စားပွဲပေါ်ပြန်ထားခဲ့ပြီး နှစ်နှစ်ကို ကားပေါ်အထိ ထိန်းဖက်၍ခေါ်လာခဲ့၏။

ဒီဓာတ်ပုံလေးကို အလယ်မှာထားပြီး ပန်းခြင်းလှလှလေးလုပ်



ကြမှာပေါ့။

ဖြစ်ရလေ မားရယ်။ နှစ်နှစ်က မင်္ဂလာဆောင်ဖို့ ပန်းခြင်းလာအပ်တာ မားကတော့ လွမ်းသူ့ပန်းခြင်းတဲ့လား။

မျက်ရည်တို့က ပါးပြင်ထက်သို့ကျမလာတော့ဘဲ ရင်ထဲသို့ပြန်လည်စီးဝင်ကုန်လားမသိ ဆို့ကျပ်နာကျင်လာသည်။

"အိပ်မက် မဟုတ်ပါစေနဲ့လို့ ကိုယ်ဆုတောင်းမယ်"

"သီရိမြိုင်မှာ မင်းနဲ့ကိုယ်နေကြမယ်"

"နှစ်နှစ် မငိုနဲ့ကွာ"

အို မားက ဘာဖြစ်လို့ထားခဲ့ရတာလဲ၊ နှစ်နှစ်ကို ဘာဖြစ်လို့ဒီအောင်လုပ်ခဲ့ရတာလဲ မားရယ်။ မားကို နှစ်နှစ်ချစ်တယ် မားအတွက် နှစ်နှစ် သတ္တိတွေမွေးပြီး ပေါင်းဖက်ကြဖို့ ဆုံးဖြတ်ခဲ့တာပါ။ နှစ်နှစ်ကို ခွင့်လွှတ်ပါ မားရယ်။

နှစ်နှစ်ရဲ့ချစ်ခြင်းတွေကို ဝမ်းသာအားရထုပ်ပိုးပြီး ထာဝရ နှုတ်ခွာသွားတာလား မားရယ်။

နှစ်နှစ်လက်ထပ်လိုက်တာကို မားမသိဘူး မဟုတ်လား ဟင်။

မသိပါစေနဲ့ မား သိမသွားဘဲ အေးချမ်းပျော်ရွှင်စွာ စွန့်ခွာသွားတာပဲ ဖြစ်ပါစေ။

နှစ်နှစ် ဘယ်လိုဖြေရမလဲ မားရယ်။

"နှစ်နှစ် နှစ်နှစ် မင်းစိတ်ကို ထိန်းပါဦးကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကားလေးက လမ်းဘေးမှာ ထိုးရပ်သွားလေသည်။

''နှစ်နှစ် မင်းကိုသိပ်ချစ်တဲ့သူ ကိုယ်ရှိသေးတယ်ဆိုတာ စဉ်းစားပေးပါဦး၊ ကိုယ့်ကိုယ်ကို ဒီလောက်ထိ မနှိပ်စက်နဲ့ကွာ၊ အား ပါးရင့်ချလိုက်ပါ ကိုယ်မင်းအငိုတိတ်အောင် ချော့ပါ့မယ် ငိုလိုက်ပါ''

''ကို ကိုသက်''

''ဟင် ပြောလေ နှစ်နှစ်''

''နှစ်နှစ် နှစ်နှစ် ငိုလို့မှမရတာ အင်း''

''ဟာ နှစ်နှစ်''

နှစ်နှစ်သည် ရင်ခွင်တွင်းသို့ ခွေခေါက်လေးနွဲ့ကျလာလေ

''နှစ်နှစ်''

သနားစရာကောင်မလေးကို သူတင်းကျပ်စွာပွေ့ဖက်၍နိုးသွား အောင်ပင် မနိုးရက်ကဲဖြစ်ရရင်း

''မင်းနိုးလာရင် ငိုဦးမှာပဲမဟုတ်လား နှစ်နှစ်ရယ်''

မိုးသက်ငြိမ် နှစ်နှစ်ပါးပြင်လေးကို တယုတယ ပွတ်သပ်ပေး နေလျက်. . .။

ပရိတ်သတ်အတွက်

အမြဲတမ်း

ဗျူး



www.burmeseclassic.com